


www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။


ရွှေသမင်
စာပေမှ စီစဉ်တင်ဆက်သည်။

# ဒေါင်းနွယ်စကြာ

## အိပ်မက်တံတား
## တေးသွားဝိညာဉ်


ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀


www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက် – ၅၀၀၅၈၆၀၄၀၈

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၁၃၃၆၀၉၀၈

အကြိမ် – ပထမအကြိမ်

၂၀၀၈–ခုနှစ်၊ နိုဝင်ဘာလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြဲ–၀၃၇၆၉)

ရွှေသမင်စာပေ

၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ– ဦးဝင်းဖေ (မြဲ–၀၇၆၅၀)

စိုးထက်ကျော်ပုံနှိပ်တိုက်

တိုက် (၂၀၆)၊ အခန်း (အေ)

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။


BURMESE CLASSIC



## အခန်း (၁)

### အိပ်မက်နိဒါန်း

တစ်နေ့သ၌ ကျွန်ုပ်ရှိရာရုံးခန်းသို့ ယောဂီကြီး ဦးဘကောင်း ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။ မှတ်မှတ်ရရ ထိုနေ့သည် မေလဆန်းဖြစ်ရာ ရာသီဥတု သဘောအရဆိုပါက နွေနှောင်းကာလ နေပူလှဆုံးအချိန် ဖြစ်လေ့ရှိရမည့်အစား အနောက်တောင်မှ မိုးသား တိမ်လိပ်ကြီးတွေ လေပြင်းနှင့်အတူ ကျွန်ုပ်တို့ရုံးခန်းရှိရာ မြန်မာ အင်တာနက်ဝင်းကြီးဆီသို့ ဦးတည်လွင့်မျောလာနေကြောင်း ရင် တမမနှင့် စောင့်ကြည့်နေရခိုက် ဖြစ်လေသည်။

ဖြစ်ပျက်နေပုံကို အစက ပြန်ပြောရသော်၊ ကျွန်ုပ်သည် ခေတ် လွှန်ဆက်သွယ်ရေးနည်းပညာဖြင့် ဝါယာလက် အင်တာနက် အေး ဗစ်ပရိုဗိုက်ဒါစနစ်တစ်ခု မြန်မာနိုင်ငံတွင် အဦးဆုံး တပ်ဆင်ရန် ကြိုးပမ်းစီစဉ်နေသည့် အိုင်တီကုမ္ပဏီတစ်ခု၏ ချယ်ယာမင်း ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကဋ္ဌတာဝန်ကို ယူနေချိန် ဖြစ်သည်။

ထိုသတင်းဆက်သွယ်ရေးနည်းပညာကုမ္ပဏီ မန်းနေဂျင်းဒါရိုက်တာသည် ဒေါင်းနွယ်စကြာ ဖြစ်လေ၏။ သူသည် နိုင်ငံခြားသို့သွား၍ အကြံပေးပုဂ္ဂိုလ်များကို ကိုယ်တိုင်ခေါ်ဆောင်လာရန် ထွက်ခွာနေချိန် ဖြစ်သည်။

ကျွန်ုပ်တို့သည် ကြိုးမဲ့ဝါယာလက် အင်တာနက်ထုတ်လွှင့်ရာတွင် မိန်းပေါ့ခေါ် အဓိကစခန်းတွင် တပ်ဆင်ရမည့် ပရိုဆက်တာ အင်တင်နာကြီးကို တာဝါမျှော်စင်ထိပ်ကို တက်၍ တပ်ဆင်ရန် နိုင်ငံခြားမှလာသည့် အတတ်ပညာရှင်များနှင့် ပြည်တွင်းရှိ ကျွမ်းကျင်သူများကို ချိန်းဆိုစုစည်း၍ အဆင်သင့်ဖြစ်နေချိန်မှာပင် ယခုကဲ့သို့ မိုးတွေလေတွေ ရက်တရက်ဆင်လာပုံကို မြင်ရခြင်းကြောင့် ရင်တထိတ်ထိတ်ဖြစ်နေကြချိန် ဖြစ်သည်။

မိုးမုန်တိုင်းငယ်နှင့်အတူ တိမ်တောင်တိမ်တိုက်တွေကြားက လျှပ်တဝင်းဝင်းလက်ကာ ဂျိုးဂျိမ့်သံမြည်ဟိန်း၍ မိုးကြိုးများပင် ပစ်လာသည့်အတွက် ယနေ့ယခု မဖြစ်မနေ မျှော်စင်တိုင်ထိပ်တွင် တက်၍ တပ်ရမည့်လူတစ်ရပ်ခန့်ရှိ ပရိုဆက်တာ အင်တင်နာကြီးကို ကိုင်နေကြသူများသည် မျှော်စင်အောက်တွင် ဆက်ရပ်နေကြရမည်ကို စိုးကြောက်လာကြပါသည်။

၂၀၀၃ခုနှစ် ကမ္ဘာတွင် စတင်အသုံးပြုခဲ့သော အိုင်အီးအီးအီး 802- 11 g သင်္ကေတ (International Electrical and Elec-





tronic Engineer) အဖွဲ့က သတ်မှတ်သည့် ကုတ်သင်္ကေတ ခေါ် Voip (Voice Dver Internet Protrcol) ဆိုသည့် အင်တာနက်ကိုယ်ပိုင်အမှတ်ပေါ်သို့ အသံပို့ပေးသည့် ရုပ်မြင်သံကြား အင်တာနက် စကားပြောဆက်သွယ်ရေးစနစ် (G-Talk ဟု အများသိ) ပေါ်ပေါက်ခဲ့ပါသည်။

အဆိုပါ ခေတ်လွန် အိုင်တီနည်းပညာကို မြန်မာပြည်၌ စတင်ကျင့်သုံးရန် ကျွန်ုပ်တို့၏ ကုမ္ပဏီက အဆက်အသွယ် ရရှိပြီး ကြိုးစားလုပ်ဆောင်ခဲ့ပါသည်။

ယနေ့ မျှော်စင်တိုင်ထိပ်ကို ဤခေတ်လွန်ကိရိယာများ တက်ရောက်တပ်ဆင်နိုင်မှသာ မနက်ဖြန်တွင် အုပ်ချုပ်မှုဒါရိုက်တာ ဒေါင်းနွယ်စကြာ ခေါ်လာ ရောက်ရှိမည့် အကြံပေးပုဂ္ဂိုလ်များနှင့် ဆက်လက်၍ အစမ်းသဘော Voip ထုတ်လုပ် ဆက်သွယ်ကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

လက်ရှိ မိုးလေဝသအခြေအနေအရဆို မျှော်စင်ထိပ်တက်ရန် အခြေအနေပေးနိုင်မည့် ပုံစံ မတွေ့တော့ပေ။

ဤကဲ့သို့ အခက်အခဲနှင့် ရင်ဆိုင်နေရချိန်တွင်မှ ယောဂီကြီးဦးဘကောင်း ဖန်တေလျှော်သင်္ကန်းခေါင်းပေါင်း၊ ယောဂီဝတ်စုံနှင့် ရုံးခန်းတံခါးဝတွင် ဘွားခနဲပေါ်လာခြင်း ဖြစ်သည်။

ကျွန်ုပ်၏အဖွဲ့တွင်သဘောနှင့် တစ်စုံတစ်ရာထူးခြားချက်ပြီဟု တန်းသိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် ယောဂီကြီးဦးဘကောင်းနှင့်ကျွန်ုပ်တို့၏ တစ်ရုံရောအခါသမယ လွန်လေပြီးသောတစ်နှစ်ခန့်က တွေ့ဆုံကြုံရပုံကလေးကို ချန်ထား၍မဖြစ်ဟု ထင်ပါသည်။

ထိုစဉ်က မြန်မာ့ကွန်ရက်ဥယျာဉ်ဟု ပြည်ခွင်ကျော်ကြားလှသိများသော ဤအိုင်တီလုပ်ငန်းရှင် ကုမ္ပဏီရုံးခန်းများစုဝေးရာဝင်းကြီး၏ အနောက်တောင်ထောင့်အကျဆုံး အဆောက်အအုံ(၅)၏ အပေါ်ဆုံးထပ် အနောက်တောင်ထောင့်အခန်းသို့ ကျွန်ုပ်တို့၏ Hotspot ac: Voip ခေတ်လွန်နည်းပညာ တပ်ဆင်ဖော်ထုတ်ရေးလုပ်ငန်းလုပ်ဆောင်ရန် ရုံးခန်းကို ဖွင့်လှစ်ခဲ့ပါသည်။

ဤနေရာကို ဒေါင်းနွယ်စကြာက တောင်းခံရွေးချယ်ပြီး နေရာရ ရုံးခန်းဖွင့်စဉ်က ကျွန်ုပ် ဘာကြောင့် ဘာမှန်း မသိခဲ့ရိုး အမှန်။

တစ်နေ့တော့ စိမ်းဖန့်ဖန့် မှန်သားအပြည့်တောင်ဘက်နံရံကိုဖောက်၍ အဝေးကိုမျှော်ကြည့်နေသော ကျွန်ုပ်သည် မြန်မာ့ကွန်ရက်ဥယျာဉ်၏အနောက်တောင်ထောင့်ရှိ လူထွက်ပေါက်ကလေးမှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါင်းနွယ်စကြာ လမ်းလျှောက်ထွက်သွားသည်ကို အပေါ်စီးမှ တွေ့မြင်နေရသည်။

ကျွန်ုပ်သည် ဘာရယ်မဟုတ်။ ဒေါင်းနွယ်စကြာ သွားရာ လမ်းကြောင်းကို အမှုမဲ့လိုက်ကြည့်နေခဲ့ရာ မကြာမီ စေတီလုံးထည်တစ်ဆုံး အစိမ်းရောင်လက်လွင်လွင် ခြယ်သထားသည့် ထူးဆန်းသော စေတီ၏ရင်ပြင်ထဲ သူ ဝင်သွားသည်ကို မြင်လေသည်။





ယခုမှ ကျွန်ုပ် ဤအစိမ်းရောင်စေတီတော်ကို အာရုံပြုမိသည်။ ရွှေချသောစေတီ၊ ထုံးဖြူဖြူသုတ်သောစေတီ၊ မှန်စီရွှေချ စေတီစသည်တို့ကိုသာ မြင်ဖူးပြီး အစိမ်းရောင်ခြယ်သောစေတီကို မမြင်ဖူးသော ကျွန်ုပ် အံ့သြစွာ ကြည့်နေမိသည်။

ထိုစဉ် ဒေါင်းနွယ်စကြာက စေတီတော်ဖိနပ်ခုံတွင် ထိုင်ကာ ထိခြင်းကြီးငါးပါးနှင့် ကျနသေချာစွာ ကန်တော့ရှိခိုးနေသည်။

ခဏကြာသော် ယောဂီဝတ်စုံနှင့် အဘိုးအိုတစ်ဦး ဒေါင်းနွယ်စကြာ၏ဘေးသို့ လာရပ်သည်။ ဒေါင်းနွယ်စကြာက ထိုအဘိုးအိုကို ခြေဖမိုး ဦးခိုက်၍ ကန်တော့သည်။ ထို့နောက် ယောဂီကြီးက ဒေါင်းနွယ်စကြာကို ပခုံးမှအသာထူလိုက်ပြီး အတန်ကြာ မျက်နှာချင်းဆိုင်ရပ်၍ စကားပြောကြသည်။

ထို့နောက် ယောဂီကြီးက ကျွန်ုပ်ရှိရာရုံးခန်းသို့ လှမ်းကြည့်ကာ လက်ညှိုးညွှန်ပြသည်။ ကျွန်ုပ်ရပ်ကြည့်နေသော မှန်သားနံရံသည် ပြဒါးသုတ်မှန်များဖြင့် ကာရံထားသောကြောင့် အတွင်းမှအပြင်ကိုသာ မြင်ရပြီး အပြင်က အတွင်းကို မမြင်ရဘဲ လက်လက်ထသော ကြည့်မှန်ကဲ့သို့သာ ရောင်ပြန်ဟပ်နေပါသည်။ သို့သော် ခပ်ဝေးဝေးစေတီလေးထံမှ ယောဂီကြီးသည် ကျွန်ုပ် ရပ်ကြည့်နေသည်ကို မြင်နေဟန်တူ၏။ ကျွန်ုပ် ဘယ်သူဘယ်ဝါဖြစ်ကြောင်း သိနေဟန်တူ၏။ ဒေါင်းနွယ်စကြာကို တစ်စုံတစ်ရာပြောရင်း ကျွန်ုပ်ရှိရာသို့ လက်ညှိုးညွှန်၍ပြသောအခါ ဒေါင်းနွယ်စကြာကလည်း ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကြည့်နေသည်ကို မြင်သွားသည့်သဘောရှိသည်။ နှစ်ယောက်သား ကျွန်ုပ်ကို လက်ယပ်ခေါ်ကြလေသည်။

"လာပါ၊ ဒီကို လာခဲ့ပါ" ဟု နှုတ်မှလည်း ခေါ်နေသလိုမြင်ရပြီး အသံပါနားထဲဝင်လာ၏။ ကျွန်ုပ်လည်း ဘာမှန်းမသိ ညာမှန်းမသိ ရုံးခန်းမှ ထွက်၊ အောက်ကိုဆင်းပြီး စေတီရှိရာကို လာခဲ့မိလေသည်။

"အဲဒါ ဘိုးဘိုးရသေ့ကြီး ဦးဝိမလ တည်ထားခဲ့တဲ့ စေတီပါ အစ်ကိုကြီး" ဟု ကျွန်ုပ် ရောက်မဆိုက်မှာပင် ဒေါင်းနွယ်စကြာက မိတ်ဆက်သဘော ပြောသည်။

သိလိုက်ပါပြီ။ ဒေါင်းနွယ်စကြာ၏ ဘိုးဘိုးရှင်ရသေ့သည် ယခင် ကျွန်ုပ်ခေတ်က သာစုကန်တွင် သီတင်းသုံးခဲ့သော ဆရာတော် တစ်ပါးဖြစ်ကြောင်း ဒေါင်းနွယ်စကြာ၏ မိဘဘိုးဘွားအကြောင်း အကြမ်းသိထားသော ကျွန်ုပ် သိလိုက်ပါပြီ။

"လက်စသတ်တော့ ဆရာ-ဒေါင်းပြောပြောနေတဲ့ ရှင်ရသေ့ရဲ့ ကျောင်းဆိုတာ ဒီနေရာမှာကိုး။ ဒါနဲ့ ဒီက ယောဂီဘိုးဘိုးကရော ..."

"အဲဒါ ဘိုးဘိုးရှင်ရသေ့ရဲ့ ကာပ္ပိယကြီး ဦးဘကောင်း ဆိုတာလေ"

"ဟာ သိပြီ သိပြီ၊ အခုထိ မသေသေးဘဲကိုး။ အဲ... အဲလေ အသက်ထင်ရှားရှိသေးတာကို၊ အံ့ဩလို့ ပြောမိတာပါ၊ စကားမှားရင် ခွင့်လွှတ်တော်မူပါ"

ကျွန်ုပ် အလောတကြီး ပြောမိသည်ကို တောင်းပန်မိသည်။

"ရပါတယ်၊ ရပါတယ်၊ ဒီက ဆရာလေးကြည့်ရတာ ကျွန်ုပ်





အကြောင်း ကြားဖူးပုံရတယ်"

"ဟုတ်ကဲ့ခင်ဗျာ၊ ဆရာဒေါင်း ပြောပြောနေလို့ သိရတာပါ"

(စကားစပ်– ဒေါင်းနွယ်စကြာ၏အကြောင်းကို ဘဝကူး ချစ်ထူး ချစ်လိပ်ပြာ အမည်ရှိ ရင်သိမ့်တုန်လှုပ်ဖွယ်ဝတ္ထုကြီးတွင် ဖတ်ရှုဖူးသူများ သိမည်ထင်ပါသည်။)

"သက်တော်ရှည်ယောဂီကြီး ဦးဘကောင်းဟာ အခု အသက် ကိုးဆယ့်ကိုးနှစ်ရှိပြီ အစ်ကိုကြီး၊ ကျွန်တော်တို့ ခေတ်လွန် အိုင်တီ နည်းပညာတွေလုပ်ချင်လို့ ဘိုးဘိုးယောဂီကို ပြောတော့ ဘိုးဘိုးက သိပ်အားမပေးချင်ဘူးတဲ့၊ ဒီနေရာကို ရွေးပြီး လာလုပ်ပါရစေဆိုတာ မနည်းတောင်းပန်ရတယ်၊ ကျွန်တော်က ခေတ်လွန်သိပ္ပံနည်းပညာ တွေကို ဘိုးဘိုးအနီးမှာ လုပ်ပြချင်လို့ပါ"

"အိန်း... အခါအခွင့်သင့်ရင်တော့ အောင်မြင်မှာပေါ့ကွယ်၊ ဘိုးဘိုးလဲ တတ်နိုင်တာရှိတဲ့အခါ ကူညီတာပ– နော"

ဘိုးဘိုးယောဂီကြီး ဦးဘကောင်းက ဤသို့ ပြောခဲ့ဖူးသည်။

ဤအတောအတွင်း ခေတ်သစ်နည်းပညာလုပ်ငန်းများ လုပ်ကိုင်စဉ် ရုံးခန်းဖွင့်ပွဲ၌ ဘုန်းတော်ကြီးငါးပါးပင့်ဖိတ်၍ ရုံးသစ်တက် မင်္ဂလာဆွမ်းကျွေးစဉ် ဘိုးဘိုးယောဂီဦးဘကောင်းကို ဖိတ်ကြားခဲ့ဖူး ရုံမှအပ ဤခေတ်သိပ္ပံလုပ်ရပ်များတွင် ယောဂီကြီးနှင့် ပတ်သက်မှု မရှိခဲ့တော့ပေ။

ယခု ကျဉ်းထဲကျပ်ထဲ ရောက်နေချိန်၌ ဘိုးဘိုးယောဂီကြီး

www.burmeseclassic.com



ဦးဘကောင်း၊ ရုံးခန်းထဲ ကြွလာခဲ့သည်။

"အိန်း... လူကလေး ဒေါင်းနွယ်စကြာ မရှိခိုက် ခုလို အခက်ကြုံတာကို မကူညီရင် သူ့ကို မျက်နှာလွှဲထားရာရောက်မှာမို့ ကျုပ်လာခဲ့တာကွယ့်"

ဟု ယောဂီကြီးက ခရီးရောက်မဆိုက် ဆိုင်းမဆင့်ဗုံမဆင့် ပြောချသည်။

"မှန်ပြတင်းတွေ ဖွင့်စမ်းကွယ့်"

ယောဂီကြီး အမိန့်ရှိသည့်အတိုင်း စိမ်းဖန့်ဖန့်မှန်နံရံမှ ပြတင်းပေါက်ကြီးငါးပေါက်ကို ဝန်ထမ်းများခေါ်၍ အမြန်ဖွင့်ခိုင်းလိုက်သည်။

ယောဂီကြီးဦးဘကောင်းသည် အလယ်ရှိ ပြတင်းရှေ့၌ မားမားရပ်ပြီး ဟိုအောက်နားက မျှော်စင်အောက်ခြေရှိ ပရိဆက်တာအင်တင်နာကြီးကို သယ်ပြေးရတော့မလို ဂနာမငြိမ်သည့် နည်းပညာကျွမ်းကျင်သူအုပ်စုကို ငုံ့ကြည့်သည်။ ပါးစပ်မှ တတွတ်တွတ်ရွတ်သည်။

ထို့နောက် မည်းမှောင်၍ အနားရောက်လုလု တိမ်တိုက်ကြီးများကို မော့ကြည့်ပြီး ရွတ်ဖတ်သရဇ္ဈာယ်လေ၏။

ချက်ချင်း...

တကယ့်ချက်ချင်း...

လေပို့ပြင်းပြင်းတိုက်လာကာ တိမ်မည်းညိုများ အဝေးသို့ လွင့်စဉ် ပြေးပျောက်သွားကုန်လေသည်။





ကျွန်ုပ်သည် အံ့သြကြီးစွာနှင့် ယောဂီကြီးဦးဘကောင်း၏ လုပ်ရပ်ကို မယုံကြည်နိုင်ဘဲ ကြည့်နေမိပါသည်။

ယောဂီကြီး၏ ရင့်ရော်သော်လည်း ရင့်ကျက်သန့်စွမ်းသည့် မျက်နှာပေါ်ဝယ် ပြုံးရိပ်ရောင်ရောင်ကလေးသမ်းလျက် ကျွန်ုပ်ကို ပြန်ကြည့်ပြီး ပြောရှာသည်။

"အဲဒါ ဆရာလေးတို့ရဲ့ ခေတ်လွန်သိပ္ပံနည်းပညာနဲ့ လူသားအကျိုးပြုမယ့်လုပ်ငန်းကလေး အခက်အခဲမရှိရလေအောင် ကျုပ်တို့ရဲ့ ခေတ်တိုင်းမီ ဂန္ဓာရီပညာရပ်နဲ့ ထောက်ကူပေးခဲ့တာပဲကွယ့်၊ မိုးနတ်သား၊ လေနတ်သားဆိုတာတွေကို ဆရာလေးတို့ ခေတ်သိပ္ပံသမားတွေ ကြားဖူးလား"

"ဟုတ်...ဟုတ်ကဲ့၊ ကြားတော့ ကြားဖူးပါတယ်၊ ဒါပေမယ့် မိုးတို့၊ လေတို့ကို ရွာအောင် တိုက်အောင် မရွာအောင်၊ မတိုက်အောင် လုပ်ပြတဲ့ အဖြစ်မျိုး တရုတ်ဗီဒီယို ရုပ်ရှင်တွေဖြစ်တဲ့ ဝူခုန်း၊ ဟာနုမာန်မျောက်မင်း ဆီးရီးကားတွေထဲမှာပဲ မြင်ဖူးပါတယ်၊ အပြင်မှာ ခုလို မျက်မြင်လက်တွေ့တော့ မမြင်ဖူးသေးဘူးခင်ဗျာ"

"အဲဒီ ဝွန်းဝူခုန်းမျောက်မင်းဇာတ်လမ်းမျိုးတွေဟာ ရှေးရှေးတုန်းက ဂန္ဓာလရာဇ်စိန့်တိုင်းရဲ့ ဂန္ဓဝင်၊ မဟာဝင်၊ ရာဇဝင်၊ ဗုဒ္ဓဝင်တွေက ဆင်းသက်လာတဲ့ ဂန္ဓာရီဖြစ်စဉ်တွေကွယ့်။ ဒီလိုပဲ ဟိန္ဒူဘာသာဝင်တွေရဲ့ ရှေးနှစ်ပေါင်း ခြောက်ထောင် ခုနှစ်ထောင်က ဆင်းသက်လာတဲ့ ဂန္ဓာရီပညာတွေမှာလဲ မိုးတွေ၊ လေမုန်တိုင်းတွေ၊



www.burmeseclassic.com

www.burmeseclassic.com



လျှပ်စီးမိုးကြိုးတွေကို စေလိုရာစေတဲ့ ဂန္ထဝင် ဖြစ်ရပ်တွေ ရှိပါတယ်။ မြန်မာဗုဒ္ဓဘာသာဝင်တွေမှာလဲ ဘာသာရေးနဲ့ ဓလေ့ထုံးတမ်းက ဆင်းသက်လာတဲ့ မိုးတွေ၊ လေတွေကို အစိုးရတဲ့ တန်ခိုးဣဒ္ဓိပါဒ် အစွမ်းတွေအကြောင်း အများကြီး ရှိပါတယ်”

“မိုးကို လူ့အစွမ်းနဲ့ ရွာအောင်လုပ်နိုင်လို့လား။ ဘိုးဘိုး ယောဂီ ခင်ဗျား”

“အိမ်း... မိုးရွာစေတဲ့အကြောင်း ရှစ်ပါးရှိသတဲ့၊ (တစ်) နတ်တို့ အစွမ်းကြောင့်၊ (နှစ်)နဂါးတို့အစွမ်းကြောင့်၊ (သုံး) ဂဠုန်တို့အစွမ်း ကြောင့်၊ (လေး)သစ္စာတရားတို့ရဲ့ အစွမ်းကြောင့်၊ (ငါး)မာန်နတ်ရဲ့ အစွမ်းကြောင့်၊ (ခြောက်)တန်ခိုးကြီးလူတို့ရဲ့ အစွမ်းကြောင့်၊ (ခုနစ်) ဥတုညီမျှသင့်တင့်မှုကြောင့်၊ (ရှစ်) ကမ္ဘာပျက်ချိန်ရောက်တဲ့အတွက် ကြောင့် မိုးရွာ သတဲ့။ လေဆိုတာလဲ ဒီလိုအကြောင်း ရှစ်ပါးကြောင့် မုန်တိုင်းအထိ တိုက်ခတ်စေနိုင်တယ်။ အဲဒီ အကြောင်းရှစ်ပါးကြောင့် မိုးနဲ့ လေကိုလဲ တားဆီးနိုင်တယ်”

“ကျွန်တော်တို့ ကြားဖူးတာက မိုးရွာအောင် မိုးခေါင်ကျော်စွာ ကို ပင့်ရပါတယ်၊ မိုးမရွာအောင် ရှင်ဥပဂုတ်ကို ပင့်ရပါတယ်ဆိုလား ဘိုးဘိုး”

“အဲဒါ တန်ခိုးရှိတဲ့လူတွေလုပ်တဲ့ အစွမ်း။ သစ္စာတရားကို တိုင်တည်တဲ့အစွမ်းတွေ ဖြစ်တယ်၊ မိုးတို့လေတို့ဆိုတာ သာမန် အားဖြင့် ဥတုရာသီကြောင့် ဖြစ်ပေါ်တာ၊ သဘာဝရဲ့ ဓမ္မတာပဲပေါ့၊





ဒါပေမယ့် အဲဒါ အကြောင်းတစ်ပါးမျှသာ ဖြစ်တယ်၊ ကျန် အကြောင်း ခုနစ်ပါးကြောင့် ဖြစ်ပေါ်တာတွေက ယေဘုယျအားဖြင့် လူတွေ မသိ လိုက်ဘူး။ လူတွေ အမှုမဲ့နဲ့ပဲ သဘာဝဖြစ်ရပ်လို့ထင်ပေမယ့် တခြား ထူးကဲအာနိသင်ကြောင့် ဖြစ်ပေါ်လာတဲ့ လူ့ဘဝဖြစ်စဉ်တွေဟာ ရှိခဲ့ဖူးတယ်၊ ရှိနေတယ်၊ ရှိဦးမှာပဲ ဆရာလေး”

“အဲဒီ ထူးကဲအာနိသင်ကြောင့် ဖြစ်ပေါ် ရိုက်ခတ်လာတဲ့ လူ့ ဘဝဖြစ်စဉ်ဆိုတာမျိုး ရှိရင်၊ ရှင်းအောင် ပြောပြပါလား ဘိုးဘိုး ယောဂီကြီးခင်ဗျား”

“အိမ်း... ပြောရမှာဖြင့် အရှည်ကြီး၊ ဘိုးဘိုးကြုံခဲ့ရတဲ့ ရင်သိမ့် တုန်လှုပ်ဖွယ်ကောင်းတဲ့ ဂမ္ဘီရဆန်းကြယ် ဇာတ်လမ်းတစ်ပုဒ်ကို အား တဲ့အခါ ပြောပြမယ်၊ အလုပ်တွေပြီးရင် လာခဲ့ကွယ့်'

ဘိုးဘိုးယောဂီကြီးဦးဘကောင်းရဲ့ ကြားချင်ရက် စက်စက်ယို ဇာတ်လမ်းကို ကျွန်ုပ် များစွာ ကြားချင်စိတ်ပြင်းပြခဲ့ပါသည်။

အလုပ်အားသော တစ်ရံတစ်ဆစ်ဝယ် ရုံးအပြန်ဘိုးဘိုး၏ ခြစိမ်းရောင်စေတီ ဝတ္ထုကမြေထဲရှိ ကျောင်းတိုက်ဝါဝါကြီးထံသို့ ကျွန်ုပ် အပြေးသွားရောက်ခဲ့လေသည်။

ယခု ဘိုးဘိုးယောဂီကြီး ဦးဘကောင်း၏ ကိုယ်တွေ့ ဂမ္ဘီရ ဆန်းကြယ် လှုပ်ဖွယ်ကောင်းသည့် ရင်သိမ့်တုန်ဇာတ်လမ်းကို စာရှုသူအား ဖောက်သည်ချလိုက်ရပေသတည်း။

လွန်ခဲ့သော ၂၈ နှစ်ခန့်က ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ကမာရွတ်(ယခုလှိုင်မြို့နယ်) ရှိ ဘိုးဘိုးရှင်ရသေ့၏တောရကျောင်းသို့ သားအဖနှစ်ယောက် ရောက်ရှိလာကြသည်။

"ဆောက်လုပ်ရေးက လမ်းတံတားအင်ဂျင်နီယာ ဦးစောလင်းဟန် လွှတ်လိုက်လို့ပါ ဘုရား"

ကန်တော့ကြပြီး ဖခင်ဖြစ်သူ ဦးမင်းဆွေက စကားချီ မိတ်ဆက်လေသည်။

"အိန်း... သာခုကန်ရွာသား ဦးစောလင်းဟန်ကို ပြောတာလား"

"မှန်ပါ့ ဘိုးဘိုးရှင်ရသေ့၊ တပည့်တော်က သူ့လက်အောက်က ကြီးကြပ်ရေးမှူး မင်းဆွေပါ။ ဟောဒါက တပည့်တော်ရဲ့သား မင်းဝေပါ"

ဦးမင်းဆွေက သူ့ဘေးမှ လူငယ်ကလေးကို မိတ်ဆက်ပေးသည်။ မောင်မင်းဝေ ဆိုသူသည် ထိုစဉ်က အသက် ၁၉-၂၀ အရွယ်ရှိ လူငယ်ကလေးတစ်ဦး ဖြစ်သည်။ ဘိုးဘိုးရှင်ရသေ့က ထိုသူငယ်ကို ကြည့်ရုံနှင့် သာမန်လူမဟုတ်ကြောင်း သိလိုက်သည်။

သုံးဆယ့်တစ်ဘုံအပါအဝင်ဖြစ်သည့် လူ့ဘုံသို့ ရောက်ရှိလာသော လူသားတို့သည် အမျိုးမျိုးရှိ၏။ အချို့က ဒုဂ္ဂတိဘုံမှ ဘုံဆင့်တက်ကာ လူလာဖြစ်ကြသည်။ အချို့က လူသေလူဖြစ်ဟု ဆိုသကဲ့သို့ ပြီးခဲ့သော လူ့ဘဝမှ ယခုလူ့ဘဝသို့ ဘုံဆင့်တူကူးလာကြသည်။ လူဝင်စားလည်း ရှိသည်။ အချို့ကျသော် ဗြဟ္မာ့ဘုံ၊ နတ်ဘုံမှ ကူးဆင်းလာကြသည်။

ပရလောကခေါ် သေပြီးရောက်ရှိမည့်ဘဝကို ယုံကြည်သူ လူ





သားများသည် ဒုဂ္ဂတိဘုံခေါ် ဆင်းရဲဒုက္ခနှင့် အတိပြီးသော အောက်ဘုံသို့ မကျရောက်လိုကြပေ။ သုဂတိဘုံခေါ် ချမ်းသာမှုနှင့်ပြီးရာ အထက်ဘုံသာ ရောက်လိုကြသည်။

ကံ့ကံ၏ အကျိုးဟု ဆိုရပေမည်။ အကြောင်းဖန်လာပုံက ကောင်းလျှင် ကောင်းသလို အကျိုးဖြစ်၍ မကောင်းလျှင် မကောင်းသလို အကျိုးခံရသည်သာ။

ဤတွင် သာမန်လူမဟုတ်ဟုဆိုရမည့် လူသားများသည် ဘဝပေးအကျိုးကြောင့် ဤလူ့ဘဝသို့ စံစားရန် ရောက်ရှိလာသည်လည်း ရှိ၏၊ ခံစားရန် ရောက်ရှိလာသည်လည်း ရှိ၏။ သာမန်လူတို့မည်သည် လောကစံရှစ်ပါးကို သူ့အလှည့်နှင့်သူ ကြုံဆုံ၍ အထိုက်အလျောက် ခံစား၊ စံစားရသည်။ ထူးခြားသော လူတို့ကား သာမန်ထက်ပို၍ ဘဝတစ်လျှောက်လုံး သုခအများကြီး ခံစားကြရသလို အချို့ကျ ဒုက္ခများစွာပို၍ ခံစားသွားရသည်မျိုး ရှိသည်။

လောလောဆယ် မောင်မင်းဝေ ဆိုသူ လူငယ်သည် သာမန်လူသားကလေးတော့မဟုတ်။ ဤသည်ကို ဘိုးဘိုးရှင်ရသေ့မြင်တွေ့ရခြင်း ဖြစ်သည်။

"ဘိုးဘိုးရယ်၊ ဒီကလေးက ခုတလော ထူးဆန်းတဲ့ အိပ်မက်ချည်း မက်နေပါတယ်၊ အဲဒါ ဘာဖြစ်နိုင်မလဲဆိုတာ နိမိတ်ဖတ်ပေးပါဘုရား"

"ဆို– ဘာအိပ်မက်တွေ မက်သလဲကွယ်'



www.burmeseclassic.com

www.burmeseclassic.com



"ပြောလိုက်လေ သား၊ ဘိုးဘိုးကို ပြောပြလိုက်"

ဦးမင်းရဲဆွေက အငေးသားထိုင်နေသည့် သူ့သား မင်းဝေကို ပုတ်ကာ ပုတ်ကာ ပြောသည်။

"ဟို..." အဲဗျာ၊ အင်း... အခုနေခါ မွန်ပြည်နယ်ဆိုပြီး နိုင်ငံတော်က တရားဝင်အသိအမှတ်ပြုလိုက်ပြီး နောက်ပိုင်း မော်လမြိုင်မြို့ဆိုတာ မွန်ပြည်နယ်ရဲ့ မြို့တော်ကြီး ဖြစ်သွားပါပြီ ဘိုးဘိုး၊ အဲဒါ ဒီဘက် မုတ္တမဘက်ကမ်းကနေ မော်လမြိုင်ဘက်ကမ်းကို မီးရထား လမ်းရော ကားလမ်းပါ တိုက်ရိုက်ဆက်သွားလို့ မရဘူး၊ မုတ္တမ ပင်လယ်ထဲစီးဆင်းနေတဲ့ သံလွင်မြစ်ဝကြီးကို သင်္ဘောတွေ ကူးတို့တွေနဲ့ တစ်ဆင့် ကူးနေရပါတယ်"

"မောင်ရင်လေးက အဲဒီလမ်းကို ခဏ ခဏ သွားနေရလို့ ဒီအခက်အခဲကို ကြုံနေရတာလား"

ဘိုးဘိုးရှင်ရသေ့က ပြုံးပြုံးကြီးမေးသည်။ ဦးမင်းဆွေက အမြန်ဖြေ၏။

"မဟုတ်ပါဘူး ဘိုးဘိုးရယ်၊ တပည့်တော်ရဲ့သားဟာ အဲဒီဘက်ကို တစ်ခါမှ ရောက်ဖူးတာမဟုတ်ဘဲ အဲဒီအကြောင်းတွေကို ခုတလော ပြောပြောနေလို့ လူတွေက မျက်ခုံးရှုံ့ကြပြီး အခုလို ဘိုးဘိုးဆီခေါ်လာရတဲ့အထိ ဖြစ်ရတာပါ၊ သူက သူ့အိပ်မက်ကို လျှောက်ပြောတာကိုး၊ ပြောရမယ်ဆိုရင် တပည့်တော်ရဲ့သားဟာ မကြာခင်ကမှ ဂျီတီအိုင်က အောင်ခဲ့ပါတယ်။ မြို့ပြအင်ဂျင်နီယာ





ဘာသာရပ်နဲ့ပါ။ ခုမှ ဂျီတီအိုင်ဒီပလိုမာကလေးရခါစရှိသေး သူက မဖြစ်နိုင်တဲ့နေရာမှာ မဖြစ်နိုင်တဲ့တံတားကြီးကို ဆောက်ချင်တယ်၊ ဆောက်ရမယ်ဆိုလို့ တပည့်တော်တို့ အသိုင်းအဝိုင်းမှာ လူရယ်စရာ ဝိုင်းဟားစရာကြီးကို ဖြစ်နေပါလေရော"

မောင်မင်းဝေ ရှိရှိကလေးထိုင်နေရာမှ ကိုယ်ကိုမတ် ခေါင်းကိုမော့လိုက်ပြီး ရဲရဲပြောလာသည်။

"တပည့်တော်က အိပ်မက်မက်တာတော့ ဟုတ်ပါတယ်၊ အဲဒီ အိပ်မက်က တကယ်လိုပဲ ဘိုးဘိုး၊ အိပ်မက်ထဲမှာ အဲဒီ မုတ္တမနဲ့ မော်လမြိုင်ကို ခြားထားတဲ့ သံလွင်မြစ်ဝကြီးမှာ ရောမတံတားရှည်ကြီးကို တပည့်တော်တို့ နိုင်ငံတော်အစိုးရက တည်ဆောက်ကြပါတယ်"

"ဟာ... အဲဒါကိုပြောတာပေါ့ဘိုးဘိုး၊ တပည့်တော်က တံတား တည်ဆောက်တဲ့အင်ဂျင်နီယာအဖွဲ့ရဲ့ လက်အောက်ခံ ဆောက်လုပ်ရေးဝန်ထမ်း၊ တပည့်တော်ရဲ့အထက်မှာ လမ်းတံတားဆောက်လုပ်ရေးအင်ဂျင်နီယာကြီးတွေက အများကြီးရှိပါတယ်၊ ဒီသားလေးက အဲဒီလူကြီးတွေကို မုတ္တမကျွေ့ သံလွင်မြစ်ဝမှာ သံလွင်မြစ်ကူးတံတားကြီးဆောက်မယ်ဆိုတော့ မဖြစ်နိုင်တာကြီးကို စိတ်ကူးယဉ်ပြီး လျှောက်ပြောနေလို့ ဂျီတီအိုင်ဆင်းကလေး အောက်ခြေလွတ်ပြီး ဆံပေါက်ပေါက်ဖြစ်နေပြီလို့ ပြောကြပါတယ်"

"အဲဒါ စိတ်ကူးယဉ်နေတာမဟုတ်ဘူး အဖေရဲ့ အိပ်မက်၊ သား



www.burmeseclassic.com

www.burmeseclassic.com



က အိပ်မက်အရ ပြောနေတာပါ"

"အေးပါ၊ စိတ်ကူးယဉ်အိပ်မက်ဆိုတာ တော်တော် လှရယ် စရာကောင်းတာ၊ ဒါကြောင့် တပည့်တော်သားလေးဟာ တစ်ခုခု တော့ မှားနေပြီဆိုပြီး ဘိုးဘိုးရှင်ရသေ့ကို အကြောင်းသိတဲ့ အင်ဂျင် နီယာကြီး ဦးစောလင်းဟန်က ဒီကို လွှတ်လိုက်တာပါ"

"နေပါဦး၊ အဲဒီ ဒကာကရော ဘာလို့လိုက်မပို့တာလဲ၊ သူလဲ ဒီကိုမရောက်တာ နှစ်နဲ့ချီပြီး ကြာနေမှကိုး"

"ဦးစောလင်းဟန်က ဂုတ်ထိပ်တံတား ပြုပြင်ထိန်းသိမ်းရေး မှာ တာဝန်ကျနေလို့ပါ ဘိုးဘိုး၊ တပည့်တော်လဲ အဲဒီမှာ တာဝန်ကျ နေတာမို့ သူ့အောက်မှာ အမှုထမ်းနေတာပါ၊ အခု ခွင့်ယူပြီး တကူး တကလာခဲ့တာပါ ဘိုးဘိုး"

"ကောင်းပြီလေ၊ တကူးတကလာရမှတော့ ရေစက်ဆုံလို့ ကြုံရတယ်မှတ်၊ ကိုင်း ကပ္ပိယဘကောင်းရေ ဒီဧည့်သည်တွေကို စားစရာလေး ဘာလေး လုပ်ပါဦး"

"မှန်ပါ့ ဘိုးဘိုး"

ကပ္ပိယဦးဘကောင်းက ဘိုးဘိုးရှင်ရသေ့ရှေ့အရောက် ကြွဆို ပို့ဆောင်ပြီး ပြောသမျှ နားထောင်ကောင်းကောင်းနှင့် ထိုင်နား ထောင်နေမိရာက ယခုမှ ချက်ချင်း နေရာမှထဖြစ်သည်။

"ဒါနဲ့ ကိုဘကောင်းရေ၊ ဒီသူငယ်က သူရဲ့ထူးခြားတဲ့အိပ်မက် ကို ပြောပြလိမ့်မယ်၊ အဲဒီအိပ်မက်က သိပ်ထူးမယ်၊ ရှည်လဲရှည်မယ်





ဒါကြောင့် ဟိုတလောက သံဖြူဇရပ်က ဒကာလေးတစ်ဦးလာရင်း ကပ်လှူသွားတဲ့ ကက်ဆက်ဆိုတဲ့ အသံဖမ်းအသံထုတ်စက်ကလေး ကို ယူခဲ့ပါ၊ ဒီသူငယ်ရဲ့အိပ်မက်ရှည်ကြီးကိုအသံဖမ်းယူထားရအောင်'

ကပ္ပိယဦးဘကောင်းလည်း စားသောက်ဖွယ်ရာများ ချပြီး နေရှင်နယ်ပင်နာဆိုးနစ်မင်မိုရီကက်ဆက်ကြီးပါ ယူလာ၍ မောင်မင်း ဝေ ပြောသမျှကို အသံဖမ်းထားလေ၏။ ထိုခေတ် ၁၉၇၀ ပြည့်လွန် နှစ်လောက်ကစ၍ မြန်မာပြည်တွင်းသို့ မွန်ပြည်နယ် သံဖြူဇရပ်မြို့မှ စတင်ကာ ကက်ဆက်ခေါ် အသံဖမ်း၊ အသံထုတ်စက် တစ်မျိုး ဥဒဟို ဝင်လာရောက်ရှိခဲ့သည်။

(မှတ်ချက်။ ။ အင်္ဂလိပ်ခေတ်က မြန်မာပြည်တွင် တေးသီချင်းများကို အသံသွင်း၍ ပြန်လည်ထုတ်လွှင့်သောစက်ကို ဓာတ်စက်ဟု ခေါ် တွင်ခဲ့ပါသည်။ ဓာတ်စက်ကို ၁၈၇၇ ခုနှစ်က အမေရိကန်နိုင်ငံတွင် Thoman A. Edison က စတင်တီထွင်ခဲ့သည်။ ရှေးက ဓာတ်စက် ကို အင်္ဂလိပ်လို Phono graph ဟု ခေါ်ခဲ့ပြီးနောက်ပိုင်းတွင် Gramophone ဟု ခေါ်သည်။ ဓာတ်စက် ဓာတ်ပြားခေတ်သည် မြန်မာ့တေးဂီတလောကတွင် နှစ်ပေါင်း ၄၀ ကျော်လွှမ်းမိုးခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက်ပိုင်း အထက်တန်းလွှာများ စတင်အသုံးပြုခဲ့သော Tape recorder ခေါ် အသံဖမ်း အသံလွှင့် စက်များ ၁၉၅၆ ခုနှစ်မှစ၍ ကျယ်ကျယ်ပြန့်ပြန့် ခေတ်စားခဲ့သည်။ ဒတ်ချ်လူမျိုးများ၏ Philips co, သည် ဟော်လန်ပြည် (နောက်ပိုင်း

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နယ်သာလင်ပြည်ဟု အမည်ပြောင်း)မှ ဖြစ်ပြီး တိတ်ရီကော်ဒါကြီး များ ထုတ်လုပ်၍ ကမ္ဘာ့အနှံ့ တင်ပို့ ရောင်းချခဲ့သည်။ ဂျပန်ပြည်မှ Akai ESifh Aiwa တိတ်ရီကော်ဒါများလည်း အပြိုင်ဖြန့်ဖြူးလာရာ ၁၉၅၈ ခုနှစ်မှစ၍ မြန်မာပြည်တွင်း၌ အကိုင်းနှင့် ဖိလစ်တိတ်ရီကော်ဒါများ ရေပန်းစားခဲ့သည်။ ထို Tape recorder သည် ၁၈၉၉ ခုနှစ်ကတည်းက ဒိန်းမတ်လူမျိုး Poulsen ဆိုသူက တီထွင်ခဲ့ခြင်း ဖြစ်ပြီး နောက်အနှစ် ၅၀ ကျော်မှ မြန်မာပြည်သို့ ရောက်ရှိ လူသုံးများခဲ့သည်။ မြန်မာပြည်၌ လူသုံးများလာသည့် Cassette tape recorder သည် ၁၉၆၃ ခုနှစ်တွင် နယ်သာလင်နိုင်ငံမှ Philips Co. က စတင် တီထွင်ခဲ့ခြင်း ဖြစ်သည်။ စတင် တီထွင်သည့်မှ ၅-နှစ်အကြာတွင် မြန်မာပြည်သို့ မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ်မှတစ်ဆင့် စတင်ရောက်ရှိလာခြင်း ဖြစ်သည်။ ဤမျှ မြန်ဆန်စွာ ရောက်ရှိလာခြင်းမှာ တေးဂီတဝါသနာပါသည့် စာရေးဆရာ သလ္လာမောင်ကိုဦးသည် ၁၉၆၇ ခုနှစ်စတွင် သံဖြူဇရပ်မြို့သို့ မြို့နယ်ဦးစီးမန်နေဂျာအဖြစ် တာဝန်ယူသွားရောက်ထမ်းဆောင်စဉ် သံဖြူဇရပ်မြို့ မြို့မတီးဝိုင်းကို စည်းရုံးတည်ထောင်ပြီး သီချင်းများအသံဖမ်းအသံကူးသောအခါ Cassette recorder နိုင်ငံခြားတွင် ပေါ်ပေါက်နေကြောင်း နိုင်ငံခြားစာစောင်တစ်ခုမှ တွေ့ရှိသောအခါ ထိုအချိန်က ထိုင်းနိုင်ငံနှင့် မှောင်ခိုကုန်ကူးနေသော ကုလားအုတ်ကျွန်းမှ ကုန်သည်ကြီး (ကနဂုတ်ကြီးကြီးဟု လူသိများ)ကို ဘန်ကောက်မှ





ကက်ဆက်တစ်လုံး ဝယ်ခဲ့ပေးရန် အကြိမ်ကြိမ်မှာကြားရာမှ ၁၉၉၈ ခုနှစ်တွင် Aiwa အမျိုးအစား ကက်ဆက်တစ်လုံး မြန်မာပြည် သံဖြူဇရပ်မြို့သို့ စတင်ခြေချသည်။ ထို့နောက် လူကြိုက်များလာ၍ သံဖြူဇရပ်မှတစ်ဆင့် တစ်ပြည်လုံးသို့ ကက်ဆက်များ တွင်တွင်ကျယ်ကျယ် ပြန့်ပွားသွားခဲ့ပါသည်။)

"ဒီမုတ္တမနဲ့ မော်လမြိုင်ကို ခြားထားတဲ့ သံလွင်မြစ်ဝကြီးဟာ ဘယ်လောက်ကျယ်ပါစေ တပည့်တော်ကတော့ ဒီဘဝမှာ တံတားကြီးတစ်စင်းဆောက်ပြီး ဆက်သွယ်ဖြစ်တာကို မြင်ကို မြင်ရမယ်"

ဤကား မောင်မင်းဝေပြောသော ဇာတ်လမ်း၏နိဒါန်းတည်း။

ဤမြစ်ဝတွင် ဤတံတားကြီးတည်ဆောက်ရန် အိပ်မက်တွေ ဆက်ကာ ဆက်ကာ မြင်မက်ခဲ့သော မောင်မင်းဝေသည် ထိုစဉ်က အသက် ၁၉ နှစ်ပြည့်ပြီး၍ ၂၀ ထဲ အဝင် လူငယ်ကလေးတစ်ဦး။

အချိန်ကား ၁၉၇၆ ခုနှစ်။

သူ ဤသို့ အိပ်မက်ထဲက တံတားကြီးကို မြင်ဝေတွေ့လိုသည့် ဆန္ဒပြင်းပြခဲ့ရခြင်း၏ အကြောင်းရင်းမှာ သူ့အိပ်မက်များက သူ့ကို နှိုးဆွလှုပ်နေ၍ ဖြစ်သည်။

အိပ်မက်တံတားကြီးမှ ဆက်စပ်ခဲ့သော အိပ်မက်ရှည်ဇာတ်လမ်းကြီးမှာ ဤသို့တည်း။

✦ ✧ ✦



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂)

<u>နွဲ့သောစစ် လွဲသောအချစ်</u>

သီရိမရမာပြည်ကြီးတွင် ရှေးအခါက မရိမ်၊ ဥတ္တမ၊ မလ္လာဝတီ သုံးဌာနီကို ခမာသုံးရပ် တမ္ဗဌာနီတိုင်းဟုဆို၏။

ဥတ္တမမြို့ကား ခမာတိုင်း၏ နယ်စပ်ဆိပ်ကမ်းမြို့တည်း။

ရှေးသရောအခါက ဥတ္တမဆိပ်ကမ်းမြို့သည် ပင်လယ်ရပ်ခြား မှ လှေသင်္ဘောများဆိုက်ကပ်လာရာ စီးပွားရေးမြို့တစ်မြို့ ဖြစ်ခဲ့ သည်။

ထိုဥတ္တမမြို့တွင် ထင်ရှားသော မြို့စားကြီး ဦးဟံသာစောဝေ ရှိ၏။ သူ့တွင် သားယောကျ်ားသုံးယောက်ရှိ၏။ သားအကြီးဆုံးသည် လက်ရှိအချိန်တွင် မြို့စားကြီးအနေဖြင့် အားအကိုးရဆုံးသော ဗလ ဒသကအရွယ်သို့ စတင်ဝင်ရောက်သည့် အားခွန်ဗလကောင်းလှ သောအရွယ်ဖြစ်၏။



အင်တိုင်းဒေသကို စစ်စခန်းချ၍ ခြေကုပ်ယူလေ့ရှိရာ ထိုအခါများ တွင် မောရအင်တိုင်းမှ တိုင်းသူတိုင်းသားများ မြို့မည် မစည်ကား နိုင်သည့် မောရအင်တိုင်းရပ်ကို စွန့်ခွာထွက်ပြေး အဝေးသို့ တိမ်း ရှောင်ရလေ့ရှိသည်။ နန်စောမင်းတို့၏ ခြေကုပ်ယူရာ ထိုမောရအင် တိုင်းသည် မလ္လာဝတီက ပေါက္ကံပြည်ကြီးနှင့် ပျူမင်းပြုံးမင်းတို့မှ စစ်ကူတောင်း၍ နန်စောစစ်သည်တို့၏ ကျူးကျော်မှုကို တိုက်ထုတ် ပြန်ရာ မောရအင်တိုင်းဆိပ်ကမ်းဒေသသည် စစ်သလင်း မကြာခဏ ဖြစ်ခဲ့ရ၏။ ဖွံ့ဖြိုးရန် အားယူလိုက် ပြန်ပျက်လိုက်နှင့် ဖြစ်နေခဲ့သည်။

တစ်ခါတစ်ရံတွင် နန်စောစစ်သည်များ ချီလာသည်ကို ကြို တင်သိရှိပါက မောရအင်တိုင်းဘုရင်ငယ် မောသီရိဓမ္မရာသည် သမီးတော်၏ ချစ်သူ ဥတ္တမမြို့စားလေးထံသို့ ဒေါင်းစေတမန်လွှတ် ၍ ငှက်စာပါးရသည်။

ရှေးအခါက မွန်ဂို၊ တာတာတို့သည် သိမ်းငှက်များမွေး၍ ငှက် စာ ပို့လွှတ်ခဲ့ဖူးသည်။ ဂန္ဓာလရာဇ်စိန့်တိုင်းသားတို့သည် ခိုများ မွေး ၍ ခိုစာပို့လေ့ရှိသည်။ ထို့အတူ မောရအင်တိုင်းသားတို့သည်ကား ထိုဒေသတွင် ကျက်စားပေါများသည့် ဥဒေါင်းငှက်များကိုမွေး၍ ဒေါင်းစာပို့လေ့ရှိခဲ့သည်။

ဓားရေး၊ လှံရေးလေ့ကျင့်ပြီးစ အနားယူခိုက် မြို့စားလေး ဟံသာမင်းဝေသည် တောင်စမုခ်ဆောင်၏ ဝရန်တာပွတ်လုံးတိုင်ကို ကိုင်၍ မတ်ရပ်နားနေစဉ် မဏီဆေးကျွန်းဆီမှ စိမ်းဖန့်ဖန့်ငှက်သွင်



www.burmeseclassic.com

www.burmeseclassic.com



ပျံသန်းလာသည်ကို ဝေးဝေးကတည်းက လှမ်းမြင်သည်။

ဟံသာမင်းဝေသည် ဥဒေါင်းတို့ ပျံလာရာလမ်းကို ကြုံတိုင်း မျှော်နေသူပီပီ ပျံလာပျံလာတိုင်း ကြိုတင် မြင်တွေ့ခဲ့သူ ဖြစ်သည်။

ဥဒေါင်းငှက်သည် အတန်ကြီးသော်မင့် ရေကိုရှုပ်၍ ပျံလာပြီး ကမ်းစပ်ကိုင်းပင်ကြား ချုံနွယ်သစ်ပင်များလျှို၍ ထွက်လာတတ်၊ ဝင်လာတတ်၊ အဟုန်မြင့်၍ ဝဲပျံတတ်သောကြောင့် စိမ်းလန်းသည့် သစ်ရိပ်မြိုင်ကြားနှင့် စိမ်းဖန့်ဖန့်ရေပြင်ပေါ်တွင် အရောင်နှော၍ ကိုယ်ရောင်ဖျောက် ပျံသန်းနိုင်စွမ်းရှိသည်။

ဟံသာမင်းဝေမြို့စားလေး၏ တောင်စမုခ်ဆောင်မှ ပွတ်လုံးဝရန်တာလက်ရန်းတွင်နားလာသည့် ဥဒေါင်းမောရကို အသာအယာ ပွတ်သတ်ပြီး ခြေသည်းကြားမှ ရွက်လိပ်စာငယ်ကို ဟံသာမင်းဝေ ဖြုတ်ယူလိုက်သည်။ ဖျတ်လတ်သွက်လျင်သော လက်ချောင်းများဖြင့် စာခွေကို အလိပ်ဖြေဖတ်လိုက်သော ...

နွယ့်အစ်ကိုတော် မင်းဝေငဲ့ ...

အင်အားကြီးသော နန်းတောစစ်သည် ချီလာပြန်ပြီ အတ္တရံမြစ် ဟိုမှာဘက်ကမ်းဆိုက်ချေ၏။ ခမည်းတော်က စစ်ကူကာယ်ရန်မှာ ကြားဘိသည်မို့ မြန်မကြာချီလာလေ့၊ ကူကယ်လော့ အစ်ကိုတော်။

နှမတော် မောမြတ်နန်းနွယ်





မြို့စားလေး မျက်ကြောတင်းချေပြီ။

ပူထူသော စိတ်အဟုန်ဖြင့် ထောင်းခနဲ ဒေါမာန်တက်ရပြီ။

မကြာမီ ဥတ္တမဆိပ်ကမ်းတွင် ရှိရှိသမျှ စစ်သည်တို့ စုစည်းမိသည်။ သို့တမုံ့ကား တမ္ဗဝတီမြစ်ဝသည် လေထန်လာ၏။ စစ်သည်များအဖို့ ကျယ်ပြောသည့် ပင်လယ်အော်မြစ်ဝကို ဖြတ်ကူးရန် လှေဖောင်များအလုံအလောက်မရှိ။ အလျင်အမြန် သစ်ဖောင် ဝါးဖောင်များ တည်ဆောက်ကြရသည်။ အချိန်ကုန်ပါဘိခြင်း။

လှေကြီးလှေငယ်၊ သစ်ဖောင်ဝါးဖောင်များ အလုံအလောက် ရရှိသောအခါမှ တမ္ဗဝတီမြစ်ဝလေလှိုင်းထန်ထန်ကို ယီးတိုက်၍ ယီးလေလှေ ညီညာဟစ်အော်ကာ ကူးခပ်ကြရသည်။

နေဝင်ရီတရောမှ မဏိဆေးကျွန်းရောက် မြစ်ဆုံအကျော်မှ နေ၍ ဟိုမှာဘက်ကမ်းကိုကြည့်သော် မောရအင်တိုင်းမြို့ မီးဟုန်းဟုန်းတောက်နေသည်။ မီးခိုးလုံးများ မိုးတက်မှောင်ဝေနေသည်ကို တွေ့ကြရသည်။

မြို့စားလေးဟံသာမင်းဝေရင်ဝယ် ထိတ်ခနဲ တုန်လှုပ်လေ၏။

"သွားပြီ၊ မောရအင်တိုင်း ကျပြန်ပြီ၊ ချစ်နှမတော် နွယ်ရော ခမည်းတော်၊ မယ်တော်တို့ပါ ရန်သူစက်ကွင်းက လွတ်မှ လွတ်ပါ့မည်လား"

စိုးရိမ်ပူပန်သောစိတ်ဖြင့် တပ်မင်းများကို ဆက်လက်ချီရန် အားပေးရသည်။ မောရအင်တိုင်းကမ်းဘက်သို့ နီးလာသော် ဆိပ်



www.burmeseclassic.com

www.burmeseclassic.com



ကမ်းတစ်လျှောက် နန်းစောစစ်သည်တို့၏ တံခွန်အလံကုက္ကားများ လွှင့်ထူထားသည့် လှေကြီးလှေငယ်ပေါင်းများစွာကို တွေ့မြင်ကြရသည်။

ရန်သူများက စစ်ကြိုရန် အသင့်အနေအထားတွင် ရှိနေချေပြီ။ လှေများပေါ်တွင်လည်း လှေညွှတ်အောင် မည်းမည်းသဏ္ဌာန်များ ပြည့်ကျပ်နေသည်။ ကမ်းစပ်ကုန်းပေါ်တွင်လည်း ကမ်းညွှတ်အောင် မည်းမည်းရိပ်များ ပြည့်နှက်နေသည်။

ဤမျှအင်အားကြီးသည့် ရန်သူစစ်သည်များ၏ အသင့်အနေအထားနှင့် စစ်ပြင်နေသည်ကို မြို့စားလေးတို့စစ်သည်များ မည်သို့ကမ်းကပ်ရမည်နည်း။ မည်သည့်နည်းနှင့် ကမ်းတက်တိုက်ပွဲဆင်နွှဲနိုင်မည်နည်း။

တပ်မင်းတပ်မှူးများနှင့် တိုင်ပင်သောခါ ဤအတိုင်းရှေ့တိုး၍ စစ်ဆင်ပါက စစ်လန့်ရန်သာ ရှိပေမည်။ ဆုတ်ပြေးရပါက တက်လိုက်လာခြင်းကိုပင် ခံရနိုင်သေးသည်။

ထို့ကြောင့် ရှေ့မဆက်သေးဘဲ ရေလယ်ကသာ ဟန်ရေးပြနေကြရသည်။

မြို့စားလေး ဟံသာမင်းဝေသည် ဦးနှောက်ပြေးပါဘိကောင်း။ သူ၏ အကြံအစည်ကို တပ်မင်းများနှင့် တိုင်ပင်ပြီးနောက် အကောင်အထည်ဖော်ရန် အစီအမံလုပ်ကြသည်။

တမ္ပဝတီမြစ်ဝရေလယ်ကောင်တွင် အမှောင်၌တန်းစီ၍ လှေ





ကြီး လှေငယ်များ ကျောက်ချနေကြသည်။ အဝေးမှကြည့်လျှင် ရှည်လျားသောလှေများကို မည်းမည်းရိပ်ထင်လှမ်းမြင်စေသည်။ ထိုတိုက်လှေများသည် လျင်မြန်သောအဟုန်ဖြင့် မြစ်ပြင်ဖြတ်ကူး စစ်ချီကက်နိုင်စေသောငှာ အဆင်သင့်ဖြစ်စေ၏။

တစ်ဖက်တွင် ထက်ဝက်မျှသော အားကောင်းမောင်းသန်စစ်သည်တို့ကမူ ဥတ္တမဘက်ကမ်းသို့ အမြန်ပြန်သည်။ ဝါးဖောင်အများစုနှင့်ပြန်ပြီး ဝါးဖောင်များများ ထပ်မံတည်ဆောက်ကြသည်။

အရေးကြီး သွေးစည်း၊ အရေးကြုံသက်လုံကောင်း ဟူဘိသို့ ဥတ္တမမြို့သူမြို့သား အရွယ်ရောက်သူအားလုံး၏ အကူအညီဖြင့် ညတွင်းချင်း ဝါးဖောင်အစီးရာချီ၍ အသစ်အဟောင်း ပေါင်းသော် ရလေပြီ။

ဝါးဖောင်တစ်စီးပေါ်တွင် ကောက်ရိုးပုံတင်၊ ဆီလောင်းပြီး တစ်စီးတိုင်းနောက်ကွယ်မှ ဝါးဖောင်တစ်စီးတွင် စစ်ဦးဘီလူး မြားဦးစစ်သည်လက်ရွေးစင်များကို လိုက်ပါစေသည်။

အုန်းကျွန်းမှပတ်၍ တမ္ပဝတီမြစ်ညာဘက်သို့ ဖောင်စုံတွဲများများစေသည်။ ကျန်ဖောင်များ တမ္ပဝတီမြစ်ကြေအောက်ပိုင်းသို့ ရကွကျွန်းကမ်းစပ်သို့မျှောပြီးမှ မောရအင်တိုင်းအောက်အရပ်နားတွင် အစုံလိုက် စုစည်းစေသည်။ မောရအင်တိုင်းဘက်ကမ်းသို့ တိတ်တခိုးကပ်မိကြကုန်၏။

နံနက်ဝေလီဝေလင်း နေမထွက်မီကလေးမှာပင် မြစ်ညာမှ



www.burmeseclassic.com

www.burmeseclassic.com



ကောက်ရိုးဖောင်များကို မီးတင်ရှို့၍ မျှောချသည်။ ကောက်ရိုး မီးဟုန်းဟုန်းတောက်နေသည့် ဝါးဖောင်များ ရုတ်တရက် မျှောလာသည်ကို မြင်ရသော မောရအင်တိုင်းဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည့် နန်စောစစ်တပ်ကြီး၏ လှေကြီးလှေငယ်များထံသို့ မီးလောင်ဖောင်များ ထိုးဆိုက်ဝင်တိုက်ကြရာ လှေများသို့ မီးစွဲလောင်ကုန်၏။

နန်စောစစ်သည်တို့ လှေများပေါ်တွင် ရုတ်ရုတ်သဲသဲ ဖြစ်ချိန်ဝယ်၊ မီးလောင်ဖောင်နောက်မှကပ်ပါလာသော ဖောင်ပေါ်ရှိ စစ်ဦးဘီလူးများက မီးရောင်နှင့်ရန်သူ့လှေများပေါ်သို့ တက်ရောက်တိုက်ခိုက်ထိုးခုတ်ကြသည်။ မီးမြားများဖြင့် ရန်သူ့လှေများပေါ်သာမက ကမ်းစပ်ကုန်းပေါ်သို့ ပစ်ခတ်တိုက်ခိုက်သေး၏။

ရန်သူ နန်စောစစ်သည်တို့သည် ကမ်းပေါ်တက်ပြေးသူပြေး၊ ဆိုက်ထားသောလှေများကို ကြိုးဖြတ်၊ ကြိုးဖြုတ်ကျောက်တင်ကာ မြစ်ကြောမြစ်ဝဘက်သို့ မျှောချထွက်ပြေးသည်လည်း ပြေးသည်။ မြစ်ကြောသို့နှင်သည့် လှေကြီးလှေငယ်များလည်း မသက်သာပေ။

မြစ်ကြောအမှောင်ထုတွင် စုစည်းနေရာယူပြီးသော ဥတ္တမစစ်ဝါးဖောင်များမှ ကောက်ရိုးဖောင်များ ရုတ်တရက် မီးထတောက်ရာ မျှောလာသည့် နန်းစောလှေများ မီးဖောင်များနှင့် ပိတ်ကာမိလျက်သား ဖြစ်၍ မီးစွဲလောင်ခံရလေသည်။ မီးဖောင်နောက်မှ ဥတ္တမစစ်ဦးဘီလူးတို့က မီးမြားနှင့်လည်း ပစ်ခတ်တိုက်ခိုက်သည်။ လှေများပေါ်သို့လည်း တက်ပြီး ရန်သူစစ်သည်တို့ကို ထိုးခုတ်တိုက်ခိုက်





သည်။

ဤသို့ဖြင့် ရန်သူနန်စောစစ်သည်တို့ အငိုက်မိ အတိုက်ခံထိချိန်ဝယ် အရုဏ်ဦးနေခြည်ထွက်လာသည်နှင့် မြစ်လယ်မှ ဥတ္တမ စစ်လှေများ မောရအင်တိုင်းကမ်းသို့ ကပ်လာတိုက်ခိုက်ကြပြန်သည်။

နေထန်းတစ်ဖျားတက်ချိန်မှာပင် အကျအဆုံးများသည့် နန်စောစစ်တပ်ကြီး မောရအင်တိုင်းမြို့မှ ဆုတ်ခွာထွက်ပြေးကြရလေသည်။

မြို့စားလေးဟံသာမင်းဝေသည် နောက်လိုက်တပ်ငယ်တစ်တပ်နှင့်အတူ မောရအင်တိုင်းမင်းစံရာ နန်းတော်ဆီသို့ အဟုန်ပြင်းစွာ ရောက်ရှိလာလေသည်။

အလာကောင်းသော်မငြင့် အခါနှောင်းချေပြီတကား။

မောသီရိခေတ္တရမင်း၏ နန်းတော်ဝင်းပတ်လည်ရှိ သစ်ပင်ကြီးငယ်တို့သည် ရိုးတံပြိုင်းပြိုင်းနှင့် မီးကျွမ်းလောင်ကာ မီးခိုးတလူလူတက်နေသည်။ နန်းပြာသာဒ်ဆောင်များလည်း မီးကျွမ်း၍ ပြိုသည့်နေရာပြို၊ လဲသည့်နေရာလဲ ဖြစ်လျက် မီးခိုးအူနေသည့် မြင်ကွင်းသာ စိတ်မသက်သာဖွယ် မြင်နေရသည်။

မြို့စားလေး ဟံသာမင်းဝေ အမျက်ဒေါမောင်း ခြောင်းခြောင်းထွက်လေ၏။

တွေ့ရာ အသက်ရှင်ကျန်ရစ်သောနန်စောစစ်သားများကို မီးခါစစ်ဆေးသောအခါမှ မင်းမိဖုရားနှင့်တကွ မင်းသမီး ရွှေမော



www.burmeseclassic.com

www.burmeseclassic.com



သခင်မလေး မောမြတ်နန်းနွယ်ကိုပါ နန်းစောမင်းသားက လက်ရဖမ်းခေါ် စစ်ဆုတ်သွားကြောင်း သိလိုက်ရသည်။

မြို့စားလေးဟံသာမင်းဝေ တပ်မင်းများနှင့်အတူ မဆိုင်းမတွပင် ဆုတ်ခွာသွားသည့် ရန်သူ့တပ်ကြီးနောက်သို့ တပ်တော်ချီ၍လိုက်ကြလေသည်။

အရှေ့ဘက်နယ်အလွန် အတ္တရံမြစ်ကမ်းစပ်တွင်ကား နန်းစောလှေသဘောကြီးများ ဆိုက်ကပ်လျက်ရှိသေးသည်။ စစ်ဆုတ် ရန်သူများလည်း လှေများပေါ်တွင် အသင့်ရောက်၍ ဆုတ်ခွာရန် အဆင်သင့် ဖြစ်နေကြသည်။

ဥတ္တတပ်မကြီးချီလာသည်ကိုမြင်သော် ကမ်းကပ်ဆဲ အကြီးဆုံးလှေသဘောကြီး၏ကုန်းပတ်လက်ရန်းအနီးသို့ ထွက်၍ ရပ်နေသော နန်းစောမင်းသားက ရင်ကော့၍ရပ်ကြို့နေပုံမှာ မြင်းကိုယ်စီစီး၍ ရှေ့ဆုံးကချီလာသည့် မြို့စားလေးဟံသာမင်းဝေနှင့် ဝဲယာတပ်မင်းတို့ အံ့အားသင့်ကာ ကမ်းနဖူးတွင် တုံ့ရပ်ကြကုန်သည်။

"ဒီမယ် ဥတ္တမသားတို့ နားဆင်လော့၊ ငါတို့တပ်တော်သည် အောင်မြင်စွာ ဆုတ်ခွာတော့အံ့၊ သင်တို့ဆက်မလိုက်လင့်ကုန်လော့"

"ရက်စက်ယုတ်မာသော တိုင်းတစ်ပါးသား မင်းသား၊ မောရအင်တိုင်းနန်းတော်နှင့် မင်းနွယ်များကို မင့်ကွက်စွာ လုပ်ကြံသွားသည့် သင်မင်းသားကို ကျွန်ုပ်တို့သည် ကလဲ့စားချေရေး တို့သွေးတားမရပြီ၊ ရေဆုံးမြေဆုံး လိုက်လံချေမှုန်းအံ့"





"သို့တပြီးကား ရှလော့"

နန်းစောမင်းသားက လက်ခုပ်သုံးချက်တီးလိုက်သောအခါ လှေသဘောတဲကဲအတွင်းမှ မောရအင်တိုင်းမင်း မောသီရိခေတ္တရနှင့် သမီးတော် မောမြတ်နန်းနွယ်တို့ကို ဓားမိုး၍ခေါ် ထုတ်လာကြသည်။ ထိုနှစ်ပါးကို လှေဦးလက်ရန်းနားကပ်စေ၍ နန်းစောမင်းသားက အော်ပြောသည်။

"ရှလော့ မြို့စားငယ်၊ ဤမင်း ဤမင်းသမီးတို့ကို ငါတို့လက်ရမိထားပြီ၊ အေးဆေးစွာ စစ်ဆုတ်ခေါ်ဆောင်သွားပေအံ့၊ သင်တို့ဥတ္တမသားစစ်သည်များ ဆက်မလိုက်ဘဲ ဤနေရာမှ လှည့်ပြန်လော့၊ သို့မဟုတ်ပါက ဤမင်း ဤမင်းသမီးတို့ကို သုတ်သင်လတ္တံ့၊ သင်းတို့အသက်မသေစေလိုသော် ငါတို့ အောင်မြင်စွာ ဆုတ်ခွာသည်ကို လိုက်မလာရ၊ လိုက်ခဲ့သော် ဓားစာခံများ အသက်ဆုံးရှုံးအံ့"

မြို့စားလေး ဟံသာမင်းဝေ အကြံအိုက်စွာ ရပ်ကြည့်နေမိသည်။ မိမိ အသက်တမျှချစ်ရသော ချစ်နှမငယ် မောမြတ်နန်းနွယ်ကို လုံးဝ မသေစေလို၊ နွယ့်အသက်ကို ကယ်ရန်လိုက်လာသောမင်းဝေသည် နွယ် အသတ်ခံရမည်ကို ဘယ်နည်းနှင့်မျှမလိုလား။

သို့တပြီးကား ဟံသာမင်းဝေ ဘာလုပ်ရမည်နည်း။

လှေသဘောလက်ရန်းထိပ်မှ ရွှေမောသခင်မလေးနွယ်သည်လည်း အစ်ကိုတော် အချစ်ဆုံးမင်းဝေကို မျက်လုံးတောက်တောက်နှင့် အရည်လဲ့လက်စွာ စိုက်ကြည့်နေသည်။ ကြည့်ရင်း အသံစူးလွင်



www.burmeseclassic.com

www.burmeseclassic.com



လွှင်နှင့် အော်ပြောသည်။

"အစ်ကိုတော်မင်းဝေ တွေဝေမနေလင့်၊ ချစ်နှမတော်သည် ယခုအခါ သေမထူး၊ နေမထူးဘဝတွင် ရောက်နေသည်။ မသေဘဲ ရန်သူ့လက်ပါသွားလည်း မချစ်မနှစ်သက်သူနှင့် ပေါင်းရပြီး ချစ်နှစ်သက်သူနှင့် ကွေကွင်းရမည်မို့ သေသည်ကသည် ပိုကောင်း၏။ နှမတော်တို့ကို မငဲ့ကွက်ဘဲ တက်လော့၊ တိုက်လော့၊ မောရအင်တိုင်းကို ဖျက်ဆီးခဲ့သည့် ရန်သူကို ချေမှုန်းသုတ်သင်လော့"

"လုပ်မနေနဲ့ မြို့စားငယ်၊ သင်တို့၌ ရွေးစရာလမ်းတစ်လမ်းသာရှိသည်၊ ပြန်ဆုတ်လော့၊ အချိန်ကွမ်းတစ်ရာညက်သာပေးမည်၊ ကျော်လွန်လို့မှ သင်တို့ စစ်မဆုတ်သော် မင်းနှင့် သမီးတော်တို့ကို ကိစ္စတုံး စီရင်အံ့"

မောရအင်တိုင်းမင်းနှင့် သမီးတော် မောမြတ်နန်းနွယ်တို့ကို လက်မရွံ့သား လေးဦးက ဓားမိုးလုံချိန်ထားကြသည်။

မြို့စားလေး ဟံသာမင်းဝေ မျက်တောင်မခတ်ကြည့်၍ အကြံထုတ်နေဆဲ...

သူ့နှမနွယ်က ခမည်းတော်မင်းကြီးကို တစ်စုံတစ်ရာကပ်ပြောနေသည်ကို မြင်ရသည်။ ချက်ချင်းဆိုသလို ဘုရင်မောသီရိခေတ္တရသည် အသံအောင်စွာ အော်ပြောသည်။

"ဥတ္တမအကြည်တော်တပ်နှင့် လိုက်ပါလာသော ငါ၏လေးသည်တော်တပ်မှူး ဗညားမင်းထင် နာလော့၊ ခုမဆိုင်း တပ်မှူး၏





လေးသည် ငါးဆယ်ကို လေးတင်၍ ရန်သူမင်းသားထံ မြားမိုးရွာစေလော့"

မြို့စားလေးတို့နောက်မှ ကပ်ပါလာသော လမ်းပြမောရ အင်တိုင်းတပ်မှူးနှင့် လေးသည် ၅၀ တို့သည် မင်းမိန့်အတိုင်း တစ်မဟုတ်ချင်း လေးတင်လိုက်ကြသည်။

ထိုစဉ် မောရအင်တိုင်းမင်းမောသီရိခေတ္တရနှင့် သမီးတော် မောမြတ်နန်းနွယ်တို့သည် လေ့သဘော်ဦးလက်ရန်းကိုကျော်ကာ အတ္တရံမြစ်ရေဆီသို့ ထိုးကျသွားလေသည်။ သူတို့အကျ လေထဲအရောက် မောရအင်တိုင်း တပ်မှူးဗညားမင်းထင်၏ လေးသည်တော်များ ပစ်လွှတ်လိုက်သောမြားတို့သည် လေးကိုခွင်း၍ ရန်သူသင်္ဘောလှေဦးသို့ တရှိုးရှိုးပြေးလွှားသွားကုန်သည်။

"အား"

လှေသင်္ဘောဦးမှ နန်စောမင်းသား၏ ကိုယ်ပေါ်သို့ မြားတံ ၃-၄ စင်း စိုက်ဝင်သည်မို့ အသံနက်နှင့် အအော် ...

"တိုက် ..."

ဥတ္တမတပ်မင်းကလည်း ညာသံပေး၍ ရှေ့သို့ ချီလေ၏။

မြို့စားလေး ဟံသာမင်းဝေက 'တပ်မင်းတို့ ရန်သူတွေကို အပြုတ်တိုက်လော့" ဟု အော်ဟစ်ခဲ့ပြီး သူ့မြင်းက ကမ်းစပ်သို့ တစ်ဟုန်ထိုးပြေးသွားသည်။

မြင်းရော လူပါ အတ္တရံမြစ်ထဲသို့ ထိုးဆိုက်ကျဆင်းသွားချိန်



www.burmeseclassic.com

www.burmeseclassic.com



သည် ခပ်လှမ်းလှမ်းက လှေသင်္ဘောဦးဆီမှ ရေထဲကျသွားသည့် မင်းနှင့် သမီးတော်တို့ထက် အချိန်အတန်ငယ် နောက်ကျခဲ့သည်။

မြို့စားလေး ဟံသာမင်းဝေ ကမူးရှူးထိုးနှင့် မင်းသမီးကျသွားရာ လှေဦးဘက်သို့ လက်ပစ်ကူး၍ သွားနေသည်။ သွားနေပါသည်။ ရေစီးကသန်၍ မြစ်ကြောသို့ မျောပါလျက်ရှိရာ ဆန်၍ကူးရသည်။ ဖြတ်၍ကူးရသည်။ မောမြတ်နန်းနွယ် မြုပ်သွားရာသို့ ရောက်သော် ဦးစိုက်ရေငုပ်သွားလေ၏။ ပေါ်မလာ၊ အတန်ကြာပေါ်မလာ။ ပေါ်လာပြန်တော့ ဟံသာမင်းဝေ တစ်ကိုယ်တည်း။ ဟိုဒီဝဲယာကို လိုက်ကြည့်သော် လှိုင်းများ ပုတ်တိုက်နေသည်ကိုသာ မြင်ရသည်။ မင်းဝေ ပြန်ငုပ်ခဲ့ပြန်သည်။

သူသည် အဏ္ဏဝါမြစ်ရေ၌ ငုပ်လိုက်ပေါ်လိုက်ဖြစ်နေချိန် မြစ်ရေထဲသို့ တိုက်ရင်းခိုက်ရင်းကျလာသည့် စစ်သားများက မနည်းလှ။ ကြာသော် ရုပ်ထွေးကုန်တော့သည်။ သူလည်း မသေဘဲ ကျလာသည့် ရန်သူစစ်သားများကို ရွေးကာ ရေထဲတွင် သတ်ပုတ်ရပြန်သည်။

နောက်တော့ လှေသင်္ဘောပေါ်ရောက်အောင်ကျလာသည့် ကြိုးမှဆွဲ၍တက်ပြီး သူတို့တပ်မှူးများနှင့်အတူ လှေသင်္ဘောကို တိုက်ခိုက်စီးနင်းနိုင်ခဲ့သည်။

တိုက်ပွဲသည် သိပ်မပြင်းထန်ခဲ့ပါ။ ရန်သူမင်းသားကျဆုံးခဲ့သဖြင့် ထိုသင်္ဘောတွင် ကွပ်ကဲသူမဲ့ကာ ကစဉ့်ကလျား ထွက်ပြေး





ကုန်သည်က များ၏။ ထိုလှေသင်္ဘောကြီးကို အောင်နိုင်ပြီးနောက် ကျန်လှေများကို ဆက်လက်သိမ်းပိုက်ရင်း တစ်နေ့ကုန်သော် တိုက်ပွဲကြီးပြီးဆုံးလေ၏။

လွတ်မြောက်သွားသည့် ရန်သူလှေအချို့လည်း အဏ္ဏဝါမြစ်၊ ကျိုင်းမြစ်မှ တစ်ဖက်နိုင်ငံသို့ ပြန်ပြေးကြကုန်သည်။

တိုက်ပွဲအောင်နိုင်ပြီး၍ မောရအင်တိုင်းမြို့သို့ ပြန်ခဲ့ကြသော မြို့စားလေးတို့အဖွဲ့သည် စခန်းချနားနေကြသော်လည်း မြို့စားလေး ဟံသာမင်းဝေခမျာ စိတ်က ဆောက်တည်ရာမရနိုင်ဘဲ လူပါနားမနေနိုင်ပေ။ အိပ်မပျော်၍ နံနက်စောစောထကာ လမှတန်းများရှိရာကမ်းစပ်တွင် ငူငူကြီးရပ်ကာ မြစ်ပြင်ကို ငေးမောနေမိသည်။

လှိုင်းကြက်ခွပ်များကြားမှ နှမချစ်မောသခင်မလေး၏ မျက်နှာဖွေးလှလှသည် ရိပ်ရိပ်ပေါ်နေ၏။ ကြည့်ရင်း ရှုရင်း သူ့ မြင်ကွင်းဝယ် မောသခင်မလေး နန်းဝတ်တန်ဆာဖြင့် ကြရှု လှုပ်ရှားနေပုံ မြင်ယောင်လာသည်။

မြို့စားလေး ဟံသာမင်းဝေသည် သူ့ဖခင်မြို့စားကြီးနှင့် လိုက်ပါပြီး ဥတ္တမတစ်ဖက်ကမ်း တမ္ဗဝတီမြစ်၏ ဟိုမှာဘက်ဆီက မောရအင်တိုင်းဘုရင် မောသီရိခေတ္တရ၏ ဖိတ်ကြားချက်အရ သံခင်းတမန်ခင်း ညှိသည်အဖြစ် အခစားဝင်ကြရသည်။

မြို့စားလေးတို့ခမာသုံးရပ်မှ ညှိသည်တော်များကို မောရအင်တိုင်းမင်းက စားတော်ပွဲနှင့် ညှိခံကျွေးမွေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ကြီးရှေ့တော်မှောက်က တစ်ထွာနှင့် တစ်မိုက်မြင့်သည့် စားပွဲရှည်တွင် ထိုင်ကြရသော ဥတ္တမ၊ မရိမ်နှင့် မလ္လာဝတီမှ ခမောညီ့သည်တော်များရှေ့မှောက်သို့ မြေအစ်၊ စဉ့်အစ်၊ ကြေးအစ်ပွဲတော်အုပ် အိုးခွက်ကြီးငယ်ချထားသည်။ အလယ်မှ ပွဲတော်အုပ်ကြီးကို စားတော်ကဲကြီးဦးဆောင်သော မောင်းမများက အဖုံးကြီးဖွင့်လှစ်လိုက်သောအခါ ချိုးငှက်များ ထပျံကြလေသည်။ ထိုအုပ်ကြီးမှ အံတစ်ဆင့်ကို ထပ်ဖွင့်သော် ချိုးသားကင်ရနံ့သင်းသင်း အဆီတဝင်းဝင်းတို့ကို မြင်ကြရသည်။

မင်းကြီးမောသီရိဓမ္မရာဇာက လက်ခုပ်တီးသော် အားလုံး ဝိုင်းတီး၍ ကောင်းချီးပေးကြကုန်သည်။

"ကြွရောက်လာပါသော ဂုဏ်သရေရှိ ချစ်ခင်လေးစားအပ်သော အကြည်တော်များရှင်၊ ချိုးသားဟင်းရံကို ပွဲဦးထွက် သုံးဆောင် တော်မူကြပါရှင်" ဟူသော အေးချိုချိုအသံကြောင့် မြို့စားကလေး ဟံသာမင်းဝေ သောတအာရုံ ချိုအီဆိမ့်ခဲ့ရသည်။ အသံရှင်ကို ရှုသော် အလွန်လှပချောမောသည့် မျက်မည်းအရွယ် (အသက် ၁၅ နှစ်ရှိ မိန်းကလေး) မင်းသမီးကလေးကို သူ ပထမဆုံး စတင်မြင်တွေ့ခဲ့လေသည်။

ထိုခေတ်က မိန်းမများဖြစ်သည့် ကညာပျိုများကို ကလျာဏီအရွယ် (အသက် ၁၀ နှစ်ရှိမိန်းကလေး) မှစ၍ လူရာသွင်းခဲ့ကြလေသည်။





ရှေးအခါက ကညာပျိုများကို ဂေါရီ (အသက် ရှစ်နှစ်ရှိ မိန်းကလေး) အရွယ်မှစ၍ ကလေးသူငယ်ဟုမသတ်မှတ်တော့။ ကလျာဏီ (၁၀ နှစ်အရွယ်) ကုမ္မာရီ (၁၂ နှစ်အရွယ်) သည် စတင် လူရာဝင်သည့် အရွယ်ရောက်ပြီး ရေပန်းစားစ မိန်းမပျိုများအဖြစ် အသိအမှတ်ပြုကြသည်။

သွေးစုန်းအရွယ် (၁၃ နှစ်)၊ မျက်မည်းအရွယ် (၁၅ နှစ်) ကား လူလားမြောက်သည့် မိန်းမပျိုအဖြစ် အသိအမှတ်ပြုကြသည်။ မျက်ဝန်းအရွယ် (၂၀ နှစ်) တွင် အများအားဖြင့် အိမ်ထောင်ကျပြီး၍ သားသည်မိခင်ဖြစ်ကြပြီ။ မြောင်းတူးအရွယ် (၃၀ နှစ်) ကား ရင့်ရော်သည့် မိန်းမကြီးများအဖြစ် ရောက်လေတော့သည်။

ဟံသာမင်းဝေ မောသခင်မလေး မောမြတ်နန်းနွယ်ကို စတင်တွေ့ရှိရိုန်သည့် ထိုခေတ်အဖို့ မျက်မည်းအရွယ် လှသွေးကြွစအချိန်ဖြစ်သလို မြို့စားလေးကိုယ်၌က ဝဏ္ဏ ခေါ် အဆင်းအင်္ဂါ လှပသော ယောက်ျားပျိုအရွယ် ဖြစ်သည်။

သူတို့ချင်း ရှုငေးအကြည့်ဆုံကြသော် ဘဝ ဘဝက ရေစက်ကြောင့်လားမသိ၊ မြင်မြင်ချင်းပင် ချစ်ခင်ကြလေသည်။

ဒုတိယပွဲတော်အုပ်ကို ဖွင့်သော် ယုန်ဖြူလေးတစ်ကောင် ခုန်ထွက်ပြေးသွားရာ လိုက်ဖမ်း လိုက်ဖမ်းဟု ညာသံပေးသည့်အတွက် မင်းရည်မင်းသားများ၊ နယ်စားပယ်စားများ၊ စစ်ကဲများ ဖြစ်သည့် လူပျိုယောက်ျားများက လိုက်ဖမ်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကံအားလျော်စွာပင် မြို့စားလေး ဟံသာမင်းဝေက ယုန်ဖြူကလေးကို ဖမ်းမိရာ ရွှေမင်းသမီးလေး မောသခင်မလေးထံ သွားရောက်ဆက်သရသည်။

ရွှေယုန်လေး ပဏ္ဏာဆက်စဉ် အမှုမဲ့အမှတ်မထင် လက်ချင်းထိမိသောအခါ ဓာတ်လိုက်သလို ထုံကျဉ်ထူပူသော ခံစားချက်များကို တူတူညီမျှ ခံခဲ့ကြရသည်ဟူလို။

ထုံးတမ်းဇဉ်လာအရ ရွှေယုန်အရှင်ဆက်သသောသူကို ရွှေမင်းသမီးကလေးကိုယ်တိုင် ထိုအစ်ကြီးထဲက ယုန်သားကင်ကို လက်ရောက် နွံ့ကျွေးရလေသည်။

ယင်းသို့ နွံ့ကျွေးသောအခါ လက်ခုပ်သြဘာညံစီလေသည်။

ဤသို့လျှင် အထုံရေစက်ရှိသော မောသခင်မလေးနှင့် ဟံသာမင်းဝေမြို့စားလေးတို့၏ အမှတ်မထင်ကြုံဆုံပွဲသည် အမှတ်ထင်ထင် ဖြစ်ခဲ့ရလေသည်။

မောရအင်တိုင်းက ဘုရင့်သမီးတော်လေး မောမြတ်နန်းနွယ်၏ အချောအလှ ဂုဏ်သတင်းကြီးမှုကြောင့် ခမောသုံးရပ်မှ မင်းရည်မင်းသားများက သဘောတော်ကျကြသည်။

နန်းစောမှ တိုင်းတစ်ပါး မင်းသားများကပင် လာရောက် လှယက်သည်အထိ ဖြစ်ခဲ့သည်။

သို့သော်လည်း မောမြတ်နန်းနွယ် မောရအင်တိုင်းမင်းသမီးလေးက တောင်းရမ်းလာသည့် မင်းမျိုးမင်းနွယ်များ အပါအဝင်





အားလုံးကို ငြင်းထုတ်ခဲ့သည်။ သူ့ရင်ထဲ နှလုံးသားထဲတွင် ဥတ္တမမြို့စားလေးဟံသာမင်းဝေက နေရာအပြည့်ယူခဲ့ပြီးမှကိုး။ မြို့စားလေးဘက်ကလည်း ထိုနည်းနှင်နှင် ဖြစ်ခဲ့သည်။ ဘုရင့်သမီးတော်နှင့်သူ့လိုမြို့စားလေး ဂုဏ်ဒြပ်ချင်းကွာခြားသော်လည်း သူက ဂုဏ်တံတိုင်းအားလုံးကို ကျော်လွှားနိုင်ခဲ့သည်။ ကာယကံရှင် မင်းသမီးကိုယ်၌က သူ့ကိုသာ ဖူးစာရှင်အဖြစ် ရွေးခဲ့သည်မဟုတ်လော။

မင်းကြီးလည်း သူ့သမီးတော်က သာမန်အရပ်သားမြို့စားလေးကို မေတ္တာမျှခြင်းနှင့်ပတ်သက်၍ ရွှေဘောတော်မကျသော်လည်း သမီးတော်လေး၏ပြတ်သားမှုကြောင့် ပြောင်ပြောင်ကြီးခွဲပစ်ရန်ခက်နေသည်။ တစ်ဖက်တွင်လည်း ဥတ္တမမြို့သည် ထိုခေတ်က မောရအင်တိုင်းကဲ့သို့ တောတိုင်းပြည်ငယ်နှင့်စာလျှင် များစွာသာလွန်အဆင့်မြင့်သော စီးပွားရေး လူမှုရေး ဖွံ့ဖြိုးရာမြို့ဖြစ်နေသည်။ ထိုမြို့စားလေး ဟံသာမင်းဝေသည်လည်း မဟာဆီမဟာသွေး မပါသော်လည်း ထူးချွန်သော လူစွမ်းကောင်းတစ်ဦး ဖြစ်နေသည်။ အားကိုးရလောက်သော အိမ်နီးချင်းအင်အားရှိသူ ဖြစ်နေသည်။

မြို့စားလေး ဟံသာမင်းဝေကလည်း မိမိဘဝ မိမိအဆင့်ကိုသိရှာသည်။ မင်းသမီးကလေးကို အသည်းစွဲအူပေါက် ချစ်လွန်းလှသော မောမြတ်နန်းနွယ်ရှိရာနန်းတော်သို့ ခဏ ခဏ အကြောင်းရှာအရဲစွန့်သွားခဲ့သော်လည်း ခမည်းတော်ဘုရင် မငြိုငြင်စေအောင် အထူး



www.burmeseclassic.com

www.burmeseclassic.com



ဆင်ဆင်ခြင်ခြင် နေခဲ့သည်။

တစ်နေ့သော်ကား မောမင်းသမီးကလေး ဥယျာဉ်တော်၌ ရေကစားထွက်စဉ် မြို့စားလေးရောက်ခွင့်ကြုံခဲ့သည်။ မောသခင်မလေး၏အလှတွင် ယစ်မူးလွန်သော မြို့စားလေးက ချစ်ဆိပ်တက်ကာ ပလူးပလဲလုပ်မိသည်ကို ရွှေမင်းသမီးကလေးက ရွှေဘောတော် အကျကြီး ကျလေ၏။

အလိုက်သိပြီး မောသခင်မလေးကို ချစ်မြတ်နိုးကြသည့် အပျိုတော် အပျိုမတော်များက ချစ်သူနှစ်ဦး ချစ်ရည်လူး၍ အကြည်ဆိုက်နိုင်ကြစေရန် ရှောင်ပေးကြသေးသည်။ ဤတွင် ချစ်သူနှစ်ဦး ဖက်လှဲတကင်း ဆက်ဆံမိကြသည်ကို အမြဲတမ်းအရိပ်အကဲစောင့်ကြည့်ရန် စေလွှတ်ထားသူ မင်းလုလင်တို့၏ သတင်းပို့ချက်အရ ခမည်းတော်ဘုရင်ကြီးကိုယ်တိုင် တစ်နေရာမှ မြင်တွေ့ပြီး မလွန်ခင် တားမြစ်ရသည်အထိ အကျည်းတန်ဖြစ်ရပ်ကြုံခဲ့သည်။

ထို့နောက်ပိုင်း မင်းကြီးက သမီးတော်ကို စောင့်ကြပ်တားမြစ်မှုများ ပြုလာသည်။ သုဝဏ္ဏဘုံမိက အိမ်ရှေ့စံမင်းသားက မောရအင်တိုင်းမင်းသမီးလေး မောမြတ်နန်းနွယ်ကို တော်ကောက်ရန် တောင်းလာသောအခါ မင်းကြီးက ဝမ်းသာဂုဏ်ယူစွာ လက်ခံလိုက်လေ၏။

ထိုအခါ မောမြတ်နန်းနွယ် ဘယ်လိုမှ မနေနိုင်တော့။ အဆက်ပြတ်နေသည့် ချစ်သူမြို့စားလေးကို အချိန်မီလာခေါ် ရန် အကြောင်း





ကြားမည်ဟု ဆုံးဖြတ်လိုက်သည်။ ဤသို့ ဆုံးဖြတ်ခြင်းမှာလည်း နောက်ဆုံးအကြိမ်တွေ့ကြစဉ်က ပြတ်ပြတ်ထင်ထင် ညှိနှိုင်းခဲ့သည်ကို မှတ်မိနေ၍ ဖြစ်သည်။

ထိုစဉ်က သူတို့ပြောခဲ့သည့် ခွန်းလွှာစကားများကို ယခုတိုင် ခမေ့နိုင်သေးပါ။

"အစ်ကိုတော် မင်းဝေ နှမတော်ကို တကယ်ချစ်ရဲ့လားဟင်"

"မေးရက်လေ နှမတော်နွယ်ရယ်၊ မယုံရင် ဟောဒီရင်ကို ခွဲနှလုံးကို ထုတ်ပြရမလား။ ထွက်လာတဲ့နှလုံးက မသေမချင်း ခုန်တိုင်းခုန်တိုင်း မောသခင်မလေးကို ချစ်တယ်၊ မောသခင်မလေးကို ချစ်တယ်လို့ အော်သွားမှာ သိလား"

"အို ယုတ္တိမရှိ နောက်မနေနဲ့၊ အတည်မေးတာနော် အစ်ကိုတော်ရဲ့"

"ဒါဆို အတည်ပြောလိုက်မယ်၊ အစ်ကိုတော့်ဘက်ကတော့ နှမတော်နွယ်နဲ့ မပေါင်းရရင် သေမှာပဲ"

"ဒီလောက်တော့ နှမတော်ဘက်ကလဲ ဒီအတိုင်း တစ်စက်ကလေးမှ မလျော့ဘူး၊ အစ်ကိုတော် မင်းဝေက လွဲပြီး ဒီဘဝမှာ တခြား ဘယ်သူ့ကိုမှ မယူဘူး"

"အစ်ကိုတော့်အချစ်က သာသွားပြီ မှတ်ထား၊ အစ်ကိုတော် သစ္စာဆိုမယ်၊ နှမတော်နွယ့်ကို ဒီဘဝသာမက၊ ဘဝဆက်တိုင်း ပေါင်းရလိုပါ၏လို့ သံသရာလည်သရွေ့ ချစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နမတော်ဘက်ကလဲ တစ်စက်ကလေးမှ မလျော့ဘူး။ အစ်ကိုတော်မင်းဝေနဲ့ ဘဝဆက်တိုင်း ပေါင်းရလိုပါ၏လို့ နိဗ္ဗာန်ရောက်တဲ့အထိ ချစ်သွားမယ်"

"ဒါဆို နမတော်လေးရဲ့ ဖခမည်းတော် သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ အစ်ကိုတော် လာခေါ်ရင် လိုက်မလား"

"လိုက်မယ် ဘယ်တော့ လာခေါ်မလဲ၊ အခုခေါ်သွားမလား။ အစ်ကိုတော်"

"အခုပဲ ခေါ်သွားချင်တယ်၊ ဒါပေမယ့် နမတော်ကို စောင့်ကြပ်တဲ့ ယက္ခကုမ္ဘဏ်တွေက သိပ်များနေတယ်၊ အစ်ကိုတော် ကြံလိုက်ဦးမယ်လေ"

"ကြိုးစားပါ အစ်ကိုတော်၊ နမတော်လဲ အခွင့်အရေးသာတာနဲ့ ဒေါင်းတမန်လွှတ်ပြီး အကြောင်းကြားလိုက်မယ်၊ အဲဒီအခါကျ အချိန်းအချက်အတိုင်း ရအောင်လာခေါ်နော်"

"စိတ်ချ လာနိုင်အောင်ကိုလာမယ်၊ ဖြစ်အောင်ကိုခေါ်မယ် နမတော် နွှ၎ါ်လေး"

ဒီလို ဒီလို ကတိတွေ ထားခဲ့ဖူးသည် မဟုတ်လော။

ယခု သုဝဏ္ဏဘုံမိက မင်းသားနှင့် ထိမ်းမြားတော့မည်ဆိုတော့ မောမြတ်နန်းနွယ် ခိုင်မာစွာ ဆုံးဖြတ်လေ၏။ မနက်ဖြန်ဆို သုဝဏ္ဏမင်း မိသားစု ရောက်လာကြတော့မည်။ ထို့ကြောင့် ကျိုက်ကမော့တောင်ပေါ် ဘုရားတွင် အရဏ်ဆွမ်းကပ်သွားစဉ် လာရောက်ခိုးယူ





ရန် မြို့စားလေးဟံသာမင်းဝေထံသို့ ဒေါင်းစေတမန်လွှတ်၍ စာခွေပါးလိုက်သည်။

အစ်ကိုတော်ထံ ဤညနေ စေတမန်ရောက်မည်။ ညတွင်းချင်း တမ္ဗဝတီမြစ်ဝကို လောင်းလှေတော်နှင့် ကူးလာပါက ညမှောင်ရိပ်ခိုပြီး သန်းခေါင်ကျော်တွင် ကျိုက်ကမော့တောင်ပေါ် ရောက်နိုင်မည်မလွဲ။ ကျိုက်ဂျုံးကျလိုဏ်ဂူတွင် အောင်းပြီး အရုဏ်နေရောင်အထွက်လာခေါ် ပြောလျှင် ဥတ္တမဘက်ကမ်းသို့ နေထုန်းတစ်ဖျားတက်ချိန်တွင် ရောက်နိုင်၏။

ထိုအချိန်မှ တမ္ဗဝတီမြစ်အထက်ဘက်မှ ကူးလာမည့် သုဝဏ္ဏဘုံမိမင်းမိသားစု နောက်ကျပေရော့မည်။ မောမြတ်နန်းနွယ်ကို သူတို့မြင်ရတော့မည်မဟုတ်တော့။ မောသခင်မလေးကို ချစ်၍ သစ္စာရှိသော လူယုံတော်များကလည်း ပြောမည်မဟုတ်တော့။

သို့သော် ကြမ္မာဆိုးငင်ချင်ရတော့ ထိုညနေမှာပင် လေပြင်းကျရောက်၍ ဒေါင်းစေတမန် အချိန်မီ မြို့စားလေး ဟံသာမင်းဝေ၏ ဟော်နန်းဆောင်သို့ မရောက်နိုင်ခဲ့။

သတ္တိရှိသော သစ္စာကြီးမားသော ပေးအပ်သည့်တာဝန်ကို ဦးလည်မသုန် ရဲရင့်စွာ ကျေပွန်အောင်ဆောင်ရွက်သော ဒေါင်းတမန်သည် လေထဲမိုးထဲကြားက မြို့စားလေးဟံသာမင်းဝေ၏ တောင်စမုန်ဆောင်ကို သန်းခေါင်ကျော် သုံးချက်တီးမှ ရောက်ဖြစ်အောင်ရောက်လာသည်။ မိုးသံလေသံကြားမှ အိုးဝေ၊ အိုးဝေ တွန်သံအကြိမ်



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်ပေးသော်လည်း ညဥ့်နက်မှ အိပ်ပျော်သည့် မြို့စားလေး ဟံသာမင်းဝေ တော်တော်နှင့်မနိုးခဲ့။ မိုးသံကလည်း လွှမ်းနေမှကိုး။ သို့တစေ အအိပ်ဆတ်လွန်းသူပေမို့ မိုးသံလေသံကြားက ဥဒေါင်းငယ် တွန်သံကို ကြားပြီး ဖျတ်ခနဲနိုးလာသော ဟံသာမင်းဝေ တောင်စမုန် ဆောင်၏ ဝရန်တာကို ပြေးထွက်ခဲ့သည်။

ရေစိုစိုရွဲရွဲရှာသည့် ရဲရင့်တမန်ဥဒေါင်းငယ်ကို နွေးထွေးအောင် ပြုစု၍ အစာရေစာခွံ့ကျွေးရသည်။ ပါလာသော ပါးလိုက်သည့် စာခွေကို ဖတ်ပြီးသော် ဟံသာမင်းဝေ တမ္ဗဝတီမြစ်ဝကြီးကိုကူးရန် တက်သုတ်ရိုက်အားစိုက်ရလေသည်။

အရုဏ်ဦးတွင် နေရောင်မထွက်ပါ။ ညှို့မှိုင်းသော တိမ်တောင် များက မိုးလုံးပတ်လည်မှောင်နေသည်။ ဘာကိုမှ မထီသောစိတ်ဖြင့် ဟံသာမင်းဝေသည် မောသခင်မလေး ချိန်းသည့်အချိန်၊ ချိန်းသည့် နေရာသို့ အရောက်သွားရန် စွမ်းစွမ်းတမန် ကြိုးစားခဲ့ပါ၏။

သို့သော် မိုးလေထန်ခိုက်၊ လှိုင်းကြီးခိုက်၊ ပင်လယ်မြစ်ဝကို လောင်းလှေယာဉ်နှင့် ကူးရသည်ကား ခရီးဘယ်မှာ ပေါက်နိုင်ပါ အံ့နည်း။

တစ်ဖက်တွင် မောမြတ်နန်းနွယ်ကတော့ မိုးကြီးလေထန် သော်လည်း ရထားလုံးနှင့်ရအောင်ချီသည်။ အောင်အတိတ်ယူတိုင်း သွားရသည့်ထုံးတမ်းစဉ်လာရှိခဲ့ဖူးသည်မို့ ယခုနံနက် အရုဏ်တက် တွင် ကျိုက်ကမော့တောင်ပေါ် ရှိ ဘုရားသို့ အရုဏ်ဆွမ်းဦး သွားကပ်





မည့် သမီးတော် မင်းသမီးကို ခမည်းတော်မင်းကြီး မတားပါ။ အား ပင်ပေးလေသေး။

ဤ်ယနေ့သည် အကြည်တော် သုဝဏ္ဏဘုံမိမှ တန်ခိုးထွား သော အရှင်မင်းမြတ်နှင့် အိမ်ရှေ့စံမင်းသားတို့ တမ္ဗဝတီမြစ်ညာမှ လာရောက်ပြီး သားရေးသမီးရေး မင်္ဂလာကိစ္စ စကားဆိုကြမည် မဟုတ်လော။

မင်းသမီးမောမြတ်နန်းနွယ်ကတော့ ချိန်းသည့်နေရာသို့ ချိန်း သည့်အချိန်မတိုင်မီ ရောက်ရှိခဲ့ပါသည်။

မြို့စားလေး ဟံသာမင်းဝေတော့ အချိန်မီရောက်မလာသေး ပြီ။

အစ်ကိုတော်မင်းဝေကို နှမတော်နွယ် အကြွင်းမဲ့ယုံပါသည်။ သို့သော် အခြေအနေက ထင်သည့်အတိုင်း ဆိုးနေဆဲ။ လေသည် ထန်နေဆဲ၊ မိုးက သည်းနေဆဲ။

ညကတည်းက မောမြတ်နန်းနွယ် တစ်ရေးမှ မေးမပျော်နိုင်ခဲ့။ ဒီမိုး ဒီလေနှင့် ဒီရေပြင်ကျယ်ကို ဒေါင်းစေတမန် ဖြတ်ကျော်နိုင်ပါ့ မလား။ စိုးရိမ်စရာပဲ၊ ပူပင်စရာပဲ။

အချိန်နှင့် ဒီရေသည် လူကိုမစောင့်။

တစ်စုံတစ်ရာကို အချိန်နှင့်ကိုက်၍လုပ်ရသောအခါမျိုးကျ ဆွဲထား၍မရသော အချိန်ဆိုသည့်အရာကို အလွန် မုန်းချင်စရာ ကောင်းလေစွ။



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ မိုးမှုန်တိုင်းက လာရှုပ်သေး။

ထို့ထက် အရေးဆိုလျှင် ဟောဒီ တမ္ပဝတီ မြစ်ဝကျယ်ကြီး ခံခံနေသည်၊ ခြားခြားနေသည်ကို လှော်ရခတ်ရ ကျော်ရဖြတ်ရသည်က တစ်မှေ့ု။

ဖြစ်နိုင်လျှင် ဟိုမှာဘက်ကမ်းမှ သည်မှာဘက်ကမ်းသို့ ပေါင်းကူးတံတားရှည်ကြီးတစ်စင်း ထိုးထားလိုက်ချင်သောစိတ် မြို့စားလေး ဟံသာမင်းဝေကို လွှမ်းမိုးလျက်ရှိတော့သည်။

ထိုအချိန်မှစ၍ မြို့စားလေးဟံသာမင်းဝေ၏ စိတ်ထဲတွင် ပြင်ကျယ်သော မြစ်ဝတွင် ဤမှာဘက်ကမ်းမှ ဟိုမှာဘက်ကမ်းသို့ တံတားရှည်ကြီးတစ်စင်း တည်ဆောက်ချင်စိတ် လွန်စွာမှ ပြင်းပြခဲ့သည်။

ဤမြစ်ဝပြင်ကျယ်ကြီး ခြားနေမှုကြောင့် သူ့ချစ်သူမောမြတ်နန်းနွယ်မှာကြားသည့်နေရာသို့ မှာကြားသည့်အချိန်မပြောနှင့် မှာကြားသည့်နေ့မွန်းတည့်သည့်တိုင် မရောက်နိုင်ခဲ့။ ကျိုက်ကမော့တောင်ဘုရားသို့ မြို့စားလေး ရောက်သွားသောအချိန်မှာ ထိုနေ့မွန်းတိမ်းချိန် ဖြစ်သည်။

မွန်းတည့်ချိန်နီးသည်အထိ ကျိုက်ကမော့ဘုရားမှ ဖွတ်ပေ၍စောင့်ရှာသည့် မောမင်းသမီးလေးကို သုံးကြိမ်တိုင် မင်းလုလင်၊ မင်းစစ်မှူးနှင့် မှူးမတ်များလွှတ်၍ ခေါ်သော်လည်း ပြန်လိုက်မလာသည့် မောမြတ်နန်းနွယ်ကို ဖခမည်းတော်မင်းကြီးကိုယ်တိုင်လာ





ခေါ်မှ နန်းတော်သို့ ပြန်ပါသွားလေ၏။

မြို့စားလေး ဟံသာမင်းဝေ မွန်းလွဲချိန်၌ ချိန်းဆိုရာ ကျိုက်ကမော့ဘုရားသို့ ရောက်သွားသောအခါ မင်းသမီးက လျှို့ဝှက်ချန်ထားခဲ့သည့် လူယုံအပျိုတော်က အကြောင်းစုံ ရှင်းပြသည်။

"မောသခင်မလေးက ဖွဲ့နပဲကြီးစွာနဲ့ အစ်ကိုတော်ကို ဘုရားက စောင့်ရုံမက ကျိုက်ဂျုံးကျလိုဏ်ဂူအထိ တက်ကြည့်လိုက်၊ ပြန်ဆင်းလိုက်နဲ့ အခေါက်ပေါင်း မရေတွက်နိုင်တော့ပါ။ ခမည်းတော်က ပထမ မင်းလုလင်တွေ၊ နောက် မင်းစစ်မှူးနဲ့ နောက်ဆုံး မှူးမတ်ကြီးတို့ စေလွှတ်ပြီး ခေါ်တာတောင် မလိုက်တဲ့အတွက် မွန်းတည့်မှ ဘုရင်မင်းမြတ်ကိုယ်တိုင် လာခေါ်သွားကြောင်းပါ"

"ဒါဆို မောသခင်မလေး သုဝဏ္ဏမင်းသားနဲ့ တွေ့နေပြီပေါ့"

"အဲဒါကိုတော့ ကျွန်တော်မျိုးမ မသိသေးပါ၊ ရွှေမင်းသမီးက သူမှာ ချစ်ဦးသူရှိကြောင်း၊ တောင်းလာတဲ့မင်းသားကို ပြောင်ဖွင့်ပြောပြီး ငြင်းဆိုမယ်လို့ ပြောပေးဖို့တော့ မှာသွားကြောင်းပါ"

"ဒါဆို အစ်ကိုတော်လဲ တစ်ခါတည်းလိုက်သွားပြီး မင်းသမီးရဲ့ချစ်သူဟာ ကျွန်ုပ်ပါပဲလို့ သုဝဏ္ဏဘုံမိမင်းသားကို တွေ့ဆုံဖွင့်ဟာမယ်"

"အို... မင်းသမီးကမှာသွားပါတယ်၊ အစ်ကိုတော် နောက်ကျတာ မြစ်ဝမှာလေမိုးထန်လို့ ဖြစ်ကြောင်း သိပါတယ်တဲ့၊ ဘယ်နည်းနဲ့ဆို ရောက်လာမှာပါတဲ့၊ ရောက်လာရင်သာ သူ့ကို စိတ်မပူဖို့ ပြောခဲ့တဲ့၊ ရောက်လာကြောင်း သတင်းပို့ရင် လုံလောက်ပါပြီတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဟောဒီက ကျွန်ုပ်ရဲ့ ပတ္တမြားလက်စွပ်တော်ကိုယူပြီး ကျွန်ုပ်ရောက်လာခဲ့ကြောင်း သက်သေအဖြစ် မင်းသမီးကို ဆက်သပေးပါ။ နောက်ပြီး ဒီကျိုက်ဂျုံးကျွဲမှ ဆက်လက်စောင့်မျှော်နေကြောင်း ပြောပေးပါ"

"အို... ရွှေမင်းသမီးက မြို့စားလေး အဲလို ဖွတ်လုပ်မှာကို စိုးရိမ်ပါတယ်တဲ့၊ သုဝဏ္ဏဘုံမိမင်းသားဟာ မာန်ကြီးပြီး ဓားထက်ပါတယ်တဲ့၊ သုဝဏ္ဏဘုံမိတိုင်းပြည်ဟာလဲ အစ်ကိုတော်တို့ ဥတ္တမမြို့ထက် အင်အားပိုကြီးပါတယ်၊ ဒါကြောင့် သုဝဏ္ဏဘုံမိမင်းသားနဲ့ ထိပ်တိုက်ဖြစ်မယ့်ကိစ္စမှန်သမျှ အသာရှောင်ပါတဲ့၊ မြို့စားလေးရောက်လာရင်ပဲ သစ္စာခိုင်ကြည်တဲ့ သက်သေရပြီမို့ မင်းသမီးက ကျေနပ်မှာပါတဲ့၊ သုဝဏ္ဏမင်းသားကို မောင်မင်းသမီးကိုယ်တိုင် ဥပါယ်တံမျဉ်သုံးပြီး စိတ်ပြောင်းအောင် ဖြားယောင်းပါ့မယ်၊ သူ သစ္စာရှိကြောင်း ယုံရင် ဥတ္တမဘက်ပြန်ပြီး နောက်ထပ်အချိန်းအချက်ကို စောင့်ပါတဲ့၊ အစစအရာရာ ပိပိရိရိမလုပ်ရင် အတားအဆီး အတိုက်အခိုက်ကြောင့် အကြံအစည်ပျက်မှာစိုးလှပါတယ်တဲ့"

"အင်း... နှမတော် မောသခင်မလေးသစ္စာကိုတော့ အကြွင်းမဲ့ယုံပါတယ်၊ ဒါပေမယ့် ဟိုအင်အားကြီးတဲ့ မာန်မင်းသားကို ယုံရခက်တယ်"

"အို... မြို့စားလေး၊ မောသခင်မလေးကိုယုံရင် လုံလောက်ပါပြီ၊ သူ့ကိုယုံရင် သူမှာတဲ့အတိုင်းသာ လုပ်ဆောင်ပါလော့"





ဤစကား ထိမိလွန်းပါသည်။ မြို့စားလေး ဟံသာမင်းဝေ ဤအချက်များကို အလေးအနက်စဥ်းစားရလေပြီ။

နောက်ဆုံး ချစ်ရသူ မောသခင်မလေး၏ အကြံအတိုင်း သုဝဏ္ဏဘုံမိမင်းသားနှင့် ထိပ်တိုက်ရင်မဆိုင်တော့ဘဲ လာလမ်းအတိုင်း လှို၍ ပြန်ခဲ့ရလေသည်။

ဤသို့ပြန်ခဲ့ပြီးနောက် အထောက်တော်သူလျှိုတစ်ယောက် လျှို့ဝှက်စေလွှတ်ပြီး မောမင်းသမီးနှင့် ညှို့မင်းသားတို့၏အခြေအနေကို ထောက်လှမ်းစုံစမ်းစေခဲ့သည်။

ကံကြမ္မာက မြို့စားလေး ဟံသာမင်းဝေဘက်မှ လှလှကြီးပေးကူခဲ့သေးသည်။

ဖြစ်ပုံက ထိုနေ့နံနက်တွင် အရောက်လာမည်ဆိုသော သုဝဏ္ဏမင်းကြီးတို့အဖွဲ့သည် အချိန်မီရောက်မလာ၍ မင်းသမီး ကျိုက်ကမော့ဘုရားမှ အပြန်နောက်ကျနေသည်က ပြဿနာမဖြစ်လှ။ သို့သော် တစ်ဖက်က ညှို့မင်းသားတို့ရောက်ချိန်၌ မင်းသမီး အဆင်သင့်ရှိနေရန် လိုအပ်သည်နှင့်အညီ မင်းကြီးက အကြိမ်ကြိမ် အခေါ်လွှတ်ခဲ့သည်။ တစ်ဖက်တွင်လည်း တမ္ဗဝတီမြစ်ညာမှ ခရုံအငူသို့ အကြိုတော်လွှတ်ထားသည့်အဖွဲ့နှင့် ခြေမြန်တော်လွှတ်၍ ညှို့မင်းကြီး ရောက်လာချိန်ကို စုံစမ်းစေ၏။

ထူးသည်မှာ ညှို့သည်တော် သုဝဏ္ဏမင်းကြီးတို့အဖွဲ့သည် နှုန်းတည့်ချိန်တိုင် အကြိုတော်ထောက်သည့် ခရုံငူသို့ ချိုက်ရောက်



www.burmeseclassic.com

www.burmeseclassic.com



မလာသေး။ မွန်းလွဲမှ သုဝဏ္ဏမင်းကြီးဘက်က ခြေမြန်တော်ရောက်လာပြီး မောရအင်တိုင်းမင်းကြီးထံ စာချွန်တော်ပါးသည်။

စာချွန်တော်အရ သုဝဏ္ဏဘုံမိမင်းကြီးတို့၏ တပ်တော်သည် တမ္ပဝတီမြစ်ကို ဂနိုင်ကလေးစခန်းမှလာခဲ့ပြီး တရုတ်မော်အနီးမှ အရှေ့ဘက်ကမ်းသို့ ဖြတ်ကူးအပြီးမှာပင် နန်စောမင်းသား၏ တပ်တော်က ဖွဲကြီးတောင်ကွယ်မှ တစ်ဟုန်ထိုး ချုံခိုတိုက်ခိုက်ခြင်းကို ခံခဲ့ကြရသည်။ တစ်နံနက်လုံး တိုက်ခိုက်ကြပြီး သုဝဏ္ဏဘုံမိ အိမ်ရှေ့စံ မနုဗ္ဗဟာမင်းသား ရန်သူလက်တွင်ကျဆုံးပြီးစစ်ဆုတ်ကြရသည်။ တမ္ပဝတီမြစ်အနောက်ဘက်သို့ စစ်ဆုတ်ကာ ပြည်တော်ပြန်ခဲ့ကြရသည့် ဖြစ်ပျက်ပုံအလုံးစုံကို စာချွန်ပါးလာခြင်း ဖြစ်သည်။

မောရအင်တိုင်းမင်းကြီးသည် အကြည်တော်သုဝဏ္ဏဘုံမိ မင်းကြီးထံ ဝမ်းနည်းလှကြောင်း သဝဏ်လွှာအဖြစ် စာချွန်တော် ပြန်ကြားခဲ့ရသည်။

မောမင်းသမီးလေး မောမြတ်နန်းနွယ်အနေမှုကား ခမည်းတော်နှင့် အကြည်တော်မင်းတို့အတွက် စိတ်မကောင်းသော်လည်း ချစ်ရလွန်းသူ မြို့စားလေး ဟံသာမင်းဝေနှင့် ဖူးစာဆုံရန် ကံကြမ္မာ ဖန်လာသည်ဟု ဝမ်းသာရသေးတော့သည်။ သို့သော်လည်း သူတို့နှစ်ဦး၏ ကံကြမ္မာမှာ ဤဘဝတွင်ပေါင်းရန် ဖန်လာပုံမပေါ်ခဲ့။ အရေးကြုံတိုင်း ဤမြစ်ကူးချောင်းခြား တမ္ပဝတီမြစ်ဝကြီး၏ ကျယ်ပြောလှသည့် မြစ်ပြင်ကြီးက ခြားနေသည့်အတွက် အခက်နှင့် ရင်ဆိုင်ခဲ့ရ





သည်။ ဤမြစ်ဝရေပြင်ကို ကူးနေရသည့်အချိန်ကြာလင့်မှုကြောင့် စိုးရိမ်စိတ်ကြီးစွာ ဖြစ်ခဲ့ရသည်။ ရင်တမမနှင့် ပူပင်သောက ကြီးမားခဲ့ရသည်။

ထို့ကြောင့် ပထမအကြိမ် မြစ်ဝပြင်ကျယ်ကူးရသည့် ဖင့်နွေးကြန့်ကြာမှုကြုံရစဉ်ကပင် ဤမြစ်ဝကြီးကိုဖြတ်၍ တံတားကြီး တည်ဆောက်ချင်စိတ် ကြီးစွာ ပြင်းစွာ ဖြစ်ခဲ့ရလေသည်။

ယခုသော်ကား ဤမြစ်ဝကျယ်ကိုကျော်ဖြတ်နေရသည့်အချိန် ကြန့်ကြာမှုကြောင့် မြို့စားလေးဟံသာမင်းဝေသည် အသက်တမျှ ချစ်မဝသော မောရအင်တိုင်း၏ ကေရီမင်းသမီးကလေး မောမြတ်နန်းနွယ်ကို အချိန်မီ အသက်လု ကယ်တင်နိုင်ခြင်း မရှိခဲ့တော့ပေ။

လမှုတန်းစပ်တွင် ငေးငိုင်စွာရပ်၍ တမ္ပဝတီမြစ်ရေပြင်မှ လှိုင်းလုံးလှိုင်းလိပ်များကို တူရူငေးမောရှုကြည့်ရာမှ ပေါ်၍ ပေါ်ကာ အရိပ်ထင်လာသည့် ရွှေမောသခင်မလေး၏ ရုပ်လွှာတွင် နစ်မွန်းနေမိသည်။

ထိုစဉ်ကြိုက်မှာပင် မြစ်ပြင်ရေလှိုင်း၏ပုတ်ခတ်မှုကြောင့် လူတစ်ယောက် ကမ်းဘက်သို့ တရွေ့ရွေ့ တိုးကပ်လာနေသည်။

သေချာကြည့်သော် လှိုင်းနှင့်အတူ ကမ်းကပ်လာသည်မှာ အမျိုးသမီးတစ်ယောက် ...။

ဟုတ်၏။ ရေတွင်မျောပေါ်လာသည့် လူသား၏ရုပ်အလောင်းဘို့မည်သည် အမျိုးသားဆိုက မှောက်လျက်သား။ အမျိုးသမီးဆိုမူ



www.burmeseclassic.com

www.burmeseclassic.com



ပက်လက် ဟူ၏။ ယခု ပက်လက်မျောလာသည့် ရုပ်ကလာပ်သည် အမျိုးသမီး အဝတ်အစားများကို ဝတ်စားထားသည်မှာ ရေတွင် မကျွတ်မလွတ်မြဲတွယ်ဆဲ ဖြစ်သည်။ ကြည့်လေ့၊ အဝတ်အစား များသည် သာမန်အမျိုးသမီးများဝတ်လေ့ရှိသော ဝတ်စုံမဟုတ်၊ မင်းသမီးတစ်ပါးဝတ်သည့် အဝတ်တန်ဆာများပေပဲ။

မြို့စားလေးဟံသာမင်းဝေ စန္ဒာကိုယ်မတ်သွားသည်။ ငေးငိုင် မနေတော့။ သူ့အသိအာရုံဝယ် တစ်စုံတစ်ရာက နိမိတ်ပြလှုပ်နှိုး လိုက်သည့်အတွက် ရှည်ရှည်ဝေးဝေးတွေးရန်မလိုတော့။ သူသည် ရေထဲသို့ ဒိုက်ထိုး၍ ဆင်းသွားသည်။ မျောကပ်လာရာ ရုပ်ကလာပ် ဆီသို့ ကူးခတ်သွားရာ ချက်ချင်းလှမ်းမီလေသည်။

အနားရောက်သည်နှင့် မျောလာသူရုပ်ကလာပ်သည် မြို့စား လေးဟံသာမင်းဝေ၏ချစ်လွန်းကြွယ်သူ မောမြတ်နန်းနွယ် ဖြစ် ကြောင်း သိခဲ့၏။ မြို့စားလေးသည် ရေထဲမှ ရုပ်ကလာပ်ကို ဆယ်ယူ နိုင်ခဲ့သည်။ ခတန်ငယ်ပွပြီး အနံ့ပြောင်းစပြုနေသည့် သူ့ချစ်သူကို ဟံသာမင်းဝေ ဖက်၍ ဖက်၍ ငိုမိသည်။ သူ မည်မျှ သတိလက်လွတ် ဖြစ်ပြီး ဘာတွေလုပ်မိသည် မမှတ်မိပါ။

တပ်မှူးများရော၊ မောရအင်တိုင်းမှ မသေမပျောက်ကျန်ရစ် သည့် မင်းရည်မင်းသားမှူးမတ်အပေါင်းတို့ကပါ ရောက်ရှိဖျောင်းဖျ သောအခါမှ မြို့စားလေးဟံသာမင်းဝေသည် ကမ်းနဖူး၌ထိုင်ကာ ရင်ခွင်ပိုက်ထားသော မောမြတ်နန်းနွယ်၏ ရုပ်ကလာပ်ကို ဝိုင်းယူ





သူ့တို့ လက်ထဲ အပ်ရလေတော့သည်။

မြို့စားလေးသည် သူ၏ ချစ်လှစွာသော မောသခင်မလေးကို ရည်စူး၍ ဤလမုတန်းကမ်းနဖူးတွင် ကျိုက်မစဲသဲပုံစေတီတစ်ဆူ တည်ထား၍ အလွမ်းဖြေခဲ့သည်။ သူတို့နှစ်ဦးကို ဘဝခြားစေခဲ့သော တမ္ဘဝတီမြစ်ဝကို အခဲမကြေစွာ ဘုကြည့်ကြည့်လေတိုင်း ဤမြစ်ဝ ကို ကြီးကျယ်သည့်တံတားကြီးထိုးရန် စိတ်ဖြစ်ပေါ်သလို ဤ တံတားကြီးကို အိပ်မက်ထဲတွင် မကြာခဏမြင်သော အိပ်မက် တံတားကြီး ဖြစ်ခဲ့လေတော့သည်။

✦ ✧ ✦



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

### ယန်စီမြစ်ဝနှင့် ချစ်သူများ

ဤကား မောင်မင်းဝေ မကြာမကြာ မြင်မက်သော အိပ်မက်ရှည်ကြီးပေတည်း။

"အဲဒါပဲ ဘိုးဘိုးရှင်ရသေ့ဘုရား၊ တပည့်တော် သားကလေးဟာ တကယ့်ဇာတ်လမ်းကြီးကို ပြက်ပြက်ထင်ထင် မက်မြင်နေတော့တာပါပဲ၊ ဒီအိပ်မက်နဲ့ပတ်သက်ပြီး သူ့စိတ်အထင်က မုဆွမ်ကွေ့ထဲစီးဝင်တဲ့ သံလွင်မြစ်ဝမှာရှိတဲ့ ဒီဘက်ကမ်းက မုဆွမ်နဲ့ဟိုဘက်ကမ်းက မော်လမြိုင်မြို့တို့အကြားမှာဖြစ်ခဲ့တဲ့ အတိတ်ကဖြစ်ရပ်ဇာတ်လမ်းလို့ ထင်နေပါတော့တယ်၊ အဲဒါ ဖြစ်နိုင်၊ မဖြစ်နိုင် ဘိုးဘိုး ရှင်ရသေ့က အိပ်မက်ဖတ်နိမိတ်ဖော်ပေးပါဘုရား"





"အိန်း...၊ အိပ်မက်ဆိုတာ အမျိုးမျိုးရှိတာပေါ့ကွယ်၊ နိမိတ်ပြအိပ်မက်ဆိုတာ ဟုတ်,မဟုတ်ဆိုတာရယ်၊ ဘယ်နိမိတ်ကို တကယ်ပြသလဲဆိုတာရယ်၊ ဒါမျိုးတွေက သာမန်အားဖြင့်တော့ အိပ်မက်တိတ္ထုံကျမ်းတွေဘာတွေနဲ့အညီ ဖတ်တတ်သူတွေက ဖတ်ပေးကြတာပါပဲ၊ သာမန်မဟုတ်ဘဲ အခုလို ထူးခြားတဲ့ဇာတ်လမ်းရှည်ကြီးကိုဆင်ပြီး တစ်ပုံစံတည်းမပြောင်းလဲဘဲ ခဏ ခဏ မြင်မက်တာမျိုးကျတော့ ရိုးရိုးအိပ်မက်ဖတ်နည်းနဲ့ ဖတ်ရုံနဲ့ လုံလောက်တယ်လို့ မဆိုနိုင်ဘူး"

"အဲဒါကြောင့် ဘိုးဘိုးရှင်ရသေ့ဆီကို ရောက်အောင် လာခဲ့ကြရတာပါဘုရား၊ တိကျမှန်ကန်တဲ့ နိမိတ်တစ်ခုတော့ ဖတ်ကြားပေးပါဘုရား"

ထိုအခါ ဘိုးဘိုးရှင်ရသေ့သည် အသာအယာခေါင်းညိတ်ပြီးနောက် မျက်လွှာချကာ ငြိမ်သက်စွာဖြင့် တင်ပျဉ်ခွေထိုင်လျက် ရှိပါသည်။

ဤကိစ္စမျိုးတွင် နှောင်းဘဝမှဖြစ်ရပ်များကို နိမိတ်ပြခြင်းသဘောမျိုးရှိတတ်ကြောင်း ဘိုးဘိုးရှင်ရသေ့က သိရှိပြီးဖြစ်သည်။ ထို့ကြောင့် ဈာန်ဝင်စားကာ ကသိုဏ်းရှုနေခြင်း ဖြစ်သည်။

ရင့်ကျက်သော စရဏအားကြောင့် မကြာမီအချိန်အတွင်း ဝဋ္ဋဘာဂနိမိတ်များ ထင်ထင်ရှားရှား မြင်တွေ့လာရလေတော့သည်။ ဘိုးဘိုးရှင်ရသေ့သည် သူမြင်တွေ့သော အတိတ်ကာလမှ မောင်မင်းဝေ



www.burmeseclassic.com

www.burmeseclassic.com



၏ ဘဝဖြစ်စဉ်များကို သိရှိပြီးနောက်စတင်မိန့်ကြားလေတော့သည်။

"အဲဒီတော့ ကပ္ပိယကိုဘကောင်းရေ ဒီသားအဖကို သူတို့ဖြစ်အင်ကလေး မှတ်တမ်းတင်ကျန်ရစ်ခဲ့အောင် နောက်ထပ် ကက်ဆက်ခွေတစ်ခွေနဲ့ အသံသွင်းပေးထားပါ။ တိုတိုလေးပြောရရင် မောင်မင်းဝေရဲ့ ဟိုးလွန်လေပြီးသောဘဝအတိတ်မှာ မြစ်ကြီးတစ်ခု မြစ်ဖျားခံတဲ့ ဝေသီမြင့်မားလွန်းလှတဲ့နေရာမှ စခဲ့ပါတယ်၊ အဲဒါ တခြားဟုတ်ရိုးလား၊ တရုတ်ပြည် အနောက်ဘက်တောင်ယွန်းယွန်းက တိဗက်ကုန်း မြေမြင့်ကြီးမှာပေါ့"

"ဒါ...ဒါဆို သံလွင်မြစ်ကြီးပဲပေါ့၊ အဲဒီမြစ်က တိဗက်ကုန်းမြေမြင့်ကနေပြီး မြစ်ဖျားခံလာတာပဲ၊ မဟုတ်ဘူးလား ဘိုးဘိုး"

မောင်မင်းဝေက စိတ်လှုပ်ရှားစွာနဲ့ ကောက်မေးလိုက်လေသည်။

ဘိုးဘိုးရှင်ရသေ့က တစ်ချက်မှုပြုံးပြီး ပြန်ဖြေသည်။

"သိပ်နီးစပ်ပါတယ် လူကလေး၊ ဟုတ်သလိုလိုရှိပေမယ့် အဲဒီ သံလွင်မြစ်ကြီးတော့ မဟုတ်ဘူး၊ အတော်ကလေး ပိုပြီးရှည်တဲ့ တခြားမြစ်ကြီးတစ်စင်းရဲ့ မြစ်ဖျားခံရာဒေသ ဖြစ်နေတယ်၊ မြစ်ဖျားခံတဲ့နေရာဟာ သံလွင်မြစ်ဖျားနဲ့ တော်တော်လေးနီးကပ်ပေမယ့် ပိုပြီး မြောက်ဘက်အထက်ပိုင်းမှာ ဖြစ်နေပါတယ်"

**ထိုအခါ မောင်မင်းဝေရဲ့ ဖခင်ဦးမင်းဆွေနဲ့ ကပ္ပိယကြီး ဦးဘကောင်းက ပို၍ စိတ်ဝင်စားလာကြလေသည်။**





"အဲဒီမြစ်ကြီးနဲ့ တပည့်တော်ရဲ့သား မောင်မင်းဝေတို့ ဒီဘဝမှာရော ဘယ်လိုဆက်စပ်မှု ရှိလာနိုင်ပါသလဲ ဘိုးဘိုး"

ဦးမင်းဆွေကလည်း ထက်သန်စွာ မေးပြန်ပါသည်။

"ပြောပါ့မယ်၊ ဒီမြစ်နဲ့ မောင်မင်းဝေတို့ဟာ ဟိုးရှေးအခါလဲ အဆက်အစပ်များစွာ ရှိခဲ့တယ်၊ ခုဘဝမှာလဲ ကြံဖန်ပြီး ဆက်စပ်လာဦးမယ်၊ ဘာလို့လဲဆိုတော့ မောင်မင်းဝေတို့ဆိုတာ အဲဒီမြစ်ဖျားဒေသကနေ လာကြတဲ့သူတွေ ဖြစ်နေမှကိုး"

မောင်မင်းဝေက ထပ်မံမေးခွန်းထုတ်ပြန်သည်။

"ဘိုးဘိုးရယ် သံလွင်မြစ်ဖျားရဲ့ အပေါ်ဘက်မြောက်ပိုင်းမှာ မြစ်ဖျားခံတဲ့မြစ်ကြီးဆိုတော့ မဲခေါင်မြစ်ကြီးကိုပြောတာပဲ မဟုတ်ပါလား ဘုရား"

"အဲဒီ မဲခေါင်မြစ်က သံလွင်မြစ်ထက်တော့ ပိုရှည်တယ်၊ ဒါပေမယ့် မြစ်ဖျားခံတဲ့နေရာက သံလွင်မြစ်ဖျားနဲ့နှိုင်းယှဉ်ရင် အရှေ့ဘက်နည်းနည်းရောက်တယ်၊ အခုပြောတဲ့မြစ်ကြီးက သံလွင်မြစ်ဖျားရဲ့ အနောက်ဘက်နဲ့ မြောက်ဘက်နားက စပြီး မြစ်ဖျားခံတာကွယ့်"

"ဟာ ဒါဆို တပည့်တော် သိပြီ ဘိုးဘိုး၊ တပည့်တော်က သံလွင်မြစ်ကို စိတ်ဝင်စားရာက မြစ်ကြီးတွေအကြောင်း အများကြီး လေ့လာကျက်မှတ်ထားပါတယ်၊ အခု ဘိုးဘိုးပြောတဲ့မြစ်ကြီးဟာ ကမ္ဘာပေါ်မှာ တတိယအရှည်ဆုံးဖြစ်တဲ့ ယန်စီမြစ်ကြီး ဖြစ်ပါတယ် နော်"



www.burmeseclassic.com

www.burmeseclassic.com



"အေး၊ အေး အဲဒီမြစ်ကြီးပါပဲ၊ လူကလေးက မြစ်တွေအကြောင်း တော်တော်သိမှပဲ"

"မှန်လှပါ၊ သံလွင်မြစ်ဟာ မြန်မာပြည်မှာ အရှည်ဆုံး၊ မိုင်ပေါင်း ၁၅၀၀ ရှိပါတယ်"

"ကျုပ်က ဧရာဝတီမြစ်ကြီးက မြန်မာပြည်မှာ အရှည်ဆုံးလို့ ထင်နေတာ"

ဟု ကပ္ပိယက ဖြတ်ပြောသည်။

မောင်မင်းဝေက ဆက်ပြောရလေ၏။

"ဧရာဝတီမြစ်က မိုင်ပေါင်း ၁၃၃၇ သာရှိလို့ သံလွင်မြစ်ထက် မရှည်ပါဘူးခင်ဗျ၊ မဲခေါင်မြစ်ကတော့ သံလွင်မြစ်ထက် တော်တော်လေးပိုရှည်လို့ တပည့်တော်က ဘိုးဘိုးပြောတာကိုလိုက်ပြီး မဲခေါင်မြစ်လို့ ပထမ တွေးမိတာပါ၊ မိုင် ၂၇၀၀ ရှည်တာကိုး၊ အခု ပြန်စဉ်းစားမှ ယန်စီမြစ်ကြီးဟာ မိုင်ပေါင်း ၃၉၆၄ တောင်ရှိတဲ့ အာရှတိုက်မှာ အရှည်ဆုံးမြစ်ဆိုတာ သတိရပါတယ်"

"အာရှတိုက်မှာ အရှည်ဆုံးနဲ့ ကမ္ဘာမှာမှ တတိယပဲရှည်တယ်ဆိုတော့ သူ့ထက်ရှည်တဲ့မြစ်ကြီးတွေက ဘယ်မှာရှိပါလိမ့်"

ကပ္ပိယကြီးက တော်တော်ကို မြစ်ကြီးများနှင့် ပတ်သက်၍ စိတ်ဝင်စားနေ၏။

"ဒီလိုပါ၊ ကမ္ဘာ့အရှည်ဆုံးက နိုင်းမြစ်ဖြစ်ပါတယ်။ အာဖရိကတိုက်မှာပါ၊ တောင်ဘက်ကနေ မြောက်ဘက်ကိုစီးဆင်းတဲ့ အထူး





ခြားဆုံးမြစ်ကြီးဖြစ်ပြီး မိုင်ပေါင်း ၄၁၆၀ ရှည်ပါတယ်၊ ဒုတိယဖြစ်တဲ့ တောင်အမေရိကတိုက်ရဲ့ အမေဇုန်မြစ်ကြီးက မိုင်ပေါင်း ၄၀၀၀ ရှည်ပါတယ်"

"ကောင်းပြီ လူကလေး၊ အခု လူကလေးတို့နဲ့ ပတ်သက်မှုရှိတဲ့ မြစ်ကြီးယန်စီရဲ့ မြစ်ဖျားခံတဲ့နေရာကို လေ့လာဖူးလားကွယ့်"

"အဲဒီလောက်အထိတော့ မလေ့လာဖူးဘူးဘုရား၊ တိဘက်ကုန်းမြေမြင့်ပေါ်မှာ မြစ်ဖျားခံတယ်ဆိုတာရယ်၊ အဲဒီမြစ်ဖျားဒေသက တောင်တွေ၊ မြစ်ဖျားမြစ်တွေရဲ့ နာမည်တွေဟာ ထူးထူးဆန်းဆန်းနဲ့ မြန်မာလို အသံထွက်ရတာ ဂမ္ဘီရဆန်သလိုလိုရှိတာကိုတော့ သတိထားမိဖူးခဲ့ပါတယ်"

"မဆိုးဘူး၊ ဒီလောက်သိရင်လဲ မဆိုးဘူး၊ ဒီနာမည်တွေဟာ မောင်ရင်လေးတို့ရဲ့ ရှေးဘဝတွေက နေရင်းဒေသတွေမို့ ဝိုးတဝါး သိနေတာလဲဖြစ်မယ်၊ အခု ဘိုးဘိုး နိမိတ်မြင်တာကို ပြောမယ်"

"မှန်ပါ၊ ပြောပါ ဘိုးဘိုးရှင်ရသေ့"

"ဒီလိုကွယ့်၊ တရုတ်ဂန္ဓဝင်မှာ၊ အေး- တချို့ကလဲ ဗုဒ္ဓဝင်လို့ဆိုနိုင်တယ် ပြောပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဗုဒ္ဓရဲ့တရားတော်ပိဋကတ်သုံးပုံကို ဘုရားပွင့်ရာ ဗုဒ္ဓဂယာကနေ ဂန္ဓာလရာဇ်တိုင်းကို တရုတ်သူတော်စင်ရဟန်းတစ်ပါးက ပင့်ဆောင်လာတဲ့ လမ်းတစ်လျှောက်မှာ အနှောင့်အယှက်အတားအဆီးတွေကို စွမ်းစွမ်းတမံ တာကွယ်ပေးခဲ့တဲ့ မျောက်မင်းအကြောင်း ကြားဖူးကြမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ကြားဖူးပါတယ် ဘုရား၊ မျောက်မင်းဝူခုန်းလို့ခေါ်ပါတယ်၊ တရုတ်စာပေမှာ အဲဒီအကြောင်း ဂန္ထဝင်ဝတ္ထုဇာတ်လမ်းမျိုးစုံ၊ ရုပ်ပြဇာတ်လမ်းမျိုးစုံနဲ့ ရုပ်ရှင်ဇာတ်လမ်းမျိုးစုံ ထွက်ရှိခဲ့ပါတယ်"

"ဟုတ်တယ် ဒကာကြီး ဦးမင်းဆွေ၊ အဲဒီလို သူတော်စင်က ပိဋကတ်တော်ကို ပင့်ဆောင်တဲ့အခါ လမ်းခရီးမှာ မကောင်းဆိုးဝါးတွေ၊ နတ်ဆိုးတွေ၊ မိစ္ဆာမျိုးစုံတွေက နည်းမျိုးစုံနဲ့ နှောင့်ယှက်ဖျက်ဆီးဖို့ ကြိုးစားခဲ့တယ်၊ သွားရတဲ့ ခရီးကလဲ တောတောင်ချောက်ကြားတွေနဲ့ သဲကန္တာရတွေ၊ မြစ်တွေကို ဖြတ်ကျော်ရတယ်လေ၊ ဒီတော့ လမ်းမှားအောင် မကောင်းဆိုးဝါးတွေ မျက်စိလှည့်လို့ ဦးတည်ရာလမ်းကြောင်းပျောက်တာလဲရှိရဲ့၊ ဒုက္ခဖြစ်စေမယ့် တောင်မြင့်ကြီးတွေပေါ် ရောက်၊ တောင်ပေါ်က ဆင်းမရတာလဲရှိရဲ့၊ တောင်စွယ်နံရံက ကပ်ပြီးသွားရတာလဲရှိရဲ့၊ တောင်ကြားလမ်းကို ရှာတွေ့တာလဲရှိရဲ့၊ လိုဏ်ဂူတွေ၊ မြစ်ပြင်ကျယ်တွေကိုလဲ ဖြတ်ရတာ ရှိရဲ့၊ တစ်ဖက်က မကောင်းဆိုးဝါးတွေက အမှောင့်ပယောဂနဲ့နှောင့်ယှက်ဖျက်ဆီးသလို တစ်ဖက်က နတ်ကောင်းနတ်မြတ်တွေ၊ သူတော်စင်တွေ၊ တန်ခိုးရှင်တွေက ကူညီကယ်တင်ပေးတာလဲ ရှိခဲ့တယ်၊ မိစ္ဆာနဲ့ သူတော်ကောင်းတွေရဲ့ တန်ခိုးယှဉ်ပြိုင်ရတာလဲရှိရဲ့"

"တပည့်တော်တို့ ရုပ်ရှင်တွေထဲမှာ မြင်ဖူးပါတယ်ဘုရား"

"ဟုတ်ပြီ၊ ဗုဒ္ဓသာသနာအတွက် ခရီးလမ်းတစ်လျှောက်မှာ ရှိတဲ့ ကျေးလက်တောရွာတွေက ရိုးသားကောင်းမွန်တဲ့ ရွာသူ





ရွာသားတွေလဲ ပိဋကတ်သုံးပုံပင့်ဆောင်လာတဲ့ သူတော်စင်ရဟန်းတော်ကို ဝိုင်းဝန်းကူညီကြရတယ် မဟုတ်လား၊ ဒီမှာပဲ၊ မကောင်းဆိုးဝါးတွေက ရွာသူရွာသားတွေကို ဒုက္ခပေးတာမျိုး၊ သေတဲ့အထိ သတ်ဖြတ်တာမျိုးတွေ ရှိခဲ့တယ်နော်"

"မှန်လှပါ"

"အဲဒီထဲမှာ ရွာသူရွာသားတွေကို သူတော်စင်တွေ နတ်ကောင်းနတ်မြတ်တွေက ကူညီမ,စတာတွေလဲ ရှိတာပေါ့၊ ဘုရားသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် ပိဋကတ်သုံးပုံ ပင့်ဆောင်ရာ ခရီးတစ်လျှောက်မှ လှူကြတန်းကြ၊ ဆွမ်းရိက္ခာကပ်ကြတာတွေလဲ အများကြီး၊ တန်ခိုးရှင် မျောက်မင်းဝူခုန်းက လှူသမျှလက်ဝတ်ရတနာ ကျောက်သံပတ္တမြားတွေကို မပျောက်မပျက်အောင်နဲ့ နောင်သာသနာရေးအတွက် လိုတဲ့အခါ အသုံးပြုရအောင် သိုဝှက်သိမ်းဆည်းခဲ့တဲ နေရာတွေလဲ ရှိခဲ့ပါတယ်၊ ရတနာတွေကို မကောင်းဆိုးဝါးအားကိုးနဲ့ လောဘရမ္မက်ကြီးသူ လူဆိုးတွေက မော်စတက်၊ မိစ္ဆာအတတ်တွေနဲ့ လုယူတိုက်ခိုက်ဖို့ ကြိုးစားတဲ့အခါ မျောက်မင်းဝူခုန်းက သူ့ရဲ့တန်ခိုးနဲ့ ထိုက်သင့်ရာ လူသားတွေရဲ့ အကူအညီနဲ့ ပူးပေါင်းပြီး ကာကွယ်ကြရတယ်"

"ဟုတ်တယ်၊ ဘဝ ဘဝက ကုသိုလ်, အကုသိုလ်ကြောင့် ဝတ္ထုဝါတွေကို ကံကြမ္မာက ငှဲညှာသောအားဖြင့် အလျဉ်းသင့်သလို ဖြစ်ခဲ့လှတဲ့ လူ့ဘဝကို ပြန်လည်ပို့ပေးတာလဲ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မြို့စားလေးဟံသာမင်းဝေနဲ့ မောရအင်တိုင်းပြည်က မောမင်းသမီးကလေး မောမြတ်နှန်းနွယ်တို့နေရာကို ပြောပါဦးဘုရား"

"အိန်..။ တရုတ်ပြည်လို့ အစုခေါ်တဲ့ ရှေးကစိန့်တိုင်းကြီးပေါ့ ကွာ၊ အဲဒီမှာ အခု ချင်းဟိုင်လို့ခေါ်တဲ့ ပြည်နယ်နဲ့ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသလို့ခေါ်တဲ့ နယ်မြေနှစ်ခုဟာ ကုန်းမြေမြင့်ကြီးတွေ ဖြစ်တယ်၊ ဒီနေ့ခေတ်မှာတော့ (၁၉၇၄– ၅ ခုဝန်းကျင်) တရုတ်ပြည်သစ်ကြီးက ပြည်မကြီးနဲ့ အဲဒီဒေသနှစ်ခုကို ဆက်သွယ်တဲ့ကားလမ်း ရထားလမ်းတွေ ဖောက်နိုင်ပါပြီ၊ ဟိုရှေးတုန်းကတော့ တောင်ပေါ်ကျော်တက်၊ တောင်ကြားလမ်းဖြတ်၊ မြစ်တွေကူးပြီး မြင်းတို့လားတို့နဲ့လဲ သွားကြရတယ်"

"တောင်ကြီးတွေက အတော်မြင့်မှာပေါ့၊ မြစ်ကြီးတွေကရော အတော်ကျယ်ပါသလား"

"တောင်ကြီးတွေကတော့ မြင့်သလား မပြောနဲ့၊ ကမ္ဘာ့အမြင့်ဆုံး ဟိမဝန္တာတောင်တန်းနဲ့နီးတဲ့ တိဗက်ကုန်းမြေမြင့်လေ၊ နာမည်ကျော်ကြား လူသိများတဲ့ ခွန်းလွန်တောင်တန်းကြီး မြောက်ဘက်မှာ အရှေ့နဲ့အနောက် ခပ်စောင်းစောင်းတန်းနေတယ်၊ တောင်ဘက်မှာက လူသိများတဲ့ တန်ဂလာ(Tangla)တောင်တန်းကြီးဟာလဲ အရှေ့မြောက် ခပ်ငုစောင်းစောင်းတန်းနေတယ်၊ တောင်တန်းနှစ်သွယ်ကြားမှာတော့ ကုန်းမြင့်မြေပြန့်လွင်ပြင် ရှိလေရဲ့"

"တောင်တန်းတွေက အရမ်းမြင့်မှာပေါ့"





"မြင့်ပြီကော၊ တူအိုတူအို (tuo tuo) မြစ်ဖျား စတင်ဖြစ်ပေါ်တဲ့ တန်ဂလာတောင်တန်းရဲ့ အမြင့်ဆုံးနေရာနားမှာ ကျုယ်လာတိမ်းတောင် (Geldaindong) အမည်ရှိတဲ့ တောင်စွန်းကြီးရှိတယ်၊ ပင်လယ်ရေမျက်နှာပြင်အထက် ၆၆၂၁ မီတာမြင့်တယ်၊ ပေအားဖြင့် ၂၀၀၀၀ ကျော် မြင့်တာပေါ့"

"တောင်စွန်းကြီးရဲ့နာမည်က မြန်မာအသံထွက်နဲ့ ခေါ်လို့ကောင်းတယ်နော်"

"အိန်..။ ကျန်တဲ့မြစ်တွေ တောင်စောင်းတောင်စွယ်တွေနဲ့ မြက်ခင်းလွင်ပြင်တွေကိုလဲ ပြောမယ်၊ မြန်မာလို အရမ်းနားထောင်ကောင်းတဲ့ အမည်တွေပဲပေါ့၊ ကမ္ဘာ့တတိယအရှည်ဆုံး ယန်စီမြစ်ကြီးရဲ့ မြစ်ဖျားဖြစ်လာစေတဲ့ မြစ်လက်တက်တွေ အများကြီး၊ ဒီအထဲက အရှည်ဆုံးမြစ်ဖျား မြစ်လက်တက်ဟာ တူအိုတူအို မြစ်ပါပဲ၊ အဲဒီမြစ်ရဲ့ မြစ်ဖျားဟာ ကျုယ်လာတိမ်းတောင်က တောင်စွန်းကြီးရဲ့ အနဲတောင်စွယ်တောင်စောင်းတွေကြားက စတင် မြစ်ဖျားခံသတဲ့၊ အဲဒီ တောင်စွယ်တွေကြားက တောင်မှမြောက်ကို ကွေ့ပြီး စီးဆင်းသွားလိုက်တာ ကိုကိုဆီလာ (kokohsila) နောက်ပိုင်း ကိုကိုဆီလီ (kokohsili) ဆိုတဲ့ တောင်တန်း တောင်ခြေလဲရောက်ရော အရှေ့ဘက်ကို ကွေ့ဝိုက်ပြီး တူအိုတူအိုမြစ်အဖြစ် (ရေခဲမြစ်ပါပဲ) နွေအခါမှာ ပျော်ပြီး စီးဆင်းလေသတဲ့"

"အဲဒီနာမည်တွေကို တပည့်တော် အလွန်နားယဉ်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုး ရှင်ရသေ့ ကိုကို့ဆီလာဆိုတဲ့တောင်တန်းနဲ့ ခွန်းလွန်တောင် ရဲ့ကြားမှာ ကိုကို့ဆီလာ မြက်ခင်းလွင်ပြင်ကျယ်ကြီးရှိသလိုပဲ၊ အဲဒီ မြက်ခင်းလွင်ပြင်ထဲမှာ တပည့်တော်တို့ သိုးကျောင်းခဲ့ဖူးတယ်လို့ အိပ်မက် ခဏခဏ မက်ဖူးပါတယ်”

“ဖြစ်ရမယ်၊ လူကလေးဟာ အဲဒီဒေသကနေ လုံမလေးနဲ့အတူ ရောက်သွားကြတာပဲ၊ အမည်က ကန်ကြည်ယာကြူပါ(Ganjiaquba) လို့ ခေါ်တယ်၊ အဲဒီ ကန်ကြည်ယာကြူပါဆိုတာ ကျယ်လာတိမ်းတောင်ရဲ့ တောင်စွယ်ကြီးဆီက တိုးထွက်နေတဲ့ ကျောက်စွန်းတစ်စွန်းရဲ့အမည် ဖြစ်တယ်”

“ဒီမြစ်ကြီးကဖြင့် စကတည်းက ထူးခြားဆန်းပြားပါတယ်နော်”

“ဒါပေါ့ ဦးမင်းဆွေ၊ ဒီနေရာမှာ တရုတ်ဒဏ္ဍာရီတစ်ခုရှိတာကို ပြောချင်တယ်၊ ယန်စီမြစ်ကြီးဟာ မြင့်မြတ်တဲ့သိုးငယ်ရဲ့ နှာခေါင်းနှစ်ပေါက်ကနေ မွေးရနံ့ကြိုင်သင်းနေတဲ့ ရေနှစ်သွယ် ဖြာထွက်စီးဆင်းလာရာက မြစ်ကလေးနှစ်စင်း ဖြစ်လာတာတဲ့၊ အဲဒီ မြစ်ကလေးနှစ်စင်းပေါင်းဘဲ့ မြစ်ဆုံကစပြီး ယန်စီမြစ်ကြီး ဖြစ်လာတာတဲ့”

“စောစောက ဘိုးဘိုးရှင်ရသေ့ ပြောတော့ ကျယ်လာတိမ်းတောင်ရဲ့ တောင်စွယ်ကြီးအောက်ကနေ ရေခဲမြစ်ကလေး စတင်စီးထွက်တယ်ဆို”

ဝါသနာပါသလောက် စိတ်ဝင်စားစွာ နားထောင်ခဲ့သည့်





မောင်မင်းဝေက ပြန်မေးလေ၏။

“အဲဒါလဲ မမှားပါဘူး၊ ဒဏ္ဍာရီထဲက မြစ်မြွာနှစ်သွယ်ဆိုတာလဲ သိုးငယ်တစ်ကောင်ရဲ့ဦးခေါင်းနဲ့သဏ္ဌာန်တူတဲ့ ကန်ကြည်ယာကြူပါ ကျောက်စွန်းကြီးအောက်ကနေ တူစုံတွဲပြီး ရေမြွာနှစ်မြွာဟာ ရေခဲပျော်ချိန်ရောက်တိုင်း ခွဲထွက်စီးဆင်းလာလေ့ရှိလို့ပါ။ အဲဒီ ရေစီးကြောင်းနှစ်ကြောင်းကို ကာကြူ (Gar Qu) နဲ့ ပူကြူ (Bu Qu)လို့ ခေါ်ပါတယ်။ တရုတ်ပြည်မြေပုံကိုကြည့်ရင် ကျယ်လာတိမ်းတောင်ရဲ့ တောင်စွယ်ကြီးအောက်ကနေ အဲဒီမြစ်လေးနှစ်သွယ်ဟာ စတင်စီးဆင်းပြီး တူအိုတူအိုမြစ်ထဲ ကိုကို့ဆီလာ မြက်ခင်းလွင်ပြင်စပ်မှာ စီးဝင်သွားကြတာကို မြင်ရမှာ ဖြစ်ပါတယ်”

(စကားချပ်– Ganjiaquba ဟူသော အင်္ဂလိပ်အမည်ကို ရိုးရိုးအင်္ဂလိပ်သံနှင့် ဖလှယ်၍ ဘာသာပြန်အသံထွက်လျှင် ဂန်ကျီယာကြူဘာဟု အသံထွက်ပါမည်။ စာရေးသူက ကန်ကြည်ယာကြူပါဟု အသံထွက်ထားခြင်းသည် မူလတရုတ်အသံ သို့မဟုတ် ဒေသခံလူမျိုးတို့၏ အသံစစ်စစ်နှင့် ကိုက်ညီအောင် ဘာသာပြန်ထားခြင်း ဖြစ်ပါ သည်။ ဤသို့ အသံထွက်မှန်အောင် ဘာသာပြန်ရာတွင် ၂၀၀၇ ခု၊ ဒီဇင်ဘာလ (၉) ရက်နေ့ နံနက် (၅) နာရီတွင် ကွယ်လွန်ခဲ့သော ဝိုကျုံးကျောင်းဆရာဟောင်း၊ တရုတ်ဘုံကျောင်းဘုရားကျောင်း များတွင် တရုတ်ဘာသာကို အင်္ဂလိပ်စာဖြင့် အသံအမှန် ထွက်ဆိုရအောင် သင်ကြားပေးခဲ့သည့် ဆရာကြီးဦးသန်းစိန် (တရုတ်ဘိုက်အန်း)



www.burmeseclassic.com

www.burmeseclassic.com



ထံမှ လေ့လာဆည်းပူးချက်အရ ဖြစ်ပါသည်။ ထိုဆရာကြီးထံသို့ ဆရာဝန်၊ အင်ဂျင်နီယာနှင့် အဆင့်မြင့်ခေတ်ပညာတတ်များ တရုတ်ဘာသာ လာရောက်သင်ယူခဲ့ကြရာ၌ ဆရာကြီးက "၁၉၅၀ ပြည့်လွန်နှစ်များမှစ၍ တရုတ်စာများကို အင်္ဂလိပ်စာဖြင့် အသံဖလှယ်ခြင်းကို အမှန်ဖြစ်စေရန် ပြင်ဆင်ခဲ့ကြောင်း၊ ပီကင်းမြို့တော် ဟူ၍ တရုတ်ဖူကျင့်လက်ရှည်များ အသံထွက်ကို ရှေးက အင်္ဂလိပ်တို့အနေဖြင့် Peking ဟု ရေးခဲ့မိရာ အင်္ဂလိပ်စစ်စစ်အသံမှာ ပီခင်းဟုထွက်သဖြင့် တရုတ်သံနှင့် လွဲချင်တိုင်းလွဲခဲ့ကြောင်း။ ထိုသို့ အသံမမှန်မှုများ မဖြစ်ရလေအောင် နောက်ပိုင်းတွင် အင်္ဂလိပ်စာဟုထင်ရသော လက်တင်ဘာသာဖြင့် စာလုံးပေါင်း၍ အသံထွက်စေခြင်းဖြစ်ကြောင်း။ လက်တင်ဘာသာတွင် B ကို ဘ ဟု အသံမထွက်ဘဲ ပ ဟုသာ အသံထွက်ကြောင်း J ကို ဂျ ဟု အသံမထွက်ဘဲ ကျ ဟုသာ အသံထွက်ကြောင်း ဤနည်းဖြင့် ပိုင်ကျင်းမြို့တော်ကို Beijing ဟု အင်္ဂလိပ်လိုရေးခဲ့ရာ မသိသူများက အင်္ဂလိပ်အသံထွက်ဖြင့် ဘိုင်ဂျင်း ဟု မှားထွက်နေကြကြောင်း။ အမှန်က လက်တင်သံဖြင့် 'ပိုင်ကျင်း' ဟု အသံထွက်မှ တရုတ်အသံနှင့် တူညီမှန်ကန်မည်ဖြစ်ကြောင်း ရှင်းပြခဲ့သည်။ အခွင့်သာခိုက် တရုတ်ပြည်သစ်ကြီးတွင် အင်္ဂလိပ်လို စာလုံးပေါင်း၍ အသံများထွက်နေသည့် မြို့အမည် အများအပြား ရှိကြောင်း။ အင်္ဂလိပ်တို့ ဘိန်း စစ်ပွဲတိုက်ပြီး အောင်နိုင်ခဲ့သော ကန်တုံပြည်နယ်ကို Canton ဟု စာလုံးပေါင်းခဲ့မိရာ ကြာသော် အင်္ဂလိပ်သံ





ဖြင့် ခန်တုံ ဟု မှားထွက်နေကြောင်း။ အင်္ဂလိပ်တွင် K ကို ခေ ဟုသာ အမှန်အသံထွက်ပြီး ကေ ဟု မထွက်သလို T ကိုလည်း ထီ ဟု အသံထွက်ရကြောင်း၊ တီ ဟု အင်္ဂလိပ်တို့အသံမထွက်ကြောင်း၊ P ကို လည်း ဖီ ဟုသာ ထွက်ပြီး ပီ ဟု မထွက်ကြောင်း သိရှိရန် လိုပါသည်။

သို့ဆိုသော် မြန်မာတို့သည် အင်္ဂလိပ်ကိုလိုနီလက်အောက်ကပင် K ကို ကေ၊ P ကို ပီ၊ T ကို တီ ဟု အဘယ့်ကြောင့် အင်္ဂလိပ်သံမဟုတ်သည့်အသံများ ထွက်သည့် အလေ့အထဖြစ်ခဲ့ပါသလဲဟု မေးခွန်းထုတ်စရာ ဖြစ်လာပါသည်။ အင်္ဂလိပ်ခေတ်တွင် မြန်မာအစိုးရဝန်ထမ်းအများစုသည် ဗြိတိသျှလူမျိုးများ မဟုတ်ကြပေ။ အထက်ပိုင်းအရာရှိကြီးများသာ အင်္ဂလိပ်လူမျိုးများ အနည်းငယ်ရှိပြီး လက်အောက်ငယ်သား ဝန်ထမ်းအများစုသည် အိန္ဒိယလူမျိုးများသာ ဖြစ်ခဲ့သည်။ ဤတွင် အိန္ဒိယလေယူလေသိမ်း၊ အိန္ဒိယအသံထွက်အတိုင်း K ကို ခေ အစား၊ ကေ၊ P ကို ဖီ အစား ပီ၊ T ကို ထီ အစား တီ ဟု အများစုက အသံလိုက်ထွက်ရာက နှုတ်ကျိုးခဲ့ခြင်းသာ ဖြစ်တော့သည်။

ယခုနောက်ပိုင်းတွင်လည်း ရေဒီယိုနှင့် အသံလွှင့် ရုပ်သံအားလုံးက တရုတ်ပြည်က အမည်များကို အင်္ဂလိပ်စာလုံးနှင့် ပေါင်းသောအခါ အင်္ဂလိပ်သံများချည်းထွက်ဆိုနေခြင်းမှာ မှားယွင်းပေ၏။ ဥပမာ Guangdong ကို တရုတ်လို ကွမ်တောင် သို့မဟုတ် ကွမ်တုံးဟု



www.burmeseclassic.com

www.burmeseclassic.com



အသံထွက်သလို လက်တင်လိုလည်း G သည် က သံ၊ D သည် တ သံဖြစ်၍ ကွမ်တောင်ဟု တရုတ်သံအတိုင်း ထွက်ပါသည်။ ယခု စာရေးသူသည် အင်္ဂလိပ်လိုမှ ဘာသာပြန်သောအခါ G ကို က သံ၊ J ကို ကျ သံနှင့် ဖလှယ်ထားခြင်းမှာ လက်တင်သံ ဖြစ်ပါသည်။ Tanqla, Tuo tuo, kokohsila စသည်တို့ကိုမူ အိန္ဒိယသံမှ ဆင်းသက်လာသည့် မြန်မာအင်္ဂလိပ်သံကိုသာ အသံဖလှယ်၍ တ သံ၊ က သံများဖြင့် ပြန်ဆိုထားကြောင်း ဝန်ခံရပေသည်။ စာရေးသူ)

ဘိုးဘိုးရှင်ရသေ့က ဓာတ်လမ်းရှည်ကြီးကို အတိုချုံး၍ ရှင်းပြခဲ့သည်။ မောင်မင်းဝေက ဓာတ်သွားဓာတ်လာကို စဉ်းစားသုံးသပ်ပြီး ဘိုးဘိုးရှင်ရသေ့ကို ချင့်ချင့်ချိန်ချိန်နှင့် မေးသည်။

"ဒါဆို တပည့်တော် အခုသွားချင်နေတဲ့ သံလွင်မြစ်ဝနဲ့ တပည့်တော်ဟာ ဘဝရေစက်မရှိဘူးလို့ ဆိုရမှာပေါ့၊ တပည့်တော်ရဲ့ အိပ်မက်ထဲမှာ တည်ဆောက်ရမယ့် အိပ်မက်တံတားကြီးပဲ ဒီမြစ်ဝမှာ ဖြစ်ပေါ်လာစရာမရှိဘူးပေါ့"

"အိန်း... မောင်ရင်လေး၊ မောင်ရင်လေးဟာ ဒီဘဝမှာ ရှေးရှေးကဘဝမှာ ဆုံခဲ့တဲ့ချစ်သူနဲ့ ပြန်ဆုံဖို့ကိန်းရှိပါတယ်။ ကာကြူ (Gar Qu) နဲ့ ပူကြူ (Bu Qu) မြစ်ဖျားနှစ်မြွာဟာ ကျယ်လာတိမ်းတောင် ကျောက်စွယ်တန်းကြီးကနေ တိုးထွက်နေတဲ့ ကန်ကြည်ယာကြူပါ ကျောက်စွန်းကနေ ရေခဲတွေပျော်ဆင်းပြီး တူအိုတူအိုမြစ်ထဲ စီးဆင်းရာက ယန်ဇီမြစ်ကြီးဖြစ်ပြီး မိုင်ပေါင်း ၃၀၀၀ နီးနီးဝေးတဲ့ ခရီးကို





ကွေ့ကာဝိုက်ကာနှင်ပြီး အရှေ့တရုတ်ပင်လယ် (East China Sea) ထဲကို ချွန်မင်းခေါ် ကျွန်းငယ်ကို ဝဲယာခွဲပတ်ပြီး ရှန်ဟိုင်းမြို့တော် အစွန်အဖျားနားကနေ စီးဝင်သွားသလို မောင်မင်းဝေနဲ့ ဘဝဘဝက ချစ်သူတို့နှစ်ယောက်ဟာလဲ ကန်ကြည်ယာကြူပါ ကျောက်စွန်းကြီးကနေ လူ့ဘဝကို နှစ်ယောက်ခွဲပြီး ထွက်လာကြပေမယ့် ရှန်ဟိုင်းမြို့နီးစပယ် ခရီးယာရှိ ယန်စီမြစ်ဝမှာ ပြန်လည် ပေါင်းဆုံကြမယ်"

"အဲဒါ ဖြစ်နိုင်ချေအလွန်များပါတယ် ဘိုးဘိုး၊ တပည့်တော်ဟာ တရုတ်ကပြား ဖြစ်ပါတယ်၊ တပည့်တော်ရဲ့ ညီအစ်ကိုဝမ်းကွဲတွေဟာ ရှန်ဟိုင်းမြို့အနီး ဆူးကျိုးမြို့မှာ ရှိကြပါတယ်၊ သူတို့က သားတော် မောင်မင်းဝေကို ရှန်ဟိုင်းခေါ်ပြီး အဆင့်မြင့်အင်ဂျင်နီယာ သင်တန်းတွေ တက်စေချင်နေကြပါတယ်၊ သူ့ကို အဲဒီလွှတ်ရင် အောင်မြင်မှုရှိနိုင်ပါ့မလား ဘုရား"

"အိန်း... အောင်မြင်မှုရမှာပါ၊ ဒါပေမယ့် မောင်မင်းဝေရဲ့ ကံ အကျိုးပေးအရဆိုပါစို့၊ အချစ်ရေးက လွယ်လွယ်နဲ့ အဆင်ပြေမှာ မဟုတ်ဘူး။ အနှောင့်အယှက်တွေ၊ စိတ်ဆင်းရဲမှုတွေ၊ ဝမ်းနည်းစရာတွေနဲ့ အရင်အများကြီး ကြုံရဦးမယ်၊ အဲဒါကို သိထားပြီး စိတ်ဓာတ်ကြံ့ခိုင်ဖို့တော့ လိုတယ်လေ"

"ဘိုးဘိုး အခုလို ကြိုတင်သိမြင် သွန်သင်ဆုံးမပေးတဲ့အတွက် ဆင်ဆင်ခြင်ခြင်နဲ့ ကြိုးစားပြီး အခက်အခဲနဲ့ ဆင်းရဲမှုတွေကို ကျော်လွှားနိုင်မှာပါ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



တို့နောက် ထူးဆန်းစွာရောက်လာသော ဧည့်သည်သားအဖသည် ဘိုးဘိုးရှင်ရသေ့နှင့်ရော ကဗွိယကြီး ဦးဘကောင်းနှင့်ပါ အထူးရင်းနှီးကျွမ်းဝင်ခဲ့ကြသည်။

အထုံရေစက်ဟု ဆိုရမလား၊ ပဋ္ဌာန်းဆက်ဟုခေါ်မလား၊ ထိုနေ့မှသုံးလလွန်သော် ကဗွိယကြီး ဦးဘကောင်း၏သမီး ဝေဠုဝတီအပျိုကြီးသည် မြန်မာနိုင်ငံနှင့် တရုတ်ပြည်ကြီး၏ ယဉ်ကျေးမှုချစ်ကြည်ရေးဖလှယ်မှုအရ ရှန်ဟိုင်းမြို့တော်သို့ ပြတိုက်ပညာဘွဲ့လွန်ဒီပလိုမာသင်တန်းတက်ရန် အရွေးခံခဲ့ရသည်။

အသက် (၃၀)ကျော် အပျိုကြီးဒေါ်ဝေဠုဝတီသည် ထိုစဉ်က လက်ထောက်ပြတိုက် ဒုမန်နေဂျာရာထူးတွင် တာဝန်ထမ်းဆောင်နေဆဲ ဖြစ်သည်။ နိုင်ငံခြားပညာတော်သင်သွားမည့်သူများ၏ ထုံးစံအတိုင်း ထိုနိုင်ငံရှိ မိတ်ဆွေများနှင့် မိတ်ဆက်ပေးသူများကို ရှာရသည်။ ကဗွိယကြီးဦးဘကောင်းအဖို့မူ ဝေးဝေးလိုက်ရှာစရာမလို၊ မောင်မင်းဝေ၏ဖခင် ဦးမင်းဆွေထံ အကူအညီတောင်း၍ ဆူကျိုးမြို့မှ ရှန်ဟိုင်းစာဖြင့်တိုက်တစ်ခုသို့ သွားရောက်အလုပ်လုပ်နေသည့် ဦးမင်းဆွေ၏ အစ်ကိုဝမ်းကွဲနှင့် အဆက်အသွယ်ရလေသည်။ ဦးမင်းဆွေသည် သူ့အစ်ကို ဦးမင်းစိန်နှင့် အဆက်အသွယ်လုပ်ရာမှ သားသမီးမရှိသော ဦးမင်းစိန်၊ ဒေါ်ရွှတီတို့က မောင်မင်းဝေကို သူတို့အိမ်၌ထား၍ မြို့ပြအင်ဂျင်နီယာကျောင်းသို့တက်ပြီး ပညာ ဆက်သင်ရန်အတွက် တစ်ပါတည်း ခေါ်လိုက်သည်။





သို့အားဖြင့် မောင်မင်းဝေသည် အစ်မကြီး ဒေါ်ဝေဠုဝတီနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့ကို ခရီးထွက်ခဲ့ကြလေသည်။

အမှန်က ဒီအရင်ကဆိုလျှင် မောင်မင်းဝေ နိုင်ငံခြားသို့ သွားရလိမ့်မည်ဟု အိပ်မက်ပင်မမက်ဖူး။ သူမက်ခဲ့သည့်အိပ်မက်များသည် ပြည်တွင်းတစ်နေရာက ဖြစ်စဉ်ဖြစ်ရပ်များသာဟု ထင်မြင်ယူဆခဲ့သည်။

ဤသို့ပင် ဖြစ်တတ်ပါသည်။ အသိအမြင်၊ ဗဟုသုတ နည်းစဉ်ထင်မြင်ယူဆခဲ့သော အရာများသည် အသိအမြင်၊ ဗဟုသုတကြွယ်ဝသောသူနှင့် တွေ့သောအခါမှသာ လွဲမှားသော ထင်မြင်မှုကို အမှန်ရောက်အောင် တည့်ပေးခံရတတ်သည်။

ဤအတိုင်းဖြစ်သည်။ မောင်မင်းဝေ ရှန်ဟိုင်းမြို့ကြီးကိုရောက်သောအခါကျမှ ကမ်းနားလမ်းရှိ ထုထည်ကြီးမားသော တိုက်တန်းကြီးကိုကြည့်ကာ အင်္ဂလိပ်ဒီဇိုင်းများ လွှမ်းမိုးနေပုံကို အံ့ဩမိသည်။

ယန်စီမြစ်ဝကြီးသည် မုတ္တမကွေ့ရှိ သံလွင်မြစ်ဝကြီးကဲ့သို့ကျယ်ဝန်းလှသည်။ ဟိုမှာဘက်ကမ်းရှိ ချွန်မင်းကျွန်းကမူ ဤမှာဘက်ကမ်းမှ တိုးတက်တာကြာပြီဖြစ်သည့် ရှန်ဟိုင်းမြို့ကြီးလောက်ဖွံ့ဖြိုးသေးချေ။ ဟိုဘက်ကမ်းတွင် ငါးလုပ်ငန်း၊ ရေလုပ်ငန်းများအကြီးအကျယ်လုပ်ကိုင်သဖြင့် စီးပွားရေးတိုးတက်မှုကတော့ နှုန်းသားမြန်မြန်တက်နေသည်ဟု ဆိုရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



ရှန်ဟိုင်းမြို့သည် တစ်ချိန်က အင်္ဂလိပ်၊ ပြင်သစ်၊ အမေရိကန် အစရှိသော အနောက်နိုင်ငံသားတို့ လာရောက်၍ စီးပွားရေး ခြေကုတ်ယူရာ အချက်အချာမြို့ကြီး ဖြစ်ခဲ့သည်။ နောက်ပိုင်း ဂျပန်များပါ လာရောက်စားကျက်လုသောကြောင့် စီးပွားရေးပြိုင်ဆိုင်မှုများ ပို၍ ရှုပ်ထွေးခဲ့သည်။

ကူမင်တန် တရုတ်အစိုးရလက်ထက်တွင် စက်မှုလုပ်ငန်းသာမက ဘက်စုံ ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နေသည့် ရှန်ဟိုင်းမြို့ကြီးသည် နိုင်ငံတကာစီးပွားရေးလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံသည့် သူဌေးသူကြွယ်များ ခြေချင်းလိမ်သလို၊ လူရှုပ်လူပွေများလည်း ခြေချင်းလိမ်သောနေရာ၊ လူဆိုးဂိုဏ်းများ အရှိန်အဝါပြိုင်ရာ မြို့ကြီး ဖြစ်ခဲ့သည်။

ဤတွင် ကပွဲရုံများ၊ စားသောက်ဆိုင်များ၊ ဟိုတယ်များ၊ ညကလပ်များ၊ လောင်းကစားရုံများနှင့် မြေအောက်ရာဇာများ ကျက်စားရာ စိမ်နန်းများ၊ အပျော်ကမ္ဘာများ မှိုလိုပေါက်လာသောမြို့ကြီး ဖြစ်ခဲ့သည်။ ထိုခေတ်က ရှန်ဟိုင်းမြို့ကြီး၏ အကျင့်ပျက်စီးပွား ရေးလောကအကြောင်း နောင်တွင် ရုပ်ရှင်ဇာတ်ကားပေါင်း ရာနှင့် ချီ၍ ရိုက်ကူးခဲ့။

လူမှုစရိုက်များ ပျက်ပြားရာဒေသ၊ ယဉ်ကျေးမှု ကျက်စီးရာဒေသ၊ အနောက်တိုင်း မဖွယ်မရာ သုခုမအလေ့အထ ပွမ်းမိုးရာ ဗဟိုဌာနကြီး ဖြစ်ခဲ့သည်။ ထိုပျက်စီးမှုအလေ့အ းသည်





လျှင်မြန်စွာပင် အနီးရှိ နန်ကင်းမြို့တော်၊ ခပ်ဝေးဝေးရှိ ပီကျင်းမြို့တော်၊ တီယန်ကျင်းမြို့တော်၊ ကွမ်ကျိုမြို့တော်မှသည် အဝေးရှိ ချင်တူး၊ ချုံကင်း စသော မြို့ကြီးများသို့ ကူးစက်ပျံ့နှံ့သွားခဲ့သည်။

တရုတ်ပြည် တစ်ပြည်လုံး လူမှုစရိုက်များ ပျက်စီးလာသောအခါ လက်ဝဲအယူအဆ ပြင်းထန်သည့် လူလတ်ပိုင်းများက စတင်၍ လူမှုတော်လှန်ရေးကြီးကို ဆင်နွှဲခဲ့ကြသည်။

၁၉၄၉ ခုနှစ်တွင် တရုတ်ပြည်တော်လှန်ရေးကြီး အောင်နိုင်ကာ ကွန်မြူနစ်နိုင်ငံကြီးဖြစ်လာသည်။ ၁၉၆၀ ပြည့်လွန်နှစ်များတွင် ယဉ်ကျေးမှုတော်လှန်ရေးကြီး ဆင်နွှဲသောအခါ တိန့်ရှောင်ဖိန် ဆိုသည့် ဒုတိယဝန်ကြီးချုပ်လည်းဖြစ်၊ ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးလည်းဖြစ်သော တက်ကြွသည့် ခေါင်းဆောင်ကို ဥက္ကဋ္ဌကြီးမော်က ရာထူးချ ကျန်စီပြည်နယ်နှင်၍ခြေချုပ်နှင့်ထားခဲ့သည်။ တိန့်ရှောင်ဖိန်သည် လက်ဝဲလမ်းစဉ်ကို ပြင်သစ်ပြည် ပါရီမြို့၌ရှိစဉ် ငယ်ငယ်ကတည်းက ချောင်အင်လိုင်းနှင့် တွေ့ဆုံ၍ ရင်းနှီးသော ရဲဘော်ရဲဘက် ဖြစ်ခဲ့သည်။ နောင်သော် ချောင်အင်လိုင်းက ဝန်ကြီးချုပ်ဖြစ်လာသောအခါ တိန့်ရှောင်ဖိန်သည်လည်း ဒုတိယဝန်ကြီးချုပ် ဖြစ်ခဲ့သည်။

နယ်နှင်ခံထားရသော တိန့်ရှောင်ဖိန်ကို ၁၉၇၃ ခုနှစ်တွင် ဘိကင်းရှိ ပါတီဗဟိုကော်မတီသို့ ပြန်ခေါ်ကာ ၁၉၇၅ ခုနှစ်မှာတော့ ပါတီဗဟိုကော်မတီ၏ ဒုတိယဥက္ကဋ္ဌရာထူးကို ခန့်အပ်ခံရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တိန့်ရှောင်ဖိန်သည် အလုံးစုံသော ပြန်လည်မွမ်းမံရေး လမ်းစဉ်ကို ချမှတ်၍ ပညာရေးကအစ၊ သိပ္ပံပညာ၊ စစ်ပညာ၊ စီးပွားရေးသာမက ယဉ်ကျေးမှုအနုပညာပါအဆုံး ပုံစံသစ်ချမှတ် ကျင့်သုံးစေခဲ့သည်။

၁၉၇၆ ခုနှစ် လေးဦးဂိုဏ်းကိုဖြိုပြီးနောက် ၁၉၇၈ ခုနှစ်တွင် ခေတ်သစ်မြော်ဝါဒကို ဦးစားပေးသည့် တိန့်ရှောင်ဖိန်၏ လမ်းစဉ်သစ်ကို ၁၁ ကြိမ်မြောက် ပါတီဗဟိုကော်မတီ၏ တတိယမြောက် အစည်းအဝေး၌ အများစုက လက်ခံခဲ့ကြသည်။

ဤကဲ့သို့သော အချိန်ကာလမျိုးတွင်မှ ရှန်ဟိုင်းမြို့ကြီးတွင် မြို့ပြအင်ဂျင်နီယာကျောင်းတက်ခဲ့သည့် ကိုမင်းဝေသည် ခေတ်သစ်နည်းပညာများကို ကြိုးစား၍သင်ကြားရင်း လိုက်မီအောင် အသေအလဲ အားထုတ်နေခဲ့သည်။

၁၉၈၂ ခုနှစ် တရုတ်ပြည်တွင် တံခါးဖွင့်ဝါဒသစ် (Now open-door policy) ကို လက်တွေ့အကောင်အထည်ဖော်၍ အချိန်ရစကာလ၌ ကိုမင်းဝေ မြို့ပြအင်ဂျင်နီယာဘွဲ့ကို ဆွတ်ခူးရရှိခဲ့သည်။

ရှန်ဟိုင်းမြို့ကြီးတွင် အဆောက်အဦးသစ်၊ အထပ်မြင့်တိုက်သစ်ကြီးများ တိုးချဲ့တည်ဆောက်လာသလို လမ်းတံတားများလည်း တိုးချဲ့တည်ဆောက်လျက်ရှိစဉ် ကိုမင်းဝေ ရှန်ဟိုင်းမြို့တော် မြို့ပြအင်ဂျင်နီယာဌာန၏ ဆောက်လုပ်ရေးဇုန် (၁၂)တွင် အလုပ်သင်ရာထူးနေရာ၌ စတင် အလုပ်လုပ်ခွင့်ရခဲ့သည်။





တစ်ခုသော နွေဦးရာသီတွင် ဖြစ်သည်။

တိတိပပဆိုရမူ ၁၉၈၃ ခုနှစ်၏ သာယာလှပသော နွေဦးရာသီတွင် ဖြစ်သည်။

အလုပ်သင်မှ အလုပ်ဝင်ခါစ ကိုမင်းဝေသည် ပထမဆုံးအဆိုင်းမင့်လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ရန် ချွန်မင်းကျွန်းသို့ ရှန်ဟိုင်းဘက်ကမ်းမှ ကျယ်ပြန့်သည့် ယန်စီမြစ်ဝကို ကျော်ဖြတ် ကူးသွားခွင့်ရခဲ့သည်။

ရှန်ဟိုင်းတစ်ဖက်ကမ်း ကျွန်းကြီးပေါ်တွင် မြို့သစ်စီမံကိန်းလုပ်ငန်းများစွာကို စတည် တည်ဆောက် အကောင်အထည်ဖော်ချိန်ဖြစ်သည်။ ကိုမင်းဝေသည် ပေ ၁၀၀၀ ကျော် ပင်မတံတားအရှည်ရှိသော ချွန်မင်းမြို့လယ်တံတားကို တည်ဆောက်ရာတွင် ပါဝင်လုပ်ကိုင်ရသည် ဖြစ်၏။

တံတားသည် လှပသော မြစ်လက်တက်ကြီးတစ်စင်းကို ဖြတ်ဆောက်လုပ်ရမည် ဖြစ်သည်။ မြစ်ကမ်းနှစ်ဖက်သည် မြေအနေအထားချင်း မတူညီ။ ပင်လယ်ဘက်တွင် ကမ်းစပ်တောင်တန်းကုန်းမြင့်ယံရှိ၍ မြေပြင်ပိုမြင့်သည်။

ထိုတောင်တန်းကုန်းမြင့်၏ ပင်လယ်ဘက်ဆင်ခြေလျှောတွင် အလွန်ကြီးကျယ်သော ငါးဖမ်းဆိပ်ကမ်းကြီး ရှိသည်။ ထိုဆိပ်ကမ်းတွင် ရေလုပ်ငန်းမျိုးစုံကို အစိုးရရေလုပ်ငန်းဌာနက ယခင်ကာလတွင် ပြည်သူပိုင်လုပ်ငန်းအဖြစ် လုပ်ကိုင်ခဲ့ရာမှ ကုန်သွယ်ရေးတံခါး



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်မှုဝါဒနှင့်အညီ ကျွမ်းကျင်သော ကော်ပိုရေးရှင်းဥက္ကဋ္ဌကို ဦးဆောင်စေပြီး ဝန်ထမ်းအဆင့်ဆင့်နှင့် အလုပ်သမားအဆင့်ဆင့်တို့အနက် ပါဝင်လိုသူများကို ပါဝင်ဖွဲ့စည်းစေသည့် ပုဂ္ဂလိက ရေလုပ်ငန်းကြီး ပေါ်ပေါက်ခဲ့သည်မှာ တစ်နှစ်နီးပါး ကြာခဲ့သည်။

ထိုရေလုပ်ငန်းကော်ပိုရေးရှင်းကြီး၏ ဥက္ကဋ္ဌအဖြစ် မူလ ဥက္ကဋ္ဌကြီး မော်ခေတ်တတ်ပင် ဖြစ်သည်။ ယခုတော့ သူဌေးကြီး မော်ဟု အများက ဝင်စားခေါ်ဝေါ်လျက် ရှိသည်။

ထိုသူဌေးကြီး၏ ဇနီးဖြစ်သူ အော်ကျင်မြိုင်သည် မြန်မာပြည်ရှိ မြိတ်မြို့မှ မျိုးဆက်များမှ ဆင်းသက်လာသူ ကပြား ဖြစ်သည်။ အော်ကျင်မြိုင်၏မိခင်သည် ကျားသူဌေးနှစ်ဦးအနက် ညီဖြစ်သူ အော်ဘွန်ပါဘက်က မျိုးနွယ်ဆက်များ ဖြစ်သည်။ မြန်မာပြည်မှ စင်္ကာပူ၊ ထိုမှ ဟောင်ကောင်၊ ဟောင်ကောင်မှ ရှန်ဟိုင်းသို့ အဆင့်ဆင့် ပြောင်းရွှေ့လာသည့် မြန်မာ့သွေးပါသူများ ဖြစ်သည်။

သူဌေးကြီးမော်တွင် မြန်မာကပြား အော်ကျင်မြိုင်နှင့် သားသမီးသုံးယောက် မွေးဖွားခဲ့ရာ အကြီးနှစ်ယောက်က ယောကျ်ားလေးများဖြစ်သည့် မော်ခေတ်စိန်နှင့် မော်ခေတ်ပိန်တို့ဖြစ်ပြီး အငယ်ဆုံးသမီးကလေးက မော်ခေတ်နန်းမြိုင် ဖြစ်တော့သည်။

မော်ခေတ်နန်းမြိုင်သည် ထိုစဉ်က အသက် ၂၃ နှစ်ခန့်သာရှိပြီး ရုပ်ရည်ရူပကာ ချောမောတင့်တယ်သည့် ဆေးပညာသင်ကြားနေသော ဆရာဝန်လောင်းဖြစ်ရာ ပိုးဝန်းသူ ဝိုင်းဝိုင်းလည်နေ၏။





မော်ခေတ်နန်းမြိုင်ကို ပိုးပန်းသည့် ကာလသားများအနက် အစ်ကိုနှစ်ယောက်၏ သူငယ်ချင်းများဖြစ်ကြသည့် ဝမ်ရှောင်ကန်းနှင့် ဝူကျင်ကွေ့တို့မှာ ထိပ်ဆုံးနေရာတွင်ရှိ၍ မိန်းမချော၏ မျက်နှာသာပေးမှုခံရသူများလည်း ဖြစ်သည်။

ဝမ်ရှောင်ကန်းသည် မြေအောက်ရာဇာတို့ ပြန်လည် ခေါင်းထောင်လာသည့် ရှန်ဟိုင်းမြို့ကြီး၏ မြေအောက်ဂိုဏ်းတစ်ဂိုဏ်းမှ ဌာနခွဲမှူးအဆင့်ရှိသော ဝမ်လု၏တစ်ဦးတည်းသား ဖြစ်သည်။ သူကိုယ်တိုင်က အသက် ၃၀ နှစ်အရွယ်တွင် ဝူတန်နွယ်သိုင်းကျောင်း၏ ကျောင်းခွဲအဖြစ် ချွန်မင်းကျွန်းတွင် လာရောက်ဖွင့်လှစ်ထားသည့် ဝူဆန်သိုင်းကျောင်း၏ လက်ထောက်နည်းပြတစ်ယောက် ဖြစ်သည်။

ဝူကျင်ကွေ့ကလည်း ခေသူမဟုတ်။ သူ့ဖခင်သည် စီးပွားရေးတံခါးဖွင့်သည်နှင့် မသမာသောနည်းဖြင့် စီးပွားရေးရှာသော အုပ်စုတစ်စုကို ကြိုးကိုင်ထားသည့် မှောင်ခိုကုန်သွယ်ရေးလုပ်ငန်းတစ်ခု၏ ခေါင်းဆောင်ဖြစ်ရာ ဤကျွန်းတွင် မော်ခေတ်တတ် သူဌေးကြီးပြီးလျှင် ဒုတိယနေရာရောက်နေသော ဝူကျင်ဟိုး ခေါ် သူဌေးကြီးတစ်ဦးဖြစ်နေသည်။ အသက် ၂၉ နှစ်ခန့်ရှိသော ဝူကျင်ကွေ့သည် အလွန်လိမ္မာပါးနပ်ပြီး အလွန်ပရိယာယ်ဝေဝုစ်များသည်၊ ကောက်ကျစ်စဉ်းလဲပြီး လက်သီးပုန်းထိုးရာ၌ ကျွမ်းကျင်လှသည်။

ကျွန်းလယ်ဖြတ်မြစ်လက်တက်၏ ဤမှာဘက်ကမ်းနဖူးတွင် ဥယျာဉ်ငယ်တစ်ခုရှိသည်။ ထိုဥယျာဉ်သည် ငါးလုပ်ငန်းရှင်သူဌေး

www.burmeseclassic.com



ကြီးမော်၏ ကိုယ်ပိုင်ဥယျာဉ်ဖြစ်ရာ ကျောင်းပိတ်ရက်များတွင် သူဌေးသားသမီးတို့ လာရောက် အပန်းဖြေဆော့ကစားရာနေရာ ဖြစ်သည်။

ယခု နွေဦး၏ သာယာသောနံနက်ခင်းတွင် သူဌေးသားသမီးနှင့် သူတို့ သူငယ်ချင်းတို့ ဥယျာဉ်ထဲတွင် တူတူပုန်းတမ်း ကစားနေကြသည်။ ရာသီဥတုသည် နွေဦးပေါက်ကာလမို့ အလွန်သာယာနေသည်။ ဥယျာဉ်ထဲတွင် ချယ်ရီပန်းများ လှိုင်လှိုင်ပွင့်ဝေနေသည်။ ချယ်ရီပင်တန်းကြီး၏တစ်ဖက်တွင် မျဉ်းဖြိုင်ယှဉ်လျက် လူတစ်ရပ်ကျော်မြင့်သည့် ပုဏ္ဏရိပ်ပင်ချုံတန်းများ စီစိုက်ထားရာ၊ ထု လေးထောင့်အနံ့ရှိသော နံရံတွေလို စီတန်းနေ၏။ သို့သော် နံရံရှည်ကြီးလို မဟုတ် ၁၂ ပေအရှည်လျှင် လူဖြတ်သန်းနိုင်ရန်လမ်းကြားတစ်ခုခွာ၍ စိုက်ထားခြင်းမှာ စနစ်ကျနေသည်။ ထိပ်တွေဘေးတွေ အားလုံးကို ကတ်ကြေးနှင့် အစဉ်ဖြတ်ညှပ်ပေးနေ၍ အရွက်အပွင့်များ ထိုးထောင်ထွက်မနေဘဲ အုတ်နံရံကြီးလို ညီညာနေသည်။

"မိအောင်ဖမ်းစမ်းကွယ်၊ တယ်တဲတယ်၊ တယ်တဲတယ်" ဟု အော်ဟစ်ကာ ရှေ့နားတွင် ကောင်လတ်လူငယ်လေးယောက်က ချယ်ရီပင်စည်များကိုကွယ်၍ ပြေးလိုက်၊ ပုဏ္ဏရိပ်ပန်းရုံတံတိုင်းဘက်ကို ကွန်ကရစ်လမ်းမလေးဖြတ်ကူး၍ ပြေးလိုက်၊ ကွယ်လိုက် ပေါ်လာလိုက် လုပ်ပြနေကြသည်။

"အဝေးကြီးကိုစွတ်ပြေးရင် ညီမက ဆက်မလိုက်ဘူးနော်၊ အဲဒီ





နားမှာပဲ ပုန်းနေကြပါလား"

အသံလွင်လွင်လေးနှင့် အော်ပြောရင်း ခြေလှမ်းသွက်သွက်နှင့် ကွန်ကရစ်လမ်းအတိုင်း လိုက်လာနေသူက မော်သခင်မလေး မော်ခေတ်နန်းမြိုင် ဖြစ်သည်။

ဥယျာဉ်ခြံဝင်းကြီး၏ အပြင်ဘက်တွင် ခြံစည်းရိုးနှင့် မျဉ်းပြိုင်သွက် မြေဖို့ထားသော လမ်းမြင့်မြင့်ကြီးယှဉ်လျက် ပြေးနေသည်။ ထိုလမ်းသည် ရွှန်မင်းမြို့လယ်တံတား၏ ဤမှာဘက်ကမ်းက ချဉ်းကပ်လမ်းအဖြစ် တည်ဆောက်နေခြင်း ဖြစ်သည်။

အလုပ်သင်အင်ဂျင်နီယာလေး မင်းဝေသည် ထိုနံနက်အလုပ်ဘက်ရန် ကိရိယာတန်ဆာပလာများ တင်ဆောင်ထားသည့် နောက်တွဲယာဉ်ကိုဆွဲလာသည့် ပစ်ကပ်ကားလေးပေါ်တွင် ခရီးကြုံအဖြစ် လိုက်ပါလာသည်။ ဖို့၍မပြီးသေးသော ချဉ်းကပ်လမ်းမြေပုံသည် မြင့် ညီညာမရှိသေး။ ဝုန်းဒိုင်းအုံးဗွမ်းနှင့် ကားဆောင့်ဒဏ်ကိုခံ၍ လိုက်လာရသည်မှာ မဟန်လှ။

ထိုစဉ် နောက်တွဲယာဉ်နှင့် ချိတ်ဆက်ထားသော ချိတ်ကြီးနေရာ ပြုတ်ထွက်သွားသည်။ နောက်တွဲယာဉ်သည် ဘေးသို့စောင်းသွားပြီး ဘေးအောက်ပိုင်းသို့ ဦးတည်၍ လိမ့်ဆင်းသွားလေသည်။

"ဟိုက်– လုပ်ကြပါဦးကွ"

ပစ်ကပ်ကားပေါ်ပါ အင်ဂျင်နီယာနှင့်စတိုမန်နေဂျာတို့ အော်မိကြသည်။ မင်းဝေနှင့် ကျန်အလုပ်သမားနှစ်ဦးသုံးဦး ပစ်ကပ်ကား



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှ ရှေ့ဆင့်နောက်ဆင့် ခုန်ဆင်း၍ လိမ့်ပြေးသည့် နောက်တွဲယာဉ်ဆီ ပြေးကာလိုက်ကြသည်။ နောက်တွဲယာဉ်သည် ဥယျာဉ်ငယ်၏ ခြံစည်းရိုးကို တိုက်ဖောက်တိုးဝင်သွားလေ၏။ မင်းဝေကလည်း ပေါက်သွားသည့် ဇွတ်ကြောင်းအတိုင်းဝင်လိုက်သွားသည်။

အထဲရောက်သော် သူ့ရှေ့က မြင်ကွင်းကြောင့် လန့်အော်လေသည်။

"ဘေးကို ဘေးကို၊ ရှောင်– ရှောင်၊ လာနေပြီ၊ လာနေပြီ"

နောက်တွဲယာဉ်သည် ဥယျာဉ်အနိမ့်ပိုင်းရှိ ကွန်ကရစ်လမ်းလေးပေါ်သို့ အရှိန်မြန်မြန်ပြေးဆင်းနေသည်။ လမ်းလယ်တွင် ကြွကြွရွရွလေးလျှောက်နေသည့် ကောင်မလေးတစ်ယောက်၏ နောက်မှ တည့်တည့်ကြီး ပြေးလိုက်သွားနေသည်။

"တိုက်၊ တိုက်၊ တိုက်တော့မယ်၊ ဘေးဖယ် ..."

မင်းဝေအော်ရင်း နောင်တွဲယာဉ်ကို မီအောင်လိုက်၍ နောက်မှ ဆွဲလေသည်။

မင်းဝေ၏အော်သံနှင့် နောက်တွဲယာဉ်လာနေပုံကို မျက်နှာချင်းဆိုင်ချယ်ရီပင်ရင်းနောက်ကွယ်က ချောင်းကြည့်နေသည့် ဝူကျင်ကွေ့နှင့် မော်ခေတ်စိန်က မြင်သလို ပုဏ္ဏရိတ်ပင်ကွယ်က မျက်နှာတစ်ခြမ်းထွက်ကြည့်နေကြသည့် ဝမ်ရှောင်ကန်းနှင့် မော်ခေတ်ပိန်တို့ကလည်း မြင်၏။

ကျောပေးလာနေပြီး ရှေ့ကလူတွေကို မြင်၍ အာရုံစိုက်နေသူ





မော်ခေတ်နန်းမြိုင်တစ်ယောက်သာ သူ့နောက်ကအသံနှင့် လာနေသည်များကို သတိမထားမသိမြင်ခဲ့။

ဝမ်ရှောင်ကန်းသည် သိုင်းသမားပီပီ မြန်မြန်ပြေးထွက်ပြီး မော်သခင်မလေးထံကပ်လာသည့် နောက်တွဲယာဉ်ကို ပြေး၍ ခုန်၍ ဆီးကန်သည်။ သူက ရှေ့မှ အကန်၊ မင်းဝေက နောက်မှအဆွဲမို့ နောက်တွဲယာဉ်အရှိန်တုံ့သွားသော်လည်း ရှေ့စောင်းနှင့် မော်သခင်မလေး၏ ခါးပါးပါးနောက်ပိုင်းကို တိုက်ဖြစ်အောင် တိုက်မိခဲ့သည်။

"အောင်မယ်လေး"

မော်ခေတ်နန်းမြိုင် လန့်အော်ပြီး ရှေ့သို့ မှောက်လျက်သား လဲကျသွားသည်။ ဝမ်ရှောင်ကန်းက ကြောင်ကြည့်နေစဉ် နောက်တွဲယာဉ်ကိုပတ်၍ ပြေးလာသည့် မင်းဝေက 'ဘာဖြစ်သွားလဲ၊ တိုက်မိပြီ ဘာဖြစ်သွားလဲ" ဟု အော်ဟစ်ကာ လဲနေသည့် ကောင်မလေးကို ပြေး၍ ပွေ့ထူသည်။ မှဆိုးထိုင်ထိုင်ပြီး ကောင်မလေးကို သူ့ပေါင်ပေါ် ခန္ဓာကိုယ်အပေါ်ပိုင်း ပက်လက်လှန်တင်၍ ငုံ့အကြည့်...

မျက်လုံးရီဝေဝေနှင့်ပြန်၍ မော့ကြည့်နေသည့် ကောင်မလေးတ...

"ရှင်... ရှင် ..."

ဟု ထစ်ထစ်ငေါ့ငေါ့ အသံထွက်လာဆဲ ငုံ့ကြည့်နေသူ မင်းဝေက ဒီရုပ်ဒီပုံ မြင်ဖူးသလိုလိုနှင့် ငေးကြည့်နေမိသည်။ ငေး၍ မော့ကြည့်နေသည့် ကောင်မလေးက ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ...ရှင်ဟာ မင်း ...မင်းဝေ၊ မင်း ...ဝေ" ဟု ပြောရင်း လက်ညှိုးလေးနှင့် မင်းဝေ၏ မျက်နှာကို ညွှန်လေသည်။ သို့သော် ခဏလေးမျှသာ။ လက်ကလေးပြုတ်ကျ၊ ခေါင်းကလေးခွေကျ ဆံပင်တွေ ဖွာကျပြီး သတိလစ်သွားရှာလေ၏။

"မင်း ,..မင်း ...မောသခင်မလေးပါပဲလား"

မင်းဝေ သူ့ကို မှတ်မိသွားသည်။ မင်းဝေ အမြဲမက်နေသည့် အိပ်မက်ထဲက မောသခင်မလေး မောမြတ်နန်းနွယ်ပေပဲပေါ့။

"ဟိတ်၊ ဒါက ဘာလုပ်နေတာလဲ၊ မင်း ဘယ်သူလဲ"

ထိုစဉ် ဝမ်ရှောင်ကန်းက မင်းဝေကို ကုတ်ပိုးအင်္ကျီစမှဆွဲ၍ ထူလိုက်သည်။ ဆွဲအားကောင်း၍ ပါသွား၏။

"မင်းက ဘာကောင်မို့ ငါတို့ ရွှေမင်းသမီးကလေးကို ပွေ့လား ဖက်လား လုပ်ရဲတာလဲ"

"နေပါဦး၊ ဟိုမယ်...မိန်းကလေး၊ အဲဒီ ခင်ဗျားတို့ ရွှေမင်း သမီးလေး ဒဏ်ရာရသွားပြီ မြန်မြန်လုပ်ပါ ဆေးရုံပို့ပါ"

"အောင်မာ၊ မင်းက ငါတို့ကို ဆရာလုပ်ရအောင် ငါ့ကို ဘယ်သူ ထင်လို့လဲကွ"

"မသိဘူး၊ ခင်ဗျား ဘယ်သူဖြစ်ဖြစ် အဲဒါ အရေးမကြီးဘူး အရေးကြီးတာ မော်သခင်မလေးကို ဆေးရုံမြန်မြန်ပို့ဖို့ပဲ"

"ဒါ ငါတို့အလုပ်၊ သူ့ကို ဆေးရုံမပို့ခင် မင်းကို စာရင်းရှင်းရ မယ်၊ ဒါ မင်းတို့နောက်တွဲယာဉ်မဟုတ်လား။ ဘာကြောင့် ဒီဥယျာဉ်





ထဲ မောင်းသွင်းလာတာလဲ"

"အဲဒါ မတော်တဆပါ။ ဟိုမယ်၊ ဒီအတိုင်း လူနာကို ပစ်ထား မှာလား"

"တော်တော် လျှာရှည်တဲ့ကောင်၊ တီးကွာ"

ဝမ်ရှောင်ကန်းက သိုင်းသမားမို့ လက်ရုံးအားကိုးနှင့် မင်းဝေ ၏မျက်နှာကို လက်ပြန်ဖြတ်၍ရိုက်ချသည်။

"အု" မင်းဝေ ယိုင်သွားသည်။ မျက်လုံးက ကြယ်များဖွင့်သွား သည်။ လက်ကားယား၊ ခြေကားယားနှင့် "အရမ်းမလုပ်နဲ့" ဟု အော် ပြောစဉ် ဝူကျင်ကွေ့က လက်သီးတစ်လုံး ပစ်သွင်းသည်။ နှာခေါင်း တွင် ပူခနဲ မင်းဝေ ခံစားလိုက်ရသည်။

"ဒီကောင် တော်တော်မာပါလား ကဲကွာ"

ဝမ်ရှောင်ကန်းက ခြေစောင်းနှင့် ခုန်ကန်တော့ မင်းဝေ နှုတ် ခမ်းထိကာ ဖင်ထိုင်လျက်ကျလေသည်။ ကုန်းထရန် ကြိုးစားစဉ် ဝမ်ရှောင်ကန်းက မျက်နှာကို ဒူးနှင့်တိုက်ချလိုက်ရာ မင်းဝေ ပက် လက်လန်၍ ဆန့်ဆန့်ကြီး မေ့မျောသွားလေ၏။

ခုမှ လူရမ်းကားနှစ်ယောက် ကောင်မလေးဆီ အာရုံရောက် သည်။ သူ့အစ်ကိုနှစ်ယောက်က ပြုစုနေကြ၏။

"မင်းတို့ ဘာကြောင့် ငါတို့အင်ဂျင်နီယာလေးကို ဒီလောက် လုပ်ရတာလဲ"

အလုပ်သမားကြီး ချန်ဟုတ်အင်းက ခုမှ အနားရောက်၍



www.burmeseclassic.com

www.burmeseclassic.com



မကျေမနပ်မေးသည်။ ကျန်နှစ်ယောက်ကလည်း ပြောကြသည်။

"ဟာ ကြည့်ပါလား၊ သူ့ကြောင့် ကျွန်တော်တို့ မော်မင်းသမီး ဒဏ်ရာရပြီး မေ့လဲနေတာ၊ ဒါ ခင်ဗျားတို့ ဆရာလား"

"အေး၊ သူ့ကြောင့် မဟုတ်ဘူးကွ၊ သူက မတော်တဆ ပြုတ်ထွက်လာတဲ့ ဒီနောက်တွဲယာဉ်ကို လိုက်ဆွဲတဲ့လူပဲ၊ သူဆွဲမိလို့ မင်းတို့ မင်းသမီးလေးလား၊ ဘာလား မသေတာ၊ သို့မဟုတ် ဒီအချိန် ဒီအလေးချိန်နဲ့ တိုက်မိလို့ကတော့ ပွဲချင်းပြီးသာမှတ်"

"အောင်မယ် ကျွန်တော်ခြေထောက်နဲ့ ဆီးကန်လို့ အရှိန်တုံ့သွားတာပါ၊ ဘာပဲဖြစ်ဖြစ် ဒီအင်ဂျင်နီယာရဲ့ နောက်တွဲယာဉ်က လာတိုက်တာပဲ၊ သူမှာ တာဝန်ရှိတယ်၊ သက်ဆိုင်ရာနဲ့ ဖမ်းခိုင်းရမယ်"

ဝမ်ရှောင်ကန်းက ပြောရုံရှိသေး ဝူကျင်ကွေ့က လက်လွှတ်သွားသည်။

ဝူကျင်ကွေ့က ဟန်းဖုန်းကို ခါးမှဖြုတ်ကာ ခလုတ်နှိပ်မည်အပြု...

"ဟေ့– ဟေ့ အရမ်းမပြောနဲ့၊ ဒီအင်ဂျင်နီယာလေးက လမ်းကြုံလို့လိုက်လာတာ၊ သူ့ကားမဟုတ်ဘူး၊ သူကစိတ်ပူလို့ လိုက်ဆွဲတဲ့လူပဲ၊ အခု မင်းတို့လုပ်လို့ သေတော့မယ်၊ ခေါ်စမ်း အဲဒီ ပုလိပ်ကို မင်းတို့ အမှုဖြစ်ပြီမှတ်၊ တို့အားလုံး သက်သေပဲကွ"

ထိုအခါ မိန်းကလေးအစ်ကိုကြီးက လှမ်းအော်သည်။

"ဟေ့ ဟေ့ စကားများမနေကြနဲ့ တို့ညီမလေးကို ငါတို့ကားနဲ့





ဆေးရုံခေါ်သွားမယ်"

"ဟာ၊ ကျုပ်တို့ ဆရာလေးကိုလဲ တစ်ပါတည်းခေါ်သွားရမှာပေါ့၊ ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ထိုးကြိတ်ကန်ကျောက်ပြီး ပစ်ထားခဲ့လို့ဖြစ်မလား"

"အင်းလေ၊ ကျုပ်တို့ကားနဲ့ ဆေးရုံ တစ်ခါတည်း တင်ခေါ်သွားမယ်၊ ခေတ်ပိန်၊ ကားခေါ်စမ်း"

မော်ခေတ်ပိန်က လက်ခုပ်တီး၍ခေါ်ရာ ခဏအကြာ ဖိုက်ဗ်ငွန်းကားလှလှကြီးတစ်စီးရောက်လာသည်။

"နေ၊ နေ မင်းတို့ညီမလေးကို မင်းတို့ကားနဲ့ခေါ်သွား၊ ဒီလူကို ငါ့ကားနဲ့ တင်ခေါ်ပြီးလိုက်ခဲ့မယ်"

ဝူကျင်ကွေ့က မနာလိုစွာ လူချင်းခွဲထုတ်ဖို့ သတိရသေး။

"ငါတို့ အင်ဂျင်နီယာနဲ့ တို့လဲလိုက်ခဲ့မယ်၊ ဟိုတစ်ယောက် လမ်းပေါ်က ဆရာတို့ဆီအကြောင်းစုံ သတင်းပို့ပြီး ဒီနောက်တွဲယာဉ် ပြန်ဆွဲထုတ်ဖို့လုပ်၊ နေရစ်ခဲ့"

အလုပ်သမားခေါင်း ချန်ဟုတ်ချင်းက မှာခဲ့ပြီး မင်းဝေကို စိတ်မချ၍ ဆေးရုံသို့ လိုက်ခဲ့ကြသည်။

သတိလစ်နေသည်။

မော်ခေတ်နန်းမြိုင် သို့မဟုတ် သူ့ကိုချစ်သည့်လူများခေါ်သည့် မော်ရွှေမင်းသမီးလေး သို့မဟုတ် ခဏကလေးကမှ တွေ့ဆုံခဲ့သည့် ကိုမင်းဝေ အခေါ် မောသခင်မလေး သူ သတိလစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘေးလူများအမြင်တော့ မော်ခေတ်နန်းမြို့င် သတိလစ်နေသည်။ သူကိုယ်၌ကတော့ သတိရလာသည်။ သူသတိရတော့ ဟံသာမင်းဝေက သူ့ကို ပွေ့ပိုက်၍ ညစ်ကာ ညစ်ကာ ငိုနေသည်။ အကြာကြီးသတိလက်လွတ် ငိုနေသည်။ သူ့ကို လှုပ်၍ လှုပ်၍ နိုးနေသည်။ ခါ၍ ခါ၍ ခေါ်နေသည်။

"ထတော့ မောသခင်မလေးရယ်၊ အစ်ကို့ကို ပစ်သွားတော့မှာလား နှမတော် ရွှေမင်းသမီးလေးရယ်၊ အစ်ကိုတော့်ကိုချစ်တယ်ဆို၊ ခုတော့ ထားခဲ့တော့မှာလား နွယ် ...ရယ်"

နှမတော် သိပါသည်။ အစ်ကိုတော် နွယ့်ကို မည်မျှချစ်ကြောင်း သိပါသည်။ နှမတော်ကလည်း အစ်ကိုတော်ကို သက်နှင့်ထပ်တူ ချစ်ပါသည်။ သို့ပေသိ ဤဘဝတွင် ပေါင်းရမည့်ကံကြမ္မာက ဖန်မလာခဲ့ပြီတကားး။

ထို့ကြောင့် သတိမေ့ခဲ့သော မော်ခေတ်နန်းမြို့င်သည် သူ မောမြတ်နန်းနွယ်ဘဝတုန်းက လိပ်ပြာထွက်ပြီးနောက် အစ်ကိုတော် ဟံသာမင်းဝေ ပွေ့ဖက်ငိုယိုသည့် ဖြစ်ရပ်ဟောင်းကို ယခု ပြန်လည်သိမြင်သည်။ သို့ဖြင့် သူနှင့် အစ်ကိုတော် ဟံသာမင်းဝေတို့၏ မပေါင်းလိုက်ရသော လွန်ဘဝကဇာတ်လမ်းကို ပြန်လည် အမြင်ရနေလေသည်။

မော်ခေတ်နန်းမြို့င်အဖြစ် လူ့ဘဝရောက်နေသူကမူ သတိလစ်ဆဲ ဆေးရုံကြီးတွင် ရောက်နေလေပြီ။

အလားတူ မေးကြောကိုမှ အလွန်တိုက်ချက်ပြင်းသည့် ဒူးနှင့်





အတိုက်ခံရ၍ အမေ့ကြီး မေ့သွားသည့် မင်းဝေသည်လည်း သတိမေ့မြောနေစဉ် သူ၏ဘဝဟောင်းက မောမြတ်နန်းနွယ်နှင့် ဆုံစည်းခဲ့ရပုံကို ယခု ပြန်လည်ကြားမြင်လာသည်။ သူမက်နေကျ အိပ်မက်နှင့် တစ်ထပ်တည်း။

ဆေးရုံရောက်ပြီး ခဏအကြာ၌ပင် မင်းဝေ သတိရလာသည်။

"ဟင်... ကျွန်တော် အခု ဘယ်ရောက်နေတာလဲဗျာ"

"ဆေးရုံပေါ်ရောက်နေတယ် ဆရာလေး၊ ဘာမှ မစိုးရိမ်နဲ့ ကျုပ်တို့ ရှိပါတယ်"

"ဟုတ်ကဲ့ပါ ချွန်ဟုတ်အင်း၊ ဒါနဲ့ ဟို...ဟို မောသခင်မလေးရော ဘာဖြစ်သွားသေးလဲ"

"ဟို မိန်းမချောလေးလား၊ သူလဲ ဒီဆေးရုံရဲ့ အထူးခန်းမှာ ရှိနေတယ်၊ စောစောကအထိတော့ သတိမရသေးဘူး"

"ဟာ ဖြစ်မှဖြစ်ရလေ၊ ကျွန်တော် သူ့ကို သွားကြည့်မယ်ဗျာ"

ပြောပြောဆိုဆို မင်းဝေ သူ လှဲနေရာခုတင်ပေါ်က ထထိုင်သည်။

"ဟာ အရမ်းမထနဲ့၊ ခုလေးတင် မင်းဒဏ်ရာတွေကို ဆေးသည့်ပတ်တီးစည်းပြီးခါစရယ်၊ နည်းနည်းပါးပါးနားနေဦးမှပေါ့"

"မဖြစ်ဘူး၊ အဲဒါ မောသခင်မလေးဗျ၊ ကျွန်တော် သူ့ကို ခုပဲ သွားကြည့်ချင်တယ်"

"အို ခက်ကပြီပဲ၊ ဆရာလေးသွားကြည့်ချင်တိုင်း ကြည့်လို့ရမယ်ထင်သလား၊ မိန်းမချောလေးကို သူ့အစ်ကိုဆိုတဲ့ကောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



အပြင် ဟိုလူမိုက်နှစ်ကောင်ကလဲ စောင့်ကြည့်နေကြတယ်၊ ကောင်း လေးအခန်းကို ဘယ်သူမှ ပေးမဝင်ဘူး"

"ကျွန်တော် ရှင်းပြရင် ပေးဝင်မှာပါ"

ထိုအခါ အလုပ်သမား အင်ဟာန်က ဝင်ပြောရသည်။

"ဟာ ဆရာမဖြစ်နိုင်ဘူးဗျာ၊ ဆရာ့ကို ဒီအခန်းထဲက မထွက် နိုင်အောင် ဟိုလူတွေက အစောင့်တွေချထားတယ်၊ ဒီမှာပဲ နေတဲ့ ဒဏ်ရာသက်သာရင် လုပ်ငန်းခွင်ကို သူတို့ လိုက်ပို့ပေးမယ်တဲ့"

"ဟုတ်ပါတယ် ဆရာလေးရယ်၊ လောလောဆယ်တော့ သက် သာအောင် နားနေပါ၊ ဆရာလေး ဒဏ်ရာတွေက မသေးဘူးလေ"

"ဒါဆို ကျွန်တော်က ဒီအတိုင်းနေ နေရမှာလား"

"ဆရာလေး ခက်သာတာနဲ့ လာပြောတဲ့၊ ပို့ပေးမယ်တဲ့"

"ဒါဆို မသက်သာသေးဘူးလို့သာပြောထား၊ ကျွန်တော် မော သခင်မလေးနဲ့မတွေ့ရမချင်း ဒီက မခွာဘူး"

"အိုး... လုပ်ငန်းခွင်ကို ကျွန်တော်တို့ ပြန်ရဦးမယ်လေ"

"ဒါဆို ချန့်ဟုတ်အင်းတို့ အရင်ပြန်နှင့်ဗျာ၊ ကျွန်တော့်အတွက် ဆေးခွင့်တိုင်ပေးထားပါဗျာ"

"ဟင် ဆရာလေးကို ဒီမှာ ထားခဲ့လို့ကတော့ ကျွန်တော်တို့ မရှိတုန်း ဟိုနှစ်ကောင်က အရေခွံနွာပစ်မှာ၊ သူတို့ ပြောဆိုနေတာ ကြားရသလောက် မိန်းမချောလေးက ဆရာလေးနာမည်ကို အရေး တယူ ခေါ်တယ်၊ ဆရာလေးကလဲ သူ့နာမည် ခေါ်တယ်၊ ဒီနှစ်ယောက်





ကျောင်းနေဖက်ဖြစ်ခဲ့ဖူးပုံရတယ် တဲ့၊ ပေးတွေ့လို့ မဖြစ်ဘူးတဲ့"

ကိုမင်းဝေ သက်ပြင်းရှည်မှုတ်ထုတ်ပြီး အိပ်ရာပေါ် ပစ်လှဲချ လိုက်သည်။

"အား...ကျွတ်...ကျွတ်" ခေါင်းနှင့် ခေါင်းအုန်းပျော့ပျော့ ရိုက်မိ သည့်အချိန်မှုနှင့်ပင် သူ့တစ်ကိုယ်လုံးက ဒဏ်ရာများသည် ထနာ လေ၏။

"ကြည့်ပါလား၊ ဒဏ်ရာက ရောင်ကိုင်းနေဆဲ မဟုတ်လား၊ မှာပေါ့၊ အခုလိုပဲ နားနေပါ၊ မကြာခင် ဆရာလေးတို့ ဆိုက်က မ်မန်နေဂျာနဲ့ လူယုံတစ်ယောက်လာကြမယ်တဲ့၊ သူတို့ရောက်ရင် ကျုပ်တို့နှစ်ယောက် ပြန်ရမယ်၊ ကျုပ်က ဆရာလေးအခြေအနေကို ဖုန်းနဲ့ သတင်းပို့ထားတယ်၊ ဒါကြောင့် ဆရာလေးတို့ လူတွေ တစ်လှည့်လာစောင့်ပေးကြမယ်၊ ဒီဆေးရုံက ဆရာဝန်ဆင်းခွင့်ပြု မှ ဆရာလေးဆင်းရမယ်တဲ့"

ကိုမင်းဝေ မျက်စိစုံမှိတ်၍ အကြံအိုက်နေတော့သည်။

✦ ✧ ✦



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

## သြရရောင်ပါနှင့် လှုပ်ကြံမှု

"ဟော...ဟော ညီမလေးမြိုင် သတိရလာပြီ"

မော်ခေတ်နန်းမြိုင်ကို မမှိတ်မသုန်စိုက်ကြည့်နေသည့် ဝူကျင်ကွေ့၏အသံကြောင့် အခန်းကျယ်၏ဆိုဖာထိုင်ခုံများတွင်ထိုင်၍ အခြေအနေပြောနေကြသည့် မော်ခေတ်စိန်၊ မော်ခေတ်ပိန်၊ ဝမ်ရှောင်ကန်းနှင့် မော်ခေတ်နန်းမြိုင်၏ ကျောင်းနေဖက်အတန်းတူသူငယ်ချင်း မေလီ ဆိုသည့် မိန်းကလေးတို့အုပ်စု ခုတင်နားသို့ ပြေးလာကြသည်။

"ညီမလေး ... သတိရပြီနော်"





အစ်ကိုနှစ်ယောက်က မျက်လုံးကလယ်ကလယ်နှင့် သူတို့အုပ်စုကို လိုက်ကြည့်နေသည့် မော်ခေတ်နန်းမြိုင်ကို မေးသလို ဝမ်ရှောင်ကန်းကလည်း ရှေ့သို့လှတိုးပြီး ~မေး၏။

"ညီမလေးမြိုင် ကောင်းကောင်းသတိရပြီလားကွယ်"

"အင်း ... သူငယ်ချင်း မေလီလဲ ရောက်နေမှကိုး"

မော်ခေတ်နန်းမြိုင်က သူ့သူငယ်ချင်းကိုတွေ့သွား၍ စကားဆိုလာသည်။ အသံကတော့ တိုးတိုး၊ အားသိပ်မရှိသေး။

"ဟုတ်တယ် နန်းမြိုင်ရေ၊ နင် အခုလို ဖြစ်သွားတာကြားရတော့ ငါဖြင့် စိတ်ပူလိုက်ရတာ၊ နင့်ကို ခွဲစိတ်ကုသနေတုန်း ငါရောက်လာတာပဲ၊ အပြင်ကနေ ရင်တမမနဲ့ စောင့်လိုက်ရတာ၊ တော်ပါသေးရဲ့ ခွဲစိတ်မှုက အောင်မြင်လို့ပေါ့"

"ဟင်းဟင်း အောင်မြင်တယ်တဲ့လား၊ ငါ့ကိုယ်အောက်ပိုင်းအခု လှုပ်လို့မှမရတော့တာ"

"ဟာ... အဲဒါ ခါးနဲ့ဒူးဆစ်အထိ စည်းသင့်တဲ့ကျောက်ပတ်တီးဆွ စည်းထားလို့ပါ သူငယ်ချင်းရာ"

"အေးပါ ငါလဲ ဆေးကျောင်းသူ နောက်ဆုံးနှစ် ဂျူနီယာသမားဲ ဒါလောက်တော့ သိတာပေါ့၊ အခုဟာက ငါ့ခြေချောင်းတွေ လုံးဝလှုပ်လို့မရတော့ဘူး၊ ငါ သိနေတယ်"

"ဟင် ...ဟာ ...အို ...ဟုတ်ပါ့မလား" စသည့် အာမေဍိတ်အသံများ ညံသွားသည်။ ဘေးမှရပ်နေသူအားလုံး၏ အကြည့်သည် မော်



www.burmeseclassic.com

www.burmeseclassic.com



ခေတ်နန်းမြိုင်၏ လှပဥဖွေးသော ခြေထောက်ကလေးနှစ်ချောင်းဆီသို့ ရောက်သွားကြသည်။ ဆေးရုံဘောင်းဘီရှည် ပန်းနုရောင်၏ အနားမှထွက်နေသော သူ့ခြေထောက်များသည် ခြေကျင်းဝတ်အောက်ပိုင်းပေါ်နေသည်။ ပကတိဖောင်းမို့လှပနေသည့်ပုံစံကလေး။

"လှုပ်ပြစမ်း၊ ခြေမနှစ်ဖက် ကွေးပြစမ်း ညီမလေး"

"ဟုတ်တယ်၊ ခြေချောင်းကလေးတွေကို လှုပ်ပြ၊ လှုပ်ပြ၊ လှုပ်လေ ညီမလေးမြိုင်"

အားလုံးကပြောရင်း လူနာမလေး၏ ဖွေးဖွေးလေး အစုံလိုက်ထောင်နေသည့် ခြေဖျားနှစ်ဖက်ကို စိုက်ကြည့်နေကြသည်။

အား◌ုံး မျက်စိမြင်ကွင်းတွင် ခြေနှစ်ဖက်က ငြိမ်နေသည်။ တုတ်တုတ်မျှမလှုပ်။

အားလုံး၏အကြည့်က မော်ခေတ်နန်းမြိုင်၏ မျက်နှာဆီ ပြန်ရောက်ကြသည်။ မျက်လုံးက လှုပ်နေသည်။ မျက်နှာရှိ မျက်ခုံးများ၊ ပါးများ၊ နှုတ်ခမ်းများပါ လှုပ်နေသည်။ သူ့အာရုံထည့်၍ သူ့ ခြေချောင်းများကိုကြိုးစား၍ လှုပ်ကြည့်နေသည်။ သို့သော် ခြေထောက်အာရုံကြောများသည် သိစိတ်၏ စေခိုင်းချက်ကို ရဟန်မတူ၊ ခြေချောင်းများ လှုပ်မလာကြ။

"ဟာ၊ မဖြစ်ဘူး၊ ဆရာဝန်ကြီးကို အမြန်ပြေးခေါ်"

မေလိက ထအော်သည်။ သွက်လက်သော ဝမ်ရှောင်ကန်းက မော်ခေတ်ပိန်လက်မောင်းကို ဆွဲခေါ်ကာ အခန်းထဲမှ ဆရာဝန်ကြီးရှိရာသို့ အပြေးထွက်လာကြလေ၏။





ခဏကြာသော် ဆရာဝန်ကြီး လိုက်ပါရောက်ရှိလာသည်။ သူလည်း မော်ခေတ်နန်းမြိုင်၏ ဘောင်းဘီရှည်ကို ဒူးဆစ်အထိလှန်၍ ဟိုခေါက်ဒီခေါက် ဟိုနှိပ်ဒီနှိပ်၊ ဟိုစမ်းဒီစမ်း လုပ်နေသည်။ ဖြူဖွေးအိထွေးသော ခြေနှစ်ချောင်းကမူ ဘာသုပ်လုပ် လှုပ်မလာ။

"ဒါက ဒီလိုရှိတယ်၊ လောလောဆယ်၊ ခါးဆစ်ကို ဒဏ်ရာရထားလို့ ခွဲစိတ်ပြန်ဆက်ထားခါစဆိုတော့ အကြောတွေက မူလပုံပြန်မရောက်သေးလို့ပါ၊ အရိုးတွေ ဆက်သွားတော့ လေ့ကျင့်ခန်းသုပ်ပေးရင်း တဖြည်းဖြည်း အကြောတွေ ပြန်အားရှိလာတော့ ခြေထောက်လဲ လှုပ်လို့ရလာနိုင်ပါတယ်"

ထိုစဉ် သူဌေးကြီးမော်နှင့် သူဌေးကတော် အော်ကျင်မြိုင်တို့သည်၊ အခန်းထဲသို့ ကသောကမျော ဝင်လာကြသည်။

"ကျွန်မသမီးလေး အောက်ပိုင်းသေသွားတာမျိုးတော့ မဟုတ်ပါဘူးနော် ဆရာဝန်ကြီး"

အမေဖြစ်သူက စိတ်ပူစိုးရိမ်စွာ ပြောရင်း ငိုနေရှာသည်။ အဖေဖြစ်သူက သူ့သမီး၏ ခြေဖမိုးနှင့် ခြေကျင်းဝတ်ကလေးများကို ဆုပ်နယ်ရင်း မျက်နှာလေးကို စိတ်မကောင်းစွာ ကြည့်နေ၏။

မော်ခေတ်နန်းမြိုင်က သူ့နားတွင် ဝိုင်းဝိုင်းလည်နေသည့် လူများကို လိုက်ကြည့်နေသည်။

ဆရာဝန်ကြီးက အကြည့်၊ ဆရာဝန်ကြီးက ...



www.burmeseclassic.com

www.burmeseclassic.com



"အောက်ပိုင်းသေလောက်အောင် ဒဏ်ရာက မဆိုးဘူးလို့ ကျုပ်တို့ ခွဲစိတ်စဉ်တွေ့ရှိချက်အရ ပြောနိုင်ပါတယ်၊ အချိန်နည်းနည်း ယူကြည့်တာပေါ့၊ လောလောဆယ်ပြောလို့မဖြစ်သေးပါဘူး"

ဟု ရှင်းပြနေသည်ကို မော်ခေတ်နန်းမြိုင်ထံမှ ထွက်လာသည့်အသံကြောင့် အားလုံး လန့်သွားသည်။

"ထားလိုက်ပါရှင်၊ အဲဒါ အရေးမကြီးဘူး၊ မြိုင့်အတွက် အရေးကြီးဆုံးက အစ်ကို မင်းဝေပဲ၊ အခုရောက်နေတဲ့အထဲမှာ အစ်ကို မင်းဝေကို မတွေ့သေးဘူး၊ သူ ဘယ်ရောက်သွားတာလဲ၊ ဘာကြောင့် မလာသေးတာလဲ၊ မြိုင် အစ်ကိုမင်းဝေနဲ့ တွေ့ချင်တယ်"

"ဟင် ...ဘယ်သူလဲသမီး၊ ဘယ်က အစ်ကိုမင်းဝေတဲ့လဲ၊ ပြောကြပါဦး"

အော်ကျင်မြိုင်က သူ့သမီးစကားကြောင့် သားများနှင့် သူငယ်ချင်းများကို မေးလေ၏။ လူငယ်လေးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဘာဖြေရမှန်းမသိ။

"သမီးကို နောက်တွဲယာဉ်ဝင်တိုက်တုန်းက သူ ရှိနေတယ် အစ်ကို မင်းဝေမှ မင်းဝေအစစ်၊ သူက သမီးကို လာပွေ့ပြီးဖေးမပေး ထားခဲ့တယ်၊ အခုဘယ်ရောက်သွားသလဲ၊ ဆေးရုံကို လိုက်မလာဘူး လား၊ သူ့ကို အခုခေါ်ပေးကြပါ"

လူငယ်လေးယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်သည်။





"အစ်ကိုတို့ သိပါတယ်နော်၊ အစ်ကိုမင်းဝေ ညီမလေးကို လာပြီး ဖေးမခဲ့တာကို အားလုံးမြင်ခဲ့ကြပါတယ်နော်၊ အခု သူ ဘယ်မှာလဲ၊ သူက ညီမလေးကို အရမ်းစိတ်ပူခဲ့သူမို့ လိုက်ကိုလာမှာပဲ"

မော်ခေတ်နန်းမြိုင် ပြောရင်း စိတ်ညစ်လာ၍ ငိုသံပါလာသည်။ သူ့မိခင် အော်ကျင်မြိုင်လည်း သမီးလေးအတွက် စိတ်ပူသွား၏။

"သမီးလေးပြောနေတဲ့အတိုင်းဆို ဟိုသူငယ် ဘယ်သူတဲ့၊ အဲ မင်းဝေဆိုလား၊ အဲဒါဘယ်သူလဲ၊ သမီးလေးသူငယ်ချင်းလား၊ သားတို့ တစ်တွေရဲ့ အရိပ်အကဲကြည့်ရတာ အဲဒီသူငယ်ကို တွေ့ခဲ့ပုံ ရတယ်၊ ခေါ် လိုက်လေ၊ သမီးလေးက တွေ့ချင်တယ်ဆိုနေမှ"

"ဟုတ်ကဲ့ပါ မာမားရာ၊ ခေါ် ပေးလို့ရပါတယ်၊ ဒါပေမယ့် အဲဒီ လူက ဟို ... ဟို"

"ဟော့ကောင်၊ သားကြီး ဘာအထစ်ထစ်လုပ်နေတာလဲ၊ ခေါ် ပေးလို့ရရင် အခု သွားခေါ် ပေးလိုက်ကြပါလားကွ"

သူ့ဌေးကြီးမော်က သူ့ချစ်သမီးလေးတွေ့လိုသူကို အမြန်ခေါ် ပေးစေလို၍ ဝင်ပြောသည်။ ဖခင်ကြီး၏ ဩဇာအရှိန်အဝါကို လူငယ် များ အဘယ်မှာလျှင် လွန်ဆန်ရဲအံ့နည်း။

"ဟုတ်ကဲ့ပါ ပါပါး"

"ဟုတ်ကဲ့ပါ ပေ့ပေ့၊ ဒါပေမယ့် အဲဒီလူ အဲလေ ကိုမင်းဝေလဲ နောက်တွဲယာဉ်လိမ့်ဆင်းပြီး မျက်နှာကို ချိတ်ဆက်နဲ့ ရိုက်မိလို့ နည်း နည်း ဒဏ်ရာရခဲ့ပါတယ်၊ အခု သူ့ကို ဟိုဘက် ရိုးရိုးလူနာဆောင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပို့ထား ပါတယ်"

"အို… အစ်ကိုမင်းဝေလဲ ဒဏ်ရာရသွားခဲ့သလား၊ တော်တော်ပြင်းသလား၊ ဟုတ်ပါပြီ ညီမလေးနဲ့ အဲဒီအစ်ကိုတို့ဟာ ကံတူအကျိုးပေးချင်းမို့ ဒဏ်ရာရတာတောင် အတူတူဖြစ်မှာပေါ့၊ ဒီဆေးရုံမှာပဲရှိနေတယ်ဆိုရင် အခုသွားခေါ်ပေးပါတော့လား၊ အစ်ကိုတို့ရေ"

"အေးပါကွာ …အေးပါ"

လေးယောက်သား ထွက်ခဲ့ကြသည်။ အခန်းပြင်ရောက်တော့ မော်ညီအစ်ကိုက ပြောသည်။

"ဟော့ ဟိုနှစ်ယောက် ဒီရှေ့နားက စောင့်နေရစ်ခဲ့၊ မင်းတို့လိုက်လာလို့ မဖြစ်ဘူး၊ တို့ညီအစ်ကိုသွားခေါ်မယ်"

ဟု ဆိုကာ ထွက်သွားကြသည်။

ကိုမင်းဝေ၏ ခုတင်နား ရောက်လာကြသည်။

"ဘယ့်နှယ်နေသေးလဲ ကိုမင်းဝေ"

မင်းဝေက လူစိမ်းနှစ်ယောက်ကိုကြည့်၍ "ခင်ဗျားတို့က ဘယ်သူတွေလဲ ခင်ဗျာ" ဟု ပြန်မေးသည်။

"ကျွန်တော်တို့လား၊ မော်ခေတ်နန်းမြိုင်ရဲ့အစ်ကိုကြီး မော်ခေတ်စိန်နဲ့ အစ်ကိုငယ် မော်ခေတ်ပိန်တို့ပါ၊ ဟောဒီက မိတ်ဆွေနေသာထိုင်သာရှိရင် ကျွန်တော်တို့နဲ့ လိုက်ခဲ့ဖို့ လာခေါ်တာပါ"

"ဟာ ဒီမျက်နှာက ဒဏ်ရာကြီးတွေမြင်သားနဲ့ ဘယ့်နှယ်နေသာထိုင်သာရှိမှာလဲ၊ ဘယ်ကိုသွားဖို့ လာခေါ်တာလဲ၊ ကျွန်တော့်





ကို မတရားတီးခဲ့တဲ့ ဟိုလူဆိုးတွေနဲ့ တွေ့ဖို့များလား"

"မဟုတ်ပါဘူး မိတ်ဆွေရာ၊ တို့ညီမလေး နန်းမြိုင်က ကိုယ့်လူကို တွေ့ချင်တယ်ဆိုလို့ပါ"

"ဟော ဟုတ်လား၊ ဒါဆို အခုလိုက်ခဲ့မယ်၊ ဘယ်ကို သွားရမှာလဲ"

"ဟ စောစောကတော့ အင်တင်တင်နဲ့ ခုတော့လဲ လောလှချည်လား၊ နေပါဦး ဒီက မိတ်ဆွေဟာ တို့ညီမလေးနဲ့ ဘယ်တုန်းက သိတာလဲ၊ ဟိုက်စကူးတုန်းက ကျောင်းနေဖက်တွေလား"

"အို ဒါတွေပြောရရင် အရှည်ကြီးပဲ၊ အခု မောသခင်မလေးနဲ့ အရင်ပေးတွေ့ပါဗျာ"

ကိုမင်းဝေ ခုတင်မှ လျှောဆင်း၍ ထရပ်သည်။ သူ့ကို အဖော်လာလုပ်သည့် ဝေစန်း ဆိုသူ အင်ဂျင်နီယာပေါက်စနှင့် ကျင်ဟန်ဆိုသူ အလုပ်သမားတစ်ယောက် အလှည့်ကျ ရောက်လာဆဲ ဖြစ်ရာ ဆိုသူတို့က မင်းဝေကို ဖေးမပေးကြသည်။

"ကိုင်း သွားကြစို့လေ"

မင်းဝေက လောဆော်လိုက်သောကြောင့် ဟိုနှစ်ယောက်ရှေ့ဆထွက်သွားရာသို့ မင်းဝေနှင့် ဝေစန်းတို့က နောက်မှ သွက်သွက်လိုက်ပါသွားကြသည်။

သူတို့သည် မော်ခေတ်နန်းမြိုင်ရှိရာ လူနာခန်းထဲသို့ ရောက်ရှိသာကြသည်။ ကိုမင်းဝေကို လမ်းဖွင့်၍ ဝိုင်းပြီး နေရာဖယ်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ လှနာလဲလျောင်းနေရာ ခုတင်ကြီးဆီသို့ ကိုမင်းဝေက ခြေလှမ်းမှန်မှန်ဖြင့် တိုးကပ်သွားလေ၏။ ခုတင်ပေါ်၌ ပက်လက်ကလေး လဲလျောင်းနေသော မော်ခေတ်နန်းမြိုင်သည် ဝင်လာသူလူငယ်ကို ရီဝေသော မျက်လုံးအစုံဖြင့် မျက်တောင်မခတ်ဘဲ ငေးစိုက်၍ ကြည့်နေသည်။

ရှေ့ကို တစ်လှမ်းချင်း တိုးတိုးလာသော ကိုမင်းဝေကလည်း မော်ခေတ်နန်းမြိုင်၏ မျက်နှာလေးကို မျက်တောင်မခတ်ဘဲ ရီဝေသော မျက်လုံးအစုံဖြင့် စိုက်ကြည့်ရင်း ပတ်တီးတွေကြားက မျက်လုံးအစုံဖြင့် ပြုံးလဲ့လဲ့ဖြင့်ကြည့်ကာ အပြုံးအားဆေးဖြင့် တိုက်ကျွေးပေးရှာသည်။

"ရှင် ... ရှင် အကိုမင်းဝေ ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ် ညီမလေးနွယ်၊ အဲလေ နန်းမြိုင်ရယ်"

"သိပ်မှတ်မိပါတယ် မောသခင်မလေး အဲလေ၊ မော်သခင်မလေးရယ်"

သူတို့နှစ်ဦး၏ အချီအချ ပြောဆိုနေသော စကားသံများကို ကြားရသော ဘေးပတ်ဝန်းကျင်ကလူများသည် ဘာတွေမှန်းမသိ အူကြောင်ကြောင် ဖြစ်ကုန်ကြလေသည်။

အောင်ကျင်မြိုင်က သူ၏သမီးလေးအတွက် စိတ်ပူသွားပြီး ရုတ်တရက် စကားဖြတ်ပြောလေသည်။

"နေပါဦး သမီးငယ်လေးတို့က ဘာတွေပြောနေကြတာလဲ၊





ဆောင်းနေဖက်သူငယ်ချင်းတွေ မို့လား၊ ဘယ်တုန်းက သိခဲ့တာလဲ"

"အို မေမေကလဲ ကိုမင်းဝေဆိုတာ သမီးရဲ့အခုဘဝက သူငယ်ချင်းမဟုတ်ဘူး၊ ဟိုးရှေးရှေးဘဝတုန်းက ချစ်ရတဲ့ချစ်ဦးသူပါ၊ မဟုတ်ဘူးလား အစ်ကိုတော်"

ဟု ဆိုကာ ကိုမင်းဝေကို စေ့စေ့ကြည့်၍ မော်ခေတ်နန်းမြိုင်ပြောလိုက်သည့်စကားကြောင့် ပတ်ဝန်းကျင်မှ လူအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်၏။

ဤအထဲက အလှုပ်ရှားဆုံးသူမှာ သူဌေးကြီးမော် ဖြစ်လေသည်။ သူဌေးကြီးသည် သူ၏ ချစ်မငြီးသည့် သမီးလေးကို အလန့်တကြားကြည့်ကာ မျက်စိမျက်နှာ ပျက်သွားလေသည်။ ခဏမျှ စိုက်ကြည့်ပြီး သူ၏ဦးခေါင်းကို တသွင်သွင်ခါရမ်းလေသည်။

"လုပ်ပါဦး ဆရာဝန်ကြီးရေ၊ သေသေချာချာ စစ်ဆေးပေးပါဦး ကျွန်တော့်သမီးလေး ဒဏ်ရာက ခါးတစ်ပိုက်မှာသာ ထိခိုက်တာဟုတ်ရဲ့လား၊ ဦးခေါင်းကိုရော ထိ,မထိ သေချာ ဓာတ်မှန်ရိုက်စစ်ဆေးပေးပါဦး"

"ဟုတ်ပါတယ် ဆရာဝန်ကြီးရယ်၊ ကျွန်မတို့ သမီးလေးကို ဦးနှောက်တွေ ဘာတွေ ထိခိုက်မှု ရှိ,မရှိ သေချာစစ်ဆေးပေးပါဦး၊ ကြည့်ပါလား၊ အခု သမီးကလေးက ကပေါက်တီကပေါက်ချာချော်လျှောက်ပြောနေပါတယ်၊ ဘယ့်နှယ်လုပ်ကြမလဲ"

ထိုအခါ ဆရာဝန်ကြီးသည် ရှေ့သို့ တိုးထွက်၍ လူနာမိန်းမပျို



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို အနီးကပ်ငုံ့ကြည့်ကာ မျက်ခုံးရှုံ့၍ ခေါင်းခါပါတော့သည်။

လူနာမိန်းမပျိုကလေးက ဆရာဝန်ကြီးကို ခပ်ပြုံးပြုံးလေး ပြန်ကြည့်ပြီး အားလုံးကြားအောင် အသံကျယ်ကျယ်ဖြင့် ပြောပြလေတော့သည်။

"ဒီမယ် အန်ကယ် ဆရာဝန်ကြီးရယ်၊ သိပ်ပြီး ဦးနှောက်မစားနေပါနဲ့၊ အခု ကျွန်မရဲ့အဖြစ်က ဆေးသိပ္ပံပညာနဲ့ စမ်းသပ်လို့ မတွေ့ရှိနိုင်တဲ့ ဂမ္ဘီရဆန်းကြယ်ပညာနဲ့မှ သိနိုင်တဲ့ ဘဝဆက် ဘဝခြား ဖြစ်စဉ်ဖြစ်ရပ်များ ဖြစ်ပါတယ်၊ ဘာဆေးပညာအစွမ်းနဲ့မှ စမ်းသပ်ကုသနေစရာ မလိုပါဘူး။ ဟိုး တိဘက်ကုန်းမြေမြင့်က ဖြစ်ဖျားခံလာတဲ့ တူအိုတူအိုမြစ်ကမ်းဘေးက ကိုကို့ဆီလာ မြက်ခင်းလွင်ပြင်ကြီးမှာ စခဲ့တဲ့ ရှေးရှေးဘဝက ဇာတ်ကြောင်းတွေကို ပြန်ပြောင်းပြောပြရင်လဲ ကုန်နိုင်မှာမဟုတ်ပါဘူး၊ ဒါကြောင့် ဒီဘဝမှာ အစ်ကိုတော်နဲ့ အခုလို တိုက်တိုက်ဆိုင်ဆိုင် ပြန်လည်တွေ့ဆုံတုန်း ခင်ခင်မင်မင်နေခွင့်ပြုဖို့သာ တောင်းဆိုပါရစေတော့ရှင်"

မော်ခေတ်နန်းမြိုင်၏ စကားဆုံးသောအခါ တစ်ခန်းလုံး အပ်ကျသံပင်ကြားရမတတ် တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။ ခဏကြာသော် ငြိမ်သက်တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သောအသံတစ်သံ ဝှကျင်ကွေ့ထံမှ ထွက်ပေါ်လာသည်။

"ဟာ ရှုပ်ကုန်ပါပြီ၊ ဒီလူ မရိုးဘူး။ မှော်ဆရာလား၊ မျက်လှည့်ဆရာလား တစ်ခုခု ဖြစ်ရမယ်၊ ကျွန်တော်တို့ ညီမလေးကို သူ့ရဲ့





အတတ်ပညာနဲ့ ဖမ်းစားလိုက်တာ ဖြစ်ရမယ်"

ထိုအခါ ဝမ်ရှောင်ကန်းကလည်း ထောက်ခံ ပြောဆိုလေတော့သည်။

"ဟုတ်ပါတယ်၊ ဒီလူဟာ ညီမလေးမြိုင်ကို ပွေ့ဖက်ပြီး ပြုစားခဲ့တာ ဖြစ်ရမယ်၊ ဒါကြောင့် ကျွန်တော်တို့ ဆော်ပလော်တီးခဲ့တာ မမှားဘူး။ နည်းတောင်နည်းသေးတယ်၊ ဒီလူကို မြန်မြန်ဆွဲထုတ်သွားမှ ကောင်းမယ်ဗျို့"

ဟု ဆိုကာ ကိုမင်းဝေကို လက်မောင်းမှ ပြေးဆွဲ ခေါ်ထုတ်သွားလေတော့သည်။ သူ့ဗလကြီးနဲ့ဆိုတော့ ဒဏ်ရာရနေတဲ့ မင်းဝေလည်း ယက်ကန်ယက်ကန်နဲ့ ပါသွားလေတော့သည်။

"မလုပ်ပါနဲ့ အစ်ကိုတော်ကို လွှတ်လိုက်၊ အစ်ကိုမင်းဝေ ချက်နှာကဒဏ်ရာဟာ လက်စသတ်တော့ ရှင်တို့တစ်တွေရဲ့ လက်ချက်ကိုး၊ ဒီလို ရက်စက်ရမ်းကားတာကို ညီမလေး မုန်းတယ်ရှင့်"

ဟု မော်ခေတ်နန်းမြိုင် အသံကုန်ဟစ်အော်လေ၏။

ဗလအားကိုး ဝမ်ရှောင်ကန်း တစ်ချက်တုံ့သွားစဉ် ဝှကျင်ကွေ့ အနားပြေးကပ်ပြီး ...

"ဆက်လုပ်၊ ဆက်သာလုပ်၊ မြန်မြန်ခေါ်ထုတ်သွား၊ နောက် ပိုင်းကိစ္စ ငါတို့ကြည့်ပြီး ဖျောင်းဖျထားလိုက်မယ်"

ဟု ဆိုလေသည်။

ထိုကြောင့် ဝမ်ရှောင်ကန်းက ကိုမင်းဝေကို သူ့လှူနာဆောင်



www.burmeseclassic.com

www.burmeseclassic.com



ဘက်ရအောင်ခေါ်သွားသည်။ သူ့လူများကလည်း ဝိုင်းကူပေး၍ ကိုမင်းဝေ သူ့လူနာစုတင်သို့ ပြန်ရောက်ရလေ၏။

မော်ခေတ်နန်းမြို့င်အခန်းတွင်မူ ဝှကျင်ကွေ့က အသာအယာ ကပ်လာပြီး ချော့နေသည်။ လူမမာလေးက ခေါင်းကို တွင်တွင်ခါ၍ ငိုလေသည်။ မျက်စိစုံမှိတ်၍ ငိုနေလေသည်။

ထိုသို့ ကျဉ်းထဲကျပ်ထဲတွင်မှာပင် မော်ခေတ်နန်းမြို့င်၏ အတန်းဖော် မေလိကို မင်းဝေထံ အဖော်လာပြုသည့် အင်ဂျင်နီယာလေး ဝေစန်းက တွေ့သွားသည့်အတွက် အသာလက်တို့၍ ပြောသည်။

"မေလိ၊ ဒီ မော်သူဌေးကြီးသမီးလေးက နင်နဲ့ အရမ်းခင်သလား"

"ဟော ဝေစန်း… ဝေစန်းပါလား၊ ဒီကို ဘယ်လို ရောက်လာတာလဲ"

"နင်က ရှေ့မှာ အာရုံရောက်နေလို့ သတိမထားမိတာ ဖြစ်မယ်၊ ငါက ကိုမင်းဝေနဲ့အတူ ပါလာတာ၊ သူ့ကို လူနာစောင့်လာလုပ်ပေးနေတာ၊ ဆိုက်အတူမှာ အလုပ်အတူလုပ်နေတာ၊ စောစောက ငါတို့ ကိုမင်းဝေနဲ့ နင်တို့ မော်ခေတ်နန်းမြို့င်တို့ အချီအချ ပြောခဲ့တဲ့စကားတွေကို ကြားခဲ့မှာပေါ့"

"အင်း ကြားတယ်၊ ဘာတွေမှန်းမသိလို့ ကျွန်မလဲ အများနည်းတူ နားမလည်နိုင်ဘဲဖြစ်ခဲ့ပါတယ်။ ဟုတ်ပြီ၊ ဝေစန်း ရှင်က နတ်





ဆရာကြီး တန်ဝန်ဝီရှန်းရဲ့ မိသားစုထဲကပဲ၊ သူတို့နှစ်ယောက်ဟာ ရှေးဘဝက်တွေ ဘာတွေဆိုလား။ တိဗက်ကုန်းမြေမြင့်က လာတယ်ဆိုလား၊ အဲဒါ လူဝင်စားလား။ တကယ်ဖြစ်နိုင်လား"

"ဖြစ်နိုင်ပါတယ်၊ ခေတ်တွေ ဘယ်လောက်တိုးတက်တိုးတက်၊ သိပ္ပံပညာတွေ ဘယ်လောက်ထွန်းကားထွန်းကား၊ ဆန်းကြယ်တဲ့ လောကီပညာရေးရာတွေကို လိုက်မမီသေးတဲ့ ဖြစ်ရပ်တွေဟာ အများကြီးရှိသေးတယ်၊ တို့တရုတ်တွေမှာ ကွမ်ယင်မယ်တော်တို့ သုရဲကောင်းသုံးဖော်တို့ဆိုတဲ့ တန်ခိုးရှင်နတ်ကောင်းနတ်မြတ်တွေ ရှိတယ်ဆိုတာ နင် ယုံကြည်သလား"

"ယုံတယ်၊ ယုံတယ်"

"ဟူလိကျင်း မြေခွေးအောက်လမ်းမှော်တို့ အရိုးခေါင်းဖြူ မိစ္ဆာတို့ကိုရော ယုံလား"

"အင်း …ကြောက်စရာ နတ်ဆိုးတွေလို့ ပြောကြတာပဲ"

"အဲဒီလိုပဲ နာနာဘာဝတွေ၊ နတ်စိမ်းတွေ၊ ပြိတ္တာတွေ၊ ဥစ္စာစောင့်တွေရှိတယ်၊ စောစောက မော်ခေတ်နန်းမြို့င် ပြောသွားတာ ကြားမိတယ်၊ တူအိုတူအို မြစ်ကမ်းဘေးရှိ ကိုကို့ဆီလာ မြက်ခင်းလွင်ပြင်က သူတို့လာကြတာဆိုပဲ၊ အဲဒီမြက်ခင်းလွင်ပြင်ရဲ့ အထက်ပိုင်းမှာ ကျယ်လာတိမ်းတောင်ဆိုတဲ့ တောင်စွယ်ကြီးရှိတယ်၊ အဲဒီတောင်စွယ်ရဲ့ တောင်စွန်းကြီးတစ်ခုဟာ ငါတို့အဘိုး တန်ဝန်ဝီရှန်း အခါက ပြောဖူးတဲ့ ကန်ကြည်ယာကြူပါ ရှိတဲ့နေရာပဲ ငါ အခု



www.burmeseclassic.com

www.burmeseclassic.com



အာရုံအမြင်နဲ့ ခံစားရတယ်၊ နန်းမြိုင်နဲ့ မင်းဝေတို့ဟာ အဲဒီသိုက်နန်းကလာတဲ့ လူ့ဝင်စားတွေပဲပေါ့"

"ဒါဆို နန်းမြိုင်ဟာ ဦးခေါင်းကို ထိခိုက်မိလို့ ဒဏ်ရာရပြီး ဦးနှောက်ပျက်သွားတာ မဟုတ်ဘူးပေါ့နော်"

"မဟုတ်ပါဘူး၊ တစ်ခုတော့ရှိတယ်၊ လူတွေဟာ ဒဏ်ရာရလို့ မေ့မြောသွားတဲ့အခါမျိုးမှာ သူတို့ရဲ့ ဘဝတစ်ခုခုက ဖြစ်စဉ် ဖြစ်ရပ်တွေကို ပြန်ပြီး အာရုံအမြင်ရတတ်တဲ့သဘောရှိတယ်၊ လူ့ဝင်စားတို့အဖို့ ဒီလိုပဲ ဖြစ်တတ်တယ်"

"ရပြီ ရပြီ၊ ကျေးဇူးပါပဲ ဝေစန်းရယ်၊ ရှင့်ကို အခုလို မမျှော်လင့်ဘဲ ပြန်တွေ့ရလို့လဲ အရမ်းဝမ်းသာတာပဲ၊ နန်းမြိုင်ရဲ့ အဖြစ်မှန်ကိုပြောပြ သိရလို့လဲ ဝမ်းသာတယ်၊ ခဏလေးနော်၊ သူ့မိဘတွေစိတ်မပူရအောင် သွားပြောပေးလိုက်ဦးမယ်"

မေလီ လူကြားထဲတိုး၍ မော်ခေတ်နန်းမြိုင်၏ ခုတင်ဘေးခေါင်းရင်းနှ... အရောက်လာခဲ့သည်။

"ခဏလေးဖယ်ပေးကြပါ၊ ကျွန်မသူငယ်ချင်းရဲ့ အဖြစ်မှန်ကို ရှင်းပြပါ့မယ်၊ လောလောဆယ် သူ သိပ်စိတ်ညစ်နေတာကို အရင်ပြေပျောက်အောင် လုပ်ကြရပါမယ်"

မေလီက ပြောပြောဆိုဆို နန်းမြိုင်ကို မျက်နှာနားကပ်၍ လေသံချိုချိုနှင့် နှစ်သိမ့်သည်။

"သူငယ်ချင်း နန်းမြိုင် ဘာမှစိတ်မညစ်နဲ့ကွာ၊ နင်တို့အဖြစ်ကို





ငါ ကောင်းကောင်းနားလည်တယ်၊ အားလုံးကိုလဲ သဘောပေါက်အောင် ရှင်းပြမယ်၊ နင့်မှာ ခေါင်းကိုထိခိုက်လို့ လျှောက်ပြောတာ မဟုတ်ဘူးဆိုတာ ငါ ရှေ့နေလိုက်ပေးမယ်၊ ပြီးတော့ အဲဒီအဖြစ်မှန်ကို သက်သေထူပေးမယ့် လောကီပညာရှင်တွေရဲ့ မိသားစုဝင်ဖြစ်တဲ့ ဟိုက်စကူးတုန်းက ငါနဲ့ တစ်ကျောင်းတည်းတက်ခဲ့တဲ့ ဝေစန်းဆိုတာ ဒီမှာရောက်နေတယ်၊ သူကပြောလို့သိရတာ၊ ဘာမှမပူနဲ့ အားလုံးရှင်းသွားကြမှာပါ"

ထိုအခါကျမှ မော်ခေတ်နန်းမြိုင် မျက်လုံးအစုံ ပြန်ဖွင့်သည်။ မေလီက သူ့လက်ကိုင်ပဝါလေးနှင့် မျက်ရည်များကို တို့သုတ်ပေးသည်။

အကင်းပါးသော ဝူကျင်ကွေ့ ချက်ချင်း အခြေအနေအရပ်ရပ်ကို သိလိုက်သည်။ ထို့ကြောင့် သူက ဝေစန်းကို ဦးစွာ ပထုတ်လေသည်။

"ဒီမယ် ခင်ဗျားက မင်းဝေနဲ့ လုပ်ဖော်ကိုင်ဖက် အင်ဂျင်နီယာ မဟုတ်လား"

"ဟုတ်ပါတယ်"

"သူ့ကို အဖော်လာစောင့်တယ် မဟုတ်လား"

"အင်း ..အင်း"

"ဒါဆို မြန်မြန်လိုက်သွားပါတော့လား၊ ကျွန်တော့်သူငယ်ချင်းဓမ်ရှောင်ကန်းဟာ တစောက်ကန်းဗျ၊ လက်သံကလဲ ပြေင်းပါဘိနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



လူလစ်တာနဲ့ မင်းဝေကိုတီးမှာ၊ ဒီတစ်ခါဆို အသက်ပါ ပါသွားနိုင်တယ်၊ မြန်မြန်လိုက်သွားပါလေ”

ဟုတ်၏။ ဝေစန်း စိတ်ပူသွား၏။ ထို့ကြောင့် ကိုမင်းဝေရှိရာကို သုတ်ခြေတင်လာခဲ့ရလေတော့သည်။

ဝေစန်း ထွက်သွားသည်ကို မသိလိုက်သော မေလိသည် နန်းမြိုင်အတွက် သက်သေထူ၍ ယုတ္တိရှိအောင် ပြောကြားပေးမည့်သူကို လှည့်ရှာသောအခါ အနားတွင်မရှိတော့၍ အလွန် စိတ်ပျက်ရရှာပြီ။

ထိုအခါတွင် ချိန်ကိုက်၍ ဝူကျင်ကွေ့က သူ့သူငယ်ချင်း နန်းမြိုင်၏ အစ်ကိုနှစ်ယောက်ကို အတင်းတိုက်တွန်းကာ နန်းမြိုင်ကို ဦးနှောက်ပိုင်းဆိုင်ရာ ချို့ယွင်းချက်ရှိ၊ မရှိ စစ်ဆေးပေးရန် ဆရာဝန်ကြီးကို ဝိုင်းတိုက်တွန်းစေ၏။

သူ့ဒွေးကြီးမော်နှင့် သူ့ဒွေးကတော် အော်ကျင်မြိုင်တို့ကလည်း သမီးအတွက် များစွာ စိုးရိမ်လျက်ရှိသောကြောင့် နောက်ဆုံးတွင် ဆရာဝန်ကြီးလည်း မော်ခေတ်နန်းမြိုင်ကို ဦးနှောက်ပိုင်းအသေးစိတ်စစ်ဆေးရန် စီစဉ်ရလေတော့သည်။

ထိုအတောအတွင်း ကိုမင်းဝေကို အတွင်းလူနာအဖြစ်မှာ ဆက်လက်ကုသရန် မလိုတော့၍ ဆေးရုံမှ ပေးဆင်းလိုက်သည်။ ဤသို့ ဆေးရုံက ဆင်းသောအခါတွင်လည်း ဝမ်ရှောင်ကန်းနှင့် ဝူကျင်ကွေ့တို့က မင်းဝေကို မော်ခေတ်နန်းမြိုင်ထံ သွား၍ မနှုတ်





ဆက်နိုင်အောင် ပိတ်ဆို့တားဆီးမှုများ ထိရောက်စွာ ပြုလုပ်နိုင်ခဲ့သည်။

ကိုမင်းဝေလည်း ဘာမျှမတတ်နိုင်ဘဲ ဆေးရုံမှ ဟာတာတာနှင့် ဆင်းခဲ့ရသည်။ သူ အလွန်တွေ့လိုသည့် မောသခင်မလေးကို နောက်ထပ်မတွေ့ခဲ့ရဘဲ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ပြန်ဝင်ကာ တာဝန်များကို နေ့မအား၊ ညမနား ထမ်းဆောင်နေရပြန်လေသည်။

ဆေးရုံ၏ အထူးခန်းက အိပ်ရာပေါ်တွင် ပက်လက်ကလေးဖြစ်နေရှာသည့် မော်ခေတ်နန်းမြိုင်အဖို့ အားအားရှိ မျက်လုံးရယ်မကြောင်တောင်တောင်နှင့် ငေးမောစွာ အစ်ကိုမင်းဝေကို တမ်းတနေရုံမှအပ ဘာမျှမတတ်နိုင်ချေ။

သူ့ကို နောက်ဆုံးပေါ် စက်ကြီးများနှင့် သေချာကျနစွာ စမ်းသပ်စစ်ဆေးခဲ့ရာ မော်ခေတ်နန်းမြိုင်၏ ဦးနှောက်ပိုင်းဆိုင်ရာ အင်္ဂါအားလုံး ကောင်းမွန်စွာဖြင့် ပုံမှန်အလုပ်လုပ်နေကြောင်း ဆေးမှတ်တမ်းရရှိလေသည်။

သို့သော် နန်းမြိုင် မိန်းမချောလေးသည် အောက်ပိုင်းသေသလို ဖြစ်သွား၍ အိပ်ရာပေါ်၌ တုံးလုံးပက်လက်ကလေးဖြစ်နေရှာတော့သည်။ သူသည် ဦးနှောက်ပိုင်းဆိုင်ရာ ချို့ယွင်းချက် ဘာမျှမရှိဟုဆိုသော်လည်း စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုပြင်းစွာ ခံစားနေရသည်မှာ ထင်ရှား၏။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် သူကလေးသည် မင်းဝေနှင့် မတွေ့ရသည့်နေ့မှစ၍ မည်သူနှင့်မျှ စကားမပြောတော့ပေ။ ဟိုနှစ်ဦး လာရောက်၍ သူ့ဘေးတွင်ရှိနေချိန်ဆိုလျှင် မျက်စိပါစုံမှိတ်၍ နေလေတော့၏။ ကြာသော် သူ့အစ်ကိုနှစ်ယောက်က သူတို့သူငယ်ချင်း ဝမ်ရှောင်ကန်းနှင့် ဝူကျင်ကွေ့တို့ကို သူတို့နှမလေးထံ ပေးမလာတော့ပေ။

သို့သော် မော်ခေတ်နန်းမြို့၏အခြေအနေက တစ်နေ့ထက်တစ်နေ့ ပိုဆိုးလာလေ၏။

ပထမပိုင်းတွင် ကျွေးသမျှအစားအသောက်ကို ပုံမှန် စားသောက်သေးသည်။ တစ်ပတ်ခန့်ကြာသော် အစာမစားဘဲ ငြင်းဆန်လာသည်။ သူ့အမေက တအားရှော့နေရသည်။

"သမီးလေးရယ် ဟောဒီ ကြက်ပေါင်းစွတ်ပြုတ်ကလေးတော့ သောက်လိုက်ပါဦး။ ဂျင်ဆင်းဆေးမြစ်နဲ့ သေချာကို ပေါင်းထားတာ၊ သောက်လို့လဲ ကောင်း၊ အားလဲရှိတယ်"

"ဟင့်အင်း ...ဟင့်အင်း"

"ဒါဆို ဘာစားချင်သလဲ၊ ဘာသောက်ချင်သလဲ ပြောပါသမီးရယ်၊ ပါပါးတို့က အကုန်ရအောင် လုပ်ပေးမယ်"

သူ့ဖခင် မော်သူဌေးကြီးပါ ဝင်ချော့နေရသည်။

"သောက်စေ စားစေချင်သလား"

"ဟော အသံထွက်လာပြီ သမီးလေးစကားပြောပြီဟေ့၊ ဟုတ်





တာပေါ့ သမီးရယ်၊ ဘာစားချင်လဲ ပြော ပြော"

"စားစေချင်ရင် အစ်ကိုမင်းဝေကို ခေါ်ပြီး လာကျွေးခိုင်းလေ၊ စားမယ် ပါပါး"

"အို ..."

သူဌေးကြီး အံ့အားသင့်သွားသည်။

"လာပြန်ပြီ အဲဒီ ရူးပေါပေါကလေး၊ ဘယ်ကမှန်းလဲမသိတဲ့ လူ ဘာတွေပြောသွားမှန်းမသိတဲ့ မျက်လှည့်ဆရာလိုလို၊ ဘာလိုလို ကောင်ကို ဘာလုပ်ဖို့သမီးက ဒီလောက် တွေ့ချင်နေတာလဲ"

"ပါပါး သူ့ကို ဒီလို မပြောပါနဲ့"

"အေး– ပါပါးက သမီး အစ်ကိုတွေကိုရော၊ သူတို့သူငယ်ချင်း သမီးကို သိပ်ချစ်ကြတဲ့ ရှောင်ကန်းနဲ့ ကျင့်ကွေ့တို့ကို သေချာမေးပြီးပြီ၊ ဒီလူငယ်ဟာ သမီးကို တမင်သက်သက် နှောက်တွဲယှဉ်ဖြတ်ချပြီး လာတိုက်အောင် ကြံစည်ရုံသာမက၊ သမီးကို ပယောဂနည်းနဲ့ ရင်ခွင်ပိုက်ပြီး ပြုစားလိုက်တာတဲ့၊ အဲဒါကြောင့် သမီး စိတ်တွေ ဂယောက်ဂယက် ဖြစ်နေတာ သိလား"

"အို မဟုတ်ဘူး၊ မဟုတ်ဘူး အဲဒါ အစ်ကိုမင်းဝေကို မနာလိုလို့ ချောက်တွန်းတာ"

"ဟာ– သမီး အစ်ကိုသူငယ်ချင်းတွေက ဂုဏ်သရေရှိ မိကောင်းဖခင်တွေရဲ့သားတွေကွ၊ ကာလေကချေ ဘာကောင်မှန်း မသိတဲ့လူကို ဘာများ မနာလိုစရာရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ ပါပါး၊ အစ်ကိုမင်းဝေကို အဲဒီလို အဆိုးမြင်နေရင် ပြီးရော၊ သမီးပါပါးတို့ ကျွေးတာ ဘာမှ မစားတော့ဘူး"

"အို အို... သမီးလေး အဲလို မလုပ်ပါနဲ့ကွယ်၊ မေမေ စဉ်းစား ပေးပါ့မယ်၊ ဒါလေးတော့ သောက်လိုက်ပါ"

"စဉ်းစားပေးရုံနဲ့ မလုံလောက်ဘူး ခေါ်ပေးလေ"

"ဟာ ဒီသမီး ပြောလေကဲလေပါလား"

"အိုး–ပါပါကြီး တော်စမ်းပါ၊ ဒါ ကျွန်မတို့ အမေတွေရဲ့ အလုပ် ရှင် အသာရှောင်ပေး၊ ကျွန်မ သမီးလေးနဲ့ ဆွေးနွေးမယ်"

"မင်းကတော့လေ ..."

"ခက်လိုက်တာ ပါပါးကြီး၊ ကိုင်းပါ သွားပါ၊ ရှင့်အလုပ်ကို တွေသာ သွားလုပ်ပါ၊ ဒီက သမီးလေးကိစ္စ ကျွန်မဖြစ်အောင် ညှိ လိုက်ပါ့မယ် ဟုတ်ပြီလား"

"ဟွန်း သေချာစဉ်းစားပြီးမှလုပ်နော်၊ ကျော်မကောင်း ကြား မကောင်းဖြစ်ကုန်မယ်"

"အင်းပါဆိုနေမှ သိပါတယ်၊ သွားမှာသာသွား"

မော်သူဌေးကြီး သူ့သမီးကို ကွက်ကြည့် ကွက်ကြည့်နှင့် ထွက် ခွာသွားလေ၏။

"ကိုင်း သမီးပါပါသွားပြီ မေမေနဲ့ပြော၊ ဘာကြောင့် အဲဒီ ကောင်လေးကို အခုလို တမ်းတမ်းစွဲ ဖြစ်နေရတာလဲ၊ တကယ့်ကို အဲဒီလူ အပြုစားခံရတာ မဟုတ်ပါဘူးနော်"





"ဟာ ခက်ပါပြီ၊ သမီးရဲ့အာရုံက သိလာတာ၊ သူက ပြုစား တာ မဟုတ်ဘူး"

"ဒါဆို အဲဒီသူငယ်က ဘယ်က ဘာလဲဆိုတာ သိလား"

"မသိဘူး။ သူဟာ အစ်ကိုတော်၊ ဟို တိဘက်ကုန်းမြေမြင့်မှာ ရှိတဲ့ ခွန်းလွန်တောင်တန်းကြီးနဲ့ တန်ဂလာတောင်တန်းကြီးနှစ်ခု ကြားမှာ ကိုကို့ဆီလာဆိုတဲ့ မြက်ခင်းလွင်ပြင်ကြီး ရှိတယ်၊ အဲဒီ မြက်ခင်းလွင်ပြင်မှာ နန်းက မင်းဝေနဲ့ အတူနေခဲ့ကြတာရယ်"

"သမီး ဘယ်သူပြောတာလဲ၊ အဲဒီ သူငယ်က ပြောထားတာ လား"

"မဟုတ်ဘူး၊ သမီး သတိလစ်သွားတုန်း အဲဒီဇာတ်ကြောင်း တွေ အားလုံး ကိုယ့်ဟာကိုယ် ပြန်ပြောင်းသိမြင်ခဲ့တာရယ်"

"အေးပါ ထားလိုက်ပါတော့ကွယ်၊ အခုလောလောဆယ် ဟောဒီ စွတ်ပြုတ်ကလေးကို သောက်လိုက်ဦး၊ သမီးပြောတာ ဟုတ်၊ မဟုတ် မေမေတို့စုံစမ်းပြီး လက်ခံတန်ရင် လက်ခံပေးပါ့မယ်"

"ကောင်းပြီ မေမေ၊ အရင် စုံစမ်းကြည့်ပေါ့၊ အစွမ်းထက်တဲ့ ဗေဒင်ဆရာကြီးတွေရှိသားပဲ၊ မြန်မြန်သွားမေးပေါ့၊ ဟုတ်ရင် အစ်ကို မင်းဝေကိုသာခေါ်ခဲ့၊ သူတိုက်မှ သမီး ဒါကို သောက်မယ်၊ သူ ကျွေးမှ စားပါမယ်"

"ဟယ်– ခေါင်းမာလှချည်လား သမီး"

"......................"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပဲ အငတ်ခံနိုင်လို့လား ကဲ"

"……………………"

"အေး၊ ပေကြည့်ဦးပေါ့၊ သမီး ဘယ်လောက်ခံနိုင်မလဲလို့ မိဘစကားကို နားမထောင်ဘဲ အဲဒီလို နှုတ်ဆိတ်နေ၊ ဘယ်သူမှ အမှေလို စိတ်ရှည်မှာ မဟုတ်ဘူး၊ ဆာရင်ယူသောက်၊ ဟောဒီဘေးနားမှာ ထားခဲ့မယ် ဒါပဲ"

ပြောမရသောအခါ အော်ကျင်မြိုင် သူ့သမီးကို အကဲစမ်းသည့်အနေနှင့် ဇွတ်ပြုတ်ပန်းကန်ကို ဘေးစားပွဲတွင် ချထားခဲ့သည်။ သူနာပြုဆရာမလေးနှစ်ယောက်ကို မျက်ရိပ်ပြပြီး ထထွက်ခဲ့လေ၏။

ယခုတော့ မော်ခေတ်နန်းမြိုင်၏ မိဘအစ်ကိုများ တော်တော်ဖြုံသွားကြသည်။

သူတို့သမီး၊ သူတို့နှမကလေးသည် သူတို့ထင်သည်ထက် များစွာ ခေါင်းမာနေကြောင်း အကဲစမ်းလေ သိလေ ဖြစ်လာကြသည်။

ပထမတွင် အစာငတ်ခံဆန္ဒပြနေသော မော်ခေတ်နန်းမြိုင်သည် သူ့ဆန္ဒကို မလိုက်လျောကြသောအခါ ဆေးဝါးပင် မသောက်သုံးတော့ဘဲ တစ်ဆင့်တက် ဆန္ဒပြလာလေတော့၏။

"ရှင်တို့ယောကျ်ားတွေ သိပ်ပြီးစမ်းမနေနဲ့တော့၊ ဒီအတိုင်းဆိုသမီးလေး သေသွားလိမ့်မယ်။ တော်ပြီ၊ ဘယ်သူမှ ငြင်းမနေနဲ့သွားကြ ဟိုအစ်ကိုနှစ်ယောက် အခုချက်ချင်း တံတားဆောက်နေတဲ့ဆိုက်က အင်ဂျင်နီယာလေး မောင်မင်းဝေကို ပြေးခေါ်ခဲ့ကြ၊ သွား





မြန်မြန်သွားကြ"

မော်ခေတ်နန်းမြိုင်၏ မိခင် အော်ကျင်မြိုင်က တစ်ချက်လှှတ်အမိန့်ချလေ၏။ ဖခင် သူဌေးကြီးက သွားသွားဟု ပါးစပ်က မပြောသော်လည်း လက်က မြန်မြန်သွားရန် ပြနေသည်။

"ဒါနဲ့ မာမားပဲ ညီမလေးပြောတဲ့ ဟိုတိဗက်ကုန်းမြေမြင့်က အကြောင်းတွေ ဟုတ်,မဟုတ် စုံစမ်းဦးမယ်ဆို၊ ဘာတဲ့ တူအိုတူအိုမြစ်တို့၊ ကိုကိုဆီလာ မြက်ခင်းလွင်ပြင်တို့ဆိုတာ ရှိ,မရှိ ဘာညာဘာညာပေါ့"

"ဟဲ့– စုံစမ်းပြီးပြီဟဲ့၊ မာမားရဲ့သူငယ်ချင်း ကင်ပို့ဟာ ရှန်ဟိုင်းအင်္ဂလိပ် ပထဝီဌာနက ပါမောက္ခလေ၊ မေ့နေပြီလား၊ သူ့ဆီကိုဖုန်းဆက်ပြီး မေးကြည့်တယ်၊ ဟုတ်တယ်ကွယ့်၊ တိဘက်ကုန်း မြေမြင့်မှာ ခွန်းလွန်တောင်တန်းတို့၊ တန်ဂလာတောင်တန်းတို့၊ တူအိုတူအိုမြစ်၊ ကိုကိုဆီလာမြက်ခင်းလွင်ပြင်၊ ကျယ်လာတိမ်းတောင်တောင်စွယ်၊ ကန်ကြည်ယာကြူပါတောင်စွန်း၊ အဲဒါတွေအားလုံးရှိသတဲ့၊ ကန်ကြည်ယာကြူပါတောင်စွန်းအောက်က စပြီး မြစ်ဖျားခံတဲ့ဘာကြူနဲ့ ပူကြူရေခဲမြစ်ကလေးဟာ ယန်စီမြစ်ကြီးရဲ့ မြစ်ဖျားခံရာပဲတဲ့၊ မာမားတို့ရဲ့ ဟောဒီ ရှန်ဟိုင်းမြို့နီစပယ်ရီယာမှာပါတဲ့ ချုံမင်းကျွန်းကြီးကိုခွပြီး ယန်စီမြစ်ကြီးက အရှေ့တရုတ်ပင်လယ်ထဲ စီးဝင်သတဲ့"

"ညီမလေးက ဘယ်စာအုပ်တွေဖတ်ပြီး တိဘက်ကုန်းမြေမြင့်



www.burmeseclassic.com

www.burmeseclassic.com



က တောင်တွေ မြစ်တွေ မြက်ခင်းပြင်တွေရဲ့ နာမည်တွေကို သိထားလဲမှမသိတာ”

“တော်ကြာ လျှာမရှည်ကြနဲ့၊ သူ သတိမေ့တုန်း အာရုံအမြင်ရပါတယ်လို့ မင်းတို့ညီမလေး ထပ်ခါတလဲပြောနေတာတောင် မယုံသေးဘူးလား၊ အချိန်ဆွဲမနေနဲ့၊ ဒါတွေ သားတို့နားလည်မှာမဟုတ်ဘူး၊ အခုလုပ်ရမှာက ဟိုကောင်လေး မင်းဝေကို ဖြစ်တဲ့နည်းနဲ့ အပါခေါ်လာဖို့ပဲ၊ သွားကြတော့လေ”

မော်ခေတ်စိန်နှင့် မော်ခေတ်ပိန်ညီအစ်ကို သုတ်ခြေတင်ခဲ့ကြရလေတော့သည်။

ယမန်နေ့က ညဆိုင်းဝင်ထား၍ ယနေ့နေ့ပိုင်းအနားရသော ကိုမင်းဝေသည် အိပ်ရာထဲလှဲနေသော်လည်း အိပ်မပျော်။ သူ့မျက်စိထဲတွင် မော်သခင်မလေး မြိုင်ကိုသာ မြင်ယောင်နေသည်။

ထိုစဉ် ဧည့်သည်လာသည်ဆို၍ လူးလဲထကာ ကင့်ထဲမှ ထွက်လာမိသည်။

“ဟော ခင်ဗျားတို့ပါလား”

“ဟုတ်တယ်၊ လိုရင်းပြောရရင် အလွန်အရေးကြီးလို့ လာခဲ့တာ”

“ဟို လူမိုက်နှစ်ယောက်ကော မပါဘူးလား၊ ဝင်းအပြင်က စောင့်ပြီး ကျွန်တော့်ကို ဘေဦးမလို့လား ဟဲ ဟဲ”

“မဟုတ်ရပါဘူး၊ ကိုမင်းဝေကို အခေါ် လွှတ်လိုက်လို့ လာခေါ်





တာပါ”

“ဘယ်... ဘယ်သူက ခေါ်ခိုင်းတာလဲဗျာ”

“မားမားတို့ကပါ”

“ဟာ ပြဿနာရှာဦးမလို့လား”

“မဟုတ်ပါဘူး၊ ညီမလေးက တွေ့ချင်တယ်ဆိုလို့”

“ ...”

“အေး ...သာမန်ဆိုရင် ခင်ဗျား ယုံမှာမဟုတ်ဘူး၊ အမှန်အတိုင်း ပြောလိုက်မယ်၊ ညီမလေးက ခင်ဗျားကို မတွေ့ရရင် အစာလဲ မစားဘူး၊ ဆေးလဲမသောက်ဘူးဆိုပြီး ဆန္ဒပြနေလို့ အခုလိုလာခေါ်တာ ဘယ်လိုလဲ၊ လိုက်မလား”

“လိုက်မှာပေါ့၊ ကြာတယ်၊ အခုပဲသွားကြမယ်လေ”

“ဟာ– လောလှချည်လား”

“လောရမယ်လေ နန်းနွယ်၊ အဲလေ နန်းမြိုင်က တွေ့ချင်တယ်ဆိုနေမှတော့ လောကိုလောရမယ် လာဗျာ၊ ကျွန်တော်နဲ့ လိုက်ခဲ့”

“ဟာ– ဟာ ခင်ဗျားက တို့နဲ့ လိုက်ခဲ့ရမှာပါကွ”

“မဟုတ်ပါဘူး၊ ဟိုရှေ့နားက ရုံးခန်းကို လိုက်ခဲ့ဖို့ပြောတာ၊ ကျွန်တော်လုပ်ခွင့်က ထွက်ခွင့်သွားတောင်းတာကို ခင်ဗျားတို့က သာခေါ် ကြောင်း သက်သေလုပ်ပေးဖို့ပါ”

“ထားပါတော့ ...ထားပါတော့”

သို့ဖြင့် ကိုမင်းဝေက ရှေ့မှ ခြေလှမ်းကြဲနှင့်ထွက် ဟိုနှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က အမီလိုက်သွားကြရသည်။

နောက်တစ်နာရီကြာသော် ဆေးရုံကြီး အထူးခန်းရှိ လူနာခုတင်ရှေ့သို့ ကိုမင်းဝေ ရောက်လေ၏။ သူ့လက်ထဲတွင် ဆေးခွက်ကလေးကိုင်လျက်သား။

လူနာခုတင်ပေါ်မှ မော်ခေတ်နန်းမြိုင်သည် မျက်လုံးလေးကလယ်ကလယ်နှင့် မော့ကြည့်နေသည်။

"အစ်ကို မင်းဝေပါ၊ နန်းမြိုင် နေကောင်းရဲ့လားကွယ်"

"အင်း ကောင်းပါတယ်"

"ပိုပြီးနေကောင်းသွားအောင် ဟောဒီဆေးကလေးတွေကို သောက်လိုက်နော်၊ အစ်ကို ကိုယ်တိုင်တိုက်မှ သောက်မယ်ဆို၊ ဘာကြည့်နေတာလဲ၊ သောက်ပါတော့နော်"

"ဟုတ်ပါပြီ၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်ရှင့်၊ ကျွန်မကအင်ဂျင်နီယာ မင်းဝေဆိုတဲ့ လူကို မသိဘူးနော်၊ နန်းနွယ်သိထားတာက အစ်ကိုတော် ဟံသာမင်းဝေရယ်ပါ၊ ဒါကြောင့် အခု အစ်ကိုတော်တိုက်မယ့်ဆေးကို သောက်မှာ"

ဟုတ်လေစွ၊ အမှန်အားဖြင့် သူတို့နှစ်ဦးသည် ဤဘဝတွင် လူပြည်ရောက်ကြပြီးကတည်းက မဆုံ၊ မတွေ့မသိခဲ့ကြသေး။ ဤဘဝမှ လူရင်းများမဟုတ်ကြ။ ထို့ကြောင့် ယခင်ဘဝတစ်ခုက အသုံးအနှုန်းများကို သုံးနေကြသည်။

"ကောင်းလှပါပြီ နှမတော်လေး၊ အစ်ကိုတော်လဲ မော်ခေတ်





နန်းမြိုင်ဆိုတဲ့ ဆရာဝန်လောင်းမကလေးကို မသိခဲ့ရိုးအမှန်၊ ချစ်နှမတော်လေး မော်မြတ်နန်းနွယ်ကိုသာ ချစ်ကျွမ်းခဲ့တာပါနော်၊ ဒါကြောင့် ဒီဆေးတွေကို ဟံသာမင်းဝေက နန်းနွယ်ကို တိုက်နေတယ်လို့ သဘောထားပြီးသောက်ပေါ့"

အချီအချပြောပြီးနောက် ဆေးကလေးတွေကို ဟလာသည့်ဖါးစပ်လေးထဲ အသာထည့်ပေးပြီး ရေတစ်ကျိုက်၊ နှစ်ကျိုက်ကိုယုယစွာ တိုက်လေသည်။

အခန်းအပြင်မှ စိတ်မောစွာ ချောင်းကြည့် ခိုးနားထောင်နေသည့် မော်ခေတ်နန်းမြိုင်၏ မိတမောင်ဘွားများ ဘဝင်တော့ကျရပါသည်။ သို့သော် ပြောစကားများသည် ဤခေတ်တရုတ်စကားလုံးများ မဟုတ်၍ အံ့သြကြရသေး၏။ အမေဖြစ်သူက မိခင်ပီပီ ကြိုတင်စီစဉ်ပြီးသား။ သူ့သမီး ဆေးသောက်ပြီးသည်နှင့် သူနာပြုမတလေးကိုလွှတ်၍ ကြက်ပေါင်းရည်ကို မင်းဝေလက်ထဲ အမြန်ပို့စေသည်။

အမှန်စင်စစ် သည်းသည်းလှုပ်ချစ်သောသမီးလေးမို့ အကဲပိုကာ စိတ်ပူခဲ့ကြခြင်း ဖြစ်သည်။ လူမမာ ဆေးမသောက်ဘဲ ဆန္ဒပြသည်မှာ တစ်ရက်သာရှိသေး။ ဘာမျှမစားဘဲ အရည်သာသောက်၍ ဆန္ဒပြခဲ့သည်မှာ သုံးရက်သာရှိသေး။ ယခု ကိုမင်းဝေက ကြက်ပေါင်းရည်ကို ရွှေရည်သုတ်ဇွန်းကလေးနှင့် ယုယစွာတိုက်ကျွေးသောအခါ နန်းနွယ်တစ်ဖြစ်လဲ နန်းမြိုင်က ဆာဆာနှင့် အားရပါးရသောက်



www.burmeseclassic.com

www.burmeseclassic.com



သည်ကို မြင်သော် အားရကျေနပ်ကြရသေး။

ဤသို့ဖြင့် လှမဗာသည် တိုးတက်မှု မြန်စွာကောင်းလာသည်။

"အစ်ကိုတော်က အစိုးရဝန်ထမ်း။ အပူတပြင်းတည်ဆောက်နေတဲ့တံတားမှာ တာဝန်ကျနေသူ၊ မလာနိုင်တဲ့အခါလဲ မှန်မှန် ဆေးသောက်၊ မှန်မှန် အစားအသောက်စားရမယ်ကွယ့်"

"အင်းပါ။ အစ်ကိုတော်အားတာနဲ့ နန်းနွယ်ဆီလာဖြစ်အောင်လာရမယ်နော်"

"လာမှာပေါ့။ လာချင်တာပေါ့။ လာဖြစ်အောင်ကို လာမှာပေါ့"

တစ်လခွဲကြာသော် မော်ခေတ်နန်းမြိုင်ကို ကျောက်ပတ္တီးဖြေပေးနိုင်ပြီ။ သို့သော် ခန္ဓာကိုယ်အောက်ပိုင်းက လုံးဝ မလှုပ်နိုင်သေး။ ပိုးချဲခေါ် ဘီးတပ်ယာဉ်ကလေးပေါ် ထိုင်၍ ပြတင်းပေါက်နားကပ်ကာ အစ်ကိုတော်မင်းဝေ လာမည့် ဟိုးအဝေးက ဆေးရုံ အဝင်ပေါက်ဆီကိုတော့ လှမ်းမျှော်ကြည့်ရှုနိုင်လေသည်။

တင်ပါးနှင့် အောက်ပိုင်း ပေါင်၊ ခြေသလုံး၊ ခြေကျင်းဝတ်၊ ခြေဖမိုး၊ ခြေဖဝါးနှင့် ခြေချောင်းကလေးများကို နေ့စဉ် အကြိမ်ပေါင်းများစွာ နှိပ်နယ်ပွတ်သပ်ပေးသည့် လေ့ကျင့်ခန်း၊ တန်းနှစ်တန်းတွင်ဝင်၍ ဂျိုင်းနှစ်ဖက်နှင့် တန်းကိုခိုကာ လက်အားဖြင့် အောက်ပိုင်းခန္ဓာကိုယ်ရွေ့လျားသည့် လေ့ကျင့်ခန်း၊ ခန္ဓာကိုယ် အပေါ်ပိုင်းလေ့ကျင့်ခန်း စသည့် မသန်မစွမ်းသူအတွက် လေ့ကျင့်ခန်းမျိုးစုံလုပ်ရသဖြင့် ဆေးရုံပြောင်းခဲ့ရသည်။ လေ့ကျင့်ခန်းများကို ကျွမ်း





ကျင်သည့် ဆေးရုံဝန်ထမ်းအမျိုးသမီးများ၊ ဆရာဝန်မများက ဖေးမကူညီလုပ်ဆောင်ပေးရသလို ပုံမှန်လာတွေ့နေကျ မိသားစုများကလည်း ကူတန်ကူသည်။ ဆွေမျိုးမိတ်ဆွေသူငယ်ချင်းတို့ကလည်း ဖေးတန်ဖေးသည်။

မော်ခေတ်နန်းမြိုင်က ယခင်အခါက သူ မျက်နှာသာပေးခဲ့သည့် သူ့အစ်ကိုတွေ၏ သူငယ်ချင်းများဖြစ်သည့် ဝမ်ရှောင်ကန်းနှင့် ဝူကျင်ကွေ့တို့ကို ယခုအခါ သူ့အနား ပေးမကပ်တော့။ ခပ်ခွာခွာမှသာ ဆက်ဆံစေ၏။ ဖေးမရန်ဆိုပြီး ကိုင်ရန်ထိရန်ဆို ဝေလာဝေး။ ထို့ကြောင့် ဟိုနှစ်ယောက်လည်း စိတ်ပျက်သော်လည်း အလွန်စိတ်ရှည်စွာ ကြိုးစားဆက်ဆံနေရသည်။

ပုံမှန်ရောက်လာလေ့ရှိသော ကိုမင်းဝေကျတော့ မော်ခေတ်နန်းမြိုင်က လုံးဝ ဦးစားပေးသည်။

ကိုမင်းဝေရောက်လာမှ ခုတင်ပေါ်က ပိုးချဲပေါ်ကို ပြောင်းထိုင်ချင်သည်ဆို၍ ပွေ့ချီထူမ၍ ဘီးတပ်ယာဉ်ပေါ်သို့ ပို့ပေးရသည်။ ဟိုနားဒီနား သွားချင်သည်ဆိုတော့လည်း ကိုမင်းဝေပင် ဘီးတပ်ယာဉ်ကို တွန်း၍ လိုက်ပို့ရသည်။ ကြာသော် ဆေးရုံရှေ့က ပန်းခြံမြက်ခင်းထဲအထိ ဘီးတပ်ယာဉ်ကိုတွန်း၍ ပို့ပေးရသည်အထိ နှစ်ယောက်သား တွဲဖြစ်ကြသည်။

မော်ခေတ်နန်းမြိုင်သည် အလိုလိုက်ခံထားရသည့် သူဌေးကြီးခန်းမောင်နံ့တို့၏ တစ်ဦးတည်းသောသမီးလေးဖြစ်ရာ သူ့ဆန္ဒကို



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ရှေ့တွင် အဆင်ပြေပြေ လိုက်လျောနေကြသော်လည်း နောက်ကွယ်ရာတွင် သိပ်မကြည်ချင်ကြ။

နန်းမြိုင်ကလည်း နန်းမြိုင်ပေပဲ။ အင်ဂျင်နီယာကလေး ကိုမင်းဝေ လာသောအခါမှသာ ခုတင်ပေါ်က ဆင်းသည်။ ဗိုးချဲပေါ် အတင်ခံသည်။ ဟိုဟိုဒီဒီ တွန်းပို့ခိုင်းသည်။ ကိုမင်းဝေ မလာအား၍ မလာနိုင်ပါက မလာသေးသ၍ ခုတင်ပေါ်က မခွာ၊ ပက်လက်။

ဤလုပ်ရပ်ကို မိဘနှင့် အစ်ကိုနှစ်ယောက်က ကြည်ဖြူနိုင်သော်လည်း တစ်မျိုးက ကောင်းစွာ ပစားပေးခံရပြီး မင်းဝေ ဆိုသည့် အကောင်ပေါ် လာပြီးနောက်ပိုင်း နီးနီးကပ်ကပ် ထိထိစပ်စပ် အလုပ်မခံတော့ဘဲ ပဝါတစ်ကမ်းကသာ ဆက်ဆံခွင့်ပြုနေသည့် နန်းမြိုင်ကို ဝမ်ရှောင်ကန်းရော ဗူကျင်ကွေ့ပါ အတော် မကျေမနပ် ဖြစ်နေကြသည်။

"ဟိုကောင် အကြာကြီးမလာနိုင်ရင် ဘာဖြစ်မလဲ၊ သိရအောင် လုပ်ကြည့်မှ ထင်တယ်"

ဗူကျင်ကွေ့က ကလိမ်ကျရန် စဉ်းစားပြောကြည့်သည်။ ဝမ်ရှောင်ကမ်းက ချက်ချင်းထောက်ခံ၏။ သို့သော် သူက ဉာဏ်သိပ်မသွား။ ထို့ကြောင့် မေးရသည်။

"ဒါဆို ဘယ်လိုလုပ်မလဲ"

"ငါစဉ်းစားမိတာက ဒီလိုကွာ၊ အဲဒီကောင်ရဲ့ အထက်အရာရှိကို ငါက ဝင်ပွားမယ်၊ ဒီကောင့်ကို အလုပ်တွေ ပိုခိုင်းအောင် အိုဗာတိုင်





တွေ ချပေးအောင် စည်းရုံးမယ်၊ မင်းက သူနဲ့ လုပ်ဖော်ကိုင်ဖက် ဝေစန်း ဆိုတဲ့ကောင်ကို ပထုတ်၊ ခွင့်များများယူအောင်လုပ်။ ဒီကောင် မရှိရင် မင်းဝေဆိုတဲ့ကောင် အဲဒီလူ့ကိုယ်စား ပိုလုပ်ရပြီ မှတ်။

"အေး မင်းဦးနှောက်ကို ရွှေကွပ်ထားဖို့ ကောင်းတယ်၊ အရမ်းအကြံကောင်းတာပဲ"

မကြာခင် အင်ဂျင်နီယာလေးဝေစန်း ခွင့် ခဏခဏ ယူဖြစ်သည်။ ကိုမင်းဝေ အောက်ပတ်စ်ခေါ် အပြင်ထွက်ရက်မရအောင် အလုပ်တွေများလာသည်။ ဝေစန်း မရှိသည့်နေ့တွင် အလုပ်ချိန် ပိုလုပ်ရသည်။ သို့ဖြင့် မော်ခေတ်နန်းမြိုင်ထံ ၃၊၄ ရက် မလာနိုင်။

"အစ်ကိုကြီး အစ်ကိုငယ်တို့ကို ညီမလေး အပူကပ်ထားတာ လုပ်ပြီးပြီလား ဟင်"

"လုပ်ပြီးပါပြီ ညီမလေးရာ၊ တံတားက ဆိုက်ထဲကို နေ့တိုင်း သွားစုံစမ်းခဲ့တာပဲ၊ ကိုမင်းဝေ တကယ့်ကို အလုပ်များနေတာ တွေ့ရတယ်၊ သူနဲ့ လုပ်ဖော်အင်ဂျင်နီယာ ဝေစန်းဆိုတဲ့လူက ခွင့် ခဏ ခဏ ယူနေရလို့ ဒီ ၃၊၄ ရက် သူ တကယ်မအားပါဘူး"

"ပြီးရော ...ပြီးရော"

"ဟဲ...ဟဲ ညီမလေးမြိုင် ပန်းခြံထဲဆင်းချင်သလား၊ အစ်ကိုရှောင်ကန်း ဗိုးချဲတွန်းပြီး ပို့ပေးမယ်လေ"

"နေပါစေ၊ ခုတင်ပေါ်မှာ နားချင်သေးလို့ပါ"

"ဘာလဲ၊ အဲဒီကောင်က ကြမ်းကြမ်းတမ်းတမ်းမို့ မကြိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



ပြော၊ အစ်ကိုကျင်ကွေ့ တွန်းပို့ပေးပါမယ်"

"ရပါတယ် နေပါစေ"

"ဟာ ဒီကောင်တွေက စေတနာနဲ့ လုပ်ပေးချင်ကြတာ၊ အား မနာနဲ့ ဦးရဲဖုပါ ထိုင်ချင်ရင် ချက်ချင်းသာပြော၊ ဟုတ်ပြီလား ညီမလေး"

သူ့အစ်ကိုနှစ်ယောက်က လော်ပေးသည်။

"စေတနာနဲ့ လုပ်ပေးချင်တယ် ဟုတ်လား"

"အေးပါကွ၊ အေးပေါ့"

နှစ်ယောက်စလုံး အားတက်သရော ပြောကြသည်။

"ဒါဆို မေလိကို ခေါ်ပေး"

ညီမလေး အတန်းပျက်တာ ရက်ကြာပြီ၊ ဘာတွေသင်သလဲ ဆိုတာမေးပြီး အလကား အားအားရှိ လှဲနေရင်း ကျောင်းစာလေး ဘာလေး ဖတ်ချင်တယ်"

"ဟာကွာ၊ ဝေဒနာကြီးနဲ့မှ နားပါဦးလား"

"ပျင်းပါတယ်၊ မေလိကိုခေါ်ပေး"

"ပျင်းရင်၊ ဦးရဲနဲ့ လျှောက်လည်ပါလား"

"လျှောက်လည်ရတာ ပျင်းပြီ၊ တော်ကြပါ၊ မကူညီရင် ဘာမှ လာမပြောကြနဲ့ နန်းမြိုင်ဘာသာ အေးအေးဆေးဆေး အိပ်နေမယ်"

"အေးပါ၊ မကူညီချင်လို့ မဟုတ်ပါဘူး၊ စိတ်ကောက်ပြီး ပေအိပ်မနေနဲ့ကွယ်၊ မေလိကို ခေါ်ပေးမယ် ကဲ ကဲ"





သို့အားဖြင့် ကျောင်းဆင်းတိုင်း မေလိကို ဝမ်ရှောင်ကန်းနှင့် ဝူကျင်ကွေ့ တစ်လှည့်စီ ကြိုပို့လုပ်ပေးကြလေ၏။

"နန်းမြိုင် ကိုမင်းဝေက ဘာကြောင် မလာနိုင်တာတဲ့လဲ"

"အလုပ်တွေ ပိနေတယ်လို့ပြောတာပဲ၊ ဟန်းဖုန်းနဲ့ ဆက်တော့ ဆိုက်ထဲကနေ ကမန်းကတန်းပြောပြောနေရတယ်တဲ့၊ ဒီကြားထဲ သူ့လုပ်ဖော် ကိုဝေစန်း ဆိုတဲ့လူက ခဏ ခဏ ခွင့်ယူလို့ သူက ပိုလုပ်ပေးနေရတာတဲ့"

"ဟုတ်လား၊ ဝေစန်းဟာ ငါ့ကျောင်းနေဘက်၊ အထက်တန်း တုန်းက ငါနဲ့တစ်ကျောင်းတည်း နှစ်တန်းကြီး ကျောင်းသား၊ နောက် ပိုင်း သူက အင်ဂျင်နီယာလိုင်းလိုက်ပြီး ကျောင်းပြီးတာနဲ့ အလုပ်သင် အဖြစ် တံတားဆောက်တဲ့ဆီရောက်နေတာ၊ သူ ဘာကြောင့် ခွင့် ခဏ ခဏယူရတယ်ဆိုတာ ဆက်သွယ်စုံစမ်းကြည့်မယ်နော်"

မေလိသည် ဝေစန်းကို အလွန်စိတ်ဝင်စားခဲ့သူလေးဖြစ်ရာ ဆေးရုံ၌ ပြန်တွေ့စဉ်ကဆို အလွန်ဝမ်းသာခဲ့သည်။ ယခု အခါအခွင့် ကြုံတုန်း ဆက်သွယ်ကြည့်ရန် အကြောင်းရှိလာ၍ ဝမ်းသာစွာ ဆက် သွယ်ဖြစ်သည်။

"သူငယ်ချင်းနန်းမြိုင်ရေ၊ ဝေစန်းကို မနည်းလိုက်ဆက်ရတယ်၊ သူ့ဟန်းဖုန်းကတော်ာင် သိပ်မအားချင်ဘူး၊ ခုတော့ အဆက်အသွယ် ရပါပြီ"

"ဘာဖြစ်လို့လဲ မေလိ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတစ်နေ့ကတော့ သူ့အမေဘက်က ဖွားဖွား အမ်းမကြီး အသည်းအသန်ဖြစ်လို့ သူ့ကို ဆေးရုံတင်ဖို့ လိုက်လုပ်ခိုင်းတာနဲ့ ခွင့်ယူရတယ်တဲ့၊ နောက်နေ့တွေမှာလဲ သူ့အဖေရဲ့ညီမပေါ့လေ၊ အဒေါ်ရဲ့ အိမ် ဖောက်ထွင်းခံရလို့ ရုံးတိုင်ဂတ်တိုင်လုပ်ပေးရပြန်ရော၊ မနေ့တစ်နေ့တွေကတော့ သူ့တူတွေကို လူမိုက်သိုင်းသမားတွေက ဖမ်းခေါ်သွားလို့ မနဲလိုက်ရှာ ရွေးထုတ်နေရတာတဲ့၊ ဒီရက်ပိုင်း သူ့ခများ ဂြိုဟ်ဆိုးအ‌ေ‌‌တ်ဝင်မွှေသွားတာတဲ့၊ သနားလိုက်တာ မနက်ဖြန်တော့ အလုပ်တက်မယ်ဆိုပဲ၊ သူ အလုပ်ခေတ္တနားချိန် ငါ သွားတွေ့ပြီး အားပေးဖို့ ချိန်းထားတယ် နန်းမြိုင်"

"အေး ကောင်းတယ်၊ သူ့ဆီသွားရင်း ကိုမင်းဝေကို နည်းနည်းလေ့လာခဲ့ပေးစမ်းပါ၊ ငါ ဖုန်းဆက်ရတာ အားမရဘူး၊ တွေ့ခွင့်ရရင် ငါ မျှော်နေတယ်လို့ ပြောပေးဟာ"

"စိတ်ချ၊ ငါ အားလုံးလုပ်ပေးပါ့မယ် နန်းမြိုင်"

နောက်နေ့တွင် ကိုမင်းဝေ ညနေပိုင်း၌ နန်းမြိုင်ထံရောက်လာနိုင်ပြန်သည်။ တိမ်ပြာသော ညနေဆည်းဆာတွင် ဆေးရုံရှေ့ကမြက်ခင်းတောင်ကုန်းပေါ်တွင် ဝိုးချဲ့တွန်းပေးရင်း အစ်ကိုတော်ဟဲ့သာမင်းဝေနှင့် နှမတော် နန်းနွယ်တို့၏ ဘဝတုန်းက ဖြစ်ပျက်ခဲ့ကို ပြန်လည် ဇာတ်ကြောင်းပြန်ရင်း စကားလက်ဆုံကျကြသည်မှာ ပျော်စရာအတိ။

ကြိတ်ကြဲခဲ့သော ဝမ်ရှောင်ကန်းနှင့် ဝူကျင်ကွေ့တို့အဖို့





နန်းမြိုင်၏ ခေါင်းမာပုံကြောင့် ကျွဲမြီးတိုစပြုလာကြသည်။ ဟိုနေ့လောသည့်နေ့များတွင် ခုတင်ပေါ်၌ ပက်လက်ကလေး နေနိုင်လွန်းသော ဤမိန်းမချောကလေးကို မည်သို့ သိမ်းသွင်းရပါမည်နည်းဟု ကြံ့စား ကြံစည်နေကြ၏။

"အကောင်းဆုံးက ဒီကောင်ကို အပျောက်ရှင်းပစ်ကွာ"

"ဟာ ဝမ်ရှောင်ကန်း ဒီကိစ္စ ဒီလောက်လွယ်မယ် မှတ်သလား၊ ဆစ်ခနဲဆို လက်ရုံးအားကိုးဖို့ချည်း မင်းက စဉ်းစားနေတာကိုး"

"ဟ မင်းရဲ့ နှလုံးရည်တိုက်ပွဲက ဘယ်မှာ အောင်မြင်လို့လဲ၊ ကြာရင် ဟိုကောင် နန်းမြိုင်ကို ပိုင်သွားမယ်နော"

"အိုး... ညီမလေးနန်းမြိုင်ရဲ့ အခုလို ဝေဒနာကြီးဖြစ်နေတုန်းမှာ မင်း ဘာမှမပူနဲ့၊ ဟိုကောင် နန်းမြိုင်ကို မပိုင်နိုင်သေးဘူးမှတ်"

"လုပ်မနေနဲ့၊ ခန္ဓာကိုယ် မပိုင်နိုင်သေးပေမယ့် ညီမလေးရဲ့ နှလုံးသားကို လုံးဝ ပိုင်သွားမှာ စိုးလို့"

"အခုလဲ စိတ်ချင်းက ဆက်နေကြပြီပဲ၊ နှလုံးသားရေးရာကို ဘားရ နည်းနည်းခက်တယ်ကွ"

"ဒါကြောင့် ပြောနေတာ ဒီကောင်မရှိမှ အေးမယ်၊ တောက်ငါ စိတ်မရှည်တော့ဘူး"

ဝမ်ရှောင်ကန်း ကြုံးဝါးလျှင် တစ်ခုခုတော့ ထလုပ်ဖြစ်မည်သား

နောက်နေ့ ကိုမင်းဝေ နန်းမြိုင်ထံ ရောက်လာသည်ဥယျာဉ်



www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် တစ်ယောက်က ပိုးချဲပေါ်က တစ်ယောက်က ပိုးချဲတွန်း လျက် တဟီးဟီးတဟားဟားနှင့် အကြည်ဆိုက်နေကြချိန်...၊

ဆေးရုံမြေအောက်လှောကား ရပ်နားသည့်နေရာတွင် လူ တစ် ယောက် လှစ်ခနဲ ကိုမင်းဝေတို့စီးလာသည့် ဒါဘယ်ကက်ကား အနား ကပ်သွားသည်။ သူသည် မော်တော်ယာဉ်မက်ကင်းနစ်ဖြစ်ပုံရသည်။ ဝပ်ရှော့ဝတ်စုံနှင့် ဖြစ်သည်။ ဘေးဘီဝဲယာကို အကဲခတ်ပြီးနောက် လှစ်ဆို ကားအင်ဂျင်အောက်ကို ပက်လက် လျှိုဝင်သွားသည်။ သိပ် မကြာလိုက်။ လျှောထွက်လာပြီး ဘေးပတ်ဝန်းကျင် အကဲခတ်ကာ လူရှင်းခိုက် လစ်ပြေးသွားလေ၏။

ထိုအချိန်တွင် မေလိနှင့် ဝေစန်းတို့လည်း ရောက်ရှိနေကြ ဆေးရုံရှေ့မြက်ခင်းပြင်တွင် ရှိနေကြသည်။ နန်းမြိုင်ကို ပိုးချဲနှင့် တွန်း ခေါ်သွားသည့် မင်းဝေက မိုးမခရွက်များ တွဲရရွဲခိုကျနေသည့် သစ် ရိပ်အောက်တွင် ရပ်၍ မျက်နှာချင်းဆိုင် စကားလက်ဆုံကျနေသည်။

ကိုက် ၃၀ အကွာလောက်တွင်မူ ဝက်သစ်ချပင်အောက်ရှိ ခုံတန်းရှည်တွင် ခမလိနှင့် ဝေစန်းတို့ တူယှဉ်တွဲထိုင်လျက် စကား ပြောနေကြသည်။

"ဝေစန်း ဒီရက်ပိုင်း ဂြိုဟ်ဆိုးဝင်မွှေခံရတဲ့ကိစ္စကို ဘိုးဘိုး အန်းကုန်းကြီး တန်ဝန်ဝိရှန်းကို ဘယ်ဂြိုဟ်ဆိုးက ဘာကြောင့် ဝင် မွှေသလဲဆိုတာ မေးမကြည့်မိဘူးလားဟင်"

"အေးကွ မေလိရေ ငါလဲ စိတ်ထဲမှာ စနိုးစနောင့်ဖြစ်မိသား





ါပေမယ့် သဘောရိုးဖြစ်တာပဲဆိုပြီး အမှုမဲ့အမှတ်မဲ့ ထားခဲ့တာပါ။ ှင်ပြောမှ မနေ့ညကစပြီး ငါ့အာရုံတွေ တဖျပ်ဖျပ် နိုးကြွနေတာကို ားရတယ်၊ တို့မျိုးရိုးဟာ အာရုံအမြင်ပေါက်တဲ့ နတ်မျက်စိမျိုးရိုး ာ ဆင်းသက်လာတာ၊ တစ်ခုခုထူးခြားပေမယ့် သတိလက်လွတ် ားမိတဲ့အခါ အဲဒီလို အာရုံတွေ နိုးကြွလာတတ်တယ်"

"ဒါဆို ဘာတွေဖြစ်ခဲ့တယ်၊ ဘာဖြစ်လာနိုင်တယ်လို့ အာရုံတွေ ာတွေ မရဘူးလား"

"ရိုးရာဘိုးဘေးကို တိုင်တည်ပြီး အာရုံပြုရင် ထူးခြားတဲ့ဖြစ် ဉ်တွေကို သိနိုင်ပါတယ်"

"ဒါဆို အခုရော၊ အာရုံပြုကြည့်လို့ရမလား"

"အင်း၊ နိုးကြွနေတဲ့ အချိန်မျိုးပဲလေ၊ ရမယ်ထင်တယ်၊ ခဏ လေး ကြည့်မယ်နော်"

ဝေစန်းက ခုံရှည်ပေါ်တွင် တင်ပျဉ်ခွေထိုင်လိုက်သည်။ သူ့ ာတ်ဝါးနှစ်ဖက်ကို ရင်ဝရှေ့ထား၍ မျက်စိစုံမှိတ်ကာ အာရုံပြု ငြိမ် ာတ်နေသည်။

"တွေ့ပြီ ဘွားဘွား အသည်းအသန်ဖြစ်လို့ ဆေးရုံတက်ရတာ ရော၊ ဒေါ်လေးအိမ် ဖောက်ထွင်းတာရော၊ တူလေးတွေ အဖမ်းခံရ ာရော၊ အားလုံးကို မီးခိုးရောင်ဩရ ကိုယ်ရောင်ကိုယ်ဝါရှိတဲ့ ျိုးနွယ်စုက ခိုင်းတာပဲ၊ သူ့အလိုလို ဖြစ်တာတွေမဟုတ်ဘူး"

"အဲဒီ မီးခိုးရောင်၊ ဘာတဲ့ ကိုယ်ရောင်ကိုယ်ဝါဆိုတာ ဘာကို



www.burmeseclassic.com

www.burmeseclassic.com



ပြောတာလဲ ဝေစန်း"

"လူတွေမှာ ဩရဆိုတဲ့ ကိုယ်ရောင်ကိုယ်ဝါရှိတယ်၊ မျိုးရိုး အလိုက်ရော၊ တစ်ဦးချင်းရဲ့ စိတ်နေစိတ်ထားအရရော၊ အဲဒီကိုယ်ရောင် ကိုယ်ဝါဟာ မတူကြဘူး၊ ဒီလူတစ်ဦးတည်းမှာတောင် စိတ်နေ စိတ်ထားပြောင်းသလို အရောင်ကလိုက်ပြောင်းတယ်၊ အဲဒါကို ပြောတာ"

"ဟုတ်ပါပြီ၊ အဲဒီလို ဝေစန်းရဲ့ ဆွေမျိုးတွေကို ဘယ်သူတွေ က ဘာကြောင့် ဒီလိုလုပ်တာလဲ"

"ဒါလား၊ အင်း သိပြီ၊ ငါနဲ့နီးစပ်တဲ့လူတစ်ယောက်ကို ဒုက္ခ ပေးချင်လို့ ငါ့ကို ပထုတ်တဲ့အသွင် ဆောင်နေတယ်တဲ့"

"ဆက်ပြော၊ ဆက်ပြော၊ နီးစပ်တဲ့လူဆိုတာ ဆွေမျိုးလား လုပ်ဖော်ကိုင်ဖက်လား"

"ကြည့်ရတာတော့ ဆွေမျိုးမဟုတ်ဘူး၊ သူ့ဩရက တို့မျိုးနွယ် စုရဲ့ ကိုယ်ရောင်ကိုယ်ဝါနဲ့ အခြေခံအရောင်မတူဘူး၊ အဲ ဟုတ်ပြီ အသက်မွေးဝမ်းကြောင်းမှု အရောင်တူတယ်၊ ဟာ လက်စသတ် တော့ ကိုမင်းဝေပဲ၊ ကိုမင်းဝေကို ပယောဂထည့်ချင်လို့ပဲ"

"ဒီလိုလား၊ ဒါဆို ကိုမင်းဝေ ခေါင်းမဖော်နိုင်အောင် အလုပ် များပြီး၊ နန်းမြိုင်ဆီ မလာနိုင်အောင် လုပ်တာကိုး"

"ဖြစ်နိုင်တယ်၊ ဘယ်သူ့လက်ချက်လဲဆိုတာ သိရအောင် ဆိုရင် နန်းမြိုင်အနီးက လူတွေကို တွေ့တဲ့အခါ သူတို့ရဲ့ ဩရကိုယ် ရောင်ကိုယ်ဝါကို ဖမ်းကြည့်ရင် သိမှာပါ"





"ဒါဆို နန်းမြိုင် သူ့အခန်းပြန်ရင် လိုက်သွားကြရအောင် မပြန် နိုင်သေးဘူး ဝေစန်း"

"ကောင်းပြီလေ ဟော ဟော၊ အာရုံတွေ နီးကြလာပြန်ပြီ၊ တစ်ခုခုထူးတယ်နဲ့ တူတယ်၊ ဟိုဘက်နားက မင်းဝေဆီ ငါ့အာရုံ ရောက်သွားပြီ၊ ကြည့် ဟုတ်တယ်၊ ဒီလူ တစ်ခုခုဖြစ်တော့မယ်၊ တစ် ယောက်ယောက်က လုပ်ကြံတော့မယ်"

"ဘယ်သူကလဲ၊ ဘယ်လိုလုပ်ကြံမလို့လဲ"

"ဒါလား အင်း...၊ လုပ်ကြံတဲ့လူဟာ မီးခိုးရောင်ဩရနဲ့လူပဲ၊ ဖြစ်မယ့်အန္တရာယ်ကတော့ ယာဉ်မတော်တဆဖြစ်မယ်၊ ကားမှောက် နိုင်တယ်"

"ဘယ်တော့လဲဟင် ဝေစန်း"

"မကြာဘူး၊ ငါတို့စီးလာတဲ့ကား တစ်ခုခုဖြစ်မယ့်နိမိတ်တွေ မြင်နေတယ်"

"ဒါဆို ကိုမင်းဝေတို့ကို မြန်မြန်သွားပြောကြစို့"

ဝေစန်းလည်း မေလိအတိုင်းတွေးမိသည်။ ထို့ကြောင့်ကိုက်ဥဝ န်အကွာရှိ မိုးမခပင်ရှိရာသို့ သူတို့နှစ်ဦး ခပ်သွက်သွက်လာခဲ့သည်။

ထိုစဉ် မင်းဝေခေါင်းထဲတွင် လျှပ်စီးလက်သလို ဖျတ်ခနဲ အလင်းရောင်တစ်ချက် လက်သွားသည်ကို ခံလိုက်ရသည်။ ဘာဖြစ် လိမ့်မှာ ငိုင်သွားစဉ် ရုတ်တရက် သူ့ရှေ့က ငှီးချဲကလေး ကုန်းဆင်း ဘက်လိမ့်ဆင်းသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အို အို လုပ်ပါဦး အစ်ကိုတော်"

နန်းမြိုင်က လန့်၍ အော်သည်။ ပိုးချဲဦးတည်ရာ အနိမ့်ပိုင်းတွင် ရေကန်ကစ်ကန်ရှိနေသောကြောင့် မင်းဝေ သတိဝင်လာသည်နှင့် ဒိုက်ထိုးကာ ပိုးချဲကို နောက်ဘီးနှစ်ဖက် ဖမ်းဆွဲလိုက်လေ၏။

နောက်ဘီးနှစ်ဖက်ကို ဆွဲမိတော့ ပိုးချဲက တုံ့ခနဲရပ်သွားရာ အပေါ်၌ထိုင်နေသည့် နန်းမြိုင်ကို ရှေ့သို့ လွင့်ထွက်ကျသွားစေတော့သည်။

မော်ခေတ်နန်းမြိုင် အရှိန်နှင့် ကျသွား၍ ကုန်းနိမ့်ပိုင်းကို လိမ့်သွားပြန်သည်။ မင်းဝေက ခုန်ထပြီး နောက်တစ်ကြိမ် ဒိုက်ထိုး၍ နန်းမြိုင်ကို ဝမ်းလျားမှောက် ဖမ်းဆွဲသည်။ ဒူးလောက်နေရာကို ဆွဲမိ၍ နန်းမြိုင်လည်ထွက်ပြီး လိမ့်နေရာက ရပ်သွားသည်။ ထိုစဉ် နောက်က လိမ့်ဆင်းလာသည့် ပိုးချဲက မှောက်ကျကာ မှောက်လျက်သားဖြစ်နေသည့် မင်းဝေ ဦးခေါင်းဆီသောတိုက်ဝင်ရိုက်လာသည်။ လည်ထွက်သွားသည့် နန်းမြိုင်၏ခြေစုံနှင့် တည့်တည့်အရောက်တွင် ထိုပိုးချဲ၏ဘေးကို နန်းမြိုင်က သူ့ခြေနှစ်ဘက်နှင့် ဆီးကန်ပေးလိုက်၍သာ မင်းဝေ ခေါင်းပေါ် တည့်တည့်သို့ကျမလာဘဲ ဘေးသို့ ယိုင်ကျ ရပ်တုံ့သွားသည်။

ဖြစ်ပျက်သွားပုံမှာ အလွန်မြန်သည်။ သူတို့ဘက်ပြေးလာသည့် မေလီနှင့် ဝေစန်းတို့ မြင်တော့မြင်လိုက်သည်။ သဲသဲကွဲကွဲတော့ ကြည့်လိုက်။





သူတို့နှစ်ဦး အနားမရောက်ခင်မှာပင် မင်းဝေက ထပြီး နန်းမြိုင်ကို ပွေ့ဖက်ထားလိုက်သည်။ ထိုအခါ အနားရောက်လာသည့် မေလီနှင့် ဝေစန်းတို့က ပိုးချဲကို မ,ထောင်ပေးကြပြီးနောက် ကိုမင်းဝေက နန်းမြိုင်ကို အသာကလေးပွေ့ချီကာ ပိုးချဲပေါ်သို့ နေသားတကျတင်ပေးလိုက်သည်။ ထို့နောက် ပိုးချဲကို ကုန်းမြင့်ဘက်သို့ သုံးယောက်ဝိုင်းတွန်း၍ တက်လာခဲ့ကြသည်။

"အဲဒါ နိမိတ်ပြတာပဲ နန်းမြိုင်"

ဟု မေလီက ဆိုင်းမဆင့်ဘုံမဆင့် ပြောလိုက်သည်။

"ဘာနိမိတ်လဲ၊ ဟင် သူငယ်ချင်း မေလီ"

"မကောင်းတဲ့ နိမိတ်၊ အန္တရာယ် နိမိတ်၊ ဟောဒီ ဝေစန်းဟာ နတ်မျက်စိ ဘိုးဘိုးတို့ မျိုးရိုးက ဆင်းသက်လာတာ၊ အခုပဲ ဝေစန်းက ကိုမင်းဝေအတွက် မကောင်းတဲ့ ဘေးဥပဒ်နိမိတ်မြင်လို့လာအပြော၊ အခုလို ဒလိမ့်ခေါက်ကွေးတွေ ဖြစ်ကုန်ကြပြန်တော့ ဒီအန္တရာယ်ဟာ ဘာကယ်ဖြစ်တော့မယ်ဆိုတာ ပိုသေချာအောင် ပြတာပဲ"

"အေးပါ အေးပါ၊ ကျွန်တော့်မှာ အန္တရာယ်ရှိတယ်ဆိုရင်လဲ သတိထားပါ့မယ်၊ အခု နန်းမြိုင် တော်တော်ပင်ပန်းထိတ်လန့်သွားပြီ သူ့ကို အခန်းပြန်ပို့ကြပါစို့၊ ဆရာဝန်လဲပြပြီး စစ်ဆေးရဦးမယ်၊ ဆေးလဲတိုက်ရဦးမယ်၊ သွားကြစို့"

မော်ခေတ်နန်းမြိုင်ကို သူ့အခန်းပြန်ပို့စဉ် သူ့အစ်ကို မော်ခေတ်နှင့် ဝမ်ရှောင်ကန်းတို့ စောင့်နေကြသည်နှင့် ဆုံခဲ့သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ပြီး သုံးယောက်သား ပြန်လာကြသည်။

"မေလီကို အရင်ပို့ပြီးမှ ပြန်ကြတာပေါ့ ကိုဝေစန်း"

"ကောင်းပါတယ်၊ လာလာ နားနေဆောင်ကို အမြန်သွားကြရအောင်"

ဝေစန်း အမူအရာ ထူးခြားနေ၍ ဘာမျှမပြောဘဲ ကိုမင်းဝေနှင့် မေလီတို့ လိုက်ပါလာခဲ့ကြသည်။

"ဟို နန်းမြိုင်အခန်းမှာ စောင့်နေတဲ့အထဲက ဝမ်ရှောင်ကန်း ဆိုတဲ့လူကို သတိထားမိကြရဲ့လား"

"ဒီလူလား၊ သိုင်းသမား၊ လူဆိုး၊ ကျွန်တော့်ကို မေ့လဲတဲ့ ထိုး ခုတ်ကန်ကျောက်ခဲ့တဲ့လူရမ်းကားပဲဗျ"

"အခု သူကိုယ်ပေါ်က ဩရအရောင်အဝါဟာ ကျွန်တော့်ကို အကောက်ကြံတဲ့ မီးခိုးရောင်အစစ်ဗျ၊ ဒါတင်မကသေးဘူး၊ အခုလဲ ကိုမင်းဝေကို တစ်ခုခု အကောက်ကြံထားတယ်၊ အာရုံထဲမှာတော့ ကားအက်ဆီးဒင့်ဖြစ်နိုင်ဖို့ များတယ်"

"ကောင်းပါပြီ သတိထားပြန်ကြတာပေါ့၊ ဟော နားနေဆောင် ကစောင့်နေတဲ့ ကျွန်တော်တို့ကားဆရာကြီးလဲ စောင့်ရတာကြာလို့ စိတ်မရှည်ဘူး မှတ်တယ်၊ လူးလာတုံ့ခေါက် လမ်းလျှောက်နေတာ မြင်လား"

"ဟုတ်ပါတယ် သွားကြစို့၊ သူ့ကိုခေါ်ပြီး သွားမယ်လေ၊ အဲ ကျွန်တော့်စိတ်ထဲမှာ ကျွန်တော်တို့ကားနဲ့ပတ်သက်ပြီး ရင်လေးနေ





သလိုပဲ၊ ကားကိုစစ်ပြီးမှ ထွက်ကြရအောင် ကားဆရာ လီကျောင်း၊ ကားစက်တွေ ဘာတွေ စစ်တတ်လား"

"တတ်ပါတယ်၊ စက်ပြင်ယာဉ်မောင်းပဲဟာ၊ ဘာဖြစ်လို့လဲ"

"လာ လာ၊ ပြန်ကြမယ်လေ၊ ကားကို ဘီးချောင်နေလား၊ ဘာဖြစ်နေလဲဆိုတာ စစ်ပေးပြီးမှ သွားကြတာပေါ့"

သူတို့ကားထံရောက်သောအခါ သေချာစစ်ကြည့်တော့ ကား ဘရိတ်ကို ဖောက်ထားကြောင်း သိရလေတော့သည်။ ဘရိတ်ဆီ များပင် အောက်သို့ အိုင်ထွန်းနေသေး၏။ သူတို့ဆိုက်ထဲက မော်တော် ယာဉ်အရာရှိထံ သတင်းပို့ပြီး နောက်ကားတစ်စီးလွှတ်ပေးသည်နှင့် လိုက်၍ ပြန်ခဲ့ကြသောကြောင့်သာ အပြန်ခရီးတွင် ကားဘရိတ် ပေါက်ကြီးနှင့် ကုန်းဆင်းများသောလမ်းတွင် ကားအရှိန်လွန်ချောက် ထဲကျသေမည့်ဘေးက လွတ်ကင်းခဲ့ခြင်း ဖြစ်လေသည်။

✦ ✧ ✦



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၅)

<u>ကျွံမိသောအချစ်နယ်</u>

<u>နှင့်</u>

<u>မလွှန်နိုင်သောမြစ်ပြင်ကျယ်</u>

" မင်းဝေ၊ မင်းဝေဆိုတဲ့ကောင် လွတ်သွားပြီကွ"

"အရင်းမရှိ အဖျားမရှိနဲ့ ရှောင်ကန်း၊ မင်း ဘာတွေလာပြော နေတာလဲ"

"ကျင်ကွေ့ သူငယ်ချင်း၊ ငါက အပိုင်ကြံခဲ့တာကွ၊ ဟိုကောင် အပြန် ချောက်ထဲကျပြီး အနိစ္စသဘောနဲ့ ကိစ္စချောအောင်ဆိုပြီး မင်းတို့ ကားဝယ်ရှေ့က မက်ကင်းနှစ်ကို ပိုက်ဆံပေးပြီး အဲဒီကောင် တွေ စီးပြန်မယ့်ကားကို ဘရိတ်ဖောက်ခိုင်းထားတာ"

"ဟာ သူတို့အပြန်လမ်းမှာက ကုန်းလျှောတွေချည်းပဲ၊ ဘရိတ်





ပေါက်နေလို့ကတော့ အဲဒီကား ချောက်ထဲကျပြီပေါ့"

"အဲဒါ ဒီကောင်တွေ ကားမထွက်ခင် စစ်ဖြစ်အောင် စစ်ကြ တယ် ကိုယ့်လူ၊ သူတို့စီးမယ့်ကား ဘရိတ်ပေါက်တာ တွေ့သွားလို့ နောက်ကားတစ်စီးမှာပြီး စီးပြန်သွားကြတယ်၊ တောက်...၊ အရမ်း စေ့စပ်တဲ့ အင်ဂျင်နီယာစုတ်တွေ"

"ဒါပေါ့ကွ၊ မင်းနဲ့ငါ သူတို့လုပ်ငန်းခွင် သွားချောင်းတုန်းက နေရာတကာမှာ တွေ့ခဲ့ရတာ Safty first လုံခြုံမှု ပထမဆိုတဲ့ ဆိုင်းဘုတ်ကြီးတွေချည်းပဲ၊ ဒီကောင်မျိုးတွေ စေ့စပ်မှာပေါ့"

"မင်းပြောမှ သတိရတယ် ကျင်ကွေ့၊ ဒီလောက်တောင် လုံခြုံ စိတ်ချရေးကို ဂရုစိုက်နေတာဟာ သူတို့ရဲ့ လုပ်ငန်းခွင်ဟာ အရမ်း အန္တရာယ်ကြီးလို့ ဖြစ်ရမယ်၊ အဲဒီလို နေရာမျိုးမှာ တစ်ခုခုဖြစ်ပြီး သေသွားရင် သူ့သဘာဝအန္တရာယ်ကြောင့် သေတာဆိုပြီး ဘယ်သူမှ အမှုပတ်မှာ မဟုတ်ဘူး"

"ဘာလဲကွ၊ မင်းက အဲဒီနေရာမှ မင်းဝေကို လုပ်ကြံမလို့လား"

"မင်းက ငါ့ထက် ဦးနှောက်ပိုသုံးတတ်တယ်။ စဉ်းစားစမ်း၊ ဘယ်နည်းနဲ့လုပ်ကြံရင် အဲဒီကောင် သူ့စရိတ်နဲ့သူ လျှောသွားနိုင် မလဲ"

"ကောင်းပြီ၊ ငါ အကျအန အကြံထုတ်လိုက်ဦးမယ်။ ဒီကြား ထဲ မင်းသဘောနဲ့ လျှောက်မလုပ်နဲ့ဦး။ ငါပြောတဲ့အတိုင်း အပိုင်လုပ် ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ မင်းအကြံအတိုင်း ပိပိရိရိ အကောင်အထည်ဖော်ဖို့က ငါ့တာဝန်ထား"

ကိုမင်းဝေကို မနာလို၍ ပထုတ်ရန် အစွမ်းကုန်ကြိုးစားနေသူ နှစ်ဦး ဤမှာဘက်တွင် တိုင်ပင်နေကြသည်။ သူတို့သည် အစွမ်းအစ ရှိသော ငွေရှင်ကြေးရှင်များ၏ သားများဖြစ်ကြသည်။ ကိစ္စအတော်များများသည် ငွေနှင့်ပေါက်၍လုပ်လျှင် ထမြောက်ပြီးစီးလေ့ရှိသည်။

ငွေကြေးမတတ်နိုင်သည့် သာမန်ဝန်ထမ်းတစ်ယောက်မျှသာ ဖြစ်သော ကိုမင်းဝေသည် သူတို့နှင့်မှ ထိပ်တိုက်သွားတိုးနေရာ၊ သူတို့စနက်စက်ကွင်းမှ လွတ်နိုင်ပါမည်လော။

ကိုမင်းဝေကို အပြတ်ရှင်းရန် ဝမ်ရှောင်ကန်းနှင့် ဝူကျင်ကွေ့ တို့ တိုင်ပင်နေသောနေ့တွင် မေလီ၏ တိုက်တွန်းချက်အရ ဝေစန်း ကလည်း မင်းဝေကို ပြောစရာရှိသည်ဆိုကာ စားသောက်ဆိုင်တစ်ဆိုင်တွင် သူတို့သုံးယောက်ဆုံကြသည်။

"ဝေစန်းရဲ့ အာရုံခံစားချက်ကို ပြောပြလိုက်ပါလားရှင်"

ဟု မေလီက အစပျိုးပေးသည်။

"ဒီလိုပါ ကိုမင်းဝေ"

ဟု ဝေစန်းက စကားကို စ,လေ၏။

"ဟိုနေ့က ကျွန်တော်တို့စီးပြီးပြန်မယ့်ကား ဘရိတ်ပေါက်တာဟာ တစ်စုံတစ်ယောက်လက်ချက်ဆိုတာ သတိထားမိမှာပါ။ အဲဒါ တခြားလူ မဟုတ်ဘူး။ ခင်ဗျားကို နန်းမြိုင်က ပစားပေးလို့မကျေနပ်





နေတဲ့ ဝမ်ရှောင်ကန်းလက်ချက် ဖြစ်တယ်"

"အင်း၊ ဒီလူနှစ်ယောက် ကျွန်တော့်ကို မကျေနပ်နေတာတော့ သိသားပဲ၊ ဒီလို တရားဥပဒေစိုးမိုးတဲ့ခေတ်ကြီးမှာ အသက်ကို ရန်ရှာတဲ့အထိ လုပ်လိမ့်မယ်လို့တော့ မထင်မိဘူးဗျာ"

"ပထမတော့၊ ခင်ဗျားကို အလုပ်တွေပိပြီး နန်းမြိုင်ဆီမလာနိုင်အောင် အနုနည်းနဲ့ ချကြသေးတယ်လေ၊ ခင်ဗျားအထက်က အရာရှိကို ချဉ်းကပ်ပြီး အလုပ်တွေ ဖိနိုင်း၊ အိုဗာတိုင်တွေ ချပေးဖို့ ပေါင်းပြီးလုပ်ကြတာ၊ တစ်ဖက်က လုပ်လို့ကောင်းအောင် ကျွန်တော် အလုပ်မဆင်းနိုင်အောင် ကျွန်တော့်မိသားစုကို ပြဿနာတွေ ဖန်တီးတယ်ဗျာ"

"အဲဒါတွေဟာ သဘောရိုးနဲ့ ဖြစ်ခဲ့တာမဟုတ်ဘူးပေါ့"

"မဟုတ်ဘူး၊ အဲဒီနှစ်ယောက် လက်ချက်တွေ၊ အဲလိုအနုနည်းနဲ့မရတော့ အကြမ်းနည်းကို စ,သုံးကြပြီ"

"အဲဒီကိစ္စတွေကို နန်းမြိုင် မသိပါစေနဲ့ဗျာ၊ သူ့ခမျာ ကျန်းမာရေးမကောင်းလို့ စိတ်ဓာတ်ကျနေရတဲ့အထဲ ကျွန်တော့်အတွက် စိုးရိမ်စရာတွေဖြစ်ရင် မလွယ်ဘူး"

"ဟုတ်ပါပြီ၊ ရှင်က ကျွန်မသူငယ်ချင်း နန်းမြိုင်အတွက်တော့ ဟုနေ၊ ကိုယ့်အတွက်မပူဘူးလား ကိုမင်းဝေ"

"ဘာတတ်နိုင်မလဲ၊ ဒီလူတွေရဲ့ ခြေလှမ်းကိုသိမှတော့ သူတို့ စနက်ကလွတ်အောင် ကြိုးစားရှောင်ရမှာပေါ့၊ ခင်ဗျားတို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



က အခုလို ပုင်းကူနေတာမို့ အားလဲရှိပါတယ်"

"ကျွန်မတို့က သူတို့လို ငွေအား၊ လူအားတော့ မရှိဘူး၊ ကိုမင်းဝေကလဲ ဒီလူတွေနဲ့ယှဉ်နိုင်တဲ့ အသိုင်းအဝိုင်း မရှိတော့ အရမ်း ဂရုစိုက်ရမယ်"

"တစ်ခုတော့ရှိတယ် ကိုမင်းဝေ၊ ခင်ဗျား လောကီပညာရပ်တွေကို ယုံကြည်သလား"

"သိပ်ယုံကြည်တာပေါ့၊ ကျွန်တော်နဲ့ နန်းမြိုင်ကိုယ်၌က လောကီပညာရပ်ရဲ့ စက်ကွင်းအောက်က သာမန်လူသားထက်ပိုပြီး ဂမ္ဘီရဆန်တဲ့လူတွေဆိုတော့ ကျွန်တော်တို့ကို စောင့်ရှောက်နေတယ်လို့ ခံစားရပါတယ်"

"ဟုတ်တယ်၊ ကျွန်တော်လဲ အဲဒီလို ခံစားရတယ်။ ကျွန်တော်တို့ နတ်ဆရာမိသားစုကို နန်းမြိုင်နဲ့ကိုမင်းဝေတို့ကို ကူညီဖို့ တစ်ဦးဦးက တောင်းပန်ထားသလိုပဲ။ ဟိုလူတွေက ငွေနဲ့ အသိုင်းအဝိုင်းအချိန်အခါနဲ့ ခင်ဗျားကိုဖယ်ရှားကြဖို့ကြိုးစားမယ်။ ကျွန်တော်တို့က ခင်ဗျားဘက်ကနေ လောကီပညာတွေနဲ့ ကူညီပါ့မယ်၊ အခု ကျွန်တော်တို့ ညနေပိုင်းနေ့ဝက် အလုပ်နားခွင့်ရတုန်း ကျွန်တော့်ဘိုးဘိုး အန်းကုန်းကြီးကိုသွားပြီး ဂါဝရပြုရင်း မေးကြည့်ရအောင်"

ကိုဝေစန်းက မေလိနှင့်အတူ ကိုမင်းဝေကို သူ့ဘိုးဘိုးထံ ခေါ်သွားလေသည်။ နောက်နှစ်ရက်ကြာသော် သာယာသည့် ညနေခင်းတွင် ကိုမင်းဝေက နန်းမြိုင်ကို ဝိုးချဲယားပေါ် တင်၍ တစ်လှမ်းချင်း





တွန်းရင်း လက်တံရှည်များ တွဲလောင်းစိုလှုပ်ရမ်းနေသည့် မိုးမခရွက်ကိုင်းရှည်များ ဘေးမှသွားလျက်ရှိသည်။ နှစ်ယောက်သားပြုံးရယ်စွာ စကားပြောနေကြပုံကို အဝေးရှိ ခေးရုံအပေါ်ထပ် မှန်ပြတင်း မှ ဖောက်၍ကြည့်နေသူ လူရွယ်နှစ်ဦး ဒေါကန်နေကြသည်။

"ကြည့်စမ်း ခွေးမသား တော်တော်အသက်ပြင်းတယ်၊ မနေ့က သူ့ကိုလုပ်ကြံဖို့ အကွက်ချစီစဉ်တဲ့ကြားက လွတ်သွားခဲ့တယ်"

"အေးကွ ရှောင်ကန်းရ၊ မင်းပြောတော့ စေ့စေ့စပ်စပ် အပိုင်လုပ်ထားတာဆို"

"အပိုင်ပေါက်ပေါ့ကွာ၊ အဲဒီကောင် ဟိုအမြင့်က ဒိုင်းပေါ် တက်ရမယ်လေ၊ သူတက်မယ့်ဒိုင်းကမှုလီကို ငါ့လူက ဖြုတ်ထားတယ်၊ ပြုတ်ကိုကျရမယ်၊ ကျတဲ့အခါ ရေထဲဘက်ကျရင် ရေကူးတတ်ရင် မသေဘဲ ဆည်ယူကယ်တင်နိုင်းဦးမှာမို့ တံတားအောက်ခံ ဆောက်လက်စသံဘောင်တွေဘက်ကျအောင် လုပ်နိုင်းထားတယ်"

"ဒီလူက ထုပ်တန်းအပြုတ်မှာ တွဲလောင်းခိုထားနိုင်ခဲ့လို့လား"

"အေးပေါ့၊ အဲဒီလိုဖြစ်နိုင်မှာပဲဆိုပြီး ငါမြုပ်နှံစေလွှတ်တဲ့လူတိုအနီးကလိုက်ပါနိုင်းခဲ့တယ်၊ ဒီကောင်ပြုတ်မကျရင် တွန်းချဖို့ကွာ"

"ဒါဖြင့် ဘာကြောင့် မင်းဝေ ပြုတ်မကျခဲ့တာလဲ၊ ဟိုမှာ တို့ချစ်ညီမလေးနဲ့ ပြုံနေကြပုံများ ဝိညာဉ်ကထလာတာတော့ မဟုတ်ပါဘူးနော် ရှောင်ကန်း"

"ဟာ အဲဒါပေါ့၊ တော်တော်ထူးဆန်းတယ်ကိုယ့်လူ ဒီကောင်



www.burmeseclassic.com

www.burmeseclassic.com



မင်းဝေ ပြုတ်မကျဘဲ ငါလွှတ်ထားတဲ့ငနဲ ပြုတ်ကျပြီး သေပါလေရော၊ ဒီနေ့ အသုဘကိစ္စရှိလို့ အလုပ်နေ့ဝက်နားတုန်း ဒီကောင် အခုလို နန်းမြိုင်ဆီရောက်လာနေတာပဲ၊ ရှီး– ဘာလုပ်ရမယ်တောင် မသိတော့ဘူး"

"အကောင်းဆုံးက နန်းမြိုင်ကို ဆေးရုံကဆင်းအောင် ဆရာဝန်ကြီးကို ကပ်ပြောမယ် ရှောင်ကန်း"

"အေး မင်းက ဉာဏ်ကောင်းတယ် ကျင်ကွေ့၊ ဘာဆက်လုပ်မလဲပြော"

"ညီမလေးမြိုင် ဆေးရုံကဆင်းပြီး အိမ်ခြံကြီးထဲမှာ ပြန်နေခိုင်းကွာ၊ သူ့အိမ်က ခြံကျယ်ကြီး ဝင်းနံရံတွေက လုံခြုံစိတ်ချရတယ်။ ကိုက်အိမ်ကြီးထဲမှာ အစေအပါးတွေများမှများ၊ နန်းမြိုင်ရဲ့ ဒိုးချဲကို ငါတို့ပေးမတွန်းတောင် သူ့အိမ်မှာတွန်းပေးမယ့်သူတွေ တစ်ပုံကြီး"

"ဒါဆို သူ့ကို အိမ်ပြန်ပြီး နေဖြစ်အောင် တိုက်တွန်းကြစို့"

ဒီတစ်ခါတော့ ဝမ်ရှောင်ကန်းနှင့် ဝူကျင်ကွေ့တို့ အကြံ အောင်မြင်ခဲ့သည်။ မကြာခင် ဆရာဝန်ကြီး၏ ခွင့်ပြုချက်အရ မော်ခေတ် နန်းမြိုင် ဆေးရုံမှဆင်းပြီး သူ့အိမ်ခြံကြီးထဲ ပြန်ရောက်သွားသည်။ ဆေးရုံမှ စီစဉ်ပေးချက်အရ နေ့ည သူနာပြု အမြဲ လူနာဘေးတွင် သုံးယောက် ထားပေးသည်။ ရွှန်မင်းကျွန်း၏ အချမ်းသာဆုံး သူဌေးကြီး၏ တစ်ဦးတည်းသော သမီးလေးပဲကိုး။

သို့သော် ရှောင်ကန်းတို့ ထင်သလိုမဟုတ်၊ စံအိမ်သခင်မလေး





မော်ခေတ်နန်းမြိုင်က သူ့အိမ်ကိုလာရန် ကိုမင်းဝေကို ဖုန်းဆက်မှာကြားခဲ့သည်။

သို့သော် ကိုမင်းဝေအဖို့ ဆေးရုံကို လာရသလောက်မလွယ်၊ တံခါးမရှိ၊ ဓားမရှိ ဝင်ထွက်၍မရ၊ မော်သူဌေးကြီး၏ ခြံဂိတ်ဝမှ ဖြတ်ဝင်ရန်မှာ အစောင့်အကြပ် အထပ်ထပ်ကို ဖြတ်ကျော်ရသည်။ အစစ်အဆေး အရှာအဖွေ ခံရသည်။ သူစိမ်းဆို လုံးဝ ဝင်ခွင့်မပြု။ ဒီကြားထဲ ဝမ်ရှောင်ကန်းတို့က ဂိတ်စောင့်များနှင့်အတူ သူတို့လူတွေပါ ချထားခွင့်ပြုရန် သူတို့သူငယ်ချင်း မော်ခေတ်စိန်တို့ ညီအစ်ကိုနှင့် ပူးပေါင်းကြံစည်ထားလိုက်သေး။

ထို့ကြောင့် ရက်အတန်ကြာသည်အထိ ကိုမင်းဝေ မော်ခေတ်နန်းမြိုင်နှင့် မတွေ့နိုင်ဘဲ ဖြစ်နေသည်။ ဖုန်းချင်းပြောသည့်အခါ ကိုမင်းဝေက ဂိတ်မှ ဝင်ခွင့်မရပုံကို ရှင်းပြလိုက်သည်။ နန်းမြိုင်သည်း သူ့အစ်ကိုများနှင့်ပေါင်း၍ အကောက်ကြံထားသည့် ဟိုနှစ်ယောက် လက်ချက်မှန်း သိလေ၏။ ထို့ကြောင့် ရှောင်ကန်းနှင့် ကျင်ကွေ့ကို အမြင်ကပ်ကပ်ရှိသည်နှင့် စကားမပြောဘဲ ဆက်ဆံလေသည်။ ဤနှစ်ယောက်ကလည်း တော်တော်သည်းခံနိုင်စွမ်း ရှိကြသည်။ ဤကောင်မလေး ငယ်ငယ်ကတည်းက သူ့ဇိုးမျိုးကို ခံခဲ့ရသူများပီပီ ယခုလည်း ညီမလေးမြိုင် စိတ်ကောက်သည်ကို ခံနိုင်ရည်ရှိပြည့်။ အားတိုင်းလာ၍ အနားတွင်နေရသည့် အခွင့်အရေး ရထားသူများပီပီ ဒီမိန်းမချောဘေးမှာ ရစ်သီရစ်သီလုပ်နေရသည်ကိုပင်



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်နေကြ၏။

မကျေနပ်နေသည်ကတော့ ထိုမိန်းမချောလေး နှန်းမြိုင်။ ထို့ကြောင့် ကိုမင်းဝေနှင့်တွေ့ဆုံနိုင်ရေးကို အကြောင်းရှာ ဖန်တီးလေ၏။

ထိုနေ့က လပြည့်နေ့။ မော်ခေတ်နှန်းမြိုင်၏ မွေးနေ့နှင့် တိုက်ဆိုင်နေ၏။ သူ့မိဘများကို သူ့မွေးနေ့တွင် တောင်ကုန်းပေါ်ရှိ ဘုံဆင့်ခုနစ်ထပ် ဘုရားကျောင်းသို့သွား၍ အမွေးတိုင်နှင့် ရိုးရာမုန့်များ ပူဇော်လိုကြောင်း တောင်းဆို၏။ နှစ်ပတ်လည်မွေးနေ့ မဟုတ်၊ အပတ်စဉ် ကြာသပတေး ဓမ္မနေ့မို့ ကြီးကြီးကျယ်ကျယ် မဟုတ်ယတြာချေ၍ သူ့ကျန်းမာရေးအတွက် ဆုတောင်းရန်ဆို၏။ မိခင်ကြီးအော်ကျင်မြိုင်ကလည်း သူ့သမီးအတွက် ဒုက္ခိတဘဝမှ မြန်မြန်လွတ်ပြီး ကျန်းမာပကတိဖြစ်စေရန် ဆုတောင်းပေးချင်၍ ဝမ်းသာစွာ သဘောတူသည်။

အရုဏ်တက်နေနှင့်အတူ တောင်ပေါ် ဘုရားကျောင်းကို မော်မိသားစု ရောက်ကြသည်။ ကျောင်းအောက်ဆုံး မြေညီထပ်တွင် ဘုရားကို ဆက်ကပ်လှူဖွယ်များ ကပ်လှူ၍ ရှိခိုးပူဇော်နေကြစဉ် အမြင်၌ ရှုတ်ရှုတ်သဲသဲ ဖြစ်နေသည်။

"ဟိတ် ဟိုလူ… မင်းကို ဘယ်သူက ခေါ်လို့လာတာလဲ"

"နှန်းမြိုင်လေ၊ ကာယကံရှင် နှန်းမြိုင်က ဖုန်းဆက်ဖိတ်ခေါ်လို့လာခဲ့တာ"





"မလိုဘူး၊ လာလမ်းအတိုင်းပြန်"

"နေပါဦး ဝမ်ရှောင်ကန်း၊ ခင်ဗျားက ကျုပ်ကိုတွေ့တိုင်း ရန်သူလို ဆက်ဆံနေတာ ဘာသဘောလဲဗျ"

"ဪ ဪ… အခုထိ မသိသေးတာလား၊ မသိချင်ယောင်ဆောင်နေတာလား၊ မင်းဟာ ငါ့ညီမချောလေးကို ငါ့လက်ထဲက ုယူဖို့ လာတဲ့ကောင်၊ အဲဒါ ငါရဲ့ အကြီးဆုံး ရန်သူပဲ၊ ဒါကြောင့် င်းကို မြို့င့်အနား လုံးဝ ပေးမကပ်တော့ဘူး၊ အမြန်ပြန်မသွားရင် ီတစ်ခါ အသေချပစ်မယ်"

"သိပ်မအော်နဲ့ ကိုယ့်ဆရာ၊ အထဲမှာ နှန်းမြိုင်က ကုသိုလ်ကောင်းမှုပြုပြီး သူ့ကျန်းမာရေးအတွက် ဆုတောင်းနေတယ်လေ၊ င်ဗျားကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရရင် ခင်ဗျားကို မုန်းသွားယ်နော်"

"အေးအေးသက်သာလုပ်ပါလား ရှောင်ကန်း၊ ဟုတ်သားပဲကွ" ကျင့်ကွေ့က ဝင်ပြောသည်။

"ဒါဆို ဟိုဘက်နားလိုက်ခဲ့၊ ဒီနားမှာ ဆူလို့မဖြစ်ဘူး၊ လာစမ်းကွာ"

ဝမ်ရှောင်ကန်းက မင်းဝေ လက်မောင်းကို ဖမ်းဆွဲ၍ အပြင်ကော် ခေါ်ထုတ်ရန်လုပ်သည်။

"ကျုပ်ကိုမထိနဲ့ ရှောင်ကန်း၊ ချက်ချင်းလွှတ်၊ မဟုတ်ရင် ားရဲ့ ယုတ်မာမှုတွေကို နှန်းမြိုင်ကို ပြောပြလိုက်မယ်။ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



လုပ်သမျှ အားလုံးသိတယ်။ သက်သေအထောက်အထားလဲ ရှိတယ်၊ နန်းမြိုင်ကို ပြောလိုက်လို့ကတော့ ခင်ဗျားတို့ သွားပြီ၊ သူနား ဒီ တစ်သက် ကပ်လို့ရတော့မှာ မဟုတ်ဘူး"

ကိုမင်းဝေက လေသံမှန်မှန်နှင့် ပြောလိုက်သော်လည်း ဝမ်ရှောင်ကန်းတို့ကို မိုးကြိုးပစ်ခံရသလို တုန်လှုပ်သွားစေသည်။ သူတို့သည် အမှုဖြစ်မည်ကို လားလားမှမကြောက်၍ ဇက်ရဲလက်ရဲ လုပ်နေကြသူများ။ သူတို့ အကြောက်ဆုံးဖြစ်သည့် နန်းမြိုင်နှင့် ကိုဒီပေါက်မှ တွန့်သွားကြသည်။ ဝမ်ရှောင်ကန်းက ကိုမင်းဝေ လက်မောင်းကို ဆုပ်ဆွဲထားသည့် သူ့လက်ကြီး အသာလေးလွှတ်ချလိုက်သည်။

"ဒါပဲ၊ ခင်ဗျားတို့ဘက်က ပွဲမကြမ်းသေးသ၍ ကျုပ်ကလဲ နှုတ်ပိတ်ထားမယ်၊ ဟုတ်ပြီလား"

ကိုမင်းဝေက သူ့လက်မောင်းကို အသာပွတ်ပြီး ကျောင်းခန်းထဲသို့ ခြေသွက်သွက်နှင့် လှမ်းဝင်သွားလေ၏။

"ဟော အစ်ကိုတော် ရောက်လာပြီ"

"နှမတော် နွယ် စောင့်နေရတဲ့အတွက် ခွင့်လွှတ်ပါကွယ်"

အကြောင်းကြောင်း စကားများ စ,ချေပြီ။ မိသားစုများ ကြောင်စီစီနှင့် ရှုပေးရလေသည်။

"လာပါ အစ်ကိုတော် ဟံသာမင်းဝေ၊ နှမတော်နဲ့အတူ ဆုတောင်းရအောင်နော်"

"ကောင်းလိုက်လေ နှမတော်လေး နွယ်၊ အစ်ကိုတော်က နှမ





တော်လေး မကြာခင် ဒုက္ခိတဘဝက လွတ်ပြီး ကျန်းမာပကာတိ ဖြစ်လာမှာလို့ ယုံကြည်လျက်ပါ။ အခုပဲ ဘုရားမှာ ဆုတောင်းပေးပါ့မယ်"

ကိုမင်းဝေကား အမွှေးတိုင်များကို သွားရောက်မီးညှိပြီး တစ်ဝက်ကို မော်ခေတ်နန်းမြိုင်လက်ထဲ ထည့်ပေးရာ ပြုံးပြုံးကလေး မော်ကြည့်ပြီး လှမ်းယူလေ၏။

"အခုလို အစ်ကိုတော်နှင့် ဘုရားမှာ တူယှဉ်တွဲပြီး ဆုတောင်းလို့ရတဲ့အတွက် နှမတော်ကလေး ဝမ်းသာကြည်နူးလို့ မဆုံးပါဘူး။ အစ်ကိုကရော ပျော်ရဲ့လားဟင်"

ကိုမင်းဝေ တောက်ပကြည်နူးဖွယ်ပြုံးရယ်မောလိုက်လေသည်။

"ဟား...ဟား... အရမ်းကို ကြည်နူးမဆုံးတာပေါ့ နွယ်လေးရယ်"

"ဟီး..ဟီး နွယ်လေးလဲ အရမ်းပျော်မြူးတာပေါ့"

သူတို့နှစ်ဦး၏ မြူးပျော်၍မဆုံးနိုင်သော ချိုလွင်သော ရယ်မောသံများသည် ဘုရားကျောင်းတစ်ခွင်လုံး လွင့်ပျံ့ရိုက်ခတ်သွားလေသည်။ မိဘမောင်ဘွားများနှင့် နောက်တော်ပါး ဝိုင်းတော်သားအားလုံးသည် ပြုံးပျော်မှုများ ရိုက်ခတ်ကူးလူးကာ ရွှင်ပျကြည်နူးသွက်ရှိကြပါတော့သည်။

ဤသို့ အပျော်လှိုင်းများ ကြွတက်လာသည်ကို မခံမရပ်နိုင်ဖြစ်သွားသော ဝမ်ရှောင်ကန်းနှင့် ဝူကျင်ကွေ့တို့သည်ကား နောက်သို့ မြန်မြန်ဆုတ်ခါ ဘုရားကျောင်းဝင်းထဲမှ ခတ်သွက်သွက် ပြေ



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားကြလေတော့သည်။ ဝမ်ရှောင်ကန်းသည် ဝေးနိုင်သမျှ ဝေးသော တောင်ခြေအောက် ပင်လယ်ကမ်းစပ်အထိ တစ်ဟုန်ထိုး ပြေးဆင်း၍ ဇရလှိုင်းသံများကို မျက်နှာမူလျက် ဟစ်အော်ကာ ရင်ဖွင့်လေတော့သည်။ ဝူကျင်ကွေ့ကမူ ပင်လယ်ရေထဲအထိ ပြေးဆင်း၍ အကြိမ်ကြိမ်ကူးခပ်လေတော့သည်။ တောင်ကုန်းပေါ်တွင်မူကား မော်သူဌေးကြီးနှင့် သူဌေးကတော်တို့သည် သူတို့သားနှစ်ဦးနှင့်အတူ ဘုံပျံခုနစ်ထပ်ရှိ ဘုရားကျောင်းကြီးပေါ်သို့ နောက်လိုက်နောက်ပါများနှင့်အတူ ဖြည်းဖြည်းချင်း တက်သွားပါတော့သည်။

ဘီးတပ်ယာဉ်နှင့် မော်ခေတ်နန်းမြိုင်ကိုမူ ဘုရားကျောင်းအဆင့်ဆင့်သို့ ခေါ်သွားနိုင်ခြင်းမရှိသည့်အားလျော်စွာ ကိုမင်းဝေက ဘီးတပ်ယာဉ်ကလေးကို တွန်းလျက်ကျောင်းဆောင်တွင်းမှ ထွက်သွားပါတော့သည်။ နွေရာသီ၏ တက်သစ်စနေရောင်ခြည် အောက်တွင် ကွန်ကရစ်တောင်ပေါ် လမ်းကလေးအတိုင်း သူတို့နှစ်ဦး သွားနေကြသည်။

ဘုရား ရုပ်တုများရှေ့သို့ရောက်တိုင်း လက်အုပ်ချီ၍ အတူ ဖူးမြော်ကြပါသည်။ ခပ်ဝေးဝေးရှိ မတ်ရပ်ကိုယ်တော်ကြီးဆီသို့ အရောက်ဖူးမြော်ရန် သွားကြပါသည်။

"အစ်ကိုတော် မင်းဝေ ဟိုရှေးရှေးတုန်းက နှမတော်နဲ့အတူ မောရအင်တိုင်းက တောင်ပေါ်ဘုရားတွေမှာ တူယှဉ်လည်ဖူးခဲ့တာ တွေကို မှတ်မိသတိရသေးရဲ့လား"





"နှမတော်လေးနွယ်ရေ အဲဒီအတိတ်က အရိပ်တွေကို မကြာမကြာ ပြန်လည်မြင်ယောင်နေတဲ့အတွက် အစ်ကိုတော် အမြဲသတိရ လွမ်းဆွတ်နေပါတယ်၊ ဒါပေမယ့် နှမတော် နွယ်လေးရယ် အဲဒီတုန်းက နှမတော်လေးဟာ မြူးထူးခုန်ပေါက် ပြေးလွှားနေလိုက်တာ အစ်ကိုတော်တောင် မနည်းမီအောင် ဖမ်းရတယ်၊ အခုတော့ ဒီလိုလဲ မဟုတ်တော့ပါလား နွယ်နှမရယ်၊ နှမတော်လေးရဲ့ ယခုဖြစ်အင်ကို ကြည့်ပြီး အစ်ကိုတော် ရင်ထုမနာ ဖြစ်ရပါတယ်"

"ဘာလဲ အကိုတော် အသံကလဲ အောက်သိုးသိုးနဲ့ နှမတော်လေးကို ဘီးတပ်ယာဉ်လေး တွန်းပေးနေရတာ မောလို့ မကြည်ဘူးလား"

"မဟုတ်ရပါဘူး ဒီလိုမဟုတ်ဘူး အစ်ကိုတော်တို့ရဲ့ ဘဝ ဘဝ ပေးကုသိုလ်ကံများက ဆိုးရွားလွန်းလို့ ထင်ပါရဲ့၊ နှမတော်နွယ်လေးနဲ့စပြီး ဆုံတုန်းက အကံဆိုးဒင့်ကြောင့် အခုလို ဝေဒနာရှင်ဘဝလေးနဲ့ တွေ့ဆုံရတာကိုက ကိုယ်စိတ်နှစ်ပါး ထိခိုက်လွန်းလို့ပါ"

"ဒါဆိုရင် အစ်ကိုတော်က နှမတော်ကလေး အရင်တုန်းကလို အစ်ကိုတော်နဲ့ တူယှဉ်တွဲပြီး ပြေးလွှားဆော့ကစားနိုင်တာကို မြင်တွေ့ချင်တယ်ပေါ့"

"အရမ်း အရမ်းကို မြင်တွေ့ချင်ပါတယ် နှမတော်လေးရယ်"

"ဒါဆိုရင် သေသေချာချာ မျက်တောင်မခတ်ဘဲ ကြည့်နေ၊ အဲလေ မျက်စိခဏမှိတ်၊ ခဏလေးကြာရင် အဲဒီအတိုင်း မြင်ရတွေ့



www.burmeseclassic.com

www.burmeseclassic.com



ရစေမယ်၊ နိုက်ဆို မျက်စိခဲ ထမှိတ်ထားလေ"

"အေးပါဗျာ၊ ဟောဒီမှာ သေချာကို မျက်စိမှိတ်ထားပါပြီ"

"အပ်ချလောင်း မန်းလိုက်ပြီ အစ်ကိုတော် ကြည့်လို့ရပြီ"

"ဟိုက် ဘုရားရေ ဟုတ်မှဟုတ်ရဲ့လား"

ကိုမင်းဝေ မျက်လုံးနှစ်စုံ ကျွတ်ထွက်မတက် သေသေချာချာ ပြူး၍ ကြည့်ပါတော့သည်။ သူ့ရှေ့တွင် ဘီးတပ်ယာဉ်ပေါ်မှ ဆင်းကာ မတ်မတ်ကလေး ထရပ်နေသော မော်ခေတ်နန်းမြှိုင်ကလေးကို ငေးမောနေရသောကြောင့် ဖြစ်ပါသည်။ ကိုမင်းဝေ မျက်လုံးကို ပွတ်ခတ်၍ ကြည့်သည်။ လက်နှစ်စုံနဲ့ ပွတ်သပ်၍ ကြည့်ပြန်သည်။ ခရမ်းရောင်နနု စကတ်ကလေးအောက်တွင် ဖြောင့်တန်းနေသော ခြေထောက်ဖြူဖြူကလေးက ပိုင်ပိုင်ကလေးရပ်နေပုံကို သေချာ ကြည့်ပြီး မြင်နေရသည်။

"မယုံရင် ဟောဒီမှာ သေသေချာချာ ကြည့်ပါဦး"

ဟုဆိုကာ ကိုမင်းဝေ ရှေ့ကမိန်းမပျိုကလေးသည် မော်ဒယ်ဝဲ လျှောက်သလို (Cat Walk)ပေါ်က ခြေလှမ်းမျိုးဖြင့် မတ်မတ် ကလေး လူးလာခေါက်ပြန် လျှောက်ပြပါတော့သည်။ ကိုမင်းဝေ ဘာမျှပြောမနေတော့ဘဲ သူ့ဘက်လှည့်လာသည့် ကောင်မလေးကို ပြေး၍ဖက်လိုက်လေသည်။ ကောင်မလေးကလည်း ခြေနှစ်လှမ်း ပြေးကာ ပြန်လည်ဖက်လိုက်လေတော့သည်။ ကိုမင်းဝေက ဖက် ထားရာမှ တစ်ပတ်နှစ်ပတ် လည့်နေမိသေးသည်။ တစ်ချိန်တည်းမှာ





ပင် နှစ်ဦးသား စူးလွင်လွင် အော်ဟစ်ရယ်မောနေကြသည်။ ပြီးမှ ကိုမင်းဝေ ချက်ချင်းသတိဝင်ကာ ဘေးပတ်ပတ်လည်ကို မလုံမလဲ လိုက်ကြည့်သည်။ ဖြုန်းစားကြီး နန်းမြှိုင်ကို ဘီးတပ်ယာဉ်ပေါ်သို့ မြန်မြန်သွက် သွက်ကလေး ပြန်တင်ပေးလိုက်သည်။

"သူများတွေ ရိပ်မိကုန်မလား မသိဘူး၊ နေပါဦး နှမတော် ကလေး ယခုလို လမ်းလျှောက်နိုင်နေတာ တခြားဘယ်သူတွေ ရိပ်မိ သလဲဟင်"

"ဘယ်သူမှမသိအောင် တိတ်တိတ်ကလေးလျှို့ဝှက်လေ့ကျင့် နေတာပါ"

"အဲဒီလို ပြန်ကောင်းနေတာ ဘယ်လောက်များကြာပြီလဲ နှမတော်လေး"

"ကြာခဲ့ပါပြီ အစ်ကိုတော် မှတ်မိသေးလားမသိဘူး၊ ဟိုးတစ်ခါ နှမတော်ရဲ့ ဘီးတပ်ယာဉ်ကလေး ကုန်းဆင်းကနေ ရေကန်ဆီ လိမ့် ဆင်းသွားတော့ အစ်ကိုတော်က စိုးရိမ်ကြီးစွာ ဒိုက်ထိုးပြီး ဘီးတပ် ယာဉ်ကလေးကို ဆွဲတော့ နှမတော်ကလေး အောက်ပြုတ်ကျသွား ပါတယ်လေ၊ အဲဒီအချိန်မှာပဲ ဘီးတပ်ယာဉ်ကလဲနေတဲ့ အစ်ကို တော်ရဲ့ ဦးခေါင်းပေါ်ကို ပြုတ်ကျအလာမှာ နှမတော်လည်း စိုးရိမ် ကြီးစွာနဲ့ လန့်ပြီး အဲဒီဘီးတပ်ယာဉ်လေးကို ခြေထောက်နဲ့ဆီးပြီး ကန်လိုက်တဲ့ တစ်ခဏမှာဘဲ နှမတော်ရဲ့ ခြေထောက်တွေရော အောက်ပိုင်းတစ်ခုလုံးပါ ပြန်လည်လှုပ်ရှားလို့ ရခဲ့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအချိန်တုန်းဆီက အစ်ကိုတော်မှာ နှမတော်လေးအတွက် စိုးရိမ်ပူပန်နေတဲ့ဇောက သိပ်ကြီးနေတာကြောင့် ဘာတွေ ဘယ်လိုဖြစ်မှန်း ကောင်းကောင်းမသိလိုက်ဘူး၊ ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ အခုလို နှမတော် လူကောင်းပကတိဖြစ်နေပြီဆိုတာ သိရတဲ့အတွက် ပြောမပြနိုင်လောက်အောင်ကို စိတ်အေးရပါပြီ၊ ဒါနဲ့ နေပါဦး ဘာဖြစ်လို့ ဒုက္ခတ ဟန်ဆောင်ပြီး ဆက်နေပြနေတာလဲ"

"ဒါကျေလား ပထမအချက်အနေနဲ့ အစ်ကိုတော်နဲ့ အန္တရာယ်ကင်းစွာ ဆက်လက်တွေ့ဆုံနေဖို့ဆိုတာ နှမတော်လေး ယခုလိုပုံမျိုးနဲ့မှ ပိုပြီးအဆင်ပြေမှာ၊ နှစ်အချက်ကတော့ ဟိုလူဆိုးနှစ်ဦးကလဲ နှမတော်လေး ယခုလို ဒုက္ခိတကြီး ဘဝကို ကြာကြာသီးခံနိုင်မှာ မဟုတ်ဘူး၊ သူတို့ စိတ်ပျက်ငြီးငွေ့သွားသည့်အထိ ဆက်လက်ပြီး ဟန်ဆောင်နေရမှာပဲ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒီလိုပုံစံကြီးနဲ့ နေရတာ နှမတော်ကိုယ်စိတ်နှစ်ပါး မပင်ပန်းဘူးလား၊ မငြီးငွေ့ဘူးလား"

"မောင်တော်နဲ့ ခဏခဏတွေ့နေရမယ့် အခြေအနေမျိုး ဖြစ်တာကြောင့် မငြီးငွေ့တဲ့အပြင် ပျော်ပါတယ်။ ပြီးတော့လဲ နှမတော်လေးရဲ့အခန်းကို ညညကျရင် သီးသန့် အေးအေးဆေးဆေး နေထိုင်ချင်တယ်ဆိုပြီး ည ၁၀ နာရီကနေ မနက် ၅ နာရီအတွင်း ဘဲစ်တီးမခေါ်ရင် ဘယ်သူမှ လာခွင့်မပြုပါဘူး၊ အဲဒီအချိန်အတွင်းမှာ နှမတော်က တစ်နေ့လုံး အိပ်ခဲ့ထိုင်ခဲ့ရသမျှ အတိုးချပြီး အညောင်းမမိရ





အောင် လမ်းလျှောက်ထိုင်ထ လေ့ကျင့်ခန်းများ လုပ်ပါတယ်၊ အခုအဖြစ်မှန်တွေကို အစ်ကိုတော် သိသွားတာကြောင့် အခုလို လူသူကင်းဝေးတဲ့ ဘယ်သူမှမမြင်မတွေ့နိုင်တဲ့နေရာမျိုးရောက်ရင် အစ်ကိုတော်နဲ့ နှမတော်တို့ ဟိုးလွန်လေပြီးသော ဘဝဘဝတွေက တောင်ပေါ်ဘုရားတွေမှာ ပြေးလွှားပြီး လျှောက်လည်ကြသလို လျှောက်လည်ကြရမှာပေါ့၊ ဘယ်သူ့ကိုမှ ဒီလျှို့ဝှက်ချက်ကို အသိမပေးလိုက်ပါနဲ့ အစ်ကိုတော်"

"ဒီအတွက်တော့ စိတ်တုံးတုံးချ နှမတော်လေးရေ၊ ကြည့်စမ်းကြည့်စမ်း၊ နှမတော်လေး ချွေးသီးချွေးပေါက်ကလေးတွေ ကျနေပြီ နောင်လဲ လူသူလစ်တဲ့အခါ အခုလို ချွေးသီးလေးတွေကျတဲ့အထိအောင် ဘုရားတွေကို တူယှဉ်လည်ပတ်ကြမယ် မကောင်းဘူးလား ကွယ်"

"ကောင်းတာပေါ့ ကောင်းတာပေါ့"

ဟုဆိုပြီးနောက် သူတို့နှစ်ဦး မြူးပျော်စွာ ရယ်မောကြလေသည်။

ထိုနေ့မှစ၍ ကိုမင်းဝေနှင့် မော်ခေတ်နန်းမြိုင်တို့သည် အခါအခွင့်ကြုံတိုင်း ဟံသာမင်းဝေနှင့် မောသခင်မလေးဘဝတုန်းက အတိုင်း ချွန်မင်းကျွန်းပေါ်တွင် ပျော်ရွှင်စွာ လည်ပတ်ခွင့် ရပါတော့သည်။

သူဌေးကြီးမော်ခေတ်တာတ်နှင့် သူဌေးကတော်ကြီး ဒေါ်ကျင်



www.burmeseclassic.com

www.burmeseclassic.com



မြိုင်တို့သည် အချိန်ကြာလာသည့်တိုင် အောက်ပိုင်းသေရောဂါမှ မပျောက်ကင်းနိုင်သော သူတို့ရဲ့ချစ်မငြီးသည့် သမီးလေးအတွက် များစွာ စိတ်မကောင်းဖြစ်လျက်ရှိသည်။ တစ်ဖက်တွင်မူ ကိုမင်းဇေဖူသောလူငယ်လေး၏ ဖေးမကူညီပေးမှုကြောင့် သမီးလေး ဒုက္ခိတဘဝလေးကို မေ့ပျောက်၍ ပျော်ပျော်ရွှင်ရွှင် လန်းလန်းဆန်းဆန်း ဖြစ်နေသည့်အတွက် နှစ်သက်မှုကလေးတော့ ရပါသေးသည်။

အစ်ကိုများ ဖြစ်ကြသည့် မော်ခေတ်စိန်နှင့် မော်ခေတ်ပိန်တို့ကမူ သူတို့သူငယ်ချင်းများက အတို့အထောင်လုပ်သည့်အတွက် မိဘများကို အထွန့်တက်ကြသည်။

"ပါပါးတို့နော် ဟို ဘုမသိဘမသိ လူစိမ်း မင်းဇေကို ညီမလေးနဲ့ သိပ်ယုံပြီး လွှတ်မထားနဲ့၊ ဒီနှစ်ယောက် ငြိသွားမှဖြင့် ပြဿနာဖြစ်မယ်"

"အို… သားတို့ကလဲ ပူရန်ကော၊ မင်းတို့ညီမလေးက အောက်ပိုင်းသေနေတဲ့ ဒုက္ခိတပါကွာ၊ ဘာမှမစိုးရိမ်ကြနဲ့"

"မဟုတ်ပါဘူး ပါပါးရ၊ ဟိုကောင်ရူးပေါပေါက လူ့ခန္ဓာကိုယ်တို့ကို ရမှရယ်မဟုတ်ဘူး။ ညီမလေးကို ချစ်နေရရင် ပြီးတဲ့ကောင်၊ အခုလဲ ဥစ္စာစောင့်ဘဝကလာကြတဲ့ ဘဝဟောင်းက ချစ်သူအချင်းချင်း ဘာညာ၊ ဘာညာဆိုပြီး ရူးကြောင်မူးကြောင် လုပ်နေကြတယ်လေ"

"အဲဒီ ဟိုဘဝက ချစ်သူကွိကွဆိုပြီး ရူးပေါပေါ အူကြောင်ကြား





ဖြစ်နေတာကိုက ဒီအခြေအနေမှာ အကောင်းဆုံးဖြစ်နေတာရယ်၊ သားတို့ညီမလေး ရောဂါမပျောက်မချင်း လွှတ်သာထား။ အရေးကြီးတာက သမီးလေးရောဂါပဲ၊ ဒီမှာ ကုလို့ မပျောက်ဘူးတဲ့လား"

အော်ကျင်မြိုင်က မိခင်စိတ်နှင့် အမြဲ ပူပင်နေသဖြင့် သူမေးနေကျကိုသာ မေးသည်။

"ဒါလဲ ဆရာဝန်ကြီးတွေကို သေချာစစ်ဆေးခိုင်း၊ ကုသခိုင်းတာပဲ၊ ငွေလဲ ပုံအောတာပဲ၊ သူတို့ကလဲ သမီးရဲ့ ခါးရော၊ ဦးနှောက်ရော၊ ကျောရိုးမတစ်လျှောက်ရော၊ ကြွက်သားတွေ အရိုးအဆစ်တွေ ပါအားလုံးကို နည်းမျိုးစုံနဲ့ စစ်ဆေးပြီးပြီ၊ အာရုံကြော ချွတ်ယွင်းချက်လဲမတွေ့ဘူး၊ အရိုးအဆစ်၊ အရွတ်၊ ကြွက်သားတွေလဲ ပုံမှန်ဖြစ်စပြုနေပြီ၊ မကြာခင် လူကောင်းပကတိ ဖြစ်လာနိုင်ပါတယ်တဲ့"

"မကြာခင်၊ မကြာခင်နဲ့ အခုဆို ငွေဦးကစခဲ့တာ ငွေတောင်ကုန်ပြီ၊ ဒီမှာကုလို့မရရင် နိုင်ငံခြားသွားကုမယ်ရှင်"

"အေးပါ၊ တို့တိုင်းပြည်က ခေတ်သစ်ဆေးပညာလဲ နိုင်ငံခြားမှုံ့ပါဘူး။ သူတို့ကို မပြတ်မေးခဲ့တာပဲ၊ သူတို့က ပြောတယ်၊ ဒီပုံစံနဲ့ဆို တစ်ကမ္ဘာလုံး ဘယ်နိုင်ငံသွားကုကု ချက်ချင်းမပျောက်ပါဘူးတဲ့၊ အကြောတွေ အာရုံကြောတွေကို ထိခိုက်လို့ ဒီဂျင်နရိတ်ဖြစ်သွားရင် အနည်းဆုံး ခြောက်လကြာမှ ပုံမှန်ပြန်ရောက်နိုင်တယ်တဲ့၊ အခု လေးလကျော်ပဲရှိသေးတယ်၊ မကြာခင် ကောင်းလာနိုင်တယ်တဲ့"

"နေပါဦး မသိလို့မေးပါရစေ၊ သမီးလေးရဲ့ ဒဏ်ရာက ခါးရိုးကျိုး

www.burmeseclassic.com



ပြီး ကျောရိုးကြီးထဲက စပိုင်နယ်ကော့ရဲ့ အောက်ပိုင်းကို သွားထိတယ် ဆိုတော့ ဟိုဟာလေ… လိင်ပိုင်းဆိုင်ရာ အာရုံခံစားချက်တွေလဲ ပျက်စီးကုန်တဲ့ သဘောလား"

"ဟုတ်တယ်ကွ၊ ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် လိင်ဆက်ဆံတဲ့အခါ လိင်အင်္ဂါတွေရဲ့ ထိတွေ့မှုအာရုံကို ခံစားတဲ့ ဗဟိုဌာနဟာ ခါးရိုးအောက်ပိုင်းနားက လမ်းဘားနဲ့ ကော့ဆစ်အရိုးမြစ်ဆုံနားမှာရှိသတဲ့၊ အဲဒီနေရာကို ဖြစ်စေ၊ အဲဒီအထက်နားကို ဖြစ်စေ ပြင်းထန်တဲ့ ထိခိုက်ဒဏ်ရာရမှုဖြစ်ရင် လိင်ပိုင်းအာရုံခံစားမှု မရှိတော့ဘူးတဲ့"

"ဒါဆို သမီးလေးမှာ တက်သစ်စ အပျိုရွယ်မှာ ရှိရမယ့် အဲဒီစိတ် မရှိတော့ဘူးပေါ့။ ကောင်းတယ် ကောင်းတယ်၊ သူ့ဟာသူ ဟိုသူငယ်နဲ့ ဘဝဟောင်းက အချစ်အကြောင်းတွေမှာ နစ်မျောယစ်မူးနေပြီး ဒုက္ခိတဘဝကို ရင်ဆိုင်လွန်မြောက်နေတာ အကောင်းဆုံး"

မိခင် ဒေါ်ကျင်မြိုင်၏ ထိုအတွေးအခေါ်ကို မိသားစုအားလုံး လက်ခံဘဝင်ကျကြသည်။ ထို့အတူ ဟိုရန်စောင်နေသည့် နှစ်ကောင်ကိုလည်း ဤသဘော ထိုကျန်းမာရေးရှုထောင့်နှင့်ရော ဟိုရှုးကြောင်ကြောင်ရှုထောင့်နှင့်ပါ တွက်ဆပြီး စိတ်မပူ စိုက်မလောကြရန် မော်ခေတ်စိန်တို့ ဖျောင်းဖျကြရသည်။

"အေး သူငယ်ချင်းတို့ရဲ့ အယူအဆကို လက်ခံပါတယ်။ တို့က အသေအချာကို စောင့်ကြည့်နေမှာနော်၊ ညီမလေးမြိုင် ဝေဒနာ





ပျောက်ပြီပေါ့ ဆိုတာနဲ့ ဟိုငတိကို ဖြစ်တဲ့နည်းနဲ့ ဖယ်ရှားပစ်မှာနော်၊ အဲဒီကျ အဆိုးမဆိုနဲ့နော်"

"ဒါက မင်းတို့ကိစ္စပါကွာ၊ ငါတို့ကတော့ တို့ညီမလေးကို အဲဒီသူစိမ်းလက်ထဲ အပ်ရမှာထက် မင်းတို့နှစ်ယောက် တစ်ယောက်ဆီ အပ်ရတာကို ပိုကြိုက်ပါတယ်၊ ဒါပေမယ့် မင်းတို့နှစ်ယောက်က ဘယ်သူနဲ့ ဖြစ်မှာလဲကွ"

"အဲဒါက ညီမလေးမြိုင်အပေါ်မှာ မူတည်တယ်၊ သူရွေးတဲ့သူက လက်ခံရမှာလို့ အစကတည်းက တို့တွေ သဘောတူထားကြပြီးသား"

"မင်းတို့က ကတိတည်ကြမှာလား၊ ပြီးမှ အကောက်မကြံရဘူးနော်"

"ဟေ့ – ကို့က ဒီအတွက် ပြတ်တယ်၊ ညီမလေး စိတ်ချမ်းသာမယ်ဆို ဘာမဆိုလုပ်မယ်၊ ဟဲ – ဟဲ၊ နှစ်ယောက်စလုံးကို ယူမယ်ဆိုရင်လဲ ဝမ်းသာစွာ လက်ခံမှာပဲ – ဟီး ဟီး"

"တော်စမ်းပါ ရှောင်ကန်းရာ၊ နှစ်ယောက်စလုံးကို မယူဘဲ ဟိုကောင့်ကိုရမှ စိတ်ချမ်းသာမယ် ဆိုရင်ကော"

ထိုစကားကြောင့် နှစ်ယောက်စလုံး ငိုင်သွားကြသည်။ ခဏကြာမှ ရှောင်ကန်းက ထပြော၏။

"ဒါကြောင့်ပြောတာ၊ ညီမလေးမြိုင် ရောဂါမပျောက်ခင် ဟိုကောင်ကို လောကကြီးက ဖျောက်ပစ်လို့ရရင် အကောင်းဆုံး"



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင့်ဒေါသကို ဖျောင်းဖျနေလည်း အပိုမို့ လွှတ်ထားလိုက်ကြသည်။

လွှတ်ထားလိုက်ကြသည်။ မော်ခေတ်နန်းမြို့င် ယခုလို အောက်ပိုင်းသေနေသော ဒုက္ခိဘဝတွင် သူ့စိတ်ကြိုက် ကိုမင်းဝေနှင့် တွဲနေသည်ကို ယခုတော့ လွှတ်ထားလိုက်ကြသည်။

ဆောင်းဦးပေါက်တွင် ချွန်မင်းကျွန်း၏ မြစ်ဝကျွန်းပေါ်ကြီးက သာယာလျက်ရှိသည်။ ယနေ့ ကိုမင်းဝေအလုပ်နားခွင့် ရရက် ဖြစ်၍ ဇော်စောကတည်းက မော်စံအိမ်ကြီးကို ရောက်နေခဲ့သည်။

ဧဏကြာသော် မော်ခေတ်နန်းမြို့င်က သူနှင့် ကိုမင်းဝေတို့ စတင် ဆုံစည်းရာ သူတို့ပိုင် မော်ခေတ်ပန်းခြံယ်ဆီကို သွားချင်သည်ဆို၍ အထူးပြုလုပ်ထားသော ဝက်ဝွန်ကားကြီးနှင့် လိုက်ပို့ခေခဲ့သည်။ သူနာပြုနှစ်ယောက်နှင့် အိမ်ဖော်နှစ်ယောက်ကိုပါ ထည့်လိုက်သည်။ အိမ်သားများ မလိုက်ကြသလို ဟိုနှစ်ယောက်လည်း မလိုက်ကြ။

ဝက်ဝွန်းကားပြာကြီး၏ ဘေးမှ ဝန်ချီပြားသည် ဗီးချဲကို တင်လျက် တအိအိနိမ့်ဆင်းလာသည်။ ကွန်ကရစ်လမ်းနှင့် အသာထိသော် ကိုမင်းဝေက ဗီးချဲကို အသာတွန်း၍ ကွန်ကရစ်လမ်းအတိုင်း တွန်းသွားလေ၏။

"အဲ ဟိုရှေ့နားမှာပေါ့။ နှမတော်ကို နောက်တွဲယာဉ်လာတိုက်တဲ့နေရာလေ"





"ဟုတ်တယ်နော်၊ အဲဒီနေရာလေးမှာ အစ်ကိုတော်က နှမတော်ကို လာအတွေ့၊ နှမတော်တို့ချင်း မျက်စိချင်းအဆုံ၊ အထုံပါရမီ ဆွှာန်းဆက်ရှိခဲ့သူများ ပီပီ တစ်ယောက်ကိုတစ်ယောက် မှတ်မိခဲ့ကြတာနော်"

"နောက်တွဲယာဉ်က ထူးထူးဆန်းဆန်း ပြုတ်ပြီး ဒီခြံထဲဝင်၊ ဒီလမ်းအတိုင်း လိမ့်ဆင်းလာလို့ နှမတော်ကို ဝင်တိုက်ပြီး ခုလိုကိုတ ဖြစ်ရတာ၊ အဲဒီယာဉ်ကို စိတ်မဆိုးဘူးလား"

"မဆိုးပါဘူး အစ်ကိုတော်၊ သူက ဖူးစာရေးနတ်ပဲ၊ သူ့ကြောင့် နှမတော်နဲ့ အစ်ကိုတော် ပြန်ဆုံရတာ ကျေးဇူးတောင် တင်ရဦးမယ် ဟင်း ဟင်း"

"ဟီး ဟီး ဟား ဟား"

သူတို့ ပျော်ရွှင်စွာ ရယ်မောကြသည်။ ပန်းခြံထဲက နားနေဆောင်အရောက် စားကြသောက်ကြသည်။ သူနာပြုလေးတွေက အားတိုက်ကြသည်။

"ကိုင်း ပေ့ါ၊ မမတို့နှစ်ယောက်တည်း အေးအေးဆေးဆေး လျှောက်လည်ကြမယ်၊ မင်းတို့အားလုံး ဒီနားနေဆောင်မှာ အေးအေးဆေးဆေး နေရစ်ခဲ့ကြ။ ဘာမှမပူကြနဲ့ ဟုတ်လား"

အိမ်ဖော်များက စားပြီး ပန်းကန်ခွက်ယောက်များ ဆေးကြောငြိမ်းဆည်းနေကြသည်။ မွန်းလွဲပိုင်းထပ်စားမှ ပြင်ဆင်ပေးရည်မို့ ကြံအတွင်း အားနေခိုက် နားနေရ၍ ဝမ်းသာသည်။ သူနာပြုများ



www.burmeseclassic.com

www.burmeseclassic.com



လည်း မွှန်းလွဲပိုင်းစားစရာ စားပြီးမှ ဆေးတိုက်၊ ပြုစုစရာရှိ စစ်ဆေး ပြုစုရမည်မို့ ဤကြား လွတ်လွတ်လပ်လပ် အနားရမည်ကို ပျော်ကြ၏။

ကိုမင်းဝေက နန်းမြိုင်ကို ဝိုးရဲကလေးတွန်း၍ ပန်းခြံထဲအနှံ့ လျှောက်လည်ကြသည်။ စကားတပြောပြောမို့ မိနစ်သုံးဆယ်လောက် တွန်းခဲ့ရသည်ကို ခဏကလေးထင်၏။ ယခုအခါ သူတို့သည် သဲနုနုခင်းထားသော ပန်းခြံတွင်းက တောင်ဆွယ်လမ်းလေးပေါ် ရောက်နေသည်။ မြစ်ဝဘက်က တိုက်ခတ်လာသည့် မြစ်ကမ်းလေသည် အေးစိမ့်စိမ့်ကလေး ဖြစ်နေသည်။ ကောင်းကင်ပေါ်၌ တိမ်တောင် ကိမ်လိပ်များ တရိပ်ရိပ် တက်လာနေသည်။ ခဏအတွင်း လေကပြင်းလာသည်။ နောက်တော့ မမျှော်လင့်ဘဲ မိုးရွာ လေ၏။

"အဲဗျို့ – စိုကုန်တော့မယ်"

"ဟုတ်တယ်တော့ – စိုကုန်ပြီ"

ကိုမင်းဝေနှင့် နန်းမြိုင် အချီအချအော်သည်။ ကိုမင်းဝေက ဝိုးရဲကို မြန်မြန်တွန်း၍ ကျောက်ဆောင်ကြားခိုသည်။ နန်းမြိုင်က ဝိုးရဲပေါ်မှ ဆင်း၍ ရပ်လေ၏။

"လာ အစ်ကိုတော်၊ မိုးကသည်းတယ်ရှင့်၊ ဝိုးရဲကို ဟော်ဒီ ကျောက်ဆုံကြားမှာ ဝှက်ခဲ့၊ စိုကုန်ပြီ ဟိုဘက်နားက ကျောက်ဂူထဲကို ပြေးကြစို့"





"ကျောက်ဂူရှိသလား"

"ရှိတာပေါ့၊ ပါပါး အလုပ်ပင်ပန်းရင် အပန်းလာဖြေတဲ့ ဂူလိုဏ်၊ သပ်သပ်ရပ်ရပ် လုပ်ထားတာ – လာ"

နန်းမြိုင်က ကိုမင်းဝေကို ဆွဲခေါ်၍ ကျောက်တုံးခင်းလမ်းအတိုင်း ပြေးကြသည်။ ခြေလှမ်းတစ်ရာလောက် ပြေးပြီးသော် ကျောက်ဂူထဲ ရောက်လေ၏။ နှစ်ယောက်စလုံးလဲ ရွှဲရွှဲစိုလေ၏။

ပထမတော့ တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ပျော်ရွှင်စွာ ရယ်မောမိကြသည်။ နောက်တော့ ဆောင်းဦးတွင်ရွာသောမိုးမိပြီး လေအေးအေးတွင် ပြေးခဲ့ရ၍ ချမ်းလာကြသည်။

"နှမတော် အင်္ကျီကနည်းနည်း ပါးတယ်။ ကြည့်စမ်း တုန်နေလိုက်တာ တော်တော်ချမ်းမှာပေါ့"

ကိုမင်းဝေက သူ၏ ဂျင်းအဖြူရောင် ရှပ်ထူထူကို မြန်မြန်ချွတ်၍ နန်းမြိုင်ကို အသာလွှမ်းခြုံပေးသည်။

"ဟင့် – အင်္ကျီစိုစိုကြီးက အေးစက်စက်၊ ပိုတောင်ချမ်းသေး"

ဟုတ်၏။ ရေစိုအင်္ကျီများနှင့် ဂူစိမ့်စိမ့်တွင် ဤအတိုင်း ဆက်နေ၍မဖြစ်၊ ဟိုဟိုဒီဒီ ကြည့်တော့ ဂူ၏နံရံတစ်ဖက်ရှိ ပြတင်းကဲ့သို့ အပေါက်တွင် လိုက်ကာလှလှလေးနှင့် ကာထားသည်ကို တွေ့ရသည်။

ကိုမင်းဝေ သွက်သွက်သွား၍ လိုက်ကာစထူထူကို ဖြုတ်ယူခဲ့ပြီး နန်းမြိုင်ကို ခြုံပေးမည်အလုပ် ...



www.burmeseclassic.com

www.burmeseclassic.com



"အို အဲဒီ လိုက်ကာခြောက်ခြောက်ကြီး စိုကုန်တော့မှာပေါ့"

"အာ ဟုတ်သားပဲ"

ကိုမင်းဝေက သူခြုံပေးထားသည့် အင်္ကျီစိုစိုရွှဲကို နန်းမြိုင်ကိုယ်ပေါ်မှ ခွာလိုက်ပြန်သည်။

"မခြုံနဲ့ဦး အစ်ကိုတော်၊ နှမတော်ကိုယ်ပေါ်က အဝတ်တွေကလဲ စိုရွှဲလို့ပဲလေ"

"ဒါဆို ... ဒါဆို..."

"ပေးပေး၊ အဲဒီလိုက်ကာစကြီး ပေး"

နန်းမြိုင်က လိုက်ကာကြီးကိုင်ကာ မြောက်ကာ ကားယားကြီးဖြစ်နေသည့် ကိုမင်းဝေလက်ထဲမှ ဆတ်ခနဲ ဆွဲယူလိုက်သည်။

"အစ်ကိုတော် ဟိုဘက်ခဏလှည့်နေ ..."

"ဩော် ... အင်း"

ကိုမင်းဝေ ဝုပေါက်ဘက် ပြန်လှည့်စဉ် နန်းမြိုင်က သူ့အပေါ်အင်္ကျီကို မြန်မြန်ချွတ်၍ ဘရာဆီယာကိုပါ ဖယ်ရှားပြီး ကျောက်စားပွဲပေါ် ပစ်တင်လိုက်သည်။ ပါးစပ်ကလဲ "လှည့်မကြည့်နဲ့နော်" ဟု တွင်တွင်အော်ရင်း လိုက်ကာထူထူကြီးကို သူ့တစ်ကိုယ်လုံး ပတ်ခြုံကာ အောက်ပိုင်းမှ ဂါဝန်စသည်ကို လျှောချွတ် အသာပုံထားလိုက်သည်။

ယခုမှ နန်းမြိုင်တစ်ကိုယ်လုံး လုံခြုံသွားပြီ၊ ရေစိုအဝတ်များကို ကျောက်စားပွဲစောင်း၌ တစောင်းတင်၍ ဖြန့်ထားလိုက်သည်။



"ရပြီ အစ်ကိုတော်၊ အို – ဒါနဲ့ အစ်ကိုတော်လဲ ချမ်းလှရောပေါ့။ အအေးမိပြီး ဖျားရင် ဒုက္ခ"

"ဒါလောက်အအေးတော့ ခံနိုင်ပါတယ်၊ ဟီး ဟီး"

အံကြိတ်၍ သွားဖြီးပြီး ဖြေနေသည်။ ကိုယ်ကတော့ ဆတ်ဆတ်တုန်လို့၊ သူ့ပေါ်ပိုင်း ဗလာကျင်းနေ၍ ဗလကြီးတွေတော့ ပေါ်နေသည်။ ပိန်သလိုလိုနှင့် ရင်အုပ်ကြွက်သား ဖောင်းဖောင်းဝင်းခေါ် နံပြားကြွက်သားကားကား၊ သူ့ကို ပြုံးစိစိနှင့် ကြည့်နေသော နန်းမြိုင်၏ ရှုပုံကြောင့် ကိုမင်းဝေ စောစောက ချွတ်ထားသည့် အင်္ကျီစိုစို ကို ကောက်ဝတ်မည်လုပ်သည်။

"အဲဒါကြီးက စိုနေတယ်လေ၊ သက္ကလတ်ဘောင်းဘီရှည်ကလဲ စိုလို့၊ ခြေစွပ်စိုနဲ့ ရှုးတွေကို ချွတ်ထားပါလား"

"အေးဟ"

ဟု ဆိုကာ မင်းဝေက ခြေစွပ်နှင့် ရှုးဖိနပ်ကို ချွတ်လိုက်သည်။

"ဒီလိုက်ကာက အကြီးကြီး အစ်ကိုတော်ရဲ့ တစ်ခြမ်းဖြံယူပါလား၊ နှမတော်လို ရေစိုတွေချွတ်ပြီး ပတ်ခြုံထားလို့ ရပါတယ်"

"ပေးဟာ – ပိုတဲ့အစ ဒီဘက်ပေး"

"ရော့ ရော့"

"ဟုတ်ပြီ၊ ဒီလောက်ဆိုရပြီ၊ ဒီနေရာကဖြံမယ်၊ ကိုင်း ..."

လိုက်ကာကထူ၏။ အနားတွေက ထပ်ကွပ်၍ ချုပ်ထား၏။ အားနှင့်ဆွဲဖြဲ၍ မရ။ တအားဆွဲဖြဲလိုက်သောအခါ ...



www.burmeseclassic.com

www.burmeseclassic.com



"အို ..."

ဟု အော်သံနှင့်အတူ လိုက်ကာက အပတ်ပြေပြီး နန်းမြိုင်ကိုယ်လုံး ကစ်ကစ်အိအိက ကိုမင်းဝေကို တစ်ပတ်လည်၍ ဝင်တိုးသည်။ မင်းဝေက အလိုလိုဆီးဖက်ပြီးသား ဖြစ်သွားလေ၏။ နောက်တော့ လိုက်ကာကြီးကို နှစ်ယောက်ပူးခြုံလိုက်ကြသည်။

"ဟဲ ဟဲ ဟဲ ဟီး"

"ခစ် ခစ် ခစ် – အို အင့်"

ကြိတ်၍ ရယ်မောကြသည်။ အရှက်ပြေရယ်မောကြသည်။ အရှက်တော့ပြေမပြေမသိ၊ ဖောင်ဖွာအာရုံကတော့ ရိပ်ခနဲတက်လာသည်။ သွားပြီ ဝေနေယျသတ္တဝါအပေါင်း သံသရာဝဲဩဃထဲ အဖန်တလဲလဲလည်ကျက်စေသော လျှပ်စစ်ဓာတ်လိုက်သကဲ့သို့ ဖဿအာရုံတစ်မုဟုတ်ချင်းထဖြစ်သည်။ ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာ ပစ္စယာဥပါဒါန စသဖြင့် ကိလေသာတွေ ကွင်းဆက်အတိုင်း ဆက်ဖြစ်သွားသည်။

အဘယ်လူသား အဖိုနှင့်အမတို့သည် အသဝေါကုန်ခမ်းသည့် ရဟန္တာမဟုတ်ဘဲ ဤကာမတဏှာကို ကျော်လွှားနိုင်အံ့နည်း။

ဘဝ ဘဝက ရေစက်ကြောင့် အစ်ကိုတော် ဟံသာမင်းဝေနှင့် နှမတော် မောသခင်မလေးတို့သည် ဤဘဝ ဤနေရာတွင် ရေစက်ပြန်ဆုံကာ ကိုမင်းဝေနှင့် မော်ခေတ်နန်းမြိုင် အဖြစ်နှင့် ပေါင်းဖက်မိကြသည်မှာ ယန်စီမြစ်ကြီး၏ မြစ်ဖျားခံရာဒေသရှိ တူအိုတူအိုမြစ်





မှသည် ယန်စီမြစ်ဝကျွန်းပေါ်ရှိ ရှန်ဟိုင်းမြို့နီစပယ်ဒေသတို့က သက်သေပြ သက်သေတည်၍ ဖြစ်လေ၏။

မိုးသဲသဲတွင် ဝိုးရဲနှင့် လူနာ၊ လူနာနှင့် လှည်းတွန်းသူ နှစ်ယောက်စလုံး ပျောက်သွား၍ သူနာပြုဆရာမများနှင့် အိမ်ဖော်များ ဒိတ်ပူကုန်သည်။ ချက်ချင်းဆဲလ်ဖုန်းများဖြင့် မိဘများထံ အကြောင်းကြားသည်။

နဂိုကမှ စိတ်တထင့်ထင့် ဖြစ်နေသည့် မိဘရော အစ်ကိုများပါ လှုပ်ရှားကုန်သည်။ ဤသတင်းကို ကြားကြားချင်း ရှေ့ဆုံးမှ ပြေးလာသူတို့မှာ ဝမ်ရှောင်ကန်းနှင့် ဝူကျင်ကွေ့တို့ ဖြစ်၏။

မိုးကရွာကောင်းဆဲ၊ ထီးများ မိုးကာအကျႌများနှင့် လူအများ ဆော်ခေတ်ပန်းခြံငယ်ထဲတွင် ပြည့်နှက်ယောက်ယက်ခတ်သွားသည်။

မကြာခင် ကျောက်ဂူရှေ့က ကျောက်ဆောင်တွေကြားတွင် ဘီးတပ်ယာဉ်အလွတ်ကို တွေ့ကြသည်။ လိုဏ်ဂူထဲကို စွတ်ဝင်ကြတော့ တွေ့ပါလေရော။

ချစ်သူနှစ်ဦး လိုက်ကာထူထူကြီးကို အတူခြုံ၍ စားမြုံ့ပြန်နေကြသည်။ ဟိုရှေးရှေးမှစ၍ ပြီးခဲ့သော ခုဏလေးအထိ သူတို့ကြုံတွေ့ဖြစ်ပျက်ခဲ့သမျှကို မြူးပျော်ကြည်နူးစွာ ပြန်ပြောင်းပြောကြားအွတ်ထိုးနေကြသည်။

ရုတ်တရက် လူအများ ဂူထဲဝင်လာမှ ကိုမင်းဝေနှင့် မော်ခေတ်နန်းမြိုင် ထိတ်လန့်တကြား ဖြစ်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း၊ ကြည့်စမ်း၊ အဲဒါ ဘာလုပ်နေကြတာလဲ"

အစ်ကိုကြီး မော်ခေတ်စိန်က ရှေ့ဆုံးမှ ဝင်ရောက်လာသူပင် ဦးစွာ အော်ပြောသည်။ နှစ်ယောက်သား ရုတ်တရက်ကြီးမို့ ဘာပြော ရမှန်း မသိကြ။ ခြေမြန်လက်မြန် ဝမ်ရှောင်ကန်းက လိုက်ကာကြီး ကို အတူခြုံထားပြီး ဦးခေါင်းပေါ်နေသည့် နှစ်ယောက်ထံ ပြေးသွား ပြီး လိုက်ကာကို ဝင်ဆွဲသည်။

"မလုပ်နဲ့၊ အဲလို မလုပ်နဲ့"

မော်ခေတ်ပိန်က ကုန်းအော်မှ နှစ်ဖက်ပြန်ဆွဲနေကြသည်များ ရပ်လေ၏။

"ဘယ်လိုက ဘယ်လို၊ ဘာတွေဖြစ်နေတာလဲ ...ဟာ"

"အစ်ကိုကြီးကလဲ၊ ညီမလေးတို့ မိုးမိပြီး ချမ်းလို့ ဒီထဲလာပြီး အဝတ်စိုတွေ အခြောက်ခံထားတုန်း စောင်ခြုံထားကြတာပဲ၊ မမြင် ဘူးလား" |

"မြင်တယ်ဟ၊ ဒီပုံကြီးက မဟုတ်ဘူးဟ၊ လူမြင်မကောင်းဘူး ဟ၊ ညီမလေးရ"

မော်ခေတ်စိန်ကလည်း ဒေါသကြီးစွာ အော်နေသည်။

"လူမြင်မကောင်းရင် အပြင်ခဏထွက်ပေးကြ၊ ညီမလေးတို့ ကိုယ့်အဝတ်ကိုယ် ပြန်ဝတ်ရမယ်"

"ငါလေ... နားရင်းပြေးအုပ်လိုက်ရ ညီမမိုက်ကလေးရဲ့၊ လုပ် လုပ် မြန်မြန် ဝတ်ကြလာဟေ့၊ အားလုံး ခဏထွက်ပေးကြ"





ညီအစ်ကိုနှစ်ယောက်က ယောက်ျားများ အကူသညီဖြင့် ရိုက် မယ်ပုတ်မယ် တကဲကဲလုပ်နေသည့် ဝမ်ရှောင်ကန်းကို ဝိုင်းဆွဲကာ အပြင်ထွက်ခဲ့ကြသည်။

အတန်ကြာသော် အဝတ်အစား အပြည့်အစုံနှင့် ကိုမင်းဝေ မော်ခေတ်နန်းမြိုင်တို့ ဂူထဲမှ ထွက်လာကြသည်။

"တောက်...၊ တွေ့လား၊ ခုတော့ လမ်းတွေလျှောက်ပြီး ဘေး ချင်းယှဉ်ထွက်လာကြပုံများ၊ ဒီလိုလမ်းလျှောက်နိုင်တာ ဘယ်လောက် ကြာပြီလဲ ညီမလေး"

"စောစောကပဲ မိုးတွေတအားရွာလို့ ချမ်းလွန်းတာနဲ့ ထပြေး လာမိတာ"

"ဟုတ်ရဲ့လား"

ဝူကျင်ကွေ့က ဝင်မေးသည်။

"ဘာလဲ အစ်ကိုကျင်ကွေ့က ညီမလေးကို မယုံလို့လား"

"တော်တော်ခက်တာပဲ၊ မိုးရွာတာနဲ့ ဒီဂူထဲမှာ ဘာလုပ်နေကြ တာလဲ"

"အစ်ကို ရှောင်ကန်းတို့ မြင်တဲ့အတိုင်းပဲ၊ ချမ်းလို့ အဝတ်တွေ ချွတ်ပြီး လိုက်ကာကြီး အတူခြုံထားကြတာလေ"

"သေလိုက်ပါတော့ကွာ၊ ဒီလိုကြီးနဲ့ လိုက်ကာကြီးအတူခြုံနေ ရတယ်လို့"

"ညီမတို့ဟာ အရင်ဘဝ၊ ဘဝက ချစ်သူဇနီးမောင်နှံတွေရှင့်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနေတာ ဘာဆန်းသလဲ"

"ဟာ… လာပြန်ပြီ ဟိုဘဝ ဒီဘဝ ဆိုတာတွေ၊ အဲဒါတွေနဲ့ ငါတို့ကို အကြောင်းကြောင်းဖြစ်အောင် အရှုပ်လုပ်နေတာ၊ တော်ပြီ ရှည်မနေနဲ့ အခု ညီမလေးမြိုင် လမ်းလျှောက်နိုင်ပြီ ဟိုကောင်ဘိုးရဲ့ တွန်းပေးစရာ မလိုတော့ဘူး၊ အခုအချိန်က ဗပြီး မင်း ငါတို့ညီမ လေးဘေး မကပ်နဲ့တော့ ပြန်တော့ မင်းဝေ"

ကိုမင်းဝေက ပေကပ်ကပ်လုပ်နေသည်။ မော်ခေတ်နန်းမြိုင်က လက်မောင်းကို အတင်းဆွဲထားသည်။ ထိုစဉ် သူဌေးကြီးမော်နှင့် သူဌေးကြီးကတော်တို့ ရောက်လာကြသည်။

"ဟော သမီးလေး မတ်တတ်ရပ်နိုင်ပြီ လာ လာ လမ်းလျှောက်ကြည့်စမ်းပါ"

အော်ကျော်မြိုင်က သူ့သမီးကို ပြေးဆွဲ၍ လျှောက်ကြည့်သည်။ အမေက ရုတ်တရက်လာဆွဲ၍ သမီးက အမူမဲ့ပါသွားသည်။ ကိုမင်းဝေ ယောင်တောင်တောင် ရပ်ကျန်သည်။ ထိုစဉ် ဝမ်ရှောင်ကန်းနှင့် ဝူကျင်ကွေ့တို့က ကိုမင်းဝေ ဘေးတစ်ချက်တစ်ချက်သို့ ရောက်လာပြီး …

"လာ၊ ကိုယ့်လူ၊ ကျွန်တော်တို့ ပြန်ပို့ပေးပါမယ်"

ဟု အသံကို ထိန်း၍ပြောကာ ခတ်တည်တည်နှင့် တွဲခေါ်သွားကြသည်။

"ပေ့ပေ့ သူ့ကို ကျွန်တော်တို့ လိုက်ပို့လိုက်မယ်ဗျို့"





ဟု မော်သူဌေးကြီးကို တိုင်တည်သွားရာ …

"အေး အေး၊ သူ့စခန်းရောက်အောင် ကောင်းကောင်းပို့ပေးလိုက်ကြဟေ့"

ဟု သူဌေးကြီးက ပြန်ပြောလိုက်သည်။

ကိုမင်းဝေ အောင့်သက်သက်နှင့်ပါသွားရာ မော်ခေတ်နန်းမြိုင်က …

"အစ်ကိုတော်ရေ နှမတော်လေး ဖုန်းဆက်လိုက်မယ်နော်"

ဟု ဆိုကာ လက်ပြနှုတ်ဆက်လိုက်ရှာသည်။

နန်းမြိုင်က ဖုန်းဆက်လိုက်မယ်ဟု ပြောခဲ့သော်လည်း နောက်နေ့တစ်နေ့လုံး အလုပ်ခွင်မှာရော အခန်းပြန်ရောက်သည့်အချိန်မှာပါ မည်သည့်ဖုန်းမှ မလာသောကြောင့် ကိုမင်းဝေ စိတ်ပူစိုးရိမ်လာပါတော့သည်။ ထို့ကြောင့် နန်းမြိုင်၏ hand phone ကို သူကပင် လှမ်းဆက်လိုက်သည်။

သို့သော်လည်း လူကြီးမင်း ခေါ် ဆိုသောဖုန်းသည် ဆက်လက်အလုပ်လုပ်ဆောင်ခြင်း မပြုပါတော့သဖြင့် ကိစ္စရှိပါက ဖုန်းကုမ္ပဏီနှင့် ဆက်သွယ်ရန် ဖြစ်ပါသည်ဟူ၍သာ အကြိမ်ကြိမ်အခါခါ ဆက်တိုင်း ဤအတိုင်းသာ အသံထွက်ပါတော့သည်။ မင်းဝေက ဖုန်းစာအုပ်မှ လိပ်စာရှာ၍ မော်သူဌေးကြီး၏အိမ်ကို ဆက်ကြည့်ပြီး ကိစ္စရှိလျှင် Message သတင်းထားခဲ့ပါဟူ၍သာ ပြန်ကြားချက်သာ ရခဲ့သည်။ ဤသို့ဖြင့် တစ်နေ့တာ ကုန်ဆုံးသွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့တွင်လည်း နန်းမြိုင်ထံမှ မည်သည့် အဆက်အသွယ်မှု မရသောအခါ ညနက်မှ လှုပ်ငန်းခွင်ပြီးဆုံးသည့် ကိုမင်းဝေသည် မော်တော်ယာဉ်စခန်းမှ ကားတစ်စီးကို သုံးခွင့်တောင်းပြီး မော်သူဌေးကြီး စံအိမ်ဆီသို့ ထွက်ခွာလာပါတော့သည်။ စံအိမ် ဂိတ်ဝဆီသို့ ရောက်သောအခါ အစောင့်အကြပ်များ ထူထပ်စွာချထားသည်ကို မြင်တွေ့ရသည်။ သူ့ကားကို တား၍စစ်ဆေးပြီးနောက် လုံးဝဝင်ခွင့်မပြုဘဲ လာလမ်းအတိုင်း ပြန်သွားရန်သာ ပြောလိုက်လေသည်။ ကိုမင်းဝေ စွဲမလျှော့ပေ။ ကားကို ခပ်လှမ်းလှမ်းရှိ သစ်ပင်အောက်တွင် ရပ်ထားခဲ့ပြီး ခြံရှေ့တံခါးပေါက်နှင့် ခတ်တိုင်မှ ကားလမ်းအတိုင်း တစ်မျှော်တစ်ခေါ်ကြီးဝေးသော နေရာတွင် သုံးထပ်တိုက်အိမ်ကြီးကို မှုန်ပျပျလေးသာ မြင်ရပါသည်။ ခေါင်းရင်းဘက်က သူဌေးကြီးမော်တို့ အိမ်ခန်းတွင် လင်းထိန်နေသော မီးရောင်များ ပိတ်သွားသည်ကို တွေ့ရသည်။

ကိုမင်းဝေ သူ့ရဲ့ လက်ပတ်နာရီကို ခြံတိုင်ရဲ့ မီးအလင်းရောင်အောက်မှ ငုံ့ကြည့်ရာ ည ၁၁ နာရီထိုးနေပြီ ဖြစ်ကြောင်း သိရသည်။ အိမ်ကြီး၏ ခြေရင်းပိုင်းမှ နန်းမြိုင်၏ အိပ်ခန်းတွင်မူ မီးရောင်ကား လင်းထိန်နေဆဲ ကိုမင်းဝေ ၁၂ ပေခန့်မြင့်သော သံလုံးခြံတိုင်ကြီးကို ကျော်တက်ရန် ဆုံးဖြတ်လိုက်သည်။

လှုငယ်ပီပီ တံတားသံပေါင်များကို လှမ်းခနဲ လှမ်းခနဲ ဆွဲတက်နေကျ မြို့ပြအင်ဂျင်နီယာလေး မင်းဝေသည် သံတိုင်ကို ဆွဲတက်





သွားရာ တစ်ခဏအတွင်း အပေါ်ကသံချွန်များအောက်ရှိ တန်းကို ဆွဲမိလေသည်။ ဆွဲမိသည်နှင့် "တီ တီ တီ တီ ကြီ ကြီ" ဟူသော အချက်ပေးအသံများ ထွက်ပေါ်လာပါတော့သည်။ သူလည်း လန့်ပြီး လက်ကိုလွှတ်လိုက်ရာ ခြောက်ပေခန့် ခြေနဲ့လွှတ်နေသောအမြင့်မှ ဖုတ်ခနဲ ကြောင်ကျ ကျလေသည်။ ဘာမှုမဖြစ်၍ ခပ်သွက်သွက်ပြန်ထသော်လည်း သူ့ထံသို့ လုံခြုံရေးကင်းသမားများ အပြေးအလွှား ရောက်လာကြလေသည်။

ဝိုင်းဝန်းဖမ်းချုပ်၍ ဂိတ်တံခါးဝဆီသို့ ခေါ်ဆောင်သွားကြသည်။ ခဏကြာသော် ခြံတွင်း သုံးလေးဘီးယာဉ်ကလေး ဂိတ်ဝသို့ ဆိုက်ရောက်လာပြီး မော်ခေတ်စိန်နှင့် မော်ခေတ်ပိန် ညီအစ်ကို ခုန်ဆင်းလာကြသည်။

"ဟေ့လူ မင်းဟာက လွန်လွန်းပြီ ထင်တယ်၊ အခု ကိုညီမလေး နေကောင်းသွားပြီ၊ ကျောင်းပြန်တက်နေပြီ၊ မင်းလာပြီး မနှောင့်ယှက်နဲ့တော့၊ အေးအေးသက်သာ ပြန်သွားပါ"

ထိုအခါ ကိုမင်းဝေက တောင်းပန်ရှာသည်။

"အခုလို ညမိုးချုပ်ကြီးမှာလာပြီး အနှောင့်အယှက်ပေးသလိုဖြစ်တာ ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်။ ဒါပေမယ့် ခင်ဗျားတို့ ညီမလေးက ကျွန်တော့်ဆီကို ဖုန်းဆက်လိုက်မယ်လို့ အသေအချာ ပြောခဲ့ရက်သားနဲ့ ဆက်မလာတော့ ကျွန်တော် အရမ်းစိတ်ပူမိပါတယ်။ ပြီးတော့ သူ့ရဲ့ဖုန်းကို ဆက်ကြည့်တော့လည်း ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းပစ်လိုက်ပြီ၊ ခင်ဗျားတို့ အိမ်ကြီးကဖုန်းကို ဆက်တော့လဲ ပြန်လည်ဖြေကြားခြင်း မပြုဘူး။ အဲဒါ ဘာဖြစ်နေတာလဲဆိုတာ ကျွန်တော်အလွန်သိချင်လို့ စိတ်ပြင်းပြလို့လာတာပါ”

“ဒီလောက်ဆို မောင်ရင် သိသင့်ပြီပေါ့။ ငါတို့ ညီမလေးဟာ ဆေးတက္ကသိုလ်နောက်ဆုံးနှစ် အပိုင်း(က) ရောက်နေပြီ။ မကြာခင် ဆရာဝန်မလေး ဖြစ်တော့မယ်။ အခုဆို နေကောင်းသွားပြီလေ၊ ပညာဆက်လက် သင်ကြားဖို့ကိစ္စမှာ မင်းက ဟိုးဘဝ ဘဝ ချစ်သူဘာညာ ဘာညာနဲ့ စိတ်ထွေပြားအောင် လုပ်နေရင် သူ့ပညာရေး ထိခိုက်ပြီး ဆုံးခန်းတိုင် ရောက်နိုင်ပါ့မလား။ မင်းလဲ ပညာတတ်တစ်ယောက်ပဲ၊ နားလည်ပေးပြီး လာလမ်းအတိုင်း အေးအေးဆေးဆေး ပြန်သွားပါတော့ကွာ”

ကိုမင်းဝေ သိတန်သလောက် သိခဲ့ရပြီမို့ ဒီညတော့ ဒီလောက်နဲ့ ကျေနပ်ရမပေါ့ဟု တွေးကာ သူ့ကားဆီသို့ ခြေလှမ်းလေးလံစွာဖြင့် ပြန်လာခဲ့လေသည်။

ညကြီးမင်းကြီး သန်းခေါင်သန်းလွဲအချိန် တစ်ယောက်တည်း အတွေးနယ်ချဲ့၍ ကားမောင်းလာသော ကိုမင်းဝေသည် ရုတ်တရက် သူ့ကားရှေ့မှ ကားမည်းကြီးတစ်စီး ပိတ်ရပ်နေသည်ကို မြင်တွေ့ရ၍ ဘရိတ်ကို ဆောင့်နင်းရပ်တန့်လိုက်ရသည်။

ကားမည်းကြီးထဲမှ လူလေးယောက် တံခါးဖွင့်ကာ ခုန်ဆင်းလိုက်ကြသည်။ ကိုမင်းဝေ ကားကို ဝဲယာမှ နှစ်ဦးဆီဝိုင်း၍ ကားမှန်





ကို ပုတ်မြဲ တံခါးဖွင့်ခိုင်းလေသည်။ ကိုမင်းဝေ လုံးဝ မကြောက်ပါ။ ရဲရဲရင့်ရင့်ရန် သူ့တံခါးကို ဖွင့်ပေးလိုက်သည်။

“ဘာကိစ္စရှိလို့လဲ ကိုယ်လူတို့”

ဟု ခပ်မာမာမေးပစ်လိုက်သည်။

“အေး ကိစ္စသိပ်အရေးကြီးတယ်၊ မင်းကို ငါတို့ရဲ့ မော်သခင်မလေးက ခေါ်ခိုင်းလိုက်လို့ပေါ့”

“ဘာ မော်သခင်မလေး ဟုတ်လား၊ ကျုပ်က ခင်ဗျားတို့ ကားနောက်ကို လိုက်ခဲ့ရမှာလား၊ ဒါမှမဟုတ် ခင်ဗျားတို့ကားပေါ်ကို ပြောင်းစီးရမှာလား”

“နှစ်ခုစလုံး မဟုတ်ဘူး၊ ခင်ဗျားကားနဲ့ပဲ သွားကြမယ်၊ ကျွန်တော်တို့ လူနှစ်ယောက်ခင်ဗျားကားပေါ် လိုက်ခွင့်ပြုပါ၊ ချိန်းထားတဲ့နေရာကို ပြောပြမယ်၊ ခင်ဗျားကားကို ခင်ဗျားပဲ မောင်း၊ ဟုတ်ပြီလား”

“ဟုတ်ပြီ ဟုတ်ပြီ၊ ဒါလဲကောင်းပါတယ်၊ တက်ကြ တက်ကြ”

ဟု ဆိုကာ ကိုမင်းဝေက သူ့ကား၏ အော်တိုတံခါးများကို ခလုတ်ဖွင့်ပေးလိုက်သည်။ သူ့နောက်ခန်းတွင် လူတစ်ယောက် သူ့သေးရှေ့ခန်းတွင် လူတစ်ယောက် မြန်မြန်တက်၍ဝင်ထိုင်ကြသည်။ ထို့နောက် ရှေ့သို့သာ ဆက်မောင်းဟု ပြောလိုက်သောအခါ ကိုမင်းဝေကလည်း ဆန္ဒစောစွာပင် သူ့ကားကို ဝေါခနဲ မောင်းထွက်ခဲ့လေသည်။ နှစ်မိုင်ခန့်မောင်းမိသောအခါ ကိုမင်းဝေ၏နောက်မှလူသည်



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ခုနှင့် သူ့ဦးခေါင်းကို ခပ်ပြင်းပြင်းရိုက်ချလိုက်လေ၏။ သူ့ကား ဘေးသို့ဆွဲမသွားအောင် သူ့ဘေးကပါလာသူသည် လက်ကိုင်ကို ထိန်းပေးလိုက်သည်။ ကိုမင်းဝေ ဘာမျှမသိတော့ လောကကြီး မှောင်အတိကျသွားသည်။ သူ ဘယ်လောက်ကြာကြာ သတိမေ့သွားသည် မသိပေ။ သတိပြန်လည်ရလာသောအခါ တစ်ကိုယ်လုံးနာကျင်ကိုက်ခဲနေသည်။ တစ်ကိုယ်လုံး လှုပ်၍မျှမရတော့ပါ။ ပူပြီးကိုက်နေသော မျက်စိအစုံကို ကြိုးစားအားစိုက်၍ ဖြည်းဖြည်းချင်းဖွင့်ကြည့်သောအခါ မျက်နှာကြက်ဖြူဖြူကို ဦးစွာမြင်တွေ့ရသည်။ အတော်ကြီးကြာအောင် အာရုံစူးစိုက်ပြီး ဘေးပတ်ပတ်လည်ကို မျက်လုံးကို လှည့်ပတ်စောင်းကြည့်သောအခါ ဆေးရုံရှိလူနာစုတင်ပေါ်တွင် လဲလျောင်းနေရကြောင်း သိရှိလေတော့သည်။

အာခေါင်များ ခြောက်ကပ်ပူရှနေ၍ "ရေ ရေ ရေ" ဟု အော်မိလေတော့သည်။ သူ့အသံသည် တိုးရှစွာ ထွက်ပေါ်လာတော့သည်။

သူ့နာပြုဆရာမလေးတဦး ခပ်သွက်သွက်ဝင်လာပြီး သူ့ကို သေချာစွာ ငုံ့ကြည့်သည်။

"ရှင် သတိရလာပြီလား၊ ဘယ်လိုနေလဲ၊ ဘာလုပ်ချင်ပါသလဲ"

"ရေ ရေ ရေ"

"သြော် ရေသောက်ချင်ရင် ..."

ဟုဆိုကာ ရေစွတ်ထားသော စပန့်ဖြူဖြူကလေးကို သူ့ပါးစပ်ထဲ အသာတေ့ပေးလေသည်။ ရေအနည်းငယ်ကို သောက်ရပြီး





နောက် သူ ပို၍ စကားပြောနိုင်လာသည်။

"ကျွန်တော် ဆေးရုံရောက်နေတာလား"

"ဟုတ်ပါတယ်၊ ရှန်ဟိုင်းပြည်သူ့ဆေးရုံကြီးကို ရောက်နေတာလေ၊ သုံးရက်တိတိ ရှိပြီ"

"ချွန်မင်းဆေးရုံကြီးမှာ မဟုတ်လား"

"မဟုတ်ဘူးရှင့် ချွန်မင်းဆေးရုံကနေ ဒီဆေးရုံကြီးကို လွှဲပေးခဲ့တာ၊ ရှင့်ဒဏ်ရာတွေက ပြင်းထန်လွန်းတယ်လေ၊ ဒီမှာ အထူးခွဲစိတ်ကု ဆရာဝန်ကြီးတွေ ခွဲစိတ်ကုသပေးခဲ့တယ်"

"ကျွန်တော် ဘာတွေဖြစ်ခဲ့တာလဲဟင်"

"ရှင်က ချွန်မင်းကျွန်းမှာ ကားမှောက်လို့လေ၊ ရှန်ဟိုင်းနေ့စဉ်သတင်းစာထဲမှာတောင် ရှင့်ဓာတ်ပုံပါလာသေးတယ် မဟုတ်လား"

"သြော်... ဒီလိုတဲ့လား"

ကိုမင်းဝေ သူ့အာရုံကို စုစည်း၍ အတွေးနယ်ချဲ့ရလေတော့သတည်း။

ဤအတိုင်း ဝမ်ရှောင်ကန်းတို့သည် သူ့ကို အသက်ကိုပင်အကာယ်ရန်ရှာခဲ့ကြပြီ။ ကံကောင်းထောက်မ၍ ဤတစ်ကြိမ်တွင် သူ မသေခဲ့သော်လည်း နောက်အကြိမ်များတွင် သေနိုင်သည်။ ထို့ကြောင့် ငုံ့ခံနေ၍ မဖြစ်တော့။ တန်ပြန်တိုက်တန်လျှင် တိုက်ရပေတော့မည်ဟု ကိုမင်းဝေ တွေးလိုက်သည်။

သူ သတိရပြီး မွန်းလွဲပိုင်းတွင် မေလီနှင့် ဝေစန်းတို့ သူ့ထံသို့



www.burmeseclassic.com

www.burmeseclassic.com



လူနာမေး ရောက်လာကြသည်။

"ကိုမင်းဝေ သတိရပြီနော်"

"ဟုတ်ကဲ့ပါ မေလိ"

သူသည် ပါးစပ်ကသာ ပြန်ဖြေသည်၊ လူက မေလိတို့ကို မကြည့်ဘဲ တုစ်စုံတစ်ဦးကို လိုက်ရှာသော မျက်လုံးများ။

"ကိုမင်းဝေက နန်းမြိုင်များ ပါလာမလားလို့ လိုက်ကြည့်နေ တယ် မဟုတ်လား။ ဟုတ်တယ်၊ နန်းမြိုင်က ကိုမင်းဝေ ကားအက် ဆီးဒဏ်ဖြစ်ပြီး ဒီဆေးရုံရောက်ကြောင်း သိရကတည်းက လာကြည့် အကြိမ်ကြိမ်ကြိုးစားခဲ့ပေမယ့် အတားအဆီးတွေကြောင့် မရောက် နိုင်တာ၊ အခုလဲ မေလိတို့က အကျအနအကွက်ဆင်ပြီး အပါခေါ် တာပါပဲ"

"ဒါဆို သူ လိုက်လာခဲ့တယ်ပေါ့၊ အခု ဘယ်မှာလဲဗျာ"

"သူ လိုက်လာခဲ့ပါတယ်၊ ဒါပေမယ့် အပြင်မှာ ရာသီဥတု သိပ်ဆိုးနေတယ်၊ မိုးနှင်းတွေပိန်းပိတ်အောင် ကျလာလို့ သူတို့ယာဉ် သဘော်ရေလယ်မှာ ကျောက်ချရပ်ထားရတုန်း၊ ရှောင်ကန်း ဘယ်ကဘယ်လို သတင်းရသွားလဲ မသိဘူး၊ အထူးကိုယ်ပိုင်သင်္ဘော နဲ့ လိုက်လာပြီး နန်းမြိုင်ကို သူ့အစ်ကိုတွေနဲ့ ရှောင်ကန်းတို့က ပြန် ခေါ်သွားပါလေရော"

"ဟင် – အရေးထဲ ဒီမိုးကရွာပ်တာကိုး၊ အဲလေ ဒီမြစ်ဝကြီး ကျယ်တာကိုး၊ ဟိုဘက်ဒီဘက် ကူးရတာ တစ်မှောင့်"





ကိုမင်းဝေ မြစ်ဝနှင့် မြစ်ပြင်ကျယ် ခြားနေသည်ကို ကြံဖန်၍ မကျေမချမ်း ဖြစ်နေမိသည်။

"ဒါနဲ့ ကိုမင်းဝေ အင်ဂျင်နီယာချုပ်က ကိုမင်းဝေကို ခွင့်နှစ်လ ပေးလိုက်တယ်။ ဆေးရုံကဆင်းမှ ဆေးမှတ်တမ်းအရ ခွင့်ဆက်ပေးဖို့ စီစဉ်ပေးမယ်လို့ မှာလိုက်တယ်။ ညနေကျရင်လဲ စီမံမန်နေဂျာတို့က ကြည့်ကြပါလိမ့်မယ်။ ကိုမင်းဝေ ခုလို သတိပြန်ရတာ တွေ့ကြရရင် ဝမ်းသာကြမှာပါ"

ဝေစန်းက အလုပ်ခွင်ကိစ္စများကို ပြောကြားသည်။ သူတို့ အတန်ကြာထိုင်ပြီး အားပေးနှစ်သိမ့်၍ ပြန်သွားကြသည်။

ကိုမင်းဝေ ဆေးရုံတွင် နှစ်လကြာတက်ပြီးနောက် ဆေးရုံက ဆင်းခွင့်ရသည်။ သို့သော် ချွန်မင်းကျွန်းဘက်က တံတားဆောက် လုပ်ရေးလုပ်ငန်းသို့ သူ မသွားရတော့၊ ရှန်ဟိုင်းဘက်ကမ်းက ရုံးချုပ် မှာပင် ခပ်ပေါ့ပေါ့တာဝန်များကို ပေးထားခြင်း ခံရသည်။

ကျန်းမာရေး အတန်အသင့်ကောင်းလာသည်နှင့် ကိုမင်းဝေ ချွန်မင်းကျွန်းဘက် ကူးခဲ့သည်။ မော်သူဌေးကြီးစံအိမ်ကို သွားခဲ့သော် သည်း လုံးဝ ဝင်ခွင့်မရခဲ့။ ထို့ကြောင့် ဆေးတက္ကသိုလ်သို့ လိုက်သွား ပြီး မေလိ အကူအညီနှင့် ကျောင်းအနီးက စားသောက်ဆိုင်တွင် နန်းမြိုင်နှင့် ချိန်းတွေ့ခွင့်ရခဲ့သည်။

"အောင်မယ်လေး အစ်ကိုတော်ရယ် မသေကောင်း မပျောက် ကောင်း၊ ကံကောင်းလို့ ခုလိုပြန်တွေ့ကြရတာ၊ အစ်ကိုတော် ဖြူပြီး



www.burmeseclassic.com

ပိန်သွားလိုက်တာ"

နန်းမြိုင်က ခြေဆုံးခေါင်းဆုံး ကြည့်၍ပြောသည်။ ကိုမင်းဝေကလည်း သေချာပြန်ကြည့်၍ ဆို၏။

"နှမတော် နွယ်လေးလဲ၊ တော်တော်ပိန်သွားတာပဲ၊ နေကောင်းရဲ့လားဟင်"

"နေကောင်းပါတယ်၊ အစ်ကိုတော်ကို စိတ်ပူလို့ ရင်မောရတာတော့ မပြောပါနဲ့တော့"

"နှမတော်လေးက အစ်ကိုတော် ဆေးရုံမှာတုန်းက လာကြည့်ဖို့ကြိုးစားခဲ့တယ်လို့ ကြားရတဲ့အတွက် ဝမ်းသာပါတယ်။ ဒါပေမယ့် ယန်စီမြစ်ဝကြီးကို ဖြတ်ကူးရတာ မလွယ်ဘူးနော်"

"အင်းပေါ့၊ အဲဒီ မြစ်ဝကြီးသာ ခြားမနေရင် ယခင်ကလို တွေ့ဖို့အလွယ်သား။ အခုတော့ အစ်ကိုတော်ဆီလာဖို့ နည်းမျိုးစုံနဲ့ ကြိုးစားပေမယ့် ဒီမြစ်ကူးဖို့ အလုပ်မှာချည်း ဟိုနှစ်ယောက်လွှတ်ထားတဲ့လူတွေ စောင့်ပြီးသတင်းပို့လို့ အစ်ကိုကြီး၊ အစ်ကိုလတ်တို့လက်က မလွတ်နိုင်ဘူး ဖြစ်ခဲ့တာ"

"အခုရော ဘယ်လိုမျက်စိလှည့်ပြီး လာတွေ့ရတာလဲ နှမတော်"

"ဒါက မေလီရဲ့ ကူညီမှုကြောင့်ပါ။ အေးလေ အရင်ကလဲ မေလီတို့ ဝေစန်းတို့ ဝိုင်းကူခဲ့ကြတာပဲ၊ အခုဟာက မြစ်ဝကြီးမှ မကူးရတာ၊ နည်းနည်းတော့ ပိုလွယ်တာပေါ့"





ထိုစဉ် မေလီ ရုတ်တရက် ရောက်လာသည်။

"မဖြစ်ဘူး၊ ဒီနေရာက မြန်မြန်လစ်ကြ၊ ဟိုလူတွေပေါင်းထားတဲ့ ကျောင်းသားနှစ်ယောက် သိသွားပြီ၊ ဖုန်းတွေနဲ့ အကြောင်းကြားနေတယ်၊ ဒီနေရာမှာ ဆက်နေလို့ မဖြစ်ဘူး"

"ဒါဆို ဘယ့်နှယ်လုပ်ကြမလဲ"

"ရှုပ်ပါတယ်၊ မေလီကားနောက်ခန်းမှာ ပုန်းပြီးလိုက်ခဲ့ကြ၊ မေလီတို့အိမ်ကိုခေါ်သွားမယ်၊ အခုပဲ ပြန်တော့မလို့ဟာ အတော်ပဲ"

"ကောင်းတယ်၊ ကောင်းတယ်"

သူတို့သည် အိမ်ပြန်တော့မည့် မေလီကားပေါ် တက်ကာ တစ်ခါတည်း လိုက်သွားကြသည်။ မေလီက သူ့အိမ်အရောက်၊ နောက်ဖေးလှေကားမှ ခေါ်သွားပြီး အပေါ်ထပ်က အခန်းလွတ်တစ်ခုထဲသို့ သူတို့နှစ်ယောက်ကို ထားခဲ့လိုက်သည်။

အစ်ကိုတော် ဟံသာမင်းဝေနှင့် နှမတော် မောရသခင်မလေးတို့သည် ဤဘဝတွင် ဒုတိယအကြိမ် နှစ်ယောက်တည်းအတူနေခေါင်းသင်းခွင့်ရကြပြန်သည်။ သူတို့နှစ်ဦး သာယာကြည်နူးဖွယ် အချိန်တွေ ကုန်လွန်ခွင့်ရချိန်ဝယ် ချွန်မင်းကျွန်းမြို့နယ်တစ်ခုလုံးကို မော်ခေတ်စိန်တို့ ညီအစ်ကိုနှင့် တပည့်များ၊ ဝမ်ရှောင်ကန်းနှင့် နောက်လိုက်များ၊ ဝူကျင်ကွေ့နှင့် တပည့်များ ခြေချင်းလိမ်အောင် လိုက်ရှာနေကြသည်။

နောက်ဆုံးတော့ ဆေးတက္ကသိုလ်မှ ကျောင်းသားနှစ်ဦး၏

www.burmeseclassic.com



သဲလွန်စပေးချက်အရ မော်ခေတ်နန်းမြိုင်သည် အတန်းတူ မေလီနှင့် နောက်ဆုံးလိုက်ပါသွားသည်ကို မြင်လိုက်ကြောင်း သိခဲ့ပြီးဖြစ်ရာ မေလီအိမ်သို့ ပြောင်ကျကျ လိုက်သွားကြလေသည်။

"အဲတော့ ဟိုလူတွေ လိုက်လာကြပြီ"

အပြင်တံခါးခေါက်၍ ဖွင့်လျှင်ဖွင့်ချင်း မေလီက နန်းမြိုင်တို့ကို ပြောသည်။

"ဒါဆို အစ်ကိုတော် လာခဲ့တဲ့ နောက်ပေါက်ကနေ ပြေးနှင့်တော့၊ နှမတော်တို့ ဣန္ဒြေမပျက်ရင်ဆိုင်ရုံပဲ၊ မဟုတ်လားနော် မေလီ"

"အဲဒါ ကောင်းတယ်၊ ကိုမင်းဝေ မြန်မြန်ပြေးတော့ ရပါတယ်နော်"

"အို – ကျွန်တော်က ဒီတစ်ခါ ဒီလူတွေနဲ့ ရင်ဆိုင်မှ ဖြစ်မယ်"

"မဟုတ်သေးဘူး။ ကိုမင်းဝေက သိပ်ကျွန်းမာသေးတာ မဟုတ်ဘူး၊ အဲဒီလူတွေက အပြတ်နွှာရင် ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး၊ လောလောဆယ် ထိပ်တိုက်သွားမလုပ်ပါနဲ့ မြန်မြန်ပြေးပါတော့"

"ကောင်းပြီလေ၊ နှမတော် အစ်ကိုတော် သွားမယ်နော်"

"မြန်မြန်သွား၊ လွတ်အောင်ရှောင်နော်၊ လုံးဝ မရင်ဆိုင်မိစေနဲ့ဦး"

"အေး အေး သွားပြီကွယ်"

ကိုမင်းဝေ နောက်ပေါက်က ဆင်းသည်။ ဝင်းခြံ၏ နောက်ပေါက်ငယ်မှ တစ်ဖက်ရှိလမ်းထဲသို့ ထွက်ခဲ့ပြီး ခပ်လှမ်းလှမ်း





ရောက် အငှားယာဉ်တစ်စီးဖြင့် ပြန်လာခဲ့သည်။ ပထမသော် ယန်စီ စ်ဝကို ကူးတို့သင်္ဘောနှင့် ကူးရန် စဉ်းစားသော်လည်း ဟိုလူတွေ ာ လူလွတ်စောင့်ကြည့်နေမည်ကိုသိ၍ တံတားတည်ဆောက်ရာ ိုက်ထဲသို့ လာခဲ့သည်။ ဝေစန်းနှင့် တစ်ညအတူအိပ်ပြီး နောက်နေ့ တံတားဆောက်လုပ်ရေးလုပ်ငန်းသုံး မော်တော်ယာဉ်နှင့် လိုက်ပါ း သီးသန့်ဌာနပိုင်ရေယာဉ် ရှန်ဟိုင်းဘက်အကူးနှင့်လိုက်၍ ပြန် ရသည်။

ထို့ကြောင့် ဝမ်ရှောင်ကန်းတို့လူများ သင်္ဘောဆိပ်မှန်သမျှ ာင့်ကြည့်နေသော်လည်း ကိုမင်းဝေ ပြန်သည်ကို မတွေ့ကြတော့။ ို့နောက်မှ ရွှန်မင်းကျွန်းဘက်တွင် ထပ်မံပိုက်စိတ်တိုက်ရှာသော် ည်း ကိုမင်းဝေကို သူတို့မတွေ့တော့။

သို့သော် ဤဖြစ်ရပ်ကြောင့် မော်ခေတ်နန်းမြိုင်ကို ပို၍ ကြပ် တ်ကြလေတော့သည်။

မြစ်ခြား၊ ချောင်းခြား၊ မြစ်ဝကြီးခြားနေသော မောင်တစ်ရွာ ယ်တစ်မြို့ ဖြစ်နေရသည့်အထဲ ယက္ခကုမ္ဘဏ်လို အစောင့်အကြပ် ား ဝိုင်းရံနေသောကြောင့် နန်းမြိုင်အဖို့ အစ်ကိုတော် ဟံသာ င်းဝေနှင့် တွေ့ကြုံဆုံကြရန် ပို၍ခက်ခဲနေတော့သည်။

အမှန်စင်စစ် သမီးရည်းစားမက လင်မယားမကျဖြစ်နေသော ချစ်စခင်စကြင်ရာစ နှစ်ဦးသည် ဓမ္မတာအရ တစ်ယောက်ကို တစ် ယောက် အပျောက်မခံနိုင်အောင် ချစ်နေချင်ကြသည်။ ဆီးမြို့ ဖန်ခါး



www.burmeseclassic.com

www.burmeseclassic.com



များ ငုံထားမလောက် ချစ်ချင်ကြသည်။ ဤသို့ မချစ်ရသောအခါ မော်ခေတ်နန်းမြိုင် မခံမရပ်နိုင်အောင် ခံစားရလေသည်။

ဒီတစ်ခါ လစ်လျှင်တော့ အစ်ကိုတော်နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားတော့မည်ဟု နန်းမြိုင် အပြတ်ကြံထားလေတော့သည်။

ဤသို့ဖြင့် နှစ်ကုန်စာမေးပွဲကြီး ဖြေပြီးသောအခါ သူတို့အတန်းသည် ပင်လယ်ကမ်းခြေ သောင်ယံဦးသို့ ပျော်ပွဲစား ထွက်ရန်စီစဉ်ကြသည်။

ဤအခွင့်ကောင်းကို ယူပြီး ပျော်ပွဲစားအဖွဲ့နှင့် လိုက်ပါမည့် မော်ခေတ်နန်းမြိုင်သည် အစ်ကိုတော် ဟံသာမင်းဝေကို လှို့ဝှက်စွာ ချိန်းဆိုထားလေသည်။

ကျန်ကျောင်းသူ ကျောင်းသားများအနေဖြင့် မိမိမိတ်ဆွေ ဆွေမျိုးနှင့် ချစ်သူများကို ပျော်ပွဲစားခရီးသို့အတူ လိုက်ပါရန် ဖိတ်ကြားကြသည်။ မေလိက ဝေစန်းကို ဖိတ်ထားသည်။ နန်းမြိုင်က လည်း အကြောင်းရိုက် အကွက်ဆင်ပြီး ဝမ်ရှောင်ကန်းနှင့် ဝူကျင်ကွေ့တို့ကို ဖိတ်ထားသည်။ သူတို့ရှေ့မှာပင် မေလိနှင့် ဝေစန်းတို့ အကူအညီနှင့် နှစ်ပေါက်တစ်ပေါက်ရိုက်၍ အလစ်တွင် အခွင့်အရေး ယူကာ တစ်နေရာမှ ပုန်းကွယ်စောင့်ဆိုင်းနေသည့် မင်းဝေနှင့် တစ်ခါ တည်းလိုက်ပြေးရန် အကွက်ချထားလေသည်။

ထိုနေ့တွင် နန်းမြိုင်တို့ ပျော်ပွဲစားအဖွဲ့သည် လူ ၄၀ ဆယ်





အဲယားကွန်းဘတ်စ်ကားကြီးဖြင့် သိုက်သိုက်ဝန်းဝန်း ပင်လယ်ကမ်းခြေသဲသောင်ယံသို့ ထွက်ခဲ့ကြသည်။

သောင်စပ်သဲပြင်တွင် ဂိမ်းစ်မျိုးစုံပျော်ရွှင်စွာ ကစားနေကြသည်။

မော်ခေတ်နန်းမြိုင်သည် အဖွဲ့သားများနှင့်ရော၊ သူ၏ အထူးညှိသည့်နှစ်ယောက် ဖြစ်သည့် ဝမ်ရှောင်ကန်းနှင့် ဝူကျင်ကွေ့တို့ကိုပါ မြူးထူးပျော်ပါးတက်ကြွစွာ ဆက်ဆံနေ၍ ပါးရည်နပ်ရည်ရှိသော ဝူကျင်ကွေ့ပင် ဤယနေ့အဖို့ ညီမလေးမြိုင်ကို သံသယကင်းစွာ ပြန်လည်ဆက်ဆံရင်း အပျော်ကြီးပျော်နေသည်။

အမှန်မှ မော်ခေတ်နန်းမြိုင်သည် လည်းကောင်း၊ မေလိနှင့် ဝေစန်းတို့သည် လည်းကောင်း စိတ်လှုပ်ရှားစွာ လက်ပတ်နာရီများကို မကြာမကြာ ကြည့်ဖြစ်နေကြသည်ကို အခြားသူများ မရိပ်မိကြ။

နံနက် ၉ နာရီခွဲသောအခါ နန်းမြိုင်နှင့် မေလိတို့သည် အတန်းတူ ရှုပင်းနှင့်အတူ ရေလှိုင်းထဲဆင်း၍ ရေကူးကြသည်။ ပါလာသော ဖော့များကို စီးကြသည်။ ရှုပင်း၏ရည်းစား ပိဂါးက ရှုပင်း၏နောက်ကိုလိုက်၍ ရေထဲဆင်းသောအခါ ဝေစန်းကလည်း မေလိ ထံအရောက် ရေထဲဆင်းလေ၏။ နန်းမြိုင်အဖို့ အခြားသူထက်တစ်မူထူးပုံမှာ ဝမ်ရှောင်ကန်းနှင့် ဝူကျင်ကွေ့ တည်းဟူသော ယောကျ်ားသားနှစ်ယောက်ကြီးများတောင် ရေထဲဆင်းလိုက်လာကြ၍ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အတွဲ အသီးသီးတို့သည် ရေထဲတွင် ရေပက်လိုက်၊ ရေငုပ်လိုက်၊ ပြေးလိုက်ဆော့လိုက်နှင့် ရွှင်လန်းပျော်ပါးနေကြသည်။ ဝမ်းရှောင်ကာန်းအဖို့ ဤယနေ့ ဤပျော်ပွဲစားခရီးမှ ဤသို့ နှန်းမြိုင်နှင့်အတူ ရေကစားရခြင်းသည် အပျော်ဆုံး ဖြစ်နေ၏။

"မောပြီ နားဦးစို့"

မေလီက အော်ပြော၍ ကမ်းပေါ်တက်ပြေးသော် အားလုံးပြေးတက်လာကြသည်။ စထောနားကြ၊ အချိုရည်သောက်ကြ၊ ပန်းသီး၊ လိမ္မော်သီး၊ စပျစ်သီးစားကြနှင့် အတန်ကြာသော် မေလီက ဦးဆောင်၍ မိန်းကလေးသုံးယောက် ရေထဲပြေးဆင်းကြပြန်သည်။

"ဝေစန်း မလိုက်ခဲ့နဲ့တော့၊ မိန်းမသားချည်းလှိုင်းစီးမလို့၊ ဘောတွေနဲ့ အေးအေးဆေးဆေး စီးမလို့၊ ရှင်တို့ နေခဲ့ကြ"

"အေးပါ မေလီရယ်"

"ဒါဆို ပိဂ္ဂါးလဲ နေခဲ့"

"အေး အေး ရှပင်း၊ နင်တို့ချည်း နေသာသလိုနေ"

"အစ်ကိုတို့လဲ လိုက်မလာနဲ့နော်"

"ကောင်းပါပြီ ညီမလေးမြိုင်"

ထို့ကြောင့် မိန်းမသားသုံးယောက် ဘောကွင်းကိုယ်စီထမ်းကာ ရေထဲပြေးဆင်း လှိုင်းစီးကြလေသည်။

"ဟေ့ ဟေး၊ ဟိုးအဝေးကြီး မသွားနဲ့လေ"

မှုန်နေအောင်ဝေးသော ပင်လယ်ထဲသို့ ဘောကိုယ်စီနှင့် စီး





သွားသည်ကိုမြင်သော ဝူကျင်ကွေ့က တအားလှမ်းအော်သည်။

မိန်းကလေးတွေက လက်ပြပြီး "ဘောက ကောင်းတယ်၊ ဘာမှမပူနဲ့" ဟု ပြန်အော်သည်။ လှိုင်းသံနှင့်ရော၍ သဲ့သဲ့သာကြားရသည်။

"ဟုတ်သားပဲ သူတို့စီးတဲ့ဘောက အရမ်းတန်ဖိုးကြီးတဲ့ဟာတွေ၊ သူတို့ကလဲ ဖျံတွေလို ရေကူး၊ ရေငုပ် ကျွမ်းကျင်သူတွေ၊ ဘာများဒီလောက် ပူနေရတာလဲဗျ"

ဝေစန်းက ဝူကျင်ကွေ့တို့ကို အထင်သေးသည့် အမူအရာနှင့်ပြောသောကြောင့် အောင့်သက်သက်နှင့် ငြိမ်ကြည့်နေကြရသည်။ မိန်းကလေးတို့သည် အတော်ဝေးသွားသောကြောင့် လှိုင်းလုံးများနှင့်ကွယ်လိုက် ရေးရေးပေါ်လိုက် ဖြစ်နေသည်။ ထိုစဉ် မြောက်ဘက်တောင်စွန်း ကျောက်ဆွယ်နောက်မှ စပီဘုတ်ဟုန်မြန်ရေယာဉ်တစ်စီး ပင်လယ်ထဲ မောင်းထွက်သွားသည်။ ဟိုး အဝေးကြီးကိုသွားပြီးမှ ပင်လယ်မှနေ၍ မိန်းကလေးသုံးယောက် လှိုင်းစီးရာသို့ ရုတ်ချည်းဝိုက်ပြီး မောင်းလာသည်။ ဤလုပ်ရပ်ကို ကမ်းစပ်မှ ရုတ်တရက်မမြင်နိုင်၊ သို့မဟုတ် အမှုမဲ့သတိမထားမိ။

စပီဘုတ်သည် မော်ခေတ်နှန်းမြိုင်အနီး ရောက်သော် စက်ရပ်၍ အရှိန်ကလေးနှင့် ကပ်ပေးသည်။ ဟုန်မြန်ယာဉ်ကလေးအနားတပ်လာရပ်သည်နှင့် နှန်းမြိုင်က ယာဉ်ပေါ်အတက် အပေါ်က မင်းဝေသူလက်ကလေးကို ဆွဲတင်လိုက်သည်။ ယာဉ်ကလေးပေါ်သို့နှန်းမြိုင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားလေ၏။

"တာ့တာ မေလိ၊ ဘိုင် ဘိုင် ရှုပင်း၊ ကျေးဇူးကို မမေ့ပါဘူး သူငယ်ချင်းတို့"

"ကျေးဇူးအများကြီးတင်ပါတယ် မေလိတို့၊ ဝေစန်းကိုလဲ ကျေးဇူးတင်ကြောင်း ပြောပေးပါ"

နန်းမြိုင်နှင့် ယာဉ်ကို မောင်းလာသည့် ကိုမင်းဝေတို့က နှုတ်ဆက်စကားပြောကြသည်။

ထိုစဉ် ဝူကျင်ကွေ့ဘေးက ဟန်းဖုန်းအသံ မြည်လာသည်။

"ဟဲလို ရှောင်ကီးလား။ ဟုတ်လား၊ အေး – ငါမြင်ပြီ၊ အဲဒီ စပီဘုတ်ကို သေချာကြည့် မင်းဘိုင်နိုကူလာ မကောင်းရဲ့လား ဆွဲကြည့်၊ ဟိုကောင် ရှောင်ဖုကို ဗီဒီယိုကင်မရာနဲ့ ဆွဲပြီးရိုက်ခိုင်း၊ ဘုတ်ပေါ်မှာ ဘယ်နှစ်ယောက်လဲ၊ တစ်ယောက်တည်းလား၊ ဟိုကောင်ပဲလား၊ နန်းမြိုင် ဘုတ်ပေါ်ရောက်သွားပြီလား၊ မင်းတို့ စပီဘုတ်နှစ်စီးနဲ့ အမြန်လိုက်ပေတော့၊ ငါနှဉ်း ငါတို့ဆီ တစ်စီးလွှတ်လိုက်၊ ဒါပဲ"

ဝေစန်း ထိုအသံကြောင့် လန့်သွားသည်။ ရှောင်ကန်း အမြန်ထွက်သွားသည်။ အိတ်များများပါသော ဝေ့စကုတ်နှစ်ထည်ဆွဲလာသည်။ တစ်ထည်ဝတ်တစ်ထည် ဝူကျင်ကွေ့ကို ပစ်ပေးသည်။ နှစ်ယောက်သား ကမ်းစပ်ရေထဲသို့ ပြေးဆင်းသွားသည်။

ခဏအတွင်း တောင်ဘက်ချောင်းထဲမှ စပီဘုတ်သုံးစီး ထွက်လာသည်။ တစ်စီးက ဝမ်ရှောင်ကန်းတို့ထံလာရာ ပြေး၍တက်





သွားကြသည်။ ထိုသုံးစီးသည် ရေနက်ပိုင်းမှ ထွက်စပြုသော စောစောက စပီဘုတ်နောက်သို့ အရှိန်ပြင်းပြင်းမောင်း၍ လိုက်ကြလေ၏။

"ဟာ ခွေးမသားတွေ၊ အရမ်းကိုမောင့်ကြည့်နေတာပဲ၊ ဒုက္ခပါလား"

ဝေစန်းက ညည်းညူရင်း ရေထဲပြေးဆင်း၍ မေလိတို့ကို ခေါ်လေသည်။

စပီဘုတ်ပေါ်ရောက်သော နန်းမြိုင်သည် ဟိုမှာဘက်ဆီက အသံဆူဆူညံညံနှင့် လာနေသော စပီဘုတ်သုံးစီးကိုမြင်၍ ပြောလိုက်သည် "အစ်ကိုတော် လိုက်လာကြပြီ၊ မြန်မြန်မောင်း မောင်း" ဟု ကြောက်လန့်စွာ ပြောခြင်းဖြစ်သည်။

"မကြောက်နဲ့ နမတော်၊ ရှန်ဟိုင်းကမ်းဘက်မှာ အစ်ကိုတော်ရဲ့လူတွေရှိတယ်၊ အသင့်ကြိုနေကြတယ်"

"ဒီမြစ်ဝကြီးကလဲ ကျယ်လိုက်တာ၊ ဟိုဘက်မရောက်ခင် မိလာမှဖြင့် ဒုက္ခ"

"မြစ်ဝကြီးက အခုလိုမြန်မြန် ဖြတ်ချင်ပါမှ ပိုကျယ်သလား ထင်ရတယ်၊ ဘာပဲဖြစ်ဖြစ် သူတို့ မမိနိုင်ပါဘူး၊ အဝေးကြီးကွာနေတာပဲ မဟုတ်လား"

ကိုမင်းဝေ နန်းမြိုင်ကို အားပေးလို့သာနေရသည်။ ဒီမြစ်ဝ အကျယ်ကြီးကို တော်တော်အမြင်ကတတ်နေမိ၏။

အမြင်ကတတ်မည်ဆိုလည်းကတတ်ချင်စရာ။ မြစ်ဝက အကျယ်လွန်း



www.burmeseclassic.com

www.burmeseclassic.com



တော့ တော်တော်နှင့် ခရီးမရောက်၊ သူတို့စီးလာသော စပိဘုတ်သည် နန်းမြိုင် လှို့ဝှက်စွာစီစဉ်ရသောကြောင့် စိတ်တိုင်းကျ မြန်လှသည်မဟုတ်။ ထို့ပြင် ယခုလိုအလိုက်ခံရမည်ဟု မတွေးမိ၍ ရရာကို ယူခိုင်းခဲ့ခြင်းဖြစ်သည်။ ဟိုလူတွေဘက်ကမူ အစစအရာရာ ပလန်ချ၍စီမံချက်ရေးဆွဲလုပ်ကိုင် ထားပုံရသည်။ စပိဘုတ်မှ သုံးစီး အမြန်နှုန်းကလည်း အလွန်ကောင်း။

မကြာပင် ပို၍နီးလာသည်။

"ဒိုင်း ဒိုင်း"

"ပစ်ပြီ ဝပ်နေ"

ဝမ်ရှောင်ကန်းက ပစ္စတိုနှင့် ထိုးပစ်ရာ ခပ်ဝေးဝေးမှ စပိဘုတ်ပေါ်ရှိ ကိုမင်းဝေမှ နန်းမြိုင်ကို အသာဝပ်နေခိုင်းသည်။

"ဟေ့ကောင် ဘာလို့ ရမ်းပစ်တာလဲ၊ နန်းမြိုင်ကို ထိသွားရင် မင်းကို ငါ သတ်မှာကွ"

"မင်းဟာလဲ မိုးပေါ်ထောင်ပစ်တာပါ၊ ခြောက်ရုံပစ်တာပါကွ"

"မပစ်နဲ့၊ မင်းက ဘယ်လောက် လက်ဖြောင့်လို့လဲ၊ ဒီစပိဘုတ်က လှိုင်းထဲမှာခြောက်နေတာ၊ မတော်တဆ သွားမှန်နိုင်တယ် လုံးဝ မပစ်နဲ့"

"အေးပါကွာ အေးပါ"

ဝူကျင်ကွေ့ သူ့ဟန်းဖုန်းကိုဖွင့်၍ အော်ရပြန်သည်။

"ရှောင်ကီး... ရှောင်ဖု ချန်ကီး သေရှာနားထောင်၊ သေနတ်နဲ့





လုံးဝ မပစ်ကြနဲ့၊ ဟိုကောင်က ဘာသိုင်းမှတတ်တာမဟုတ်ဘူး။ ဘုတ်ျပင်းကပ်ပြီး ဝင်တီးမယ်၊ သေနတ်နဲ့ လျှောက်ပစ်ရင် နန်းမြိုင်ကို မတော်တဆ ထိလို့ကတော့ မင်းတို့ ဘသေပဲမှတ်"

"ကြာလိုက်တာ မြစ်ဝကြီးက ကျယ်ကိုကျယ်တယ်၊ ဟိုဘက်ကို ရောက်ပဲရောက်နိုင်ဘူး"

နန်းမြိုင်က တတွတ်တွတ်ပြောနေသည်။

"နီးလာပြီ၊ ရှေ့ဆုံးကဘုတ် နီးလာပြီ အစ်ကိုတော်"

"မကြောက်နဲ့ ဘာမှမကြောက်နဲ့ အစ်ကိုတော် ဒီတစ်ခါ ငွေမခံဘူး ပြန်ချမယ်"

ကိုမင်းဝေ၏အသံသည် မြို့စားလေးဟံသာမင်းဝေ၏ စစ်တလင်းက ကြုံးဝါးသံနှယ် အောင်မြင်စွာထွက်ပေါ်လာသည်။ မကြာမီ ရှေ့ဆုံးက စပိဘုတ်ဘေးချင်းယှဉ်လာသည်။ လှေနံချင်းအကပ် ဟိုဘက်က ရှောင်ကီး ခုန်ကူးလာသည်။

"ယား ..."

ကူးလာရင်း ကီးသွင်း၍အော်သေး။

"ရော့ ..."

ကိုမင်းဝေက ဘုတ်လက်ကိုင်ကို ထောက်ရင်းခြေကိုခုန်ကန်လိုက်ရာ စပ်ကူးမတ်ကူးတွင်ရောက်နေသည့် ရှောင်ကီးကို အရှိုက်တည့်တည့်ကန်မိပြီး ရေထဲသို့ ဝုန်းခနဲကျသွား၏။ ကပ်လာသည့် စပိဘုတ်ကတော့ ဝေါဆိုကာ အရှိန်လွန်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



"လာပြန်ပြီ နောက်တစ်စီး"

"ထိုင်ပြီး သေချာကိုင်ထား နှမတော်"

နန်းမြိုင်က စပိဘုတ်တွင်ဝပ်၍ လက်နှစ်ဖက်ဖြင့် ဒက်ရှ်ဘုတ်အနားကို မြဲစွာကိုင်ထားသည်။ အနီးရောက်လာသော စပိဘုတ်သည် ဘေးချင်းယှဉ်မလာ။ စောစောက ဖြစ်ပုံကိုမြင်ပြီး ဗျူဟာပြောင်းသုံးမည့်သဘောရှိသည်။

နောက်ကကပ်လိုက်နေသည်။ လူတစ်ယောက် သူတို့ဘုတ်ဦးမော့မော့ဆီ ဝမ်းလျားမှောက်တက်လာသည်။ ကိုမင်းဝေတို့ စပိဘုတ်နောက်ကို အကပ်တွဲလောင်းဖြုတ်ဆင်းလာ၏။ ကျလာသည်နှင့် လိမ့်၍ ကိုမင်းဝေထံရောက်လာသည်။ လက်ထဲက ပုဆိန်ငယ်နှင့်လည်းခုတ်လာသည်။ စပိဘုတ်အရှိန်ကြောင့်နှင့် လိမ့်၍ရိုက်ပြီးရောက်လာသောကြောင့် ခုတ်ချက်သည် အလိုလိုလွဲသည်၊ ရှောင်စရာမလို။

ခုတ်လာသော ညာလက်သည် ပုဆိန်သွား စပိဘုတ်၏ ရှေ့ဘောနက်တွင်စိုက်နေ၍ မလှုပ်နိုင်ဘဲတန်းနေစဉ် ကိုမင်းဝေက သူ့ညာဒူးကို ထိုသူ့လက် တံတောင်ဆစ်အောက်သို့ သွင်းပြီး ညာတံတောင်နှင့်ထိုလက်၏လက်ကောက်ဝတ်ကိုထောင်းချလိုက်သည်။

"အား ..."

လက်သည် ဖြိုင်ဖြိုင်ကျိုးသွား၍ ထိုလူ နာကျင်စွာအော်စဉ် ကိုမင်းဝေက ဒူးနှင့်ရင်ဝဆောင့်တွန်းလိုက်ရာ ရေထဲသို့ပြုတ်ကျသွား





ပြန်သည်။

နန်းမြိုင် အံ့သြကြီးစွာနှင့် ကိုမင်းဝေ၏သိုင်းကွက်ကိုကြည့်နေရာက ဟံသာမင်းဝေ ဘဝတုန်းက တပ်မှူးကြီးများနှင့်အတူ စစ်ပွဲဝင်တိုက်ခိုက်ပုံကို မြင်ယောင်နေတော့သည်။

"ဘာတွေဖြစ်ကုန်တာလဲကွ ရှောင်ကန်းရ"

"မသိဘူး၊ ဟိုကောင့်ဘုတ်နားကပ်ပြီး ခုန်ကူးတဲ့ကောင်တွေ ရေထဲချည်းပြုတ်ကျနေကြတာပဲ"

"အဲဒီကောင် ဘာလုပ်လိုက်လို့လဲ"

"ဘာလုပ်တတ်မှာလဲ၊ ဒီကောင် သိုင်းမှမတတ်တာ၊ ညီမလေးမြိုင်က လုပ်နေတာများလား"

"ဟေ ညီမလေးမြိုင်က အဲဒီလောက်တတ်လို့လား"

"မပြောနိုင်ဘူးလေ၊ ငါတို့ ဝူဆန်သိုင်းကျောင်းမှာ သူ့ကိုချော့ပြီး သင်တန်းတက်ခိုင်းခဲ့တာ မင်း မှတ်မိလား ဂျင်ကွေ့"

"သိပ်မှတ်မိတာပေါ့၊ အချိန်မှန်တော့အတတ်သား၊ ဒါပေမယ့်ပျော့နွဲ့နွဲ့ပဲလုပ်ပြတာကိုမြင်တယ်"

"အဲဒါပေါ့၊ အပျော့က အမာထက် ကြောက်ဖို့ကောင်းတယ်၊ ခုလက်တွေ့ပြနေပြီလေ"

"ဒုက္ခပဲ၊ ငါတို့ ဟိုကောင်ကို ဝင်ဖမ်းရင် သူက တီးမှာဗျ"

"ဘာလဲကွ ကျင်ကွေ့ရ၊ မင်းက ကြောက်သလား"

"အိုး... ညီမလေးမြိုင်က တီးတာကို မင်းက ပြန်ပြီးတီးမလား



www.burmeseclassic.com

www.burmeseclassic.com



ကဲ”

“အန် ...”

သူတို့ဘကယ်ကို အခက်တွေ့ကြလေပြီ။ သူတို့ ဇဝေဇဝါဖြစ် နေခိုက်မှာပင် သူတို့စပိဘုတ်သည် ကိုမင်းဝေတို့စပိဘုတ်နား ကပ် လာပြီ။

“ဟေ့ကောင် မင်းဝေ နန်းမြိုင်ကိုပြန်ပေးရင် မင်းကို ဘာမှ မလုပ်ဘူး၊ စက်ရှိန်လျှော့ပြီးရပ်ပေးပါ”

ဝူကျင်ကွေ့ က အော်ပြောသည်။

“အစ်ကိုတော် ရပ်မပေးနဲ့၊ ဆက်မောင်း”

“သိတယ် နှမတော်၊ ရှေ့မှာ အစ်ကိုတော်တို့ကို ကြိုနေမယ့်လူ တွေရှိတဲ့နေရာကို မြင်နေရပြီ၊ ဘာမှမပူနဲ့”

ကိုမင်းဝေက အရှိန်မြှင့်၍ ဆက်မောင်းသည်။

“ဟေ့ မရပ်ရင် ငါတို့ ခုန်ကူးလာမယ်၊ မင်းကို သတ်ပြီး နန်းမြိုင်ကို ခေါ်သွားရမလား”

ဝမ်ရှောင်ကန်းက အော်ပြောပြန်သည်။ ကိုမင်းဝေက သူတို့ကို ဂရုမစိုက်၊ နန်းမြိုင်ကိုသာ မေးသည်။

“နှမတော် ရေကူးကျွမ်းသလား”

“ကျွမ်းတယ်လို့ ဆိုနိုင်ပါတယ် ဘာလို့လဲဟင်”

“ဟိုကောင်တွေက မောင်းသူမပါဘဲ တွက်ရင်တောင် သုံး ယောက်၊ အစ်ကိုတော်တစ်ယောက်တည်း ပြန်ဖိုက်ရမှာ မလွယ်လ





ဘူး။ အထူးသဖြင့် ရှောင်ကန်းက သိုင်းကျောင်းက ဆရာ၊ သူနဲ့ အတော်ဖိုက်ရမယ်၊ မဟန်ရင် ရေထဲခုန်ချပြီး ကူးပြေးရမယ်၊ ကမ်း နဲ့တော့ နည်းနည်းနီးလာပါပြီ”

“မပူနဲ့ အစ်ကိုတော်၊ နှမတော်လဲ သိုင်းသင်တန်း တက်ထား တယ်၊ ဝမ်ရှောင်ကန်းကို နှမတော်ရဲ့တာဝန်ထား”

“အို ... သူက ကြမ်းတယ်၊ ကျွမ်းတယ်”

“နှမတော်ကို မကြမ်းရဲပါဘူး၊ မရမ်းရဲပါဘူး၊ အစ်ကိုတော် တို့နှစ်ယောက်ကိုသာ နိုင်အောင်လုပ်”

“ဟုတ်ပြီ”

ထိုအခိုက်မှာပင် ရှောင်ကန်းက ကြိုးတစ်ချောင်းပစ်၍ ကိုမင်း ဝေတို့ စပိဘုတ်နောက်က ပဲ့စွန်းထောင်ထွက်ကို ဖမ်းစွပ်သည်။ ကိုမင်းဝေတို့ စပိဘုတ် တုံ့နှေးသွားလေ၏။ နောက်ကဘုတ်သည် ကြီး၏။ လူလေးယောက်ပါ၏။ စက်ရပ်လိုက်ပြီ ဖြစ်၏။ ထို့ကြောင့် ရှေ့ကဘုတ် နှေး၍ နှေး၍ လာသည်။ ဦးသိပ်မထောင်တော့၊ နောက် ဘုတ်သည် စက်ကို နောက်ပြန်ခုတ်သောအခါ ရှေ့ကဘုတ် ဦးကျ ဘာ မပြေးနိုင်တော့။

ထိုစဉ် လူသုံးယောက် သူတို့စပိဘုတ်ထံ ခုန်ကူးလာလေပြီ။ ရှေ့ဆုံးမှ ရောက်လာသည့် ဝမ်ရှောင်ကန်းကို မော်ခေတ်နန်းမြိုင် ခြေစောင်းနှင့် စီးကန်သည်။ ရှောင်ကန်း မမျှော်လင့်ခဲ့။ သူ့အနေ နန်းမြိုင်နှင့် ရင်ဆိုင်ကိုက်ရမည်ဟု လုံးဝ မမျှော်လင့်ဖူးဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပဲ" ဟု ိတ်ထဲက ညည်းဆဲ "ဟော့ကောင် ရှောင်ကန်း၊ နန်းမြိုင်ကို အရမ်းမလုပ်နဲ့" ဟု ကျင်ကွေ့က တားနေသေး။

ရှောင်ကန်း မင်းဝေထံသွားရန် ကြိုးစားသော်လည်း နန်းမြိုင်က ပိတ်၍ တိုက်နေ၍မသွားနိုင်။

ကိုမင်းဝေထံရောက်သွားသည့် ဝူကျင်ကွေ့သည် ဓားကော ကို ဝေ့စကုတ်အတွင်း ကပ်အိတ်မှ ဖြုတ်၍ ခုတ်လေသည်။ "ဝိုး ဝိုး" လက်ပြန်ခုတ်လည်း ရှောင်သွားသည်။ တည့်တည့်ခုတ်လည် တိမ်းသွားသည်။ ပက်တင်တော့လည်း ယိမ်းသွားသည်။ သုံးချက်ထ မထိ။ ကျင်ကွေ့နှင့် ကပ်ပါလာသည့် တုပတိုက်က ကိုမင်းဝေကို ဝင် ဖမ်းချုပ်လာသည်။ သူက ဇန်ကပ်သမား၊ နပန်းသမား၊ အရှော ကောင်းသော ကိုမင်းဝေကို မရှောင်နိုင်အောင် ဝင်ချုပ်ပေးခြင်း ဖြ သည်။

ကိုမင်းဝေသည် ဗန်ကပ်ကို ကျွမ်းသူပေပဲ။ ချုပ်လာသူကို ပြ ချုပ်၍ ပင့်လှည့်ပေးလိုက်ရုံကလေးသာ။ သူသည် ထိုအကွက်ချ လ ရှားလိုက်သည်နှင့် သူအငြိမ်လည်ကုပ်သို့ ချိန်ရွယ်ခုတ်ချလာသ ဓားကောက်၏ အသွားသည် တုပတိုက်၏ ကုပ်ပိုးကို ဗျင်းခနဲ ခုတ် သွားလေသည်။

"အီး ..." နာ၍ အော်သူက တုပတိုက်၊ ခုတ်၍ အချင်းချင်း ထ သောကြောင့် လန့်သူက ကျင်ကွေ့၊ တိုက်ခိုက်စဉ် တစ်စက်ကလေး အာရုံပြောင်းပါက ထိုလျှပ်တစ်ပြက်အတွင်း သိုင်းကွက်မိတတ်သည်





ာ သိုင်းကျွမ်းသူ၏ အကွက်ကောင်း။ နာသွားသူကို တွန်းပေါက် ခ်ရာ ရှေ့မှာ လူကို တိုက်၍ နှစ်ယောက်စလုံး ရေထဲသို့ကျသွား လေတော့သည်။

ဝမ်ရှောင်ကန်း တန့်ခနဲ ရပ်သွားသည်။ သိုင်းဆရာပီပီ အံ့ဩ ကိုရပ်၍ စောင့်ကြည့်ခြင်းဖြင့် တစ်ဖက်လူ၏အငိုက် တီးကွက်ကို ခံရနိုင်။

သိုင်းဆရာပီပီ ကြက်ရေးငှက်ရေး ရောက်လာတော့ အေး တ်ငြိမ်သက်သွားသည်။ လှစ်ခနဲ သူတစ်ချက် တွေးလိုက်သည်။ ုံးဖြတ်ချက်ချပြီးပြီ။

"ယိ ......"

လျှပ်စီးလက်သလို မြန်သောလက်ပြန်ခုတ်ချက်သည် နန်းမြိုင် ၏ ဝါဝင်းသောလည်ကုပ်ကို ထိမိစွာခုတ်မိသည်။ "အင့်" ဟု အသံ ာလေးနှင့် နန်းမြိုင် ခွေအကျ၊ ရှောင်ကန်း သူ့ခါးကလေးမှ ဆီးပွေ့၍ ပိဘုတ်ဝမ်းထဲ အသာကလေးချပေးလိုက်သည်။ ရေကူးဝတ်စုံ ာလေးနှင့် နန်းမြိုင်သည် ခွေခွေလေး ငြိမ်သက်သွားရလေ၏။ အလွန် သေသပ်ပိရိသော သိုင်းပညာကို မြင်ရသော မင်းဝေသည် အခြေအနေ ဟန်ကြောင်း ကောင်းကောင်းသိလိုက်ပြီ။

ထို့ကြောင့် စပီဘုတ်ကို စက်ရှိန်ပြန်မြှင့်ပြီး ကမ်းဘက်သို့ အတင်းမောင်းသည်။

ဝမ်ရှောင်ကန်းက တစ်ချက်မျှပြုံးလိုက်ပြီး ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ငါ တစ်ယောက်ချင်းယှဉ်ကြမယ်၊ အူကြောင်ကြောင် လုပ်မနေနဲ့"

"ခင်ဗျားဟာ သိုင်းကျောင်းမှ နာမည်ကြီး ဝူဆန်ကျောင်းက သိုင်းဆရာကြီးပဲ၊ အဆင့်ချင်းမတူတဲ့လူကို တစ်ယောက်ချင်း ယှဉ်မယ်လေး ဘာလေးနဲ့ ပြောနေတာ မရှက်ဘူးလား"

"ဩော်.. မင်းက အဆင့်ချင်းမတူမှန်း သိနေသားပဲ"

"သိုင်းပညာ အဆင့်ချင်းမတူသလို စိတ်ဓာတ်ရေးရာချင်းကျ တော့လဲ ခင်ဗျားဟာ ကျုပ်နဲ့ အဆင့်ချင်းမတူဘူးဗျ"

"ဘာကွ"

"စဉ်းစားကြည့်လေ၊ ခင်ဗျား နန်းမြို့ကို တကယ်ချစ်ရင် အခု လို ယုတ်မာတဲ့နည်းတွေနဲ့ ကျုပ်ကို လိုက်လုပ်ကြံနေတာ ကောင်း သလား"

"ကောင်းကောင်း၊ မကောင်းကောင်း အချစ်နဲ့စစ်မှာ မတရား ဘူးဆိုတာ မရှိဘူးလို့ ဆိုထားတယ်ကွ"

"အဲဒါ ခင်ဗျားတို့ စကားပုံလား"

"ဘယ်က စကားပုံပဲဖြစ်ဖြစ်ကွာ လျှာရှည်လှချည်လား"

ဟုတ်ပါသည်။ ကိုမင်းဝေ တမင်သက်သက် လျှာရှည်နေခြင်း ဖြစ်ပါသည်။ အချိန်ဆွဲနေခြင်းလည်း ဖြစ်ပါသည်။ မကြာခင် သူ့ ကို ကြိုနေသူများရှိရာ ကမ်းဘက်ရောက်တော့မည် မဟုတ်လား။ အခု တော့ ဝမ်ရှောင်ကန်း သဘောပေါက်သွားသည်။ ကမ်းနားနီးလာပြီ





ကို သူမြင်သော် ဘာမှဆက်မပြောတော့။ ရိပ်ခနဲ ကိုမင်းဝေထံသို့ ခုန်ဝင်၍ ဆွဲလွှင့်လိုက်သည်။ လုံးဝ မထင်မှတ်သော အလွန်မြန်သည့် သိုင်းကွက်ကြောင့် ကိုမင်းဝေ ခံသွားရသည်။ ရေထဲ ပြုတ်ကျသွား လေ၏။

"ဟော့ မင်းဝေ တို့ ဒီမှာရှိတယ်" တစ်ချိန်တည်း ကိုက် ၁၀၀ အကွာ ကမ်းစပ်မှ လူလေးယောက်၏ အော်သံနှင့် လက်ထောင်ပြပုံ ထွက်ပေါ်လာသည်။

ဝမ်ရှောင်ကန်း နောက်က စပီဘုတ်ကို ကြိုးဖြုတ်ပေးပြီး အော်ပြောသည်။

"ကျင်ကွေ့တို့ကို သွားဆယ်စမ်းဟေ့"

ထို့နောက် သူသည် သတိလစ်မေ့မျောနေသော နန်းမြို့ငပါ လာသည့် စပီဘုတ်ကို စက်ရှိန်မြင့်ကာ လာလမ်းဘက် ဖြစ်သော ခွန်မင်းကျွန်းရှိရာ ရှန်ဟိုင်းတစ်ဘက်ကမ်းသို့ မောင်းပြေးလေတော့ သည်။

✦ ✧ ✦



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၆)

## အမှာကတိပေးချက်
## နှင့်
## ရေပြင်မှ သွေးကွက်

ဝမ်ရှောင်ကန်းသည် ပထမတော့ စပိဘုတ်ကို ပြန်မောင်းပြေးရန်သာ စိတ်စောနေသည်။ မြစ်ဝပြင်ကျယ်တွင် တော်တော်မောင်းမိပြီးမှ စိတ်အေးရပြီ ဖြစ်သောအခါ၊ သူ့ဘေးတွင် ခွေခွေကလေး သတိလစ်မေ့မြောနေသည့် မော်ခေတ်နန်းမြိုင်ကို အာရုံရောက်သွားသည်။ သူများ လက်ဆနည်းနည်းပြင်းသွားလားဟု စိတ်ပူကာ စက်ရှိန်သတ်၍ သူ့ညီမလေးမြိုင်ကို ထိုင်ပြီးကြည့်သည်။ သူစုတ်ခဲ့သော လည်စောင်းတွင် ဝင်းဝါဖြူဖွေးသောအသား၌ ညိုမည်းသောဒဏ်ရာကို





တွေ့ရာ အလွန်စိတ်မကောင်း ဖြစ်သွား၏။

လှော်နံရံစောင်းတွင် ခေါင်းတင်၍ မေ့မျောနေသည့် မြိုင်ကို အသာမေး၍ ခေါင်းကလေးအောက်မှ သူ့ပေါင်နှင့်ခံပေးပြီး "ညီမလေးမြိုင်၊ ညီမလေး" ဟု သာသာကလေး လှုပ်နိုးခေါ်ဝေါ်မိသည်။

ပါးကလေးကို ပွတ်ရင်း သူအလွန်ချစ်ခဲ့ရသည့် ညီမလေးကို အရမ်းသနားသွား၏။ သနားစိတ်ဟူသည် အချစ်၏ မြားဦး။ ချစ်လက်စ ပြင်းခဲ့သူအဖို့ သနားစိတ်စေတသိက်သည် တဏှာရာဂ၏ နိုးစက်။ ရေကူးဝတ်စုံနှင့် မိန်းမချောလေးသည် ဝမ်ရှောင်ကန်း နှစ်များစွာကပင် အချစ်ကြီးခဲ့သော ကောင်မလေး။ ယခု သူ့ရင်ခွင်တွင် မှေးစက်နေပြီ။

ဝမ်ရှောင်ကန်း မွှန်သွားသည်။ သူ တစ်ဖက်သတ်ချစ်သူကလေးမို့ တအားပွေ့ဖက် နမ်းရှုပ်မိလိုက်သည်။

"အင့် အင်း ..."

နန်းမြိုင် သတိရလာသည်။ သတိဝင်လာသည်နှင့် သူ့ကို မတော်တရော် ပြုလုပ်နေသူကို ရှိသမျှအားနှင့်ပါးရိုက်ပစ်လိုက်သည်။

"ဖြန်း"

"အား"

"ဒါက ဒါက ဘာယုတ်မာတာလဲ"

"အိုး ကျွတ် ကျွတ်၊ နာလိုက်တာ၊ အဲ ညီမလေးကို သတိရအောင်ပြု ပြုစုတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ပြုစုတာတဲ့လား၊ ကိုင်းဟယ်"

ရင်ဝကို ဆောင့်ကန်ပစ်လိုက်သည်။ သိုင်းသမားဗလ ကြီးပေမယ့် အကွက်ကျကျရင်ဝ အကန်ခံလိုက်ရသောအခါ ပက်လက်ဖင်ထိုင်လျက် ကျလေ၏။ ဝမ်ရှောင်ကန်း နာသွားသည်။ ရှက်သွားသည်။ စိတ်ဆိုးသွားသည်။

"ဟယ် ချစ်လို့ ငဲ့ညှာခဲ့သမျှ ရက်ရက်စက်စက် လုပ်တာပဲ၊ ကိုင်းကွာ"

သူက နန်းမြိုင်ကို ခုန်၍ ဖက်လိုက်သည်။ အတင်းရုန်း အတင်းဖက်နှင့် စပိဘုတ်ပင် လှုပ်ရမ်းနေသည်။

"ဟော့ကောင် ...တော်စမ်း၊ လက်မြှောက်၊ မတ်တတ်ရပ်"

ဘယ်အချိန်က အနားကပ်လာမှန်းမသိသော စပိဘုတ်ကြီးပေါ်က ဝူကျင်ကွေ့ ခုန်ကူးလာသည်။

သူလက်ထဲမှာ ပစ္စတိုတစ်လက်၊ ဝမ်ရှောင်ကန်းကို ချိန်ရွယ်လျက် ...

"မင်း ... မင်း ... ခွေးကျင့်ခွေးကြံ ကြံတယ်ပေါ့"

"မ...မဟုတ်ပါဘူး ကျင်ကွေ့"

"ဘာမဟုတ်ရမှာလဲ၊ ငါ့မျက်စိနဲ့ မြင်နေတာပဲ၊ ဟောဒီမှာ ရှောင်ကီးရော၊ ရှောင်ဖုပါ သက်သေရှိတယ်၊ မင်း သိုင်းပညာတော်တယ်ဆိုပြီး လုပ်မယ်စိတ်မကူးနဲ့ တို့က သေနတ်သမားသုံး ယောက်နော်"





"ဟဲ – အေးပါ၊ အရမ်းမလုပ်နဲ့ ငါရှင်းပြတာကို နားထောင်"

"အို... အစ်ကိုကျင်ကွေ့ သူပြောတာ မယုံနဲ့၊ သူ ညီမလေးကို မတရားကျင့်မလို့လုပ်တာပဲ၊ အစ်ကိုကြီးနဲ့ အစ်ကိုလေးတို့ကို တိုင်ပြောမယ်"

"အေးပါ၊ ခေတ်စိန်နဲ့ခေတ်ပိန်ဆီသာ ငါ့ကိုခေါ်သွား၊ တိုင်သာတိုင်၊ ငါ အမှန်ကို ပြောချင်ပါတယ်"

"ကောင်းပြီ၊ ဒါဆို ညီမလေးမြိုင်ကို ငါတို့ ခေါ်သွားမယ်၊ မင်းဟာမင်း လိပ်ပြာလုံရင် ထွက်မပြေးဘဲ နောက်ကလိုက်ခဲ့"

"မပြေးပါဘူး၊ လိုက်ခဲ့မယ်"

နောက်တစ်နာရီကျော်အကြာ မော်စံအိမ်ကြီး၏ ဧည့်ခန်းမကြီး၌ ဖြစ်သည်။

"ဒီကောင်၊ ရေလယ်မှာ လူလစ်ပြီဆိုပြီး ညီမလေးမြိုင်ကို အပိုင်ကြံခဲ့တယ်၊ ယုံခဲ့သမျှ အလကားပဲ၊ တစ်သက်လုံးဖုံးသမျှ ကုန်းကာမှပေါ်ဆိုတာမျိုး၊ အရေးရယ် အကြောင်းရယ်ဆို ယုတ်မာတဲ့စိတ်က ပေါ်လာတာပဲ"

"မဟုတ်ဘူး၊ အဲဒါ ကိုယ်ချင်းစာစိတ် လုံးဝ မရှိလို့ ပြောတာ"

ဝူကျင်ကွေ့နှင့် ဝမ်ရှောင်ကန်း စွဲချက်တင်သူကတင် ငြင်းချက်ထုတ်သူကထုတ်၊ ခုံရုံးတရားသူကြီးနှစ်ယောက်က မော်ခေတ်စိန်နှင့် မော်ခေတ်ပိန်။

"ရှောင်ကန်း၊ မင်းဘယ်လိုကြံစည်တယ်ဆိုတာ ညီမလေး



www.burmeseclassic.com

www.burmeseclassic.com



ပြောလို့ သိပြီးပြီ၊ မငြင်းနဲ့တော့”

“ဟာ၊ ညီမလေးမြိုင်က အဲဒီတုန်းက သတိလစ်နေတာ၊ အဖြစ်မှန်ကို သိမတဲ့လား”

“အေး – မင်းပဲ သတိလစ်အောင် ရိုက်ခဲ့တယ်ဆိုကွ”

“သေချာမေးပါဦးလေ၊ ညီမလေးမြိုင်ကို ငါက ဟိုကောင်စုတ်ကို အပြတ်ရှင်းမလို့ဟာ၊ မြိုင်က ကာဆီးကာဆီးလုပ်နေလို့ သူ့ကို မတာတ်သာတဲ့အဆုံး ခဏလှဲသိပ်ရုံပါ။ ဒါပေမယ့် နည်းနည်း လက်လွန်သွားတယ်ထင်လို့ စိတ်ပူပြီး ပြုစုမိတာပါ”

“ပြုစုတာက ဒါမျိုး မဟုတ်ဘူးကွ၊ ညီမလေးက မင်း ဘာလုပ်တယ်ဆိုတာ ပြောပြီးပြီ၊ မင်းကို တအားစိတ်ကုန်သတဲ့”

“ဟာ – အဲဒါကို ငြင်းချက်ထုတ်မလို့ကွ၊ မင်းတို့ဟာလေ၊ နဲနဲမှ ကိုယ်ချင်းစာစိတ် မရှိဘူး၊ သေချာနားထောင်၊ အကယ်၍ မင်းတို့သာ မင်းတို့သိပ်ချစ်တဲ့ သူကလေးနဲ့ နှစ်ယောက်တည်း မြစ်ပြင်ကျယ်ကလှေကလေးပေါ်မှာ တွေ့မယ်၊ မင်းတို့ချစ်တဲ့ကောင်မလေးကလဲ အဲဒီပုံစံပေါက်လေးနဲ့ လှဲအိပ်နေမယ်ဆိုရင် မင်းတို့ မထိဘဲ ထိုင်ကြည့်နေမလား။ အေးဟော့– မင်းတို့ဟာ နွား ဒါမှမဟုတ် ရဟန္တာဆိုရင်တော့ မပြောတတ်ဘူးလေ၊ ပြောပါဦး အဲ–အဲ မင်းတို့ဟာ ယောကျ်ားမဟုတ်ဘူးဆိုရင်တော့ ကိုယ်ချင်းစာစိတ် ရှိမှာမဟုတ်ပါဘူးလေ၊ ငါက အလွန်ချစ်တတ်တဲ့ ယောကျ်ားစစ်စစ်ကွ၊ ကဲ… အခု ငါပြောတာကို စဉ်းစားပြီး ကြိုက်သလိုသာ အပြစ်ပေးပေတော့၊ ငါကတော့





လုပ်ရဲရင် ခံရဲတယ်ကွ”

မော်ခေတ်စိန်နှင့် မော်ခေတ်ပိန်တို့ တွေဝေသွားကြသည်။ စွဲချက်တင်နေသည့် ဝူကျင်ကွေ့လို ဦးနှေ…်ပြေးသည့်ကောင်ပင် တော်တော်ဦးနှောက်စားပြီး ငိုင်နေမိသည်။ သို့သော် သူ့ဦးနှောက်ထဲသို့ အကွက်တစ်ကွက် ဝင်လာ၏။

“အေး – ငါတို့လဲ ယောကျ်ားရင့်မာကြီးတွေပဲ၊ မင်းပြောတာကို နားလည်လက်ခံနိုင်ပါတယ်။ ဒါပေမယ့် ကာယကံရှင် မိန်းမသားကတော့ ဒီလိုအခွင့်ကြုံတုန်း ဝင်တန်းစီတဲ့ မင်းကို အလွန်မုန်း အရမ်းနာကြည်းသွားပြီး ကိုယ့်လူ၊ မင်းကို တစ်သက် လက်ခံမှာ မဟုတ်တော့ဘူး။ ဒါကြောင့် ငါတို့နှစ်ယောက်သဘောတူ ကတိပြုထားခဲ့တဲ့ အတိုင်းဆို၊ ညီမလေးမြိုင် မရွေးတော့ဝဲ့ မင်းက နောက်ဆုတ်ပေးပေတော့၊ ဟို အစ်ကိုနှစ်ယောက်ရှင်းပါပြီနော်၊ မင်းတို့ ညီမလေးကို ငါနဲ့ မြန်မြန်ပေးစားပေတော့”

“ဟော့ – ဟော့၊ ကျင်ကွေ့ မလောနဲ့လေ၊ အားလုံးရှေ့မှာ ညီမလေးမြိုင်ရဲ့ အဆုံးအဖြတ်ရယူရမှာ၊ မင်းက မှတ်ချက်ပေးတိုင်း ရမလား”

မော်ခေတ်စိန်တို့ ညီအစ်ကို ခဏတိုင်ပင်ကြသည်။ ပြီးမှ ပြော၏။

“တစ်ခုတော့ရှိတယ်၊ ညီမလေးကို မြန်မြန်အိမ်ထောင်ချပေးဖို့ ကိစ္စကတော့ အခုတိုင်းဆို မလောလို့ မဖြစ်တော့ဘူး။ ဟိုလူနဲ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြေးတဲ့အထိ လုပ်ခဲ့ပြီဆိုတော့ အချိန်ဆွဲလို့ မရတော့ဘူး။ အခု သူ ကျောင်းလဲပြီးပြီပဲ။ ပါပါ၊ မာမားတို့ကိုပြောပြီး မင်းတို့ တောင်းကြပေတော့။ အဲ - ဟဲ... မင်းတို့ထဲက တစ်ယောက်သာ တောင်းရမယ်ဆိုတော့ ခုပဲ ညီမလေးက ဘယ်သူ့ကို ရွေးသလဲဆိုတာ ခေါ်ပြီး ဆုံးဖြတ်နိုင်းမယ်၊ သဘောတူသလား"

"နေပါဦး။ ငါအရင် ညီမလေးမြိုင်ကို တောင်းပန်ကြည့်ဦးမယ်၊ ပြီးမှ ဆုံးဖြတ်ဖို့ ရွေးချယ်ခိုင်းပါကွာ"

"ကောင်းပြီလေ၊ ကြိုးစားကြည့်ဦးပေါ့၊ မင်းက အပြစ်လုပ်ထားတဲ့လူပဲ၊ တောင်းပန်ပေါ့ကွာ"

အားလုံးက ရှောင်ပေးပြီး ဧည့်ခန်းထဲသို့ မော်ခေတ်နန်းမြိုင်ကို လွှတ်လိုက်သည်။ ဘုမသိဘမသိနှင့် ဧည့်ခန်းထဲဝင်လာသည့် နန်းမြိုင်က ပြုံးဖြီးဖြီးနှင့် သူ့ကို မျက်နှာချိုသွေး၍ ဆီးကြိုနေသော ဝမ်ရှောင်ကန်းကို မြင်သော် ရှက်အန်းအန်းနှင့် မျက်နှာကလေး နီရဲသွားသည်။ ချက်ချင်းပြန်ကြည့်ပြီး ထွက်သွားမည်အလုပ်၊ "နေပါဦး ညီမလေး မြိုင်ရယ်၊ အစ်ကိုက အနူးအညွတ် တောင်းပန်ချင်လို့ပါ။ အစ်ကိုက အလွန်ချစ်ရသူကို ပြုစုရင်း စိတ်ရိုင်းဝင်မိတာ မှားပါတယ်ကွာ" ဟု အတင်းတောင်းပန်လေသည်။

မော်ခေတ်နန်းမြိုင်က သူ့ကို ကျောပေးရပ်ရင်း ပြောသည်။

"ဘာဆင်ခြေမှ ပေးမနေနဲ့တော့၊ ခွင့်ပြုချက်မရဘဲ အဲဒီလို ဖွတ်လုပ်တာကို မုန်းလဲမုန်းတယ်၊ ရွံလဲရွံတယ်၊ ကြောက်လဲကြောက်





တယ်၊ ရှင်ဟာ ယောကျ်ားကောင်း မပီသဘူး။ အခွင့်ကြုံတာနဲ့ ရမ်းတဲ့ လူပဲ၊ ကျွန်မ လုံးဝ စိတ်ကုန်သွားပါပြီ၊ ဒါပါပဲ"

မော်ခေတ်နန်းမြိုင် သူ့ခံစားချက်ကို ပြောပြီး ထွက်ခွာသွားလေ၏။

မော်ခေတ်စိန်၊ မော်ခေတ်ပိန်တို့သည် ဝမ်ရှောင်ကန်းနှင့် ဝူကျင်ကွေ့တို့နှင့် ပြန်ဆုံဆွေးနွေးကြပြန်သည်။

"ကဲဟေ့ ရှောင်ကန်း၊ အဲဒါ ညီမလေးရဲ့ ဆုံးဖြတ်ရွေးချယ်မှုပဲပေါ့၊ ဘယ်သူမပြု မိမိမှုလို့ မှတ်ပြီး အေးအေးဆေးဆေး ကတိအတိုင်း နောက်ဆုတ်ပေးပါတော့၊ ဝူကျင်ကွေ့ မင်း ငါတို့ မိဘဆီကို မင်းမိဘခေါ်ပြီး မြန်မြန်လာတောင်းပေတော့"

ဝမ်ရှောင်ကန်း မျက်နှာကြီးပုပ်သိုး ခက်မာသွားလေသည်။ ခပ်ကျယ်ကျယ်ပြောချလေ၏။

"နေဦး။ ညီမလေးမြိုင်က ငါ့ကိုမရွေးတာနဲ့ ဒီကောင်ကျင်ကွေ့ကို ရွေးတယ်လို့ ပြောနိုင်မှာတဲ့လား။ သူရွေးတာက ဟိုကောင်မင်းဝေပဲ မဟုတ်လား"

"ဘာကွ၊ အဲဒီ မင်းဝေကို ထည့်မပြောနဲ့ ဘောင်မဝင်ဘူး။ ငါတို့ အစ်ကိုတွေရော မိဘတွေပါ အဲဒီလူနဲ့ သဘောမတူလို့ မင်းတို့ကို ရှေ့တန်းတင်ထားတာ၊ အခု အဲဒီကောင်နဲ့ လိုက်ပြေးခဲ့လို့ သူ့ကို မြန်မြန်အိမ်ထောင်ချပေးဖို့ စီစဉ်မလို့ဟာ၊ ဒီတော့ လျှာရှည်နဲ့ ဟိုကောင် ကျင်ကွေ့ မင်းမိဘတွေကိုသာ မြန်မြန် ခေါ်ခဲ့ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ရတယ်၊ မြန်မြန်ဆို ကျင်ကွေ့တို့က အစုပဲပြေးခေါ်ခဲ့မယ်၊ မင်းတို့ ပါပါးနဲ့ မာမားကိုသာ ပြောထားပေတော့ သွားပြီဟော့ ဘိုင်"

ဝူကျင်ကွေ့ဆိုသည့်ကောင် တက်ကြွစွာ ပြေးထွက်သွားလေသည်။ ငိုင်ပြီးငူငူကြီး ကျန်ရစ်ခဲ့သော ဝမ်ရှောင်ကန်းကို ကြည့်ပြီး မော်ခေတ်စိန်က ပြောသည်။

"ဘာလဲကွ၊ သူငယ်ချင်း၊ မင်းက မကျေနပ်ဘူးလား၊ ကတိမဖျက်ရဘူးနော်"

ဝမ်ရှောင်ကန်း လေးလံစွာ သက်ပြင်းချ၍ အေးအေးဆေးဆေး ပြန်ပြောသည်။

"ငါ ယောက်ျားပါကွာ"

ထို့နောက် နှုတ်မဆက်ဘဲ ခြေလှမ်းမှန်မှန်နှင့် ထွက်ခွာသွားလေ၏။

နောက်နှစ်နာရီအကြာ မော်စံအိမ်ကြီးသို့ ချွန်မင်းကျွန်းမြို့တွင် ဒုတိယအချမ်းသာဆုံး သူဌေးကြီး ဝူကျင်ဘိုးနှင့် သူဌေးကတော်ကြီး လိပိုကြူတို့ မိသားစု ရောက်လာကြသည်။

ဧည့်ကောင်းဆောင်မများကို ဧည့်ခံကြိုဆိုသည့်ပုံစံနှင့် သူဌေးကြီးမော်တို့ မိသားစု ဝမ်းသာစွာ ကြိုဆိုကြသည်။

"ဒီတစ်ခါလာတာက စီးပွားဖက်ချင်း စီးပွားရေးကိစ္စပြောဖို့လာတာ မဟုတ်ပါဘူးနော်၊ ဒီထက် အရေးကြီးတဲ့ ဆွေမျိုးဖက်ဖို့ကိစ္စ





ကို လာပြီး ကမ်းလှမ်းတာပါဗျာ"

သူဌေးကြီးဝူက သူဌေးကြီးမော်ကို ပြုံးချိုစွာပြောသလို သူဌေးကတော်ကြီးအချင်းချင်းကလည်း ပြုံးပန်းဝေဝေနှင့် သားရေးသမီးရေး ပြောကြသည်။ သူတို့သားကြီး ဝူကျင်ကွေ့နှင့်မော်သူဌေးကြီး၏ သမီးလေး မော်ခေတ်နန်းမြိုင်တို့ကို လက်ထပ်ထိမ်းမြားခွင့်ပြုရန်နှင့် စေ့စပ်ကြောင်းလမ်းပွဲကြီးကို မြန်မြန်ကျင်းပပေးခွင့်ပြုရန် တောင်းပန်ကြသည်။

သူဌေးကြီးမော်ခေတ်တတ်နှင့် သူဌေးကတော်ကြီး အော်ကျင်မြိုင်တို့ကလည်း မြန်လေကောင်းလေဟု ခံယူပြီးဖြစ်၍ ရက်ကောင်းရက်မြတ် ရွေးကြပြီး လာမည့်အပတ် တနင်္ဂနွေနေ့ နံနက် ၁၁ နာရီတွင် စေ့စပ်ကြောင်းလမ်းပွဲကြီးကို ချွန်မင်းကျွန်းမြို့၌ အကြီးဆုံး ရှန်ဂရီလာဟိုတယ်ကြီး၌ ကျင်းပရန် သဘောတူလိုက်ကြလေသည်။

မော်ခေတ်နန်းမြိုင်ကတော့ အလွန်ပင် စိတ်ညစ်သွားသည်။ သူ့ကို မမျှော်လင့်ဘဲ ရှောင်တခင် ဝူကျင်ကွေ့နှင့် စေ့စပ်ကြောင်းလမ်းရန် စီစဉ်ခြင်းကို ခံလိုက်ရသည့်အတွက် ပြာဆင်းသွားသည်။ ချက်ချင်း မေလီထံ ဖုန်းဆက်လိုက်သော်လည်း သူ့လက်ကိုင်ဖုန်းက အလုပ်မလုပ်တော့။ ကားရုံသို့ဆင်းခဲ့ရာ ကားရုံ၏ ရီမုတ်တံခါးသည် သူ့ခလုတ်နှင့် ဖွင့်၍မရတော့။ ထို့ပြင် တစ်အိမ်လုံးက ရီမုတ်ကွန်ထရိုးတံခါးအားလုံးလည်း သူ့လက်ကိုင်ရီမုတ်နှင့် ဖွင့်၍မရတော့။



www.burmeseclassic.com

www.burmeseclassic.com



နန်းမြိုင် သိလိုက်ပါပြီ သူ့ကို မြင်ပလေသကနှင့် အဆက်အသွယ် ဖြတ်ထားလိုက်ပြီဟူ၍၊ သူက အစ်ကိုကြီးခေတ်စိန်ကို ချွဲ၍ စည်း ပြီး မေလိနှင့်တွေ့လို၍ ခေါ်ပေးရန် တောင်းဆိုကြည့်သည်။ မေ ခရီးလွန်နေသည်ဟု ဆို၏။ ဝေစန်းနှင့် ဖုန်းပြောခွင့်ပြုရန် အကူအ တောင်းသည်၊ မရ။ နန်းမြိုင်နှင့် ရင်းနှီးသူများ အထူးသဖြင့် မင်း ကို သိသူများ မှန်သမျှကို ဆက်သွယ်ခွင့် လုံးဝ မပြုတော့။

တစ်အိမ်လုံးက ကြိုးဖုန်းများအနက် သူဌေးကြီးမော်နှ သူဌေးကတော်တို့၏ သီးသန့်ဖုန်းများကိုသာ လိုင်းဖွင့်ထားပြီး ကျ အားလုံး ဖြတ်ထားလိုက်သည်။

ဤအထဲ သူဌေးကြီး၏ သီးသန့်ဖုန်းကို လူစိမ်းတစ်ယော ဆက်လာသည်။

"သူဌေးကြီးမော် အိမ်ကပါလား ခင်ဗျာ"

"ဟုတ်ပါတယ်၊ ဘယ်သူပြောနေတာလဲ"

"ချွန်မင်းဆေးတက္ကသိုလ်ကပါ၊ မော်ခေတ်နန်းမြိုင်နဲ့ ပြော ချင်လို့ပါ"

"ဘာ ဒိစ္စရှိလို့လဲ"

"သူတာဝန်ကျတဲ့ ဟော့စ်နေရာနဲ့ စပြီး ဟော့စ်ဆင်းရမဲ့နေ့ တွေ အချိန်တွေ ပြောမလို့ပါ"

"ဒါလား ကောင်းပြီ၊ ခဏကိုင်ထားပါ"

သူဌေးကြီးမော်က သူ့သားငယ်ကို လှမ်းခေါ်သည်။ ဖုန်းနာ





ထောင်နိုင်းသည်။

"ဟုတ်ကဲ့၊ ကျွန်တော် နန်းမြိုင်အစ်ကိုပါ၊ မှာထားလို့ရမလား"

"မော်ခေတ်နန်းမြိုင် မရှိလို့လား။ အရေးကြီးတယ်၊ ဟော့စ်မှာ သူ့အမိကထားပြီး လေ့လာရမယ့်ဆပ်ပ်ဂျက်တွေ ပြောထားဖို့ လို လို့ပါ"

မော်ခေတ်ပိန်က သူ့ပါပါးကိုကြည့်ရာ ...

"ခေါ်လိုက်၊ သူတို့ပြောတာကြားရအောင် HF ခလုတ်ဖွင့်ပြီး တော့ ရီကော်ဒင်းအသံဖမ်းထား"

ဟု ပြောသဖြင့် ထိုအတိုင်းလုပ်ပြီးမှ နန်းမြိုင်ကို ခေါ်သည်။

"ဟဲလို နန်းမြိုင် ပြောနေပါတယ်ရှင်"

"အေး ယန်ပိဂ္ဂါပါ၊ ခင်ဗျား နောက်အပတ် တနင်္လာနေ့က စပြီး ဟော့စ်ဆင်းရမယ်၊ နှလုံးရောဂါအထူးကုဝပ်မှာ သတင်းပို့ပါ။ ဘာ ပြောစရာရှိသေးလဲ"

"ကောင်းပါပြီရှင်၊ ဒါနဲ့ လာမယ့်တနင်္ဂနွေနေ့မှာ ကျွန်မ စေ့စပ် ပွဲရှိပါတယ်၊ အစ်ကို့ကို ဖိတ်ပါတယ်။ ဖိတ်စာလဲပို့နိုင်းပါ့မယ်၊ လာဖြစ် အောင်လာခဲ့ပါရှင်၊ မလာဘဲမနေနဲ့နော်၊ ကျွန်မမျှော်နေမယ် သိလား"

"စိတ်ချပါ၊ သတို့သားလောင်းက ဘယ်သူပါလဲ"

"ဝူကျင်ကွေ့ပါရှင်၊ လူကြီးတွေ သဘောတူကြတာပါ"

"ကောင်းပြီ၊ ဝမ်းသာပါတယ်၊ လာဖြစ်အောင်လာခဲ့ပါမယ်"

ဖုန်းချသွားသည်။ နန်းမြိုင် ထွက်သွားတော့ သားအဖနှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ဖုန်းသံကို ထပ်မံဖွင့်ပြီး နားထောင်ပြီးမှ

"ပြဿနာမရှိဘူး၊ ထားလိုက်တော့" ဟုဆိုကာ စိတ်အေးသွားကြသည်။

စေ့စပ်ပွဲမလုပ်မီ စနေနေ့ညပိုင်းက ဖြစ်ပါသည်။ မော်ခေတ်စိန်တို့ ညီအစ်ကိုနှင့် ဝူကျင်ကွေ့တို့ ခေါင်းချင်းဆိုင် တိုင်ပင်နေကြသည်။

"သူငယ်ချင်းတို့တော့ သတိထားမိလား မသိဘူး။ ငါစောင့်ကြည့်တဲ့ အခြေအနေအရတော့ ရှန်ဂရီလာဟိုတယ် ပတ်ဝန်းကျင်မှာ ဒီညနေကစပြီး လူစိမ်းတွေ မယောင်မလည်လုပ်နေတာ တွေ့တယ်၊ မင်းတို့ လွှတ်ထားတဲ့ကောင်တွေတော့ မဟုတ်တန်ပါဘူးနော်"

"ဟော့ကောင်ရ ငါတို့ မင်းတို့ လွှတ်ထားတဲ့လူတွေကို မသိတော့ဘူးလား၊ ဒါနဲ့ ရှောင်ကန်းရဲ့ အရိပ်အခြေအနေကရော မှုမှန်ပါရဲ့လား"

"ရှောင်ကန်းရဲ့လူတွေကို ငါသိပါတယ် ခေတ်စိန်ရာ၊ အခုဟာက ဒီကောင့်လူတွေ မဟုတ်ပါဘူး၊ သင်္ဘောဆိပ်တွေမှာလဲ တို့တွေလွှတ်ထားတဲ့လူတွေအပြင် လူစိမ်း တချို့လှုပ်ရှားနေတာကို ငါသတိပြုမိတယ်"

"ဒါဆိုရင်တော့ တို့ဘက်က ပိုပြီး အင်အားတွေ ထပ်ဖြည့်ရမယ်၊ ပိုပြီးတော့ သတိထားရမယ်၊ ဟိုကောင် မင်းဝေမှာ ဒီလောက်ကောင်းကောင်း လူအင်အားရှိလို့လား ကျင်ကွေ့"

"မရှိပါဘူးကွာ၊ ဘာပဲဖြစ်ဖြစ် ငါ ပိုပြီးတော့ ဂရုစိုက်ကြည့်





ခိုင်းထားပါမယ်"

ဤသို့အားဖြင့် တနင်္ဂနွေနေ့ မြို့မျက်နှာဖုံး သူဌေးကြီးများ၏ သားသမီး စေ့စပ်ကြောင်းလမ်းပွဲကြီး ရှန်ဂရီလာဟိုတယ်ကြီးတွင် ခမ်းနားကြီးကျယ်စည်ကားစွာ စတင်လျက်ရှိပါတော့သည်။ ဂုဏ်သရေရှိ မိတ်ဆွေအပေါင်းတို့က တဖွဲဖွဲရောက်ရှိလာသည့်အချိန် နှစ်ဖက်ဆွေမျိုးများက လှိုက်လှဲပျူငှာစွာ ကြိုဆိုနေရာချပေးလျက်ရှိရိုန် သတို့သားလောင်း ဝူကျင်ကွေ့ ဧည့်ခွေးပြန်စ ပြုပါလေတော့သည်။

"ဒီမယ် မင်းတို့ ညီမလေးက အခုထိ ပေါ်မလာသေးဘူးလားကွာ သူငယ်ချင်းခေတ်စိန်"

"နေဦး၊ ဘယ်အချိန်တောင်ရှိပြီလဲ၊ ဟာ နှစ်မိနစ်ကျော်နေပြီ၊ အီ အီး ကျင်ဆိုင်နဲ့ ကျိုက်ကျိုက်ခေတ်ပိုတို့ဟာ အရမ်းစေ့စပ်တိကျတဲ့လူတွေပဲ၊ ညီမလေးကို သူတို့ ကြပ်မတ်ပြီး ခေါ်လာမှာမို့ အားလုံးက စိတ်ချနေကြတာ"

ထိုစဉ် မော်ခေတ်ပိန် အပြေးအလွှား သူတို့ဆီ ရောက်လာသည်။

"ပြဿနာ ပြဿနာပဲ၊ ဒီမှာကြည့်၊ ရှောင်ကီး ဖုံးပြောနေတယ်၊ ညီမလေးကို ဝမ်ရှောင်ကန်းတို့အဖွဲ့ ဝင်လုပြေးကြပြီတဲ့"

ဟုဆိုကာ လက်ကိုင်ဖုန်းကို ဝူကျင်ကွေ့လက်ထဲသို့ ထိုးအပ်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝူကျင်ကွေ့လည်း လက်ကိုင်ဖုံးကို ဆက်ခနဲယူကာ …

“ရှောစ်ကီး ရှောင်ကီး ဘယ်လိုဖြစ်ကုန်တာလဲ ပြောစမ်း။ မင်းတို့ ဒီလောက်လူတွေအများကြီးရှိရဲ့သားနဲ့ စောင့်ရှောက်နိုင်းထားတာပဲကွာ၊ ပြန်မချဘူးလားကွာ၊ ဘာကွ ရှောင်ဖုနဲ့ အင်ဟုတ်တို့က ကြွသွားပြီ ဟုတ်လား၊ အေး အားလုံးလဲ သေလိုက်ကြကွာ၊ ဒီမယ် သေသေချာချာ နားထောင်၊ မင်း မော်ခေတ်စိန်တို့ လူတွေအားလုံး ခေါ်ပြီးတော့ ရှောင်ကန်းကို အမိရအောင်လိုက်၊ ညီမလေးမြှိုင်ကို ရအောင် ပြန်လု၊ အခြေအနေကို မပြတ် ငါ့ဆီ သတင်းပို့ ဒါပဲ”

မျက်လုံးကြီးတွေပြူးနေသော မော်ခေတ်စိန်နှင့် မော်ခေတ်ပိန် ညီအကိုတို့သည် ယခုမှ အသက်ဝင်လှုပ်ရှားလာကာ ဝူကျင်ကွေ့ကို ရှောင်ကန်း၊ နန်းမြှိုင်ကို ခေါ်ပြေးသွားသော ကားအမျိုးအစားနဲ့ အရောင်တို့ကို မေးပြီး လမ်းမှဖြတ်လိုက်၍ ဆီးဖမ်းရန် လက်ကိုင်ဖုန်းကိုယ်စီကိုယ်ငှနဲ့ အမိန့်ပေးကြပါတော့သည်။

သတို့သမီးလောင်းလေး မော်ခေတ်နန်းမြှိုင်ကို ဖမ်းခေါ်ဆောင်သွားသော မာစီတီးအဖြူရောင်ကားကြီးသည် အရှိန်ပြင်းပြင်းနဲ့ ပြေးလွှားနေသည်။ ကားနောက်မှ အော်ဒီကားနက် နှစ်စီးသည် အမြဲအရှုံနှင့် ထ(ေ)ကြပ်မကွာ လိုက်ပါနေပါသည်။

နောက်ဘက်ခပ်ဝေးဝေးမှာ ကားသုံးလေးစီးလည်း လျှင်မြန်စွာ ထက်ကြပ်မကွာလိုက်နေပါသည်။ နောက်မှလိုက်လာသော ကားများသည် ရှေ့ကားများကို နီးကပ်လာသည်နှင့် ကားပေါ်မှပါလာ





သောလူများက ကားထဲမှ ကိုယ်တစ်ခြမ်းထွက်ကာ ရှေ့ကားများကို သေနတ်များနှင့် တဒိုင်းဒိုင်း အဆက်မပြတ် ပစ်ခတ်ပါတော့သည်။ ရှေ့မှ အော်ဒီကားနှစ်စီးထဲမှ လူများကလည်း နောက်ကားများကို ပြန်၍ ပစ်ခတ်ကြလေသည်။

“ရှောင်ကီး။ ရှောင်ကီး အခု မင်းတို့ ဘယ်နားကို ရောက်နေကြပြီလဲ”

ဝူကျင်ကွေ့က လက်ကိုင်ဖုန်းဖြင့် မေးလေသည်။ ရှောင်ကီးကလည်း ချက်ချင်း “တန်ရှန်းလမ်းမကြီးအတိုင်း အနောက်ဘက်ပြေးနေပါတယ်။ ဝူစန်းသိုင်းကျောင်းဘက်ကို ခရီးဆက်မယ့်ပုံပဲ” ဟု ရှောင်ကီးက ပြန်ဖြေလေသည်။

“သူတို့ ဝူစန်းသိုင်းကျောင်းဆီကို ဦးတည်သွားနေတယ်တဲ့၊ အဲဒီမှာ မင်းတို့လူတွေ ကျန်သေးတယ်မို့လား ခေတ်စိန်”

“အေး လွှတ်ထားတယ်၊ အခုအတိုင်းဆိုရင် ခေတ်ပိန် အဲဒီ သိုင်းကျောင်းကို လိုက်သွား၊ ရန်နိုင်သမျှ လူတွေခေါ်ဆောင်ပြီးသွား၊ ညီမလေးကို မထိခိုက်အောင် အထူးဂရုစိုက်ပြီး ညနေမစောင်းမီ ရအောင်ပြန်ခေါ်ခဲ့”

မော်ခေတ်ပိန် လျှင်မြန်စွာ ထွက်ခွာသွားပါတော့သည်။ မာစီတီးကားအဖြူကြီးသည် နောက်မှ အော်ဒီကားအမည်းနှစ်စီးကို လုံခြုံရေးအဖြစ်လိုက်ပါစေလျက် တရိပ်ရိပ်ပြေးနေပါတော့သည်။ ကားထဲတွင် နောက်ခန်း၌ ဝမ်ရှောင်ကန်းနှင့်အတူ ယှဉ်တွဲထိုင်နေရ



www.burmeseclassic.com

www.burmeseclassic.com



သော မော်ခေတ်နန်းမြိုင်သည် မျက်နှာလေးစူပုပ်ပုပ်ကလေးဖြင့် ငြိမ်သက်စွာ တွေးတောနေလျက်ရှိပါသည်။

"ဟား ဟား၊ ဘယ်လောက်ပိုင်သလဲဆိုတာ နားထောင်စမ်း အီလက်ထရောနစ် ကျွမ်းကျင်ပညာရှင်တွေကို ငွေပုံအောပြီး အစ်ကို ခိုင်းထားတဲ့ နည်းပညာ ဘယ်လောက်ကောင်းသလဲ၊ ကြားလား ညီမလေးမြိုင်ရဲ့ အစ်ကိုတွေနဲ့ သတို့သားလောင်းကြီး ကျင်ကွေ့ သူ့လူတွေကို အပြန်အလှန် ပြောကြားစီစဉ်နေကြတဲ့ ဆဲဖုန်းသံတွေ ဒီကားထဲက အသံဖမ်းစက်ထဲကနေ အားလုံးတစ်လုံးမကျန် ထွက် ပေါ်နေတယ်။ တို့ကို နောက်ကနေ တစ်ပုံကြီးလိုက်ခိုင်းနေကြသလို ရှေ့ကလဲ ကြိုပြီးစောင့်ပြီး ဖမ်းကြမလို့တဲ့၊ ရယ်ရတယ်၊ ဒီလောက် ကလေးဉာဏ်နဲ့ ဖမ်းလို့ရမလား၊ ရှေ့နားကျရင် ဘာဖြစ်မလဲဆိုတာ စောင့်ကြည့်"

မာစီဒီးကားဖြူကြီးသည် လမ်းပေါ်၌ ထင်ထင်ပေါ်ပေါ်ကြီး တရိပ်ရိပ်ပြေးနေရာမှ ရှေ့နားရှိလမ်းမကြီးပေါ်သို့ ကွေ့တက်လိုက်ပါ တော့သည်။ ချက်ချင်း အရှိန်လျှော့လိုက်ပါတော့သည်။ ရှေ့ ကိုက် ငါးဆယ်အကွာ၌ ကွန်တင်နာကားကြီး နောက်တံခါးကို ပြနေအောင် ဖွင့်၍ မော်တော်ကားမောင်းတက်နိုင်ရန် လမ်းကိုပါချပေးထားသည်။ မာစီဒီးကားဖြူကြီးသည် ချပေးထားသောယာဉ်လမ်းအတိုင်း ကွန် တင်နာကားပေါ်သို့ မောင်းတက်သွားပါသည်။ အထဲသို့ ရောက် သည်နှင့် ယာဉ်တက်လမ်းသည် အလိုလိုခေါက်၍ ကားအောက်ထဲ





သို့ ဝင်သွားပါတော့သည်။ ကားနောက်တံခါးကြီးလည်း အလို အလျောက် ပိတ်သွားပါတော့သည်။

"ရှေ့က ဒရိုင်ဘာညီလေး ခင်ရှိန်ရေ မှာထားတဲ့ဆီကို မောင်း ပေတော့"

ဝမ်ရှောင်ကန်း မြူးကြွသောအသံနှင့် ပြောကြားလေသည်။

"တွေ့လား ညီမလေးမြိုင်၊ အခု ကွန်တင်နာကားကြီးကို မောင်းနှင်တဲ့ ရှေ့ခန်းက ဒရိုင်ဘာနဲ့ အစ်ကိုသက်တော်စောင့်အဖွဲ့ကို ဒီကားထဲကနေ ဝါယာလက်နဲ့ ပြောကြားလို့ရတယ်။ ဒီထဲမှာ လေဝင် လေထွက် ကောင်းမွန်အောင်လဲ လုပ်ထားတယ်၊ ဒီကွန်တင်နာကြီး ဟာ ဒီကျွန်းပေါ်ရှိ လျှို့ဝှက်ချစ်ဘုံဗိမာန်ကြီးဆီသို့အရောက် ညီမ လေးကို ခေါ်သွားပေးတဲ့ အချစ်တမန် မြားနတ်မောင်ရဲ့ အချစ်ယာဉ် ကြီးပေါ့"

"ဟီး ဟီ၊ အစ်ကိုရှောင်ကန်း တော်တော် စကားပြောတတ် လာပါလား၊ တော်တော် စိတ်ကူးယဉ်အိပ်မက်တွေ မက်နေပါလား၊ ရော့ အဲဒါလေးမြည်းကြည့်နော်"

နန်းမြိုင်ထံမှ ချိုအေးရှင်ကြည်သော အသံကြောင့် အံ့အားသင့် သွားသော ဝမ်ရှောင်ကန်းသည် သူ့လက်မောင်းကို ပုတ်လိုက်သော နန်းမြိုင်၏လက်ထဲမှ မေ့ဆေးအစ်ပါရှိသော ကိရိယာပြားလေး၏ ဖိနှိပ်စူးဝင်ခြင်း ခံသွားရသည်ကို ဘာဆိုဘာမှ မသိလိုက်တော့ပေ၊ ခဏအတွင်း သတိလစ်မေ့မြောသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုအရှေ့က ကွန်တင်နာအရိုင်ဘာကြီး ဖဝစန်းရေ့ ကျေးဇူးပဲ၊ ရှင့်ဘေးက ရန်ပိပွာနဲ့ ယောကျ်ားလေးလို ဝတ်ထားသော မေလီတို့ရေ အစီအစဉ်အတိုင်းဖြစ်အောင် လုပ်နိုင်ပြီမို့ ကျေးဇူးအများကြီးတင်ပါတယ်၊ ကားကို ရှေ့နားမှာ ရပ်ပေးပါတော့"

"ကောင်းပြီ နန်းမြိုင်ရေ၊ Paradise Tourist Resort မှာ ရှပင်းတို့ စောင့်နေလိမ့်မယ် သွားပေဦးတော့"

ခဏကြာသော် ကွန်တင်နာကားကြီး ရပ်သွားပြီးနောက် တံခါးဖွင့်၍ ယာဉ်လမ်းပါ အလိုအလျောက် ကျလာသည်။ မာစီဒီး အဖြူကြီးသည် နောက်ပြန်ဆုတ်၍ဆင်းပြီးနောက် ကွန်တင်နာကား ကို ဖြတ်ကျော်မောင်းထွက်စဉ် ခဏရပ်၍ ကားရှေ့ခန်း ယာဉ်မောင်း သူသည် ကားပေါ်မှခုန်ဆင်းပြီး ငိုက်ငိုက်ဆောင်းထားသော ဦးထုပ် ကိုချွတ်ကာ ဝှေ့ရမ်း၍ ကွန်တင်နာရှေ့ခန်းမှလူများကို အော်ဟစ် နှုတ်ဆက်လေသည်။

"အားလုံးပဲ ကျေးဇူးကမ္ဘာပါ၊ သူငယ်ချင်းတို့ကျေးဇူးကို အခွင့် ကြုံတဲ့တစ်နေ့ ပြန်ဆပ်ပါမယ်၊ ဘယ်တော့မှ မမေ့ပါဘူး"

"ကောင်းပြီ ကိုမင်းဝေရေ၊ အစီအစဉ်အတိုင်းသာ ဆက်လုပ်ပေ တော့၊ နန်းမြိုင်ကို မင်းဝေလက်ထဲ ဝကွက်၍ အပ်လိုက်ပြီ ဘိုင့်ဘိုင့်"

ဟိုတယ်ခန်းမကြီးတွင် ကျင်းပလျက်ရှိသော ဧည့်ခံကြောင်း လမ်းပွဲကြီးသည်ကား ရုတ်ရုတ်သဲသဲဖြစ်လျက် ရှိသည်။ ရွှေပွဲလာ ဧည့်ပရိသတ်များသည် ပထမတော့ သတ်မှတ်ချိန်တွင် သတို့သမီး





ရောက်မလာသောကြောင့် ပွစိပွစိ ဖြစ်နေကြသည်။ နောက်တော့ သတို့သမီးငယ် လုံးဝ ရောက်မလာသောကြောင့် ဆူညံပူညံနှင့် ပြန် သွားကြကုန်သည်။ နှစ်ဖက်သော မိတ်ဆွေမျိုးများသည် အကြီးအကျယ် အရှက်ရကာ ဒေါသအိုးများ ပေါက်ကွဲလျက် ရှိကြပါတော့သည်။

မော်ခေတ်စိန်တို့ ညီအစ်ကိုနှင့် ဂူကျင်ကျွေ့တို့သည် ရှောင်ကိုးရဲ့ အကြောင်းကြားချက်အရ လမ်းမကြီးတစ်နေရာတွင် လမ်းပေါ်၌ သတိ လစ်မေ့မြောနေသော ဝမ်ရှောင်ကန်းကို ပြေး၍ ဖမ်းဆီးကြလေသည်။

"ဟော့ကောင် ရှောင်ကန်း အမှန်ပြောစမ်း၊ နန်းမြိုင် ဘယ်မှာလဲ"

"အဲဒါ ငါလဲ သိချင်နေတာပဲ ကျင်ကွေ့ရေ"

"ဝုန်း"

ရေနွေးပူနှင့် ကြိုးတုပ်ထားသော ရှောင်ကန်းကို လောင်းချ လိုက်သည်။ ပက်လက်ကြီး ကြိုးတုတ်ခံထားရသော ရှောင်ကန်း သည် ဗူး ဝါး အော်ဟစ်နေသည်။ သူတို့သည် ရှောင်ကန်းကို နည်း ပေါင်းမျိုးစုံနှင့် နှိပ်စက်ပြီး စစ်ဆေးသော်လည်း နန်းမြိုင်ကို မာစီဒီး နှင့် သူခေါ်သွားစဉ် ရုတ်တရက် ဘာဖြစ်သွားမှန်းမသိရဘဲ သတိလစ် သွားကြောင်း ပြောကြားနိုင်သည်မှအပ ဘာမျှ စစ်ဆေး၍မရပါတော့ ချေ။ အသက်ထွက်လုမတတ် မြော့မြော့လေးကျန်သော အညာဦးဆဲခံ ဝမ်ရှောင်ကန်းသည် သူ့ကိုဘေးချင်းယှဉ်လျက်ထိုင်နေသော နန်းမြိုင်က ဆေးပညာနဲ့ တစ်နည်းနည်းသုံး၍ မေ့ဆေးထိုးသွင်းမှု ကြောင်း ပြောပြနိုင်ရုံမှတစ်ပါး ကျန်ထင်ရှားသောအချက် ဘာမျှ



www.burmeseclassic.com

www.burmeseclassic.com



မရခဲ့။

ဤအတိုင်းဆို နန်းမြိုင်နှင့် လျှို့ဝှက်ပူးပေါင်းကြံစည်သော လူတစ်စု ရှိရမည်၊ ထိုလူတစ်စု၏ ခေါင်းဆောင်သည် ကိုမင်းဝေမှ တစ်ပါး အခြားသူမဖြစ်နိုင်ကြောင်း သုံးသပ်နိုင်ခဲ့ကြပါတော့သည်။

သူတို့သည် ချွန်မင်းကျွန်းတစ်ခုလုံး ပိတ်ဆို့ပြီး ပိုက်စိပ်တိုက် ရှာဖွေကြသည်။ တစ်ဖက်ကမ်းသို့ ကူးနိုင်သည့် ကူးတို့ဆိပ် မှန်သမျှ ကိုလည်း သေချာကြပ်မတ်စွာ စောင့်ကြည့်ခဲ့ကြသည်။ သို့သော် မင်းဝေနှင့် နန်းမြိုင်တို့ရဲ့ အရိပ်ကိုမျှ မတွေ့ရပါ။ နန်းမြိုင်၏ အနီး ကပ်အဖော်များဖြစ်ကြသော မေလိ၊ ဝေစန်း၊ ရှုပင်း စသည်တို့သည် လည်း သူတို့နေရာ အသီးသီးတွင် ပုံမှန်အတိုင်းရှိနေကြသည်ကို လိုက်လံ အကဲခတ်တွေ့မြင်ရပါသည်။

ဤသို့အားဖြင့် နောက်တစ်နေ့ကူးသွားပါတော့သည်။ တိုး တက်တည်ဆောက်နေသော သာယာစည်ကားသည့် ချွန်မင်းကျွန်း မြို့ကလေးသည် မိုးလင်းသည်နှင့် ပုံမှန်နိုးထလှုပ်ရှား သွားလာနေ ကြသည်။ ကမ္ဘာ့လှည့်ခရီးသည်များလည်း ခါတိုင်းကဲ့သို့ စည်စည် ကားကား ရောက်ရှိသွားလာလျက် ရှိကြပါသည်။ ရှန်ဟိုင်းနှင့် မျက်နှာချင်းဆိုင်ရှိ Paradise Tourist Resort ဆိပ်ကမ်းတွင် နိုင်ငံခြားသူ၊ နိုင်ငံခြားသားများ ထုံးစံအတိုင်း သဲသောင်ပြင်တွင် နေစာလှုံသူလှုံ၊ ပြေးလွှားသူပြေးလွှား၊ ရေကူးသူ ရေကူး၊ ရေလွှာ လျှောစီးသူ ရေလွှာလျှောစီးနှင့် လှုပ်ရှားပျော်ပါး မြူးထူးစည်ကား





နေကြသည်။

စပီဘုတ်များနောက်မှ ကြိုးနှင့် ရေလွှာလျှောစီး လိုက်ပါနေ သူများသည် မြစ်ပြင်ကျယ်တွင် လူးလာခေါက်တုံ့သွားလာလှုပ်ရှား နေကြသည်။ အချို့က မြစ်လယ်ကောင်နားအထိ အတင့်ရဲစွာရောက် သွားကြသေးသည်။ ထိုအထဲမှ စပီဘုတ်တစ်စီးသည် မြစ်လယ်ကို ကျော်၍ လျင်မြန်စွာပြေးနေလေသည်။ နောက်က ကြိုးနှင့်ဆွဲ၍ လိုက်ပါသွားသော လုံးရပ်သဏ္ဌာန် ကျစ်လစ်တောင့်တင်းသည့် မိန်း မချောလေးသည် လက်တစ်ဖက်လွှတ်၍ စီးလိုက်၊ ခြေတစ်ဖက် လွှတ်၍ စီးလိုက်နှင့် ကျွမ်းကျင်စွာ လိုက်ပါသွားလေသည်။

"အစ်ကိုကြီးခေတ်စိန်၊ အစ်ကိုကြီးခေတ်ပိုင် မုဝီး သတင်းပို့ တယ်"

"ကြားတယ် မုဝီး မြန်မြန်ပြော"

"မြစ်လယ်ကရေလွှာလျှောစီး စုံတွဲကို မသင်္ကာဘူး၊ ကြိုးကိုင် ပြီးလိုက်တဲ့ ကောင်မလေးဟာ ခေါင်းကို ပဝါစီးထားပေမယ့် မမလေး နန်းမြိုင်နဲ့ အရမ်းတူပါတယ်၊ ပြီးတော့ ရှေ့က စပီဘုတ် မောင်းနှင်တဲ့ လူကလဲ ဦးထုပ်ငိုက်ငိုက်ဆောင်းထားပေမယ့် ကိုမင်းဝေလို့ ထင်ရ ပါတယ်"

"သူတို့ အခု ဘယ်ကို ဦးတည်ပြီး မောင်းနှင်နေသလဲ"

"မြစ်လယ်ကို ကျော်သွားပြီ ရှန်ဟိုင်းဘက်ကို ဦးတည်မောင်း နှင်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



မော်ခေတ်စိန် တန်းနေအောင် နောက်ဖေးကွင်းထဲ ပြေးထွက်သွားလေသည်။ အချက်ပေးခေါင်းလောင်းကို နှိပ်သွားသောကြောင့် အရေးပေါ်ကိစ္စရှိကြောင်း တစ်အိမ်လုံးသိကာ ကြို့တင်စီမံချက်အတိုင်း ရဟတ်ယာဉ်ဆီသို့ သက်ဆိုင်သူများ ရောက်ရှိကာ ချက်ချင်း ထွက်ခွာသွားလေတော့သည်။

ခဏကြာသော် ယန်စီမြစ်ဝ၏ ကောင်းကင်ပြင်တွင် ရဟတ်ယာဉ်တစ်စီး ဘွားခနဲ ပေါ်လာပြီး ရေလွှာလျှောစီးနေသော စပိဘုတ်နောက်သို့ ထက်ကြပ်မကွာ လိုက်လေတော့သည်။

စပိဘုတ်မောင်းနှင်နေသော မင်းဝေက နောက်မှ ရေလွှာလျှောစီး၍ပါလာသော နန်းမြိုင်ကို ကောင်းကင်ပေါ်သို့ လက်ညှိုးညွှန်ပြသောအခါ အပေါ်မှ ရဟတ်ယာဉ်ကို မော့ကြည့်လေသည်။ အတော်နိမ့်နိမ့်သို့ ပျံဝဲဆင်းလာသော ရဟတ်ယာဉ်ပေါ်မှ မော်ခေတ်စိန်သည် Video ကင်မရာနှင့် အနီးကပ်သေချာချဲ့ကြည့်သောအခါ မော့ကြည့်သူမိန်းကလေးသည် သူ့ညီမလေး မော်ခေတ်နန်းမြိုင် ဖြစ်ကြောင်း အသေအချာ သိမြင်ပါတော့သည်။ အလားတူ စပိဘုတ်ပေါ်မှ သူတို့ရဟတ်ယာဉ်ကို မော့ကြည့်သောသူသည်လည်း မင်းဝေဖြစ်ကြောင်း အနီးသို့ချဲ့ယူရိုက်ကူးသည့် Video ဖန်သားပြင်၌ ထင်ရှားပြတ်သားစွာ မြင်ပါတော့သည်။

"ဟော့ – မင်းဝေ မြန်မြန်ရပ်၊ ချက်ချင်းရပ်"

အပေါ်က မော်ခေတ်စိန်သည် အော်လန်စပီကာကိုင်၍ ကြား





အောင် အော်ပြောခြင်း ဖြစ်သည်။ နန်းမြိုင်က ကိုမင်းဝေကို လက်တစ်ဖက်မြှောက်၍ ဆက်မောင်းရန် အချက်ပြသောကြောင့် ကိုမင်းဝေစက်ရှိန်မြှင့်၍ ရှန်ဟိုင်းဘက်ကမ်းသို့ ဦးတည်ဆက်မောင်းလေသည်။

"ပြောမရရင် မင်းကို ပစ်ဖမ်းရမယ်နော်၊ ကြားရဲ့လား မင်းဝေ၊ ရပ် မြန်မြန်ရပ်"

မင်းဝေသည် မော်ခေတ်စိန်၏ အော်သံကို လုံးဝ ဂရုမစိုက်ဘဲ မြစ်ဝပင်လယ်ပြင်ကျယ်ကြီးကို အားသွန်ခွန်စိုက် ဖြတ်ကျော်လျက်ရှိသည်။ သူ၏ စိတ်ထဲတွင် ဤမြစ်ဝကြီးသည် ကျယ်ကိုကျယ်လွန်းလှသည်ဟု တွေးနေလေတော့သည်။ ထိုစဉ် အပေါ်က ရဟတ်ယာဉ်ပေါ်မှ သေနတ်သံထွက်ပေါ်လာပါသည်။ ကျည်ဖူးပူပူတစ်တောင့်သည် မင်းဝေ၏ခန္ဓာကိုယ်တစ်နေရာသို့ ဝင်ဆောင့်လိုက်သောအခါ မင်းဝေသည် အရှိန်နှင့်လွင့်ကာ မြစ်ပြင်ကျယ်ကြီးထဲသို့ ပြုတ်ကျသွားပါတော့သည်။

နောက်က အရှိန်နှင့် လိုက်ပါလာသော နန်းမြိုင်သည် ရေထဲသို့ ထိုးကျသွားသော မင်းဝေရှိနေရာ အရောက်တွင် လက်မှ ကြိုးကို လွှတ်ခါရေထဲသို့ ထိုးဆင်းသွားပါတော့သည်။

ရေထဲမှ ပြန်ပေါ်လာသော မင်းဝေကို နန်းမြိုင်က လှမ်းဆွဲရာ ဦးထုပ်စွန်းကိုသာ ဆွဲမိလေတော့သည်။

"နှမတော် ဘာမှ မစိုးရိမ်နဲ့ အကယ်၍ အခုကွဲသွားရင်လဲ အစ်ကိုတော်ပြန်ဖြစ်အောင် လာခေါ်ပါမယ်လို့ ကတိပေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါစကားများကို မြန်မြန်ပြောကြားသွားသော မင်းဝေသည် နန်းမြိုင်ဆွဲထားသော ဦးထုပ် ခေါင်းမှကျွတ်သွားသည်နှင့် ရေထဲသို့ နစ်မြုပ်ပျောက်ကွယ်သွားပါတော့သည်။

ဘောလောပေါ်နေသော ဦးထုပ်ပြာကလေး၏ ဘေးတွင်မူကား နီရဲရဲ ဟံသာမင်းဝေ၏ သွေးကွက်များသည် မြစ်ရေနှင့် ပျော်ဝင်လျက် ကြဲ၍ကြဲ၍ ယန်စီရေစီးနှင့်အတူ မျောပါပျောက်ကွယ်သွားလေတော့သည်။

မောသစင်မလေးနွယ်သည် သွေးရူးသွေးတန်းနှင့် ယန်စီမြစ်ဝ၏ ရေထဲ၌ ငုပ်လိုက်ပေါ်လိုက်နှင့် ဟံသာမင်းဝေကို ကြိုးစားရှာဖွေနေစဉ် ရဟတ်ယာဉ်ပေါ်မှ ကြိုးများဖြင့် တွဲလောင်းခိုဆင်းလာသော လူများသည် လက်ပန်းကျ၍ နွမ်းလျှနေသော မော်ခေတ်နန်းမြိုင်ကို ကယ်တင်မရျိ၍ ရဟတ်ယာဉ်နှင့် ခေါ်ဆောင်သွားပါတော့သည်။

✦ ✧ ✦





အခန်း (၇)

တေးသွားစီညာဉ်

ရေထဲသို့ နစ်သွားသည်။ မင်းဝေ ရေနက်ထဲသို့ နစ်မြုပ်ခဲ့လေပြီ။

အားတင်း၍ ယက်သော်လည်း လက်တွေက အံ့သေနေပြီမို့ ယက်အားမရှိတော့။ ရေမျက်နှာပြင်သို့ပေါ်တက်ရမည့်အစား ရေနက်ထဲသို့သာ နစ်၍ နစ်၍ မြုပ်မြုပ်သွားနေ၏။ အသက်ရှူမရ၍ ရေထဲတွင် ရေကိုငုံပြီး ပြန်အံထွေးတိုင်း သူ့ပါးစပ်ထဲက ရေပူဖောင်းကလေးတွေ ပလုံစီ၍ တက်သွားနေကြသည်။

ပလုံစီတက်နေသည့် ရေပူဖောင်းကလေးများသည် မင်းဝေ



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်က မှတ်ထုတ်လိုက်သော ဆပ်ပြာပူဖောင်းကလေးများနှယ် ဆင်ဆင်တူလေစွ။ ပူဖောင်းလက်လက်ကလေးတိုင်းတွင် သူ့အိပ်မက်ထဲက မောမင်းသမီးလေး၏ လှပသော ရုပ်လွှာကလေးများ ပေါ်ပေါ်နေသည်။

ယခုလည်း သူ မှုတ်ထုတ်၍တက်သွားသော ရေပူဖောင်းများထဲတွင် မော်မင်းသမီးလေး နန်းမြိုင်ပုံကလေးများ တောက်လက်စွာ ပေါ်၍ ပေါ်၍လာသည်။

နန်းမြိုင်က ပြုံးနေသည်။ မင်းဝေလည်း ပြုံးနေမိသည်။ သူမော့ကြည့်သော အပေါ်စီးမြင်ကွင်းဝယ် ပြုံးကြည့်နေသည့် နန်းမြိုင်၏ ပုံရိပ်။

အပျော်ရုပ်ကလေးသမ်းနေသည့် မြိုင့်အပြုံးသည် မောသခင်မလေးနွယ် အပြုံးနှင့် အလားတူ၏။ မောနှမတော်နွယ်သည် မြို့စားလေးဟံသာမင်းဝေနှင့် ချစ်ဗျူဟာခင်းနေစဉ်ကလည်း ဤသို့ ဤနှယ် ပြုံးပျော်ရယ်ရွှင်ခဲ့သည် မဟုတ်လော။

ယခု ကိုမင်းဝေနှင့် နန်းမြိုင်တို့ စွန့်စွန့်စားစားနှင့် ဝမ်ရှောင်ကန်းလက်က ရအောင်လွတ်မြောက်နိုင်ခဲ့ပြီးနောက် ဝိုင်းတော်သားတွေကြို့တင်စီမံချက်ချ၍ လုပ်ဆောင်ပေးသည့်အတိုင်း ရွှန်မင်းကျွန်းမြို့၏ နာမည်ကြီး Paradise Tourist Resort သို့ လျှို့ဝှက်ရောက်ရှိခဲ့သည်။ ထိုခရီးသွား ပျော်ရွှင်ရေးအပန်းဖြေစခန်း၏ ကမ်းခြေစောင့် လုံခြုံရေးမှူး ချိုက်ဆွေပင်းသည် နန်းမြိုင်၏ ကျောင်းနေဖက် ရှုပင်





၏ ဦးလေးဖြစ်ရာ ထိုလုံခြုံရေးမှူး၏ ကမ်းခြေသောင်စပ်မှ လှပသော အိမ်ကလေးတွင် မင်းဝေနှင့် နန်းမြိုင် တစ်ညတာ အတူနေခဲ့ရသည်။

တစ်မြို့လုံး ပိုက်စိပ်တိုက်၍ သူတို့ကို ရှာဖွေနေသောအချိန်ဝယ် သူတို့ကမူ ရှေးရေစက်က ချဖူးသောပန္နက်ကြောင့် လုံခြုံစွာ အတူ ပေါင်းဖော်ခဲ့ကြရသည်။

"ဟောဒါက ဘာလေးလဲ၊ အစ်ကိုတော်"

နန်းမြိုင်က သူ့လက်မှ Imperial Jade ခေါ် နန်းစဉ်ကျောက်စိမ်းတာကွက်လှလှလေးများ စီခြယ်ထားသည့်လက်စွပ်နှစ်ကွင်းကို လက်မနှင့် လက်ညှိုးကြားတွင် တွဲလောင်းဆွဲကာ လှုပ်ပြနေခြင်းဖြစ်သည်။

"အဲဒါ နှမတော်လေးရဲ့ အမြဲမကွာစွပ်ထားတဲ့ ကရင်ဆော်ဒါရောင် ကျောက်စိမ်းလက်စွပ်ပဲပေါ့ကွယ်"

"နှစ်ကွင်းရှိတယ်နော်၊ ရှားရှားပါးပါး နှစ်ကွင်းတွေ့တည်းရယ်"

"အစ်ကိုတော့်ကို တစ်ကွင်းပေး"

"အင်း ပေးမလို့၊ တစ်ယောက်တစ်ကွင်းစီ အမြဲ စွပ်ထားရအောင်"

"ပေး ... ပေးသာပေး၊ အမြဲကိုစွပ်ထားမယ် နှမတော်"

ထိုအခါ နန်းမြိုင်က ကိုမင်းဝေကို သူ့လက်စွပ်ကလေး အသာစွပ်ပေးလိုက်သည်။ ကိုမင်းဝေ၏ ထူးထူးဆန်းဆန်း အဆင်နှာ လေး



www.burmeseclassic.com

www.burmeseclassic.com



ဆစ်ရှိသော လက်သန်းရှည်ရှည်ကလေးတွင် နန်းစဉ်ကျောက်စိမ်း ကရင်ဆော်ဒါရောင် စိမ်းလွဲတောက်ပစွာ ရောက်ရှိသွားလေ၏။

ရေပွှဖောင်းများ၌ပေါ်နေသော ကျောက်စိမ်းလက်စွပ်ကလေးကိုကြည့်ရင်း ကိုမင်းဝေ သူ့လက်သန်းမှ ကျောက်စိမ်းလက်စွပ်ကလေးကို ပွတ်ကာ တိုင်တည်ရေရွတ်နေမိသည်။

"အစ်ကိုတော်ထားခဲ့တဲ့ကတိတွေ မမေ့ပါဘူး နှမတော်လေးရေ၊ အခါသင့်ရင်ဖြင့် အစ်ကိုတော် အရောက်ပြန်လာခဲ့မယ်ကွယ်၊ မနေးပင် တကယ်လာမယ်"

သူ့ကတိတွေကို အထပ်ထပ်တိုင်တည်ရင်း ကိုမင်းဝေ သတိလစ်သွားလေတော့သည်။

✦ ✧ ✦





၇

ကြာပါပြီ။ ယခုတော့ အမှန်ပင် ကြာခဲ့ပါပြီ။

အင်ဂျင်နီယာမှူးကြီး ဦးမင်းဝေအနေဖြင့် ၁၉၇၆ ခုနှစ်တွင် ရှန်ဟိုင်းမြို့ကြီး၌ ခြေချခဲ့သည်။ မြို့ပြအင်ဂျင်နီယာဘွဲ့ရပြီးနောက် ၁၉၈၃ ခုနှစ်တွင် ရှန်ဟိုင်းမြို့ကြီးမှ မြစ်ဝကျယ်ကို သင်္ဘောစီးကာ ဖြတ်ကျော်ပြီး တစ်ဖက်ကမ်းက ချွန်မင်းကျွန်းမြို့လေးသို့ ပထမဆုံး ရောက်ရှိခဲ့သည်။ အလုပ်သင်အင်ဂျင်နီယာလေးအဖြစ် တံတားဆောက်လုပ်ရေးတွင် တာဝန်ထမ်းဆောင်စဉ်က သူ့အသက် ၂၇ နှစ်ခန့်သာ ရှိသေးသည်။

ဤတွင် ဘဝ…ဘဝက ရေစက်ကြောင့် မောသခင်မလေး တစ်ဖြစ်လဲ မော်သခင်မလေးဟု လူသိများသည့် မော်ခေတ်နန်းမြိုင်နှင့် မတော်တဆ ယာဉ်တိုက်မှုတွင်မမျှော်လင့်ဘဲတွေ့ဆုံခဲ့ကြသည်။

မြန်မာ–တရုတ် ကပြားမကလေး မော်ခေတ်နန်းမြိုင်နှင့်ကိုမင်းဝေ ထိုစဉ်က ချစ်ကျွမ်းဝင်၍ ချစ်သူဘဝ ရောက်ခဲ့သေးသည်။ အကုသိုလ်ကြမ္မာဆိုးရှိခဲ့သောကြောင့် တစ်နှစ်အတွင်း အနေခင့်



www.burmeseclassic.com

www.burmeseclassic.com



အယုက်များစွာနှင့် ရင်ဆိုင်ရပြီး ချစ်သူချင်း မပေါင်းဖက်ရဘဲ ကွေကွင်း ကွဲကာခဲ့ရသည်။

အင်ဂျင်နီယာမှူးကြီး ဦးမင်းဝေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်မြို့သွားလေယာဉ်ကြီးပေါ်တွင် ရန်ကုန်မှ လိုက်ပါလာရင်း သူ့လက်သန်း၌ အမြဲစွပ်ထားသည့် ကျောက်စိမ်းလက်စွပ်ကလေးကို ပွတ်ကာပွတ်ကာနှင့် မျက်စိစုံမှိတ်၍ မှေးနေသည်။

လူကသာ မှိန်၍ မှေးနေသော်လည်း စိတ်က နောက်သို့ ပြန်ပြေးသွားသည်။

လွန်ခဲ့သော ၁၅ နှစ်က ဖြစ်သည်။ ယန်စီမြစ်ဝရှိ မြစ်ပြင်ကျယ်ကြီးကို ဇပိဘုတ်နှင့် လျင်မြန်စွာ ဖြတ်ကူးနေသော ကိုမင်းဝေသည် သူ့ချစ်သူနန်းမြိုင်ကို ရေလွှာလျောစီးမယ်ကလေး အသွင်ဖြင့် သူ့စပိဘုတ်နောက်မှ ကြိုးဆွဲလျောစီး၍ လိုက်ပါစေလျက် ရှိသည်။ သူတို့ရည်မှန်းချက်မှာ ဤမြစ်ဝကြီးကို ရအောင်ဖြတ်ပြေးပြီး နှစ်ဦးအတူ ဘဝကြင်ဖော်အဖြစ် တစ်သက်လုံးပေါင်းဖက်ကြရန်ဖြစ်သည်။

သို့သော် မြစ်ပြင်သည် ကျယ်ပါဘိခြင်း။ ဖြတ်ကူးရတာကြာတော့ လိုက်လာသူများ မီလေ၏။ လိုက်လာသူများက သူ့ကို ရက်ရက်စက်စက် ပစ်ခတ်ခဲ့သည်။ ပစ်လိုက်သော ကျည်ဖူးသည် ကိုမင်းဝေ၏ ညှပ်ရိုးအပေါ် ထရက်ပီးဖိးယတ်စ်ခေါ် ကုပ်သားကို ဖောက်ထွက်သွားသည်။ ညာဘက်လက်ပြင်ရိုးထိပ်နားက ကပ်၍ ပေါက်ထွက်သွား၍ အရိုးဟူသမျှ ကံကောင်းစွာ လွတ်သွား၍ ကုရလွယ်





ခဲ့သည်။

ထိခံရသည်မှာ သေနတ်ကျည်ဆံဖြစ်သောကြောင့် မသေရုံတမယ်ခံရသည်။ ရေထဲတွင် မလှုပ်နိုင်၍ နစ်မြုပ်ခဲ့သည်။ သေကံမရောက် သက်မပျောက်ချင်တော့ ရေငုတ်လေ့ကျင့်ရေး ရေတပ်သားများ၏လေ့ကျင့်ရာ စက်ကွင်းထဲတွင် နစ်မြုပ်ခဲ့ခြင်းဖြစ်သောကြောင့် ကယ်တင်ခြင်း ခံခဲ့ရသည်။ အမှုဖြစ်မည်စိုး၍ ကြိတ်ကုခဲ့ရသည်။ သက်ဆိုင်ရာဌာနကို ဆေးရုံတက်အတွင်းလူနာ လက်မှတ်ပြ၍ အလုပ်မှ အသာထွက်ခဲ့ရသည်။

မကြာမီ ပြဿနာဖြစ်ရ ဆေးရုံတက်ရနှင့် နေခဲ့ရသော ရှန်ဟိုင်းမြို့ကြီးတွင်နေရသည့် ကိုမင်းဝေဘဝကို သူ့ဘကြီးဦးမင်းစိန်က စိုးရိမ်ခဲ့သည်။ ဤမျှအဆင်မပြေသောနေရာကို မနေသင့်တော့ဟုဆိုကာ သူ့ညီ ဦးမင်းဆွေကို အကြောင်းကြား၍ မြန်မာပြည်သို့ ပြန်ပို့ခဲ့သည်။

တရုတ်ပြည်မှ တံတားဆောက်မြို့ပြအင်ဂျင်နီယာဘွဲ့ရပြီး အလုပ်သင်ဘဝနှင့် တာဝန်ထမ်းခဲ့ဖူးသည့် အင်ဂျင်နီယာလေး ကိုမင်းဝေကို ၁၉၈၅ ခုနှစ်တွင် စတင်၍ တရုတ်အင်ဂျင်နီယာများ ဦးစီးတည်ဆောက်နေသည့် ရန်ကုန်–သန်လျင်တံတားကြီးတွင် အလုပ်ဝင်ခွင့်ပြုခဲ့သည်။

ကိုမင်းဝေ၏ ကြိုးစားမှု၊ ကျွမ်းကျင်မှု၊ ဇွဲလုံ့လရှိမှုတို့ကြောင့် ရာထူးတွေတိုးခဲ့သည်။ တံတားသစ်တွေ ဟော တစ်စင်း၊ ဟော



www.burmeseclassic.com

www.burmeseclassic.com



တစ်စင်း တိုးချဲ့ တည်ဆောက်သော ခေတ်သစ်ကြီးတွင် ကိုမင်းဝေ လက်မလည်အောင် တံတားတည်ဆောက်ရေးများတွင် မနားတမ်း ပါဝင်ခဲ့ရသည်။

၁၉၈၉ ခုနှစ် ဇန်နဝါရီ ၃၁ ရက်နေ့၌ ဖွင့်လှစ်ခဲ့သော ရောဝတီတိုင်းက ပသွယ်တံတားမှ စ၍ ယခု ၁၉၉၉ ခုနှစ်ကုန် အင်ဂျင်နီယာ မှူးကြီး ဦးမင်းဝေ တရုတ်ပြည်သို့ မထွက်ခွာမီ ၁၅-၁၂-၁၉၉၉ နေ့တွင် ဆောက်လုပ်ပြီးစီးဖွင့်လှစ်ခဲ့သော ရခိုင်ပြည်နယ် ရာမောင် တံတားအထိ တာဝန်ယူတည်ဆောက်ပြီးခဲ့သော ပေ ၁၈၀နှင့် အထက်ရှိတံတားကြီးများသည် ၁၀၂ စင်းပင် ရှိခဲ့ပြီးဖြစ်သည်။ ယင်း အနက် ပေပေါင်း ၂၀၀၀ ကျော်ရှည်သည့် နာမည်ကြီးတံတားကြီး ပေါင်း ၈ စင်း ပါဝင်ခဲ့သည်။

၁၃-၁-၉၃ နေ့တွင် ဖွင့်လှစ်ခဲ့သော ပေပေါင်း ၆၉၆၀ ရှည် သည့် ကိုမင်းဝေ ပါဝင်တည်ဆောက်ခဲ့သည့် ရန်ကုန်-သန်လျင် တံတားကြီးမှ စ၍ကြည့်မည်ဆိုသော် ၃-၈-၉၇ နေ့တွင် ပေ ၂၂၅၂ ရှိ ကရင်ပြည်နယ်၊ သံလွင်တံတား (ဘားအံ)၊ ၁၈-၉-၉၇ တွင် ပေ ၄၁၈၃ ရှိ ပဲခူးတိုင်း ရောဝတီမြစ်ကူး နဝဒေးတံတား၊ ပေ ၂၃၆၂ ရှိ ရောဝတီတိုင်း မအူပင်တံတား၊ ၁၄.၁၁.၉၈ နေ့၌ ၂၆၈၈ ရှည် ကချင်ပြည်နယ် ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတား၊ ၂၄-၃-၉၉ နေ့၌ ပေ ၂၉၀၀ ရှိ ကရင်ပြည်နယ် ဂျိုင်း(ဇာသပြင်)တံတား၊ ၁၈- ၉-၉၉ နေ့၌ ပေပေါင်း ၄၉၅၇ ရှည် စစ်ကိုင်းတိုင်း၊ ချင်းတွင်းမြစ်ကူး





ဆင်ဖြူရှင်တံတား၊ ၁၅-၁၁-၉၉ နေ့ ၌ ပေပေါင်း ၈၅၄၄ ရှည် ဧရာဝတီမြစ်ကူး ဧရာဝတီတိုင်း မိုလ်မြတ်ထွန်းတံတားကြီး စသော တံတားများကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

အင်ဂျင်နီယာ ဦးမင်းဝေသည် ၁-၃-၉၄ မှ စတင် တည် ဆောက်သော သံလွင်တံတား (ဘားအံ) စတင် မဆောက်မီ ၂ နှစ် အလိုက စ၍ သံလွင်မြစ်ကို အကြိမ်ကြိမ်ဖြတ်ကူး တိုင်းတာခဲ့ရာမှ စ၍ ထိုသံလွင်မြစ်ကြီးကို အထူး စိတ်ဝင်စားခဲ့သည်။ သံလွင်မြစ်ဝ မြစ်ပြင်ကျယ်ကြီးကို ရောက်လေတိုင်း ဤမှာဘက် မုတ္တမဘက်ကမ်း မှ ဟိုမှာဘက် မော်လမြိုင်ဘက်ကမ်းသို့ လှမ်းမျှော်ကြည့်ရင်း ယန်စီ မြစ်ဝ မြစ်ပြင်ကျယ်ကြီးကို ပြေး၍ ပြေး၍ သတိရ လွမ်းဆွတ်သည်။

ထိုရောအခါ သူ၏ချစ်ဦးသူ ရှန်ဟိုင်းတစ်ဘက်ကမ်း ရွှန်မင်း ကျွန်းမြို့ရှိ မော်သခင်မလေးကို ပြေး၍ ပြေး၍ သတိရ၊ တမ်းတ၊ လွမ်းလှပါဘိခြင်း။

ထို့ကြောင့် ဒေသခံ ပုံသဏ္ဍာန်ချင်း အလွန်တူသော မော်လ မြိုင်မြို့အခြေခံ၊ သံလွင်မြစ်ဝကို သက်သေတည်ထားသည့် မောင် မောင်ကလေး (သူသိသလောက်) သီဆိုခဲ့သည့် သံလွင်သက်သေ တည် သီချင်းကို ကက်ဆက်ခွေတွင် အသံသွင်း၍ ယန်စီမြစ်ဝ ဟို ဘက်ကမ်းရှိ မော်သခင်မလေး နန်းမြိုင်ထံ ပေးပို့ခဲ့လေသည်။

ရွှန်မင်း ဗဟိုဆေးရုံကြီးတွင် နှလုံးရောဂါ အထူးကုဆရာဝန် မကြီး ဒေါက်တာ မော်ခေတ်နန်းမြိုင်သည် တရုတ်မြန်မာ ကပြားပီ



www.burmeseclassic.com

www.burmeseclassic.com



ဝိ မြန်မာသီချင်းကို ကောင်းစွာ နားဆင်ခံစားတတ်ရာ၊ သူချစ်ဦး သူ ပေးပို့လာသည့် ကက်ဆက်အခွေမှ သီချင်းကို အားတိုင်း ဖွင့်၍ နားဆင်နေသည်။ ခံစားချက်အပြည့်နှင့် နှလုံးသားထဲ စိမ့်ဝင်အောင် ခံစားလွမ်းတနေသည်။ သူသည် ဤသို့အားဖြင့် အိမ်ထောင်မပြုဖြစ်သော အပျိုမကြီး ဖြစ်နေလေတော့၏။

"ကိုယ် ထားခဲ့တဲ့ကတိတွေ၊ မမေ့ပါခင်သူရေ ...အခါသင့်ရင် မနေးပင် အလည်လာမလေ ...ကိုယ်တကယ် ...အဲဒီစိတ်ပဲ ပေ"

မောရဝတီ ...မောရဝတီနယ်မြေ ...အလွမ်းပြေလေး ...တစ်ခေါက်တော့ အရောက်လာလည်ဦး ...မလေ"

သံလွင်လှိုင်းများကရယ် ...တစ်ဆင့် ပြောကြားတော့လေ ...မောရဝတီ မောရဝတီနယ်မြေ ...အလွမ်းပြေလေး ... တစ်ခေါက်ဖြင့် အရောက်လာလည်ဦး ...မလေ

(ရွှေမြိုင်သခင်မလေးရေ ..ရွှေမြိုင်သခင်မလေးရေ)၂ သံလွင်ကို အမှတ်ရမှ၊ ရွှေမျက်ရည်ဝဲကာ ခါခါလည် ...မေ့ဘူး... မေ့ဘူး... မေ့ဘူးသဲညာရေ ...

မောရဝတီ မြိုင်ခြေရိပ် ...မှာ၊ နောင်ပျော်စကားတွေသွက်စွာ ...တောင်ပေါ်ဘုရားတွေထက်မှာ ...မေရယ် ကိုယ်ရယ် ...ရွှေစီးလေးတွေကျတဲ့ထိအောင်...တူယှဉ်လည်ကာဖူး ...မြူးပျော်မဆုံးပေ ...အတိတ်ဘဝက အရိပ်လိုပမာလေ ...တစ်ခေါက်တော့ အရောက်လာလည်မလေ ...ရွှေမြိုင် သဘော်ဆိပ်က ...ကြို ...ကြို ...ကြိုနှင့်ပါတော့လေ ..."





၁၉၉၂ ခုနှစ်က အသက် ၃၂ နှစ်ခန့်ရှိသော အပျိုကြီး ဒေါက်တာ မော်ခေတ်နန်းမြိုင်သည် ၈ နှစ်ကြာမျှ အဆက်ပြတ်နေသည့် ချစ်သူ ကိုမင်းဝေထံမှ ကက်ဆက်တိပ်ခွေကို အကြိမ်များစွာ ဖွင့်၍ အလွမ်းဖြေနေမိသည်။ အထူးသဖြင့် ကိုမင်းဝေက အဆိုကျော် ဆိုထားသည့် သီချင်းကိုပင် စာသားစကားလုံးအချို့ ပြောင်း၍ သူ့အသံနှင့် လိုက်ဆိုထားသော သီချင်းသံကိုပါ တိပ်ခွေထဲတွင် အသံသွင်းပေးထားရာ နန်းမြိုင် အစ်ကိုတော်၏အသံကို ကြားယောင်ရင်း ထိုတေးသွားကို ပို၍ နားဆင်ဖြစ်သည်။

"ကိုယ် ...ထားခဲ့တဲ့ကတိတွေ ...မမေ့ပါခင်သူရေ ...အခါသင့်ရင် မနေးပင် တကယ်လာမလေ ...ကိုယ်တကယ်...အဲဒီစိတ်ရှိပေ...

မော်နမမဒီ ...မော်နမမဒီယယ်ရေ ...အလွမ်းပြေလေး...တစ်ခေါက်တော့ ...အရောက်လာခဲ့ဦး ...မလေ ...။

ယန်စီလှိုင်းများကရယ် ...တစ်ဆင့်ပြောကြားတော့လေ ...မော်နမဆီ ...မော်နမဆီ နယ်မြေ ...အလွမ်းပြေလေး ...တစ်ခေါက်ဖြင့် အရောက်လာခဲ့ဦး ... မလေ"

(ရွှေမော်သခင်မလေးရေ ... ရွှေမြိုင်နမလေးရေ)၂ ယန်စီကို အမှတ်ရမှ၊ ရွှေမျက်ရည်ဝဲကာ ခါခါလည် ...မေ့ဘူး ...မေ့ဘူး မေ့ဘူး သဲညာရေ ...

ရွှန်မင်းမြို့ဆီ ...မြိုင်ခြေရိပ်မှာ ...နောင်ပျော်စကားတွေ သွက်စွာ ...တောင်ပေါ်ဘုရားကျောင်းတွေထက်မှာ မေရယ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ရယ် ...ချွေးသီးလေးတွေကျတဲ့ထိအောင် ... တူယှဉ်လည်ကာဖူး ...မြူးပျော်မဆုံးပေ ...အတိတ်ဘဝက အရိပ်လိုပမာလေ ...တစ်ခေါက်တော့ အရောက်လာပါမဲလေ ...ချွန်မင်းသဘော်ဆိပ်က ကြို ...ကြို ...ကြိုနှင့်ပါတော့လေ ...”

ဤအသံ ဤစကားလုံးများသည် အစ်ကိုတော် ဟံသာမင်းဝေနှင့် နှမတော်နွယ်ဆိုသည့် ဘဝဟောင်းက ချစ်သူပုံစံနှင့် ဘီးတပ်လှည်းကလေးကို တွန်းပေးလျက် ကိုမင်းဝေနှင့် နန်းမြိုင်တောင်ကုန်းပေါ်က ဘုရားကျောင်းတွေကို တူယှဉ်လည်ကာဖူးရင်း ချွေးသီးလေးတွေစို့ခဲ့ရသည့် အတိတ်က တကယ့်အဖြစ်အပျက်ကို ကြိုးစွာ သတိရတမ်းတ လွမ်းရလေတော့သည်။

ဤတိပ်ခွေလေးမှ သီချင်းများကို နားထောင်တိုင်း မော်ခေတ်နန်းမြိုင် မျက်ရည်မဆည်နိုင်အောင် ငိုရသည်။ ရင်နင့်အောင် ခံစားရသည်။ ထိုအခါ အစ်ကိုတော်မရှိတော့သော ချွန်မင်းနယ်မြေတွင် တစ်ယောက်တည်းနေရသည်ကိုပင် မုန်းချင်လာသည်။

ထို့ကြောင့် ဒေါက်တာ မော်ခေတ်နန်းမြိုင်သည် အဝေးသို့ တာဝန်ပြောင်းရွှေ့ထမ်းဆောင်ခွင့်ပြုပါရန် သက်ဆိုင်ရာသို့ လျှောက်ထားခဲ့ရာ မကြာမီ ပီကင်းမြို့တော်အစွန်နားက ပြည်သူ့ဆေးရုံတစ်ရုံသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခွင့်ရလေ၏။

လုပ်ငန်းတာဝန်များတွင် သွေးစိတ်ကနှစ်မြုပ်ထားသော်လည်း အလုပ်ပင်ပန်းလာသောအခါ အစ်ကိုတော်ပေးပို့ထားသည့် တိပ်ခွေ





ကလေးဖွင့်ပြီး အပန်းဖြေ အလွမ်းဖြေတတ်လာသည်။ ယခုမူ ဒေါက်တာ မော်ခေတ်နန်းမြိုင် ရွှေမော်သခင်မလေးတည်းဟူသော သံလွင်သက်သေတည် သို့မဟုတ် ယန်စီသက်သေတည် သီချင်းကို အလွတ်ရဆို ဖြစ်နေတော့သည်။

ဤယန်စီမြစ်ဝမှ သူတို့ကြုံခဲ့ရသော အချစ်ဇာတ်လမ်းကို ပြန်လည် စားမြုံ့ပြန်အောက်မေ့လေတိုင်း ယန်စီမြစ်ကြီး၏ မြစ်ဖျားခံရာဒေသမှ သူတို့၏ ရှေးဘဝ၊ ရှေးဘဝက ဖြစ်စဉ်ဖြစ်ရပ်များကိုလည်း အိပ်မက်လို ပြန်လည် မြင်ယောင်လာလေ၏။

ထို့ကြောင့် ဒေါက်တာ မော်ခေတ်နန်းမြိုင်သည် ယန်စီမြစ်များခံရာ တိဗက်အော်တိုနော့မတ်စ်ဒေသသို့ ဗော်လန်တီယာ အမှုသွားထမ်းရန် လျှောက်ထားပြန်သည်။ သက်ဆိုင်ရာက ချက်ချင်းပင် တာဝန်ပြောင်းရွှေ့မိန့်ကို ချပေးလေ၏။ သူလို နှလုံးအထူးကုပါရဂူတစ်ယောက် ဤမျှဝေးလံခေါင်သီသော ဒေသကိုသွားရောက်တာဝန်ထမ်းဆောင်လိုခြင်းမှာ ရှားပါးလွန်းလှသည် မဟုတ်လော။

၁၉၉၆ ခုနှစ်တွင် ဒေါက်တာ မော်ခေတ်နန်းမြိုင် တိဗက်မှ ဖွံ့ဖြိုးရေးကို အားပေးတည်ဆောက်နေသည် Tuo tuo hoyan (တူအို တူအိုဟိုယန်း) မြို့ကလေးတွင် ဆေးရုံအုပ်ကြီးအဖြစ် တာဝန်ကျလေ၏။ နာမည်ကြီး KoKohsili (ကိုကို့ဆီလီ) မြက်ခင်းလွင်ပြင်ကြီးအနီး တူအိုတူအိုမြစ်ကမ်းရှိ ကမ္ဘာ့အမြင့်ဆုံး မီးရထားလမ်းဖြတ်သန်းသွားရာ မြို့လေးကိုရောက်သော် ဒေါက်တာနန်းမြိုင်၏ အစစအရာရာ ယဉ်ပါးပြီးသားလို ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သွားလေရာနေရာတိုင်းလို သူရောက်ဖူးသကဲ့သို့ ခံစားနေရသည်။ အချို့နေရာများတွင်ဆိုလျှင် အစ်ကိုတော် ဟံသာမင်းဝေ၏ ပုံရိပ်များက ဟိုမှဒီမှ ပေါ်၍ ပေါ်၍ လာသေးသည်။ သေချာကြည့်မှ ထိုဒေသမှ လူရွယ်များသည် သူတွေ့ခဲ့ချစ်ခဲ့ရသော အစ်ကိုတော်မင်းဝေနှင့် ရုပ်ချင်းဆင်ဆင်တူကြကြောင်း သတိပြုမိသည်။

ဒေါက်တာနန်းမြိုင်သည် အချိန်အားရတိုင်း ဒေသခံများ၏ အကူအညီဖြင့် ယန်စီမြစ်၏ မူလမြစ်ဖျားခံရာ ကျူယ်လာတိန်းတောင် (Geladaindong) တောင်ဆွယ်ကြီးဆီသို့ အလည်သွားသည်။ ကာကြူ (Gar Qu) နှင့် ပူကြူ (Bu Qu) ရေခဲမြစ်နှစ်သွယ်စီးဆင်းရာ ကန်ကြည်ယာကြူပါ (Gangjiaquba) ကျောက်ဇွန်းကြီးထံသို့လည်း သူ ရောက်ခဲ့သည်။

တစ်ခါတစ်ရံတွင် ကိုကိုဆီလာ မြက်ခင်းလွင်ပြင်ကြီးထံသို့ သွား၍ သိုးကျောင်းသားများနှင့် သူတို့ကျင်းပသော ပွဲတော်များကို ပါဝင်ဆင်နွှဲရသည်မှာ တစ်ချိန်တစ်ဘဝတုန်းက သူနှင့်အစ်ကိုမင်းဝေ ဤသို့ ပျော်မြူးခဲ့သည်ဟု အာရုံခံစား၍ ကျေနပ်နေရသည်။

ဤသို့ဖြင့်ပင် ဒေါက်တာ မော်ခေတ်နန်းမြိုင်အချိန်များကို ကုန်မှန်းမသိ ကုန်လွန်စေလျက်ရှိသည်။

အင်ဂျင်နီယာမှူးကြီးဖြစ်လာသော ဦးမင်းဝေအတွက်မူ သူ လျှောက်လှမ်းခဲ့ရသော ဘဝခရီးကို ပြန်တွေးလျှင် ဆွေးမိ ငေးမိသေးတော့သည်။





ဤအဆွေး ဤအငေးကို ကျော်လွှားနိုင်ရန် သူ သေလုခမန်း ကြိုးစားတွန်းလှန်ခဲ့ရသည်။ မော်သခင်မလေး နန်းမြိုင်ကို သတိရ လွမ်းဆွတ်တိုင်း အလုပ်ကို ဖိလုပ်ပစ်သည်။

ကိုယ်တွေလက်တွေ လှုပ်နေမှ စိတ်မလှုပ်ဘဲနေသောကြောင့် ဤသို့ အလုပ်ချည်း ဖိလုပ်ခဲ့သည်။ ဤတွင် သူသည် နာမည်ကောင်း ရပြီး အထက်အောက်ဘေးဘီက ဌာနဆိုင်ရာ လုပ်ဖော်ကိုင်ဘက် အားလုံး၏ နှစ်သက် ခင်မင်မှုကို ခံယူရလေသည်။

၁၉၉၃ ခုနှစ်တွင် ဦးမင်းဝေ ပညာတော်သင်ဆု ရွေးချယ်ခံရပြီး ဂျပန်နိုင်ငံသို့ တံတားဆောက်လုပ်ရေးအင်ဂျင်နီယာဘွဲ့လွန်သင်တန်း သွားတက်ခွင့်ရခဲ့သည်။ ငါးနှစ်တက်ခဲ့ပြီးနောက် ဦးမင်းဝေသည် ME ဘွဲ့လွန် မဟာဘွဲ့သာမက ဒေါက်တာဘွဲ့ပါ ရရှိလာခဲ့သည်။

၁၉၉၈ ခုနှစ် ဦးမင်းဝေ မြန်မာပြည်ပြန်ရောက်ပြီးနောက် ပြည်တွင်းက တံတားကြီးများကို မြန်မာအင်ဂျင်နီယာများ ကိုယ့်အား ကိုယ်ကိုးနှင့် တည်ဆောက်နေသည့် လုပ်ငန်းများသို့ တစ်တတ် တစ်အား ပါဝင်နိုင်ခဲ့သည်။

သံလွင်မြစ်ဝကိုဖြတ်၍ မုတ္တမနှင့် မော်လမြိုင်ကို တံတားကြီး တစ်စင်းထိုးရန် သင့်မသင့် သက်ဆိုင်ရာက ဆောက်လုပ်ရေး အင်ဂျင်နီယာများကို တာဝန်ပေးတင်ပြခိုင်းသောအချိန်တွင် ဦးမင်းဝေ အားကြိုးမာန်တက် ပါဝင်ခဲ့သည်။

မကြာမီ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ရှန်တိုင်မြို့နီစပယ်



www.burmeseclassic.com

www.burmeseclassic.com



ရုံ၌ရှိသော ယန်စီမြစ်ဝကြီးတွင် ရှန်ဟိုင်းမြို့ကြီးနှင့် ချွန်မင်းကျွန်းကို ဆက်၍ ကမ္ဘာ့အရှည်ဆုံး တံတားကြီးတည်ဆောက်ရန် စီမံချက်ချလေသည်။

ထိုအကြောင်းကို ကြားသိသည်နှင့် အင်ဂျင်နီယာမှူးကြီး ဦးမင်းဝေသည် သက်ဆိုင်ရာများထံ ဆက်သွယ်ရန် အကြံကောင်း ဉာဏ်ကောင်းများ ရေးဆွဲပေးပို့လေသည်။

သူ့ထံမှ အကြံပေးသည့် နည်းပညာပိုင်းဆိုင်ရာ အချက်အလက်များကို ဦးစီးတည်ဆောက်မည့် အင်ဂျင်နီယာချုပ်များက လေ့လာလေ သဘောကျလေ ဖြစ်သည်။ သူ့အကြောင်းကိုပါ စုံစမ်းလေ့လာသောအခါကျမှ ၁၉၈၃–၈၄ ခုနှစ်တုန်းက သူတို့လက်အောက်တွင် အလုပ်လုပ်သွားသော ရှန်ဟိုင်းမြို့ပြအင်ဂျင်နီယာ တက္ကသိုလ်မှ ဘွဲ့ရသူ အလုပ်သင် အင်ဂျင်နီယာကလေး မင်းဝေ ဖြစ်နေကြောင်း သိရှိကြလေသည်။

လုပ်ဖော်ကိုင်ဘက်ဟောင်းများလည်း ဖြစ်၊ ယခုအခါ ဒေါက်တာဘွဲ့ရ တံတားဆိုင်ရာ အင်ဂျင်နီယာလည်းဖြစ်၊ မြန်မာပြည်၌ တံတားကြီးပေါင်း မြောက်မြားစွာကို ပါဝင် ဦးဆောင် တည်ဆောက်နိုင်သူလည်းဖြစ်သည့် အင်ဂျင်နီယာမှူးကြီး ဦးမင်းဝေကို တရုတ်၊ မြန်မာနှစ်နိုင်ငံနည်းပညာဖလှယ်ရေးနှင့် ချစ်ကြည်ရေးအစီအစဉ်အရ ယန်စီမြစ်ဝ ဖြတ်ကူးတံတားကြီး ဆောက်လုပ်ရေးတွင် ပါဝင်ကူညီရန် ဖိတ်ခေါ်ခံရလေတော့သည်။





ထို့ကြောင့် ယခု ၁၉၉၉ ခုနှစ်တွင် အင်ဂျင်နီယာမှူးကြီး ဦးမင်းဝေ ရန်ကုန်မှ ဘန်ကောက်၊ ဘန်ကောက်မှ ဟောင်ကောင်သွား လေယာဉ်ကြီးပေါ်တွင် လိုက်ပါလာခဲ့ခြင်း ဖြစ်သည်။ ဟောင်ကောင်မှတစ်ဆင့် ရှန်ဟိုင်းမြို့ကြီးသို့ ရောက်လာသောအခါ ယခင်နှင့်မတူ အထူးအံ့သြဖွယ် တိုးတက်နေသော ရှန်ဟိုင်းမြို့နှင့် မြစ်တစ်ဖက်ကမ်းမှ ချွန်မင်းကျွန်းမြို့တို့ကို တွေ့မြင်ရလေသည်။

ချွန်မင်းဗဟိုပြည်သူ့ဆေးရုံကြီးသို့သွားရောက်ကာ နှလုံးအထူးကုဆရာဝန်မကြီး ဒေါက်တာမော်ခေတ်နန်းမြိုင်နှင့် တွေ့လိုကြောင်းပြောရာ အတော်များများက မသိကြောင်း ပြောကြသည်။ နောက်ဆုံး ဆေးရုံအုပ်ကြီးနှင့် ဝင်တွေ့မှ လွန်ခဲ့သော ၆ နှစ်လောက်က ပီကင်းမြို့တော်ရှိ ဆေးရုံတစ်ရုံသို့ ပြောင်းရွှေ့သွားကြောင်း သိရသည်။ ထိုနှစ်က ဦးမင်းဝေ ဂျပန်နိုင်ငံသို့ ပညာတော်သင် အဖြစ် ထွက်ခွာသွားသောနှစ် ဖြစ်နေသည်။ ဆက်လက်စုံစမ်းသော အခါ ဝေးလံခေါင်းပါးသော နယ်စပ်ဒေသတစ်ခုသို့မော်လံတီယာ လျှောက်၍ ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း သတင်းသန့်သန့် ကြားရသည်မှအပ ဘာသဲလွန်စမျှ ထပ်မံမရရှိတော့ပေ။

ဘာပဲဖြစ်ဖြစ် အင်ဂျင်နီယာမှူးကြီးဦးမင်းဝေသည် သူ့ အလွန်အမြင်ကတ်သော ယန်စီမြစ်ဝ မြစ်ပြင်ကျယ်ကြီးကို ဖြတ်၍ တံတားရှည်ကြီးတည်ဆောက်ချင်ခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သည့်အတွက် ယခုကိုယ်တိုင် ပါဝင်တည်ဆောက်ခွင့်ရပြီဖြစ်၍ အလွန်ဝမ်းသာနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤနေရာ၌ ဤသို့ မြစ်ကူးတံတားထိုးပစ်ရန် ကိုမင်းဝေ နုငယ်စဉ်ကတည်းက အကြိမ်ကြိမ် အိပ်မက်မက်ခဲ့သည်။ သူ့အိပ်မက်ထဲတွင် ဤတံတားကြီးတည်ဆောက်ပြီးနောက် အိပ်မက်တံတားကြီးပေါ်မှနေ၍ နန်းမြို့ကို ကားတစ်စီးနှင့် အပါတင်ပြီး မောင်းနှင်ပြေးခဲ့သည်။ ချွန်မင်းကျွန်းမှ ရှန်ဟိုင်းဘက်ကမ်းသို့ မြစ်ပြင်ကျယ်ကို လှေနှင့် ဖြတ်ကူးမနေရဘဲ တံတားကြီးပေါ်ကဖြတ်၍ ပြေးခဲ့နိုင်သောကြောင့် မင်းဝေ နန်းမြို့ကို လက်ထပ်ယူနိုင်ခဲ့သည်။

သူ့အိပ်မက်ထဲတွင် ရှန်ဟိုင်းဘက်ကမ်းသို့ နန်းမြို့ကို ဤတံတားကြီးမှ ခေါ်ခဲ့နိုင်၍ နောက်ကလူများ လိုက်မလာနိုင်မီ တရားရုံးတွင်တက်၍ လက်ထပ်နိုင်ခဲ့သည်ဟူ၏။

ယခု ဤတံတားကြီးကို မင်းဝေကိုယ်တိုင် ပါဝင်တည်ဆောက်နိုင်ခဲ့ပြီ။ သူ အားကြိုးမာန်တက် နေ့မအား ညမနား လုပ်ခွင်တွင် တာဝန်ယူခဲ့သည်။ တရုတ်ပညာရှင်များကလည်း ဖွဲကြီးစွာ လုပ်ခဲ့ကြသည်။

ထို့ကြောင့် နောက် ၃–၄ နှစ်အကြာ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ကမ္ဘာပေါ်၌ အရှည်ဆုံး ယန်စီမြစ်ဝ ဖြတ်ကူးတံတားကြီး ရှန်ဟိုင်းမြို့နှင့် ချွန်မင်းဘက်ကမ်းကို ဆက်ကာ တည်ဆောက် ပြီးစီးခဲ့လေတော့သည်။

ကမ္ဘာပေါ်တွင် ဤအိပ်မက်တံတားကြီး ဆောက်လုပ်မပြီးခင်အထိ အရှည်ဆုံးတံတားကြီးမှာ ပင်မတံတားအရှည် ၆၅၃၂ ပေ





ရှိသော ဂျပန်နိုင်ငံမှ **Akashi Kaikyo** အမည်ရှိ တံတားကြီး ဖြစ်သည်။ ၁၉၉၈ ခုနှစ်က ဖွင့်လှစ်နိုင်ခဲ့သည်။

ယခု ယန်စီမြစ်ဝ ဖြတ်ကျော် ရှန်ဟိုင်း၊ ချွန်မင်းတံတားကြီးသည် ပင်မတံတားအရှည် ၇၀၂၀ ပေရှိသောကြောင့် ကမ္ဘာပေါ်၌ အရှည်ဆုံးတံတားကြီး ဖြစ်လေတော့သည်။

ဤတံတားကြီးကို ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ခမ်းနားကြီးကျယ်စွာ ဖွင့်ပွဲကြီးကျင်းပ၍ဖွင့်လှစ်ရန်စီစဉ်ထားလေ၏။

မီးရထားလမ်းနှင့် ကားလမ်းဝဲယာပါသည့် ထိုတံတားကြီး၏ ချွန်မင်းကျွန်းဘက်တွင် မီးရထားဘူတာသစ်ကြီးလည်း ဆောက်လုပ်ခဲ့သေးသည်။ ဦးမင်းဝေသည် တံတားတည်ဆောက်ရေး တရုတ်အင်ဂျင်နီယာချုပ်ကြီး ဦးဆောင်သော လမ်းတံတားအင်ဂျင်နီယာများ၊ မီးရထားအင်ဂျင်နီယာများ၊ ဆောက်လုပ်ရေးအင်ဂျင်နီယာများနှင့်အတူ ချွန်မင်းဘူတာရုံကြီးမှ ကားရထားလေးစီး၍ ရှန်ဟိုင်းမြို့ကြီးဘက်သို့ စီးလာခဲ့သည်။ ရှန်ဟိုင်းဘက်ကမ်းသို့ ရောက်သောအခါ ယခင် ချွန်မင်းမြို့လယ်တံတားလေး တည်ဆောက်စဉ်က တာဝန်ယူဦးစီးခဲ့သည့် သူ့ဆရာ အင်ဂျင်နီယာချုပ်၊ လုပ်ဖော်ကိုင်ဘက် လက်ရှိအင်ဂျင်နီယာမှူး ချန်ဝေစန်းတို့နှင့်အတူ တံတားကြီးပေါ်၌ လမ်းလျှောက်ကြ ပြီး ချွန်မင်းဘက်ကမ်းသို့ ပြန်ခဲ့ကြသည်။

ဦးမင်းဝေသည် သူတို့ဖြတ်လျှောက်နေသော ယန်စီမြစ်ဝကြီးကို ယခုကဲ့သို့ အပေါ်စီးမှ လှမ်းမျှော်ကြည့်ရင်း တစ်ချိန်တုန်းဆီက



www.burmeseclassic.com

www.burmeseclassic.com



သူ့အမောတကော အပြေးအလွှားဖြတ်ရန် ကြိုးစားခဲ့သော မြစ်ပြင်၏အကျယ်ကြီးကို အကြိမ်ကြိမ်ရှုံးနိမ့်ခဲ့ရပုံဖြစ်ရပ်နှင့် ပတ်သက်၍ ဤကျယ်ပြောမှုကို မုန်းတီးခဲ့ဖူးရာ ယခုတော့ ဤအကျယ်ကြီးကို သူက အောင်နိုင်ခဲ့လေပြီဟု ကျေနပ်နေ၏။

"ဒီမယ် ကိုမင်းဝေ၊ ခင်ဗျားကြည့်ရတာ တော်တော် ကျေနပ်အားရနေပုံပဲ၊ အရင်က ဒီမြစ်ကြီးကို အချိန်မီ မကျော်ဖြတ်နိုင်လို့ မကျေနပ်ခဲ့ဘူး မဟုတ်လား"

ဝေစန်းက အကြောင်းသိသူချင်းမို့ ကိုမင်းဝေ၏ ခံစားချက်ကို သိသည်။

"အေးဗျာ၊ အဲဒီတုန်းက အဲဒီမြစ်ပြင်ကျယ်ကြီးကြောင့် ကျွန်တော် ခဲလေသမျှ သဲရေကျဖြစ်ခဲ့တာကို တွေးမိတိုင်း ဒီမြစ်ကြီးကိုဖြတ်ပြီး အခုလို တံတားကြီးတစ်စင်း ဆောက်လုပ်ပေးချင်ခဲ့တာ အိပ်မက်တွေ အလီလီမက်လို့ပေါ့ဗျာ"

"အခုတော့ မင်းအိပ်မက် အကောင်အထည်ပေါ်ပြီမို့ ဟော ဒီတံတားကြီးဟာ မင်းဝေအတွက်ဆို အိပ်မက်တံတားကြီးပေါ့နော"

ဆရာက ကိုမင်းဝေ၏ ပခုံးကိုပုတ်၍ ပြောသည်။ သူတို့ သုံးယောက် ဝမ်းသာစွာ ရယ်မောကြရသည်။

"အခုနေ နန်းမြိုင်သာ ရွှန်မင်းမှာရှိရင် ကိုမင်းဝေ မြစ်ပြင်ကြီးကို စပိဘုတ်တွေဘာတွေနဲ့ ဖြတ်ကူးပြီး နိုးပြေးစရာ မလိုတော့ဘူး။ ဒီတံတားကြီးပေါ်ကနေ ကားတစ်စီးနဲ့ ဝီခေါ် အောင်မောင်းပြီး ကားတင်ပြေးလို့ရပြီပေါ့ ဟုတ်လား"





"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် နန်းမြိုင်က ရွှန်မင်းမှာ မှမရှိတော့တာ"

"ဘာလဲကွ၊ ရှိရင် မင်းက ကားတင်ပြီး ဒီတံတားပေါ်က ဖြတ်ပြေးမလို့လား"

"ဟဲ ဟဲ၊ စမ်းကြည့်ချင်သေးသဗျာ၊ သူ့အစ်ကိုတွေ ဘယ်လိုလိုက်လာကြမလဲလို့"

"ဟား ဟား၊ ခင်ဗျားက ခုအထိ လူပျိုကြီးလုပ်တုန်းဆိုတာ ဟုတ်ပါတယ်နော်"

"မဟုတ်ပါဘူး"

"ဒါဆို အိမ်ထောင်ကျပြီပေါ့၊ မင်းမှာ သားသမီးတွေ ရပြီလား၊ ဟိုကောင် ဝေစန်းတော့ ဒေါက်တာမေလီနဲ့ လက်ထပ်ပြီး သားတစ်ယောက်ရခဲ့တာ ဆယ့်သုံး လေးနှစ်အရွယ်တောင် ရောက်နေပြီ ဟုတ်လား"

"ဟုတ်ပါတယ် ကိုမင်းဝေရော၊ သားသမီး ဘယ်နှစ်ယောက်ရပြီလဲ"

"တစ်ယောက်မှ မရပါဘူး၊ ချစ်ဇနီးနဲ့ တစ်ညပဲပေါင်းပြီး ကွဲခဲ့တာမို့ လူပျိုကြီးမဟုတ်ဘဲ တစ်ခုလပ်ကြီးဖြစ်နေတာပါ"

"ဩော်… ဒီလိုကိုး၊ ကွဲသွားတဲ့ဇနီးကို မမေ့နိုင်တာနဲ့ နောက်အိမ်ထောင်မပြုခဲ့ဘူးဆိုပါတော့"

"အဲဒီဇနီးကိုလဲ မမေ့နိုင်ဘူး၊ အဲဒီဇနီးနဲ့ ကွဲအောင် အပြော



www.burmeseclassic.com

www.burmeseclassic.com



ကျယ်လှတဲ့ ဟောဒီ မြစ်ပြင်ကျယ်ကြီးကိုလဲ မမေ့နိုင်ဘူး၊ အခုတော့ မြစ်ပြင်ကျယ်ကို အောင်နိုင်ခဲ့ပေမယ့် ကွဲသွားတဲ့ ချစ်သူက ဘယ်ရောက်နေမှန်းမသိလို့ပါ (သို့မဟုတ်) မကျေနပ်ပွဲ ထပ်နွှဲလိုက်ချင်သေး ဟဲ ဟဲ"

သူတို့သုံးယောက် အော်ဟစ်ရယ်မောလိုက်ကြပြန်သည်။

နောက်နှစ်ရက်အကြာတွင် ကြီးကျယ်ခမ်းနားသော တံတားဖွင့်ပွဲကြီး ကျင်းပတော့မည်ဖြစ်၍ ရှန်ဟိုင်းမြို့နှင့် ချွန်မင်းကျွန်းမြို့ရှိ လူအများ စိတ်ဝင်စားစွာဖြင့် တံတားကြီးနှင့် နီးနိုင်သမျှနီးအောင် လာ၍ လာ၍ ကြည့်နေကြသည်။ အထူးသဖြင့် ချွန်မင်းဘက်ကမ်းက လူအများပို၍ စိတ်ဝင်စားနေကြသည်။ တံတားဖွင့်ပွဲတွင် အတီးအမှုတ်၊ အကအခုန်မျိုးစုံနှင့် ပါဝင်ဆင်နွှဲကြရန် စီစဉ်လျက် ရှိသည်။ တစ်မြို့လုံးရှိ လူထုကြီးက ကမ်းလုံးညွတ် တက်ရောက် အားပေးရန်လည်း တာစူနေကြသည်။

ဒီဇင်ဘာလ ၁ ရက်နေ့တွင်မူကား နံနက်ဝေလီဝေလင်းကတည်းက ရှန်ဟိုင်းဘက်ကမ်းရှိ တံတားထိပ်မှာရော ချွန်မင်းဘက်ကမ်းရှိ တံတားထိပ်မှာပါ မြို့ခံလူထုများ ကြိတ်ကြိတ်တိုးရောက်ရှိနေကြသည်။ သတ်မှတ်နေရာများတွင် ထိုင်ခုံအပြည့် နေရာယူထားပြီးရုံသာမက ကမ်းလုံးညွတ်အောင် အများပြည်သူများက လာရောက်အားပေးလျက် ရှိကြသည်။

ဖွင့်ပွဲမင်္ဂလာ အခါတော်အချိန်ကျရောက်လျှင် ရှန်ဟိုင်းဘက်





ကမ်းမှ မဏ္ဍပ်ကြီးတွင် ပို့ဆောင်ရေးဝန်ကြီးက မိန့်ခွန်းချွေပြီး တံတားဆောက်လုပ်ရေး အင်ဂျင်နီယာချုပ်ကြီးက တံတားကြီးအကြောင်း ဟောပြောသည်။ ထို့နောက် တံတားထိပ်မှ နဖူးစီး ဆိုင်းဘုတ်များရှေ့တွင် ဝန်ကြီးက ဖဲကြိုးဖြတ်ဖွင့်ပေးသောအခါ အတီးအမှုတ်၊ အကအခုန်များနှင့်အတူ ကားများဖြင့် တံတားကို ဖြတ်ကာ ချွန်မင်းဘက်ကမ်းသို့ သွားကြသည်။

ချွန်မင်းဘက်ကမ်းတွင်လည်း လမ်းတံတားဆောက်လုပ်ရေးဝန်ကြီးက တံတားအင်ဂျင်နီယာမှူးကြီးများနှင့်တူ ရှန်ဟိုင်းဘက်ကမ်းကလာမည့်လူကြီးများကို ကြိုဆိုကြမည်။ ချွန်မင်းမြို့ခံအကြီးအမှူးများနှင့် ဂုဏ်သရေရှိ သူဌေးကြီးများ စုံညီစွာ ဖွင့်ပွဲကို တက်ရောက်လျက်ရှိကြသည်။

ချွန်မင်းဘက်ကမ်းမှ မဏ္ဍပ်တွင်လည်း ဝန်ကြီးက မိန့်ခွန်းချွေပြီးနောက် အင်ဂျင်နီယာမှူးက ဤတံတားတည်ဆောက်ရခြင်းနှင့် တည်ဆောက်ခဲ့ပုံအကြောင်း ရှင်းလင်းဟောပြောသည်။ ထို့နောက် မြို့မိမြို့ဖထဲက သက်ကြီးဝါကြီး သူဌေးကြီးက တံတားကြီး ဖြစ်ပေါ်လာသည့်အတွက် ချွန်မင်းမြို့ဘက်ကမ်းအတွက် စီးပွားရေး၊ လူမှုရေးနှင့် အုပ်ချုပ်ရေးစသည်များ မည်မျှဖွံ့ဖြိုးတိုးတက်လာမည်၊ မည်မျှ အကျိုးထူးများ ဖြစ်ထွန်းလာမည်စသဖြင့် ဝမ်းသာအားရစွာ ဟောပြောခဲ့သည်။

ထို့နောက်တွင်ကား ရှန်ဟိုင်းဘက်မှ ကူးလာသော ကားများ



www.burmeseclassic.com

www.burmeseclassic.com



ကို ကြို့ဆိုပြီး ဤဘက်ကမ်းက ပုဂ္ဂိုလ်များ၊ လူထုများနှင့်အတူ ရှန်ဟိုင်းဘက်သို့ တီးမှုတ်ကခုန်ပွဲများနှင့်အတူ လမ်းလျှောက်သွားကြသည်။

အားလုံးရောက်သွားပြီးလျှင်မူကား တံတားကြီးကို မော်တော်ယာဉ်ရော၊ မီးရထားရော၊ လူများပါ စတင် မောင်းနှင်သွားလာခွင့်ပြုလိုက်လေတော့သည်။

တံတားကြီးကို ရွှန်မင်းကမ်းဘက်မှ လူအုပ်ကြီး တိုးဝှေ့လျှောက်ခဲ့ကြစဉ်က ဝန်ကြီးနှစ်ပါးဦးဆောင်သော လူကြီးအဖွဲ့သည် ရှေ့ဆုံးမှနေ၍ တက်ကြွမြူးရွှင်သော ခြေလှမ်းများနှင့် သွက်သွက်လျှောက်လှမ်းခဲ့ကြသည်။ ထိုအထဲတွင် အသက် ၈၀ ပြည့်ပြီဖြစ်သော ရွှန်မင်းမြို့မိမြို့ဖထဲက သက်ကြီးဝါကြီးသူဌေးကြီး မော်ခေတ်တတ်သည် အရွယ်နှင့်မလိုက်အောင် တက်ကြွသောအသံနှင့် မိန့်ခွန်းပြောခဲ့သလို အရွယ်နှင့်မလိုက်သော ခြေလှမ်းသွက်သွက်များနှင့် ဝမ်းသာကြွတက်စွာ တံတားကြီးကို လူအုပ်ရှေ့ပိုင်းမှ ချီတက်သွားခဲ့သည်။

သူ့နောက်မှ အင်ဂျင်နီယာမှူး ဦးမင်းဝေသည် တံတားအကြောင်းဖြစ်ကြောင်းကုန်စင်ကို ဟောပြောခဲ့စဉ်က ကြွတက်ခဲ့သလောက် ယခုတံတားကြီးပေါ်တွင် ဖြတ်လျှောက်စဉ် သူ့ခြေလှမ်းများနှေး၍နှေး၍ လာသည်။ ထို့ကြောင့် သူ့နောက်က လူအုပ်များသည် သူ့ကို တစ်တန်းပြီး တစ်တန်း ကျော်တက်သွားကြသည်။





ဦးမင်းဝေသည် တွေဝေငေးမောစွာလျှောက်ရင်း အတိတ်ကဖြစ်စဉ်များကို အရိပ်ပမာအသစ်မြင်နေသောကြောင့် လွမ်းဆွေးကာ ရင်၌မချိအောင် ခံစားနေရသည်။

သူ့နောက် လူအုပ်ထဲတွင်လည်း သူ့ကို ခြေလှမ်းလေးသထက်လေးကန်စွာ လျှောက်လှမ်းနေသည် အမျိုးသမီးကြီးတစ်ဦး ရှိသေးသည်။ ချောမောခန့်ညားခဲ့ဖူးသော အမျိုးသမီးကြီး၏ မျက်နှာသည်လည်း ညှိုးရော်ရော် ငိုင်ငေးငေးရှိလိုက်ပုံများ သူ့ဘေးဝဲယာရှေ့နောက်မှ အလွန်ကြွတက်မြူးထူးနေသည့် လူထုကြီး၏ ပုံရိပ်နှင့် ဖီလာဆန့်ကျင်ဖြစ်နေသည်။

တိုးဝှေ့သွားလာနေသည့် လူအုပ်ကြီးထဲ၌ရောပါနေသူတို့သည် မြန်ချင်တိုင်းမြန်၍ မရသလို၊ နှေးချင်တိုင်းနှေး၍လည်း မရသည့် ခမ္မတာရှိသည်။ လူအုပ်၏အသွားနှုန်းအတိုင်း မျောလိုက်တတ်မှ လိုရာခရီးကို အဆင်ပြေရောက်တတ်သည်။ မြန်လွန်းပါက သူများကို တိုက်မိ၍ စိတ်ဆိုးခံရတတ်သည်။ နှေးလွန်းပါက သူများကို ပိတ်ဆို့သကဲ့သို့ဖြစ်၍ အတိုက်အတွန်းခံရနိုင်သည်။

ယခု ဦးမင်းဝေဖို့ ကျော်တက်သူများ၏ အတွန်းအတိုက်ခံရပါများခြင်း၊ ပိတ်ရကောင်းလားဟု မလိုတမာ ဘုကြည့်ကြည့်ခံရဖန်များခြင်း စသည်တို့ကြောင့် သူ့အဖြစ်ကို အသိတရား ပြန်ဝင်ကာ လူအုပ်ကြီး၏ အရှိန်နှုန်းနှင့်အညီ လိုက်လျှောက်ရပြန်သည်။ ထိုအခါ သူ့နောက်ခပ်လှမ်းလှမ်းမှ သူ့လို နှေးကွေးစွာလျှောက်နေသည့် အမျိုးသမီးနှင့် ကြာလေ ဝေးလေ ဝေးသွားခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကမူ အတွန်းအတိုက်ခံရဖန်များလာ၍ ဘေးသို့ ဖယ်က တံတားလက်ရန်းဘောင်ကို အသာကိုင်၍ ရပ်ကျန်ခဲ့တော့ သည်။

မြစ်ပြင်ကိုဖြတ်၍တိုက်လာသော ဆောင်းလေသည် အေးစိမ့် နေသည်။ အမျိုးသမီးသည် ပွဲတက်ကုတ်ဝတ်စုံရိုးရိုးနှင့်မို့ သာမန် အားဖြင့် ဤမျှအအေးဒဏ်ကို ခံနိုင်ဖို့မလွယ်။ ယခုမူ သူ့တွင် ရင်တွင်းက အပူရှိန်ထွက်ဟတ်နေ၍ ပြင်ပမှ အအေးဒဏ်ကို ခံနိုင် ရည်ရှိနေဟန်တူသည်။

နောက်မှ ဘေးမှ လူအုပ်ကြီးက ဆူဆူညံညံသွားနေသည်။ မြစ် ပြင်မှ လှိုင်းများကို ငေးကြည့်နေသည့် အမျိုးသမီးသည် လူအုပ်ထံမှ ဆူညံသံကိုမကြား။ သူ့သောတာရုံတွင် အသံတစ်သံကြားနေသည်။ တေးသံဖြစ်နေ၏။

ကိုယ် ထားခဲ့တဲ့ကာတိတွေ ...မမေ့ပါခင်သူရေ ...အခါ သင့်ရင် ...မနေးပင် တကယ်လာမလေ ...ကိုယ်တကယ် ...အဲဒီစိတ်ရှိပေ...

မော်နမမဒီ ...မော်နမမဒီငယ်ရေ ...အလွမ်းပြေလေး ...တစ် ခေါက်တော့ အရောက်လာခဲ့ဦး ...မလေ ...

ယန်စီလှိုင်းများကရယ် ...တစ်ဆင့်ပြောကြားတော့လေ ...မော်နမဆီ မော်နမဆီနယ်မြေ ...အလွမ်းပြေလေး ...တစ်ခေါက် တော့ အရောက်လာခဲ့ဦး ...မလေ။

(ရွှေမော်သခင်မလေးရေ ...ရွှေမြို့ နမလေးရေ)၂ ယန်စီကို





အမှတ်ရမှ ရွှေမျက်ရည်ဝဲကာ ခါခါလည် ...မေ့ဘူး မေ့ဘူး ...မေ့ဘူး သဲညာရေ ...

ကြားယောင်နေသော တေးသွားကို အမျိုးသမီးက ပါးစပ် ကလေးလှုပ်ပြီး အသံထွက်အောင် လိုက်ဆိုနေသေးသည်။

ရွှန်မင်းမြို့ဆီ မြိုင်ခြေရိပ်မှာ နောင်ပျော်စကားတွေ သွက်စွာ တောင်ပေါ်ဘုရားတွေထက်မှာ သူရယ်မေရယ် ...ချွေးသီးလေးတွေ ကျတဲ့ထိအောင် ...တူယှဉ်လည်ကာဖူး ...မြူးပျော် မဆုံးပေ... အတိတ်ဘဝက အရိပ်လိုပမာလေ ...တစ်ခေါက်တော့ အရောက် လာပါကိုရေ...ရွှန်မင်းတံတားထိပ်က ကြိုကြို ကြိုနှင့်ပါတော့ မလေ...

အမျိုးသမီးကြီး လက်ရှိဘဝနှင့် ပတ်ဝန်းကျင်နှင့် မည်မျှကြာ အောင်ကင်းကွာပြီး အတိတ်ဖြစ်စဉ်များဆီသို့ လွင့်မျောသွားခဲ့သည် မသိ။ သူ့ဘေးမှကားများ ဖြတ်ကျော်စပြုလာသည်။

မြန်းဆို သူ့ဘေးသို့ ကားကြီးတစ်စီး ညင်ညင်သာသာ ရပ် လာ၏။

"မော်သခင်မလေး ဆက်မလိုက်နိုင်လို့ ဒီနားက ရပ်စောင့်နေ တာလား၊ အပြင်မှာ ဒီလို ရပ်နေတော့ အရမ်းချမ်းမှာပေါ့ ... လာ... လာ ကားပေါ်တက်ပါ"

ဒရိုင်ဘာကြီးက မော်တော်ယာဉ်ပေါ်မှ ခုန်ဆင်းပြီး သူတို့ သခင်မလေးအတွက်ကား နောက်ခန်းတံခါးကို ဖွင့်ပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ မြိုင်က ဒီမနက်ကမှ တိဘက်က ရောက်လာတာ၊ ဟိုမှာက အစုရှိန်ဆို ဒီထက်အများကြီး ပိုအေးလို့ ဒီက အအေးဒဏ်ကို ခံနိုင်ပါတယ်၊ ကျေးဇူးပဲ ဦးလီဖူး"

မော်ခေတ်နန်းမြိုင် သူ့ကို လာကြိုသောကားကြီးပေါ်သို့ တက်လိုက်သည်။ သူ ဤတံတားဖွင့်ပွဲကိုအမီ အဝေးကြီးက အပြေးလာခဲ့ရသည်။ မီးရထားတစ်တန်၊ လေယာဉ်တစ်တန် ဖွင့်ပွဲစရိုန်ကို မီရုံကလေး ရောက်ခဲ့သည်ပဲ။ ဟို ယန်စီမြစ်များ ကန်ကြည်ယာကြူပါ ကျောက်စွန်းအောက်က စီးဆင်းလာသည့် ရေခဲမြစ်လက်တက်ငယ် နှစ်ခုစီးဝင်ရာ တူအိုတူအို မြစ်ကမ်းဘေးကနေ မိုင်ပေါင်း ထောင်ချီဝေးသည့် ယန်စီမြစ်ဝသို့ ခရီးနှင်ခဲ့သည်မဟုတ်လော။

ယခု နန်းမြိုင်ခေါ် ဒေါက်တာမော်ခေတ်နန်းမြိုင်သည် တစ်မိုင်နှင့် နှစ်ဖာလုံခွဲကျော် ရှည်သည့် ယန်စီမြစ်ဝကူး တံတားကြီးပေါ်တွင် မိုင်ဝက်ခန့် လမ်းလျှောက်ခဲ့ပြီး ဖြစ်သည်။ ကျန် ၆ ဖာ လုံကျော်ခရီးကိုတော့ ကားနှင့် ဆက်လာခဲ့လေသည်။

"ကားကို ဖြည်းဖြည်းလေးမောင်းပါ ဦးလီဖူး၊ အနေးလိုင်းက ကပ်မောင်းနော်"

ထို့ကြောင့် သူစီးလာသောကားသည် လူ လမ်းလျှောက်သလောက်သာသာနှင့် တံတားကြီးကို အေးအေးဆေးဆေး ဖြတ်ကျော်နေသည်။ ကားများသည် ပထမဆုံးအဖြစ် ဤတံတားကြီးကို ဖြတ်မောင်းခွင့်ရသောကြောင့် အများအားဖြင့် ဖြည်းဖြည်းမောင်း





နေကြသည်။ ကားတွေ တစ်စ, တစ်စ များလာသော နောက်ဝယ် လူတွေလျော့နည်း၍လာသည်။

တံတား၏ ဟိုမှာဘက်ထိပ်တွင် လူကြီးတစ်ယောက် တံတားလက်ရန်းကိုကိုင်ကာ မြစ်ပြင်ဆီသို့ တွေဝေငေးမောစွာ ရပ်ကြည့်နေသည်။ တစ်ယောက်ထီးတည်းပင်။

လောင်းကုတ်အင်္ကျီရှည် ပွပွကြီးဝတ်ထားသည်။ ဖိုင်ဘာ ဦးထုပ်ကြီးဆောင်းထားသည်။ ကျောဘက် ခပ်စောင်းစောင်းမှ မြင်ကွင်းအရ သူသည် ဤတံတားကိုဆောက်ခဲ့သော အင်ဂျင်နီယာကြီး တစ်ယောက်ပုံမျိုးဟု မြင်ရသူ ကားပေါ်ကအမျိုးသမီး ထင်မိသည်။

သူဆောက်ခဲ့သော တံတားကြီးပေါ်မှ ကျယ်ပြန့်သည့်မြစ်ဝ ပြင်ကျယ်ကို ရှုမောရင်း ဒီမြစ်ကြီးကို သူ အောင်နိုင်ခဲ့ပြီ ဟူသော ပီတိအဟုန်ဖြစ် ကျေနပ်အားရနေပုံလားမသိ။

ဒေါက်တာ မော်ခေတ်နန်းမြိုင်စီးလာသည့်ကား တံတားထိပ်ကိုကျော်ပြီး ရှန်ဟိုင်းမြို့ဘက်သို့ ဦးတည်ခဲ့သည်။ ချဉ်းကပ်လမ်း မိုင်ဝက်ကျော်ကို မောင်းခဲ့ပြီးနောက် ခရေပွင့်ပုံလမ်းဆုံအရောက် နောက်ပြန်ကွေ့၍ လာလမ်းအတိုင်း တံတားကြီးပေါ်တက်ခဲ့ပြန်သည်။ သူ ရွှန်မင်းဘက်ကမ်းကို ပြန်မည်ပေါ့။

တံတားထိပ်ကိုကျော်လာခဲ့သည်။ သူ့ကားရှေ့မှ လူသွားစကြံနံတွင် လူတစ်ယောက် ရွှန်မင်းဘက်ကို လျှောက်နေသည်။ လောင်းကုတ်ကြီးနှင့် ဖိုင်ဘာဦးထုပ်ကြီးနှင့် စောစောက ဟိုဘက်ထိပ်တွင် တွေ့ခဲ့ရသော လူကြီးပေပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေစဉ် ထိုလှူကြီး ခဏရပ်သွားသည်။ တံတားလက်ရန်းကိုထောက်၍ မြစ်ပြင်ထဲဆီသို့ မျှော်ကြည့်ငေးမောနေပြန်သည်။

လမ်းလျှောက်ရတာ ညောင်း၍ ဖြစ်နိုင်သည်။ ဟိုချွန်မင်းဘက်ကမ်းအရောက် ဆက်လျှောက်ပါက တစ်မိုင်ကျော်ဝေးသေးသည်။

ကားကြုံလိုက်မလားဟုမေးလျှင် ကောင်းမည်။ ဒေါက်တာနန်းမြိုင် ဤသို့တွေးပြီး ကားကိုရပ်နိုင်း၍ အသာကြည့်သည်။ ကျောပေးနေသည့် လှူကြီးက သတိထားမိပုံမပေါ်။

သူ့နောက်နားတွင်ကပ်၍ ရပ်လာသည့်ကားကြီးတစ်စီးလုံးကိုမှ သတိမမူပုံထောက်တော့ သူ့အာရုံနှင့်သူ ဖြစ်မည်။ ရှိစေတော့။ သူ့ဟာနှင့်သူ ရှိစေတော့ဟု ဒေါက်တာနန်းမြိုင် တွေးလိုက်စဉ် ...

အသံတစ်သံ ထွက်ပေါ်လာသည်။

ဘာသံပါလိမ့်။

တေးသံ သီချင်းဆိုသံ။

လှူကြီးထံမှ ထွက်လာသည့် သီချင်းသံ။

"ကိုယ် ထားခဲ့တဲ့ကတိတွေ ...မမေ့ပါခင်သူရေ ...အခါသင့်ရင် မနေးပင် တကယ်လာမလေ ...ကိုယ်တကယ် အဲဒီစိတ်ရှိပေ ..."

ဒေါက်တာနန်းမြိုင်၏ကိုယ်ကလေး တောင့်သွားသည်။ ခေါင်းထဲတွင် ဖိန်းခနဲ ရှိန်းခနဲ ဖြစ်သွားသည်။ နှလုံးသားက ပို၍ ခုန်လာသည်။ ခုန်နှုန်းမြန်လာသည်။





"မော်နမ မဒီ ...မော်နမ မဒီငယ်ရေ ...အလွမ်း ပြေလေး ...တစ်ခေါက်တော့ အရောက်လာခဲ့ဦး မလေ"

ဒေါက်တာနန်းမြိုင် ပို၍ အာရုံစိုက်ရင်း ထူပူသလို ဖြစ်သွားသည်။

"ယန်စီလှိုင်းများကလည်း တစ်ဆင့်ပြောကြားတော့လေ ... မော်နမဆီ မော်နမဆီနယ်မြေ ...အလွမ်းပြေလေး ...တစ်ခေါက်ဖြင့် အရောက်လာခဲ့ပြီ... ပေါ့ မေ ..."

ဒေါက်တာနန်းမြိုင် အသက်ဝင်လာသည်။ ကားတံခါးကို ဖွင့်လိုက်သည်။

"(ရွှေမော်သခင်မလေးရေ ...ရွှေမြိုင်နှမလေးရေ)၂ ယန်စီကို အမှတ်ရမှ ရွှေမျက်ရည်ဝဲကာ ခါခါပေ ...မေ့ဘူး မေ့ဘူး မေ့ဘူး သဲညာရေ ..."

ဒေါက်တာနန်းမြိုင် မျက်ဝန်းထဲ၌ မျက်ရည်များဝိုင်းလာသည်။ မျက်လုံးထောင့်စွန်းမှ ပေါက်ခနဲ ပေါက်ခနဲ မျက်ရည်နှစ်ပေါက် ကျလာ၏။

သူ ကားပေါ်မှ ဆင်းလိုက်သည်။ တံတားတာလမ်းပေါ် ခြေစုံရပ်မိသည်။ ထိုစဉ်၌ သူ တစ်စုံတစ်ရာကို ရုတ်ချင်းပြေးသတိရသည်။ ထို့ကြောင့် ကားပေါ် ပြန်တက်လိုက်သည်။

"ဦးလီမူး ..."

တိုးတိုးခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူ့စလင်းဘက်ထဲက တိပ်ခွေတစ်ခွေကို ထုတ်ယူပြီး ဒရိုင်ဘာကို ကမ်းပေးကာ ...

"အဲဒီတိပ်ခွေကို ထည့်လိုက်၊ အသံ ကျယ်ကျယ်လေးဖွင့်ပေး"

ဟု ပြောလိုက်သည်။

"အဲဒီ ရှေ့ခန်းက တံခါးမှန်ကို ချပေးဦး"

ဒရိုင်ဘာလည်း ဘုမသိဘမသိ မော်သံခင်မလေး ခိုင်းသည့်အတိုင်း မြန်မြန်လုပ်လိုက်သည်။

"ကျွန်မင်းမြို့ဆီ မြိုင်ခြေရိပ်မှာ ...နောင်ပျော်စကားတွေ သွက်စွာ...တောင်ပေါ်ဘုရားကျောင်းတွေထက်မှာ...မေရယ် ကိုယ်ရယ်...ချွေး‌ေါးလေးတွေကျတဲ့ထိအောင်... တူယှဉ်လည်ကာဖူး... မြူးပျော်မဆုံးပေ ..."

ကားထဲမှ ကက်ဆက်သံကျယ်ကျယ် လွင့်ပျံထွက်ပေါ်လာသောကြောင့် ကျော်ပေး၍ မြစ်ပြင်ကို ငေးကြည့်ပြီး သီချင်းညည်းနေသောလူကြီး အသံတိတ်သွားသည်။ တစ်ချက်ပင် တုန်ခါသွားသည်။

"အတိတ်ဘဝက အရိပ်လိုပမာလေ... တစ်ခေါက်တော့ အရောက်လာမယ်လေ... ကျွန်မင်းသဘော်ဆိပ်မှ ..."

လောင်းကုတ်နှင့်လူကြီး ရှာခနဲ ပြန်အလှည့် ...

"ကျွန်မင်းတံတားဆိပ်က ကြို... ကြို... ကြိုနှင့်ပါတော့မလေ..."





ကားပေါ်က ဒေါက်တာ နန်းမြိုင် သူ့အသံလွင်လွင်နှင့် ကျယ်ကျယ်ကလေး လိုက်ဆိုပစ်လိုက်သည်။

နောက်ပြန်လှည့်လာသော ဦးမင်းဝေသည် ကားဆီသို့ လက်ညှိုးကြီး ငေါက်ငေါက်ထိုးကာ ...

"ဒီ ...ဒီ ...ဒီတေးသွားဟာ ကျွန်တော့်ရဲ့ဝိညာဉ်ပါပဲ၊ အဲဒါကို ဘယ်ကရပါသလဲ"

အသံတုန်တုန်ကြီးဖြင့် မေးလာသောကြောင့် ကားနောက်ခန်းမှ ဒေါက်တာနန်းမြိုင်သည် ကားတံခါးကိုဖွင့်၍ ခုန်ဆင်းလိုက်လေသည်။

"အဲဒီ တေးသွားဝိညာဉ်ဟာ ကြားလေတိုင်း ကြားရလေတိုင်း ကျွန်မအဖို့ ဒီဝိညာဉ်က အသွေးထဲအသားထဲကနေပြီး နှလုံးသားထဲအထိ ခိုဝင်ကိန်းအောင်းလာတာကြောင့် ဖျတ်ဖျတ်လူးအောင် ခံစားနေရတဲ့ တေးသွားဝိညာဉ်ပါပဲပေါ့ရှင်"

ဒေါက်တာနန်းမြိုင်၏ အသံတုန်တုန်ကလေးကိုကြားရသော် ဦးမင်းဝေသည် ကားပေါ်မှဆင်း၍ ရပ်လာသည့် အမျိုးသမီးကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီးနောက် ...

"နန်းမြိုင် ...နန်းနွယ်၊ နှမတော်လေးပဲ မဟုတ်ဘူးလား"

ဟု ဆိုကာ ခြေလှမ်းကျဲကျဲဖြင့် ရှေ့သို့ တစ်ဟုန်ထိုး တိုးလာပေတော့သည်။ နန်းမြိုင်ကလည်း ...

"အစ်ကိုတော်"



www.burmeseclassic.com

www.burmeseclassic.com



ဟု တစ်ခွန်းတည်းသာ ပြန်ခေါ် နိုင်ပြီး ရှေ့သို့ တိုးကပ်သွားလေသည်။ ပ်သွားသည်နှင့် နှစ်ဦးသား တအားဖက်လိုက်ပါတော့သည်။

သူတို့ဘေးက တဝေါဝေါ ဖြတ်မောင်းသွားနေသော ကားသံကိုလည်း မကြားတော့ တံတားအောက်မှ ယန်စီမြစ်ဝ၏ လှိုင်းပုတ်သည့်အသံကိုလည်း မကြားတော့ပေ။ မြစ်ပြင်ကျယ်မှ အေးစိမ့်စွာ တိုက်ခိုက်လာသော လေနုအေးရဲ့ ဒဏ်ကိုလည်းမသိတော့။ တစ်ဦးကို တစ်ဦး နွေးထွေးစွာ အတိုးချ၍ ပွေ့ဖက်ရင်း တစ်လောကလုံးကို တစ်ခဏတာ မေ့သွားကြပါတော့သည်။

ထို့နောက် နှစ်ဦးအတူ ယှဉ်တွဲ၍ တံတားလက်ရမ်းကိုမှီကာ ရှေ့တူရူရှိ ယန်စီမြစ်ဝမြစ်ပြင်တစ်ကြောကို ရှုမောနေကြပါတော့သည်။

"ကြည့်လိုက်စမ်း အစ်ကိုတော်၊ ဒီလောက်ကျယ်ပြောတဲ့ ယန်စီမြစ်ဝကြီး ခြားနေခဲ့တာကြောင့် အစ်ကိုတော်နဲ့ နှမတော် ဖြတ်ပြေးလေတိုင်း မလွတ်တမ်းအခွဲခံခဲ့ရတယ်"

"ဒီနေ့တော့ အခုတော့ ဒီမြစ်ကျယ်ကြီးကိုဖြတ်ပြီး ဟောဒီတံတားကြီးကို အစ်ကိုတော်တို့ ကိုယ့်ခြေကိုယ့်လက်နဲ့ တည်ဆောက်နိုင်ခဲ့ပြီနော်၊ ဒီမြစ်ပြင်ကျယ်ကြီးကို အောင်နိုင်လိုက်ပြီ၊ ဒီတစ်ခါတော့ နှမတော်ကို ဒီတံတားပေါ်ကနေ ကားကြီးပေါ်တင်ပြီး ခေါ်သွားမယ်ဆိုရင်ပေါ့။ ဘယ်သူလိုက်လို့ မီနိုင်ပါတော့မလဲနော်"





"အို… အစ်ကိုတော်က အပိုင်ပြောလိုက်တာနော်၊ နှမတော်က ခေါ်တိုင်းလိုက်ရမယ့်အရွယ်တွေ မဟုတ်တော့ဘူးလေ"

"မြစ်ရေပြင်ကြီးဖြတ်ပြီး စပိဘုတ်ကလေးနဲ့ အမြန်ဆွဲခေါ်တာတောင် ကြိုးတစ်ချောင်းကိုဆွဲပြီး ရေလျှာလျှောစီး စွန့်စား လိုက်ပါခဲ့သေးမှတော့ ကားနဲ့ ခေါ်ရင် မလိုက်ဘဲနေပါ့မလား ပြောပါဦး နှမတော်"

"အဲဒါကတော့ ဟိုတုန်းက ငယ်ငယ်ရွယ်ရွယ်မိုက်ရူးရဲမို့ အရမ်းစွတ်ပြီး မဆင်မခြင်လုပ်ခဲ့ကြတာလေ သိရဲ့လား"

"ဒါဆိုရင်လဲ ယခု နှလုံးအထူးကုပါရဂူ ဆရာဝန်မကြီးကို တံတားဆောက်လုပ်ရေး ပါရဂူ အင်ဂျင်နီယာကြီးက ခေါ်သွားမယ်ဆိုရင် ဘယ်လို သဘောရသလဲ"

"မမိုက် …မရူး …မရဲဘဲနဲ့ ခပ်တည်တည်ကလေး အိမ်ခြေရရလိုက်ဖို့ အဆင်သင့်ပဲလေ"

ထိုစကားကြောင့် ချစ်သူနှစ်ဦး ခေါင်းကိုမော့ကာ လွတ်လွတ်လပ်လပ် ရယ်မောမိကြပါတော့သည်။

✦ ✧ ✦



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၈)

## အိပ်မက်တံတားများ

## နှင့်

## ဂမ္ဘီရနိဂုံး

ထိုနေ့ညတွင် ရွှန်မင်းကျွန်းပေါ်၌ အချမ်းသာ အကြွယ်ဆုံးဖြစ်သော သူဌေးကြီး မော်ခေတ်တပ်က တံတားကြီးကို တည်ဆောက်ကြသော အင်္ဂလိပ်ချုပ်ကြီးနှင့်တကွ အင်ဂျင်နီယာ အားလုံးနှင့် တည်ဆောက်ရေးအလုပ်သမား ဝန်ထမ်းများအားလုံးကို ဂုဏ်ပြု ညစာစားသုံးရန် အထူးဖိတ်ကြားထားလေသည်။

မော်စံအိမ်တိုက်ကြီး၏ ရှေ့တွင်ရှိသော မြက်ခင်းပြင်ကြီးတွင် ကြီးကျယ်ခမ်းနားလှပသော ညစာစားပွဲကြီးကို ကျွေးမွေးတည်ခင်းရန်အတွက် ညနေပိုင်းတွင် ပြင်ကြဆင်ကြနှင့် အလုပ် အထူးရှုပ်လျက် ရှိပါတော့သည်။





မော်စံအိမ်တိုက်ကြီး၏ ဧည့်ခန်းကျယ်ကြီးထဲတွင်မူ သူဌေးကြီးမော်၏ မိသားစုစုံညီစွာတို့သည် ထိုနေ့နံနက်က ကျင်းပခဲ့သော တံတားကြီးဖွင့်ပွဲ၏အကြောင်းကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးလျက်ရှိသောကြောင့် ဝိုင်း၍ ထိုင်ကြည့်နေကြသည်။

ရှန်ဟိုင်းဘက်ကမ်းမှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသော ပုံများအထိ ပြသပြီးနောက် ရွှန်မင်းဘက်ကမ်းအကြောင်းကို ဆက်လက်ပြသနေသည်။ ဝန်ကြီး မိန့်ခွန်းပြောကြားပုံကို ပြသပြီးနောက် ဤတံတားကြီး ဆောက်လုပ်ရသည့်အကြောင်းနှင့် ဆောက်လုပ်ခဲ့ပုံအကြောင်းများကို ဝေဝေဆာဆာ အင်ဂျင်နီယာမှူး ဒေါက်တာဦးမင်းဝေက ရှင်းလင်းပြောကြားနေပုံကို ထုတ်လွှင့်လျက်ရှိသည်။

"အဲ...အဲဒါပြီးရင် ပါပါးမိန့်ခွန်းချွေတဲ့အလှည့်ရောက်တော့မယ်"

မော်ခေတ်ပိန်က သူ့အဖေအကြောင်း ကြိုတင်၍ မှတ်ချက်ပေးနေစဉ် မော်ခေတ်စိန်က ရုပ်မြင်သံကြားဖန်သားပြင်ကို လက်ညှိုးထိုးပြီး တအံ့တဩ အော်ပြောပါတော့သည်။

"ခဏ ...ခဏ၊ နေပါဦး မင်းကလဲ ဟိုမှာကြည့်လိုက်စမ်း၊ အခုပြောနေတာ ဘယ်သူလဲ သိရဲ့လား"

"တံတားဆောက်တဲ့အင်ဂျင်နီယာမှူးပေါ့ကွ အစ်ကိုကြီးကလဲ"

'အေးပါ အဲဒီ အင်ဂျင်နီယာမှူးဆိုတာ ဒေါက်တာ မင်းဝေတဲ့ ကြေညာသွားသံ ကြားလိုက်သလိုပဲ၊ ပါးပါးတို့ကော မကြားလိုက်ဘူးလား၊ သေသေချာချာ ကြည့်ပါဦး၊ အခု ပြောကြားနေတာ မင်းဝေ



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ မင်းဝေမှ မင်းဝေအစစ်"

"အင်း ဆံပင်ကို ပြောင်နေအောင် နောက်လှန်ဖြီးထားတဲ့ပုံက တော်တော်ပိုက်တယ်၊ ပြီးတော့လဲ တော်တော်လဲ ခန့်ညားတဲ့ပုံ ပေါက်နေတော့ ရုတ်တရက် ဖမ်းလို့မမိဖြစ်နေတယ်၊ မာမားရော ဒီပုံကို မှတ်မိရဲ့လား"

"သားတို့ပြောမှ သေသေချာချာ ကြည့်မိတော့တယ်၊ မင်းဝေက ဒေါက်တာဘွဲ့တွေရတဲ့ အင်ဂျင်နီယာမှူးကြီးတောင် ဖြစ်နေပါရော့လား၊ ဒီသူငယ်လေး ခန့်ပြီးချောမောလာလိုက်တာ မားမားဖြင့် ရုတ်တရက် မမှတ်မိချင်ဘူးဖြစ်နေတယ်"

"ငါ မှတ်မိပြီ၊ မင်းဝေကို ငါ မှတ်မိပြီ၊ တို့ရဲ့ ချွန်မင်းရှန်ဟိုင်း မြစ်ကူးတံတားကြီးကို အစိက ပါဝင်တည်ဆောက်ခဲ့တာ အင်ဂျင်နီယာမှူး မင်းဝေလဲ ပါနေတာကိုး၊ သူက ဒေါက်တာဘွဲ့တွေ ဘာတွေနဲ့ဆိုတော့ ဒီတံတားကြီး တော်တော်ကောင်းမှာပဲနော်"

"ပြော့်... ဒီကလေးနှယ် ပျောက်ကွယ်သွားလိုက်တာ ပေါ်လာတော့လဲ တို့မြို့နဲ့ တို့လူထုကို အကျိုးပြုတဲ့ တံတားဆောက် အင်ဂျင်နီယာကြီးအဖြစ်နဲ့ ပြန်တွေ့ရပါလား"

အော်ကျင်မြိုင်က ဤသို့ မှတ်ချက်ပေးရင်း ငြိမ်ငြိမ်လေးထိုင်နေသော သမီးလေးနန်းမြိုင်ရဲ့ပခုံးကို ပုတ်၍ မေးလေတော့သည်။

"ဟော့ သမီးလေး ငြိမ်ချက်သားကောင်းလှချေလား၊ သမီးကရော အခုလို ဒီပုံစံနဲ့ ပြန်မြင်တွေ့ရတော့ မမှတ်မိဘူးဖြစ်နေတာလား"





"ဟာ မာမားကလဲ သားတို့တောင် မှတ်မိနေတာ ညီမလေး မမှတ်မိဘူးဆိုတာ မဖြစ်နိုင်ဘူး၊ သူက သူ့လူကို သားတို့ မှတ်မိသွားပြီး အဖြစ်ပြောမှာစိုးတာကြောင့် ငြိမ်ငြိမ်လေးထိုင်ကြည့်နေတာ မဟုတ်ဘူးလား ညီမလေး"

မော်ခေတ်နန်းမြိုင်သည် ဆိုဖာပေါ်တွင် ငြိမ်ငြိမ်လေးထိုင်နေရာမှ မတ်မတ်ကလေးပြင်ထိုင်ပြီး ခပ်ပြတ်ပြတ်အသံနှင့် မေးလေတော့သည်။

"ကဲ အခု အဲဒါ အစ်ကိုမင်းဝေမှန်း အားလုံးသိကြပြီ၊ သူ အခု ဒီကိုရောက်နေပြီ၊ သူ့ကို ဘယ်လိုမြင်သလဲ ပြောကြပါဦး"

"ဟုတ်တယ်၊ ဒီနေ့ည ညစာစားပွဲမှာ သူလဲပါမှာပဲ၊ မကြာခင် သူလဲ ဒီအိမ်ကို ရောက်လာမှာပဲ၊ အဲဒါ ပါပါးတို့ ဘယ်လိုဆက်ဆံချင်ကြပါသလဲ၊ သားတို့ သိချင်တယ်"

သားကြီးဖြစ်သူ မော်ခေတ်စိန်က မိဘနှစ်ပါးရဲ့ သဘောထားကို ကောက်ကာမေးပါတော့သည်။

မိခင်ဖြစ်သူ အော်ကျင်မြိုင် ချက်ချင်းအဖြေပေးနိုင်၏။

"စဉ်းစားကြည့်စမ်း၊ ဟိုအရင်အခါက သမီးလေးကို သဘောကျနေတဲ့ သူငယ်နှစ်ယောက်ဟာ သားတွေရဲ့ သူငယ်ချင်းတွေလဲဖြစ်၊ ဒိတ်ဒိတ်ကြဲ ဂုဏ်ရည်တူ မိဘတွေရဲ့သားတွေလဲဖြစ်လို့ မာမားတို့က သဘောတူခဲ့တယ်၊ သူစိမ်းအဖြစ်အသစ်ဝင်လာတဲ့ မင်းဝေကို ဘယ် လက်ခံနိုင်မှာလဲ၊ သူက သာမန်အင်ဂျင်နီယာလေး တစ်ယောက်ပဲ"

www.burmeseclassic.com



သူဌေးကြီးမော်က ဖြည့်စွက်ပြောသည်။

"အေး ပြီးတော့ သူက အုကြောင်ကြောင်နဲ့ ဂမ္ဘီရဆန်ဆန်တွေနဲ့ သမီးကို ဝင်ရောပုံက ပတ်ဝန်းကျင်တစ်မျိုးမြင်စရာ ဖြစ်ခဲ့တာကိုး"

"ဘာပဲဖြစ်ဖြစ် အဲဒီတုန်းက ဟိုဝူကျင်ကွေ့တို့ကို အထင်ကြီးခဲ့ပေမယ့် သူတို့က သူဌေးသားပီပီ ပေါ့ပေါ့နေ ပေါ့ပေါ့စား၊ ခေတ်ပညာလဲ ကောင်းကောင်းမတတ်ကြဘူး၊ ပြီးတော့ ရမ်းရမ်းကားကားလုပ်လို့ ဟိုးလေးတကြော်ကြော် ဖြစ်ခဲ့ရပြီ၊ အရေးအကြီးဆုံးက သမီးလေးပဲ၊ သူက အဲဒီနှစ်ယောက်ကိုသာ မကြိုက်ခဲ့တာမဟုတ်ဘူး။ မင်းဝေက လွဲပြီးနောက်ပိုင်း ဘယ်သူနဲ့ ပေးစားဖို့ ကြိုးစား ကြိုးစား သမီးလေးက လက်မှမခံဘဲ၊ ဖွတ်ငြင်းခဲ့လို့ အခုလို အပျိုဟိုင်းကြီးဖြစ်နေတာ၊ ကိုင်း အခု သမီးလေးကလဲ နှလုံးအထူးကု ဆရာဝန်မကြီး၊ မင်းဝေကလဲ လမ်းတံတားပါရဂူဘွဲ့ရ ဒေါက်တာပါရဂူအင်ဂျင်နီယာမှူးဆိုတော့ ရွှေသွားနောက်လိုက် ညီပါတယ်၊ သမီးက စိတ်မကုန်သေးလို့ လက်ခံမယ်ဆိုရင် မာမားတို့က ငြင်းစရာမရှိပါဘူး။ ဟုတ်တယ်နော် ပါပါးကြီး"

"အေးပါကွာ၊ တို့မြို့နဲ့ တို့လူထုသာမက နိုင်ငံတော်ကိုပါ အကျိုးပြုလုပ်ငန်းလုပ်ကိုင်နေတဲ့ ဒေါက်တာပါရဂူ အင်ဂျင်နီယာမှူးတစ်ယောက်ကို သမက်အဖြစ်တော်ရတာ ဂုဏ်ရှိပါတယ်ကွာ"

"ဒါဆိုပြီးရော၊ ဒီည သူ ဒီကိုလာရင် ပြဿနာမရှာကြနဲ့နော် အစ်ကိုကြီးတို့"





"အေးပါ ညီမလေးရာ၊ ပြဿနာမရှာတဲ့အပြင် ကောင်းကောင်းမွန်မွန်ဆက်ဆံပါ့မယ် ဟုတ်ပြီလား"

ယခုတော့ မော်ခေတ်နန်းမြိုင် စိတ်အေးချမ်းသာရလေပြီ။

မကြာမီ ညဦးပိုင်းသို့ ရောက်လာသည်။ ညစာစားပွဲ ကျင်းပရာ မော်စံအိမ်ကြီး၏ မြက်ခင်းပြင်သို့ ဧည့်သည်တော်ကြီးများ ရောက်လာကြ၍ မိသားစုက အပေါက်ဝမှ ဆီးကြိုကြပြီး ဧည့်ကြိုများက ဆိုင်ရာဆိုင်ရာ အသီးသီးသို့ ခေါ်ဆောင်နေရာချပေးလျက်ရှိသည်။

ဂိုက်နှင့် ဆိုက်နှင့် ရှိုးနှင့် မိုးနှင့် ဝတ်စားဆင်ယင်ထားသော အင်ဂျင်နီယာမှူး ဒေါက်တာမင်းဝေကို အင်ဂျင်နီယာကြီး ချမ်းခိုင်စဝန်းနှင့် ဇနီး ဒေါက်တာ ကျန်းမေလီတို့က ခေါ်ဆောင်လာကြသည်။

"လာပါ ...လာပါ၊ သူငယ်ချင်းတို့"

ဒေါက်တာ မော်ခေတ်နန်းမြိုင်က သူ့သူငယ်ချင်း မေလီတို့ကို ဝတ်ကြေတန်းကြေခေါ်ပြီးနောက် "လာ ...လာ အစ်ကို တော်" ဟု တိုးတိုးလေး ဒေါက်တာမင်းဝေကို ခေါ်သည်၊ လက်မောင်းကြီးကို အသာကလေး ဝင်ချိတ်၍ ခေါ်သည်။

ပထမ မေလီတို့ အံ့သြသွားသလို ဒေါက်တာမင်းဝေလည်း အန်းသွားသည်။ နောက်တော့ အခြေအနေမှန်ကို သိလိုက်ကြသည်။

"အစ်ကိုလေး အစ်ကိုလေး၊ ဟောဒီမှာ အစ်ကိုတော် ..."

"အေးဟေ့၊ လာလာ ဒေါက်တာမင်းဝေ၊ မတွေ့တာကြာပြီနေကောင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကောင်းပါတယ်၊ အစ်ကိုကြီး အစ်ကိုလေးနဲ့ ပေ့ပေ့တို့ အိအိတို့လဲ နေကောင်းကြပါရဲ့နော်"

"ဒေါက်တာမင်းဝေ တော်သကွာ၊ ကျုပ်တို့မြို့အတွက် အထူးလိုအပ်နေတဲ့ တံတားကြီးကို အစုလိုက် ပါဝင်တည်ဆောက်ပေးတဲ့အတွက် ရှိုးကျူးဂုဏ်ယူပါသကွာ"

အဘိုးကြီး မော်သူဒွေးက ပြုံးရွှင်စွာ ဆိုသည်။

"လာဟေ့ လူကလေး မင်းဝေ၊ မင်းနှမလေး မင်းကို အမြဲသတိရပြီး၊ မင်းအကြောင်းပဲ အမြဲပြောခဲ့တာမို့ ဒေါ်ဒေါ်တို့ကလဲ သတိရ အသိအမှတ်ပြုပါတယ်"

အားလုံး ညှိသည်များစုံသောအခါ မော်ခေတ်နန်းမြိုင်က ဒေါက်တာမင်းဝေကို သူတို့မိသားစုဝိုင်းတွင် အတူထိုင်ဖို့ နေရာပေးလေ၏။

လူကြီးဧည့်သည်များ ပြန်သွားပြီးနောက်၊ သူတို့မိသားစုဝိုင်းသို့ ဝှကျင်ကွေ့နှင့်စနီး၊ ဝမ်ရှောင်ကန်း စနီးနှင့်သားတို့ပါ ဝင်ထိုင်ကြလေသည်။

"နေပါဦး၊ ခင်ဗျားတို့နှစ်ယောက်ကတော့ အိမ်ထောင်ကိုယ်စီကျခဲ့ကြပြီ၊ အစ်ကိုခေတ်စိန်နဲ့ အစ်ကိုခေတ်ပိန်တို့ကျတော့ ဘာကြောင့် လူပျိုကြီးတွေ ဖြစ်နေကြတာလဲဗျာ"

ဒေါက်တာ မင်းဝေက မေးဖြစ်အောင်မေးသည်။

"ဟာ ဒီကောင် နှစ်ယောက်က သူတို့ညီမလေးကို သိပ်ချစ်





ကြတာ၊ အဲဒီညီမလေး အိမ်ထောင်မကျသေးသ၍ အိမ်ထောင် မပြုကြဘူးတဲ့လေ"

"ဒါဆို ဘာကြောင့် အဲဒီ ညီမလေးက တိဗက်လို အဝေးကြီးသွားပြီး အလုပ်လုပ်တာကို ခွင့်ပြုသေးလဲဗျာ"

"အဲဒါပေါ့၊ ညီမလေးသွားလေရာကို တစ်ယောက်တစ်လှည့်စီ လိုက်နေပေးကြတယ်တဲ့ကွာ"

"ဩော် ဒီလိုကိုး"

"အေး ဒီလိုပဲ၊ တို့ကို မြန်မြန်မိန်းမယူစေချင်ရင် ညီမလေး မြန်မြန်စွံအောင်လုပ်ပေတော့၊ မဟုတ်ရင်လဲ အစ်ကိုကြီးတို့က လူတစ်ယောက်တွေ့ထားတယ်၊ အရင်ကလို ငြင်းမနေနဲ့ ဒီတစ်ခါ ဖွတ်ပေးစားရလိမ့်မယ်"

"အို့ ဒါတော့ အဲဒီလူကို ညီမလေးက ကြိုက်မှယူမှာနော်"

"အေး ကြိုက်စေရမယ်၊ ကြိုက်စေရမယ်"

"ဟင် လွယ်လွယ်နဲ့ ကြိုက်မယ်မှတ်သလား"

"ဟ မူလကျိုလုပ်နေရင် နိုးပြေးနိုင်းမယ်ကွာ ကဲ"

အားလုံးက ရယ်မောကြသည်။ ဝမ်ရှောင်ကန်းက သူ့လက်မှ နိုးပြေးသွားပုံကို သတိရ၍ ဝင်ပြောရာ ဝိုင်းရယ်ဖြစ်ကြသည်။ ထိုအခါကျမှ ဒေါက်တာမင်းဝေက ခပ်တည်တည် ဝင်ပြောသည်။

"ဒီတစ်ခါနိုးပြေးရင်တော့ ဟိုအရင်တုန်းကလိုမိအောင်ပြန်ဖမ်းဖို့ မလွယ်တော့ဘူးနော်၊ အရင်တုန်းက မြစ်ဝမြစ်ကျယ်ကြီးကို ရေထဲ



www.burmeseclassic.com

www.burmeseclassic.com



ကကူးသွားနေရလို့ မြင်ပြီး လိုက်ဖမ်းလို့ရတာ၊ အခုနေများ ခိုးပြေးရင်တော့ ကားပေါ်တင်ပြီး တံတားကြီးဖြတ်မောင်းပြေးမှာရယ်”

“ဟား ဟား၊ ကားနဲ့ ခိုးပြေးရောလွတ်မယ်တဲ့လား၊ ရဟတ်ယာဉ်နဲ့ လိုက်မှာလေ”

“အစ်ကိုကြီးခေတ်စိန်က အခုထိ ရဟတ်ယာဉ်ကို အားကိုးတုန်းပဲလား၊ အရင်တုန်းက မြစ်ပြင်ကျယ်မှာ ထီးထီးကြီးပြေးနေတဲ့ စပိဘုတ်ကို အလွယ်တကူလှမ်းမြင်နိုင်လို့ ဖမ်းနိုင်တာပါ။ အခု ကားနဲ့ တံတားပေါ် ဖြတ်မောင်းတဲ့အခါ ကားတွေက အများကြီး၊ ပုံတူအရောင်တူတွေ ဥဒဟိုပြေးနေတာ၊ ဘယ်ကားမှာ ညီမလေး ပါသွားမှန်း ဘယ်လိုသိမှာလဲ”

“ရဟတ်ယာဉ်နဲ့ အနိမ့်ပျံလိုက်ကြည့်မယ်ကွာ”

“အဲဒီ ရဟတ်ယာဉ် တံတားပေါ် အနိမ့်ပျံပျံလို့ကတော့ မြင့်မြင့်ဆောက်ထားတဲ့ တံတားပေါင်နဲ့ တိုက်မိပြီး ပျက်ကျပြီသာမှတ်”

“ဒါဆို ကားနဲ့ ပြေးတာကို ကားနဲ့ လိုက်မယ်ကွာ”

“တံတားအဖြတ်မှာ တံတားပေါ်က ကားလမ်းဟာ ကျဉ်းသဗျာ၊ ပြီး ဒီတံတားကို ဖြတ်ကူးမယ့်ကားတွေက အရမ်းများသဗျာ၊ ထရက်ဖစ်ဂျမ်းဖြစ်နေလို့ ဘယ်ကားကိုမှ ကျော်မတက်နိုင်လို့ လိုက်လို့မမီဘဲ ညီမလေးကိုခေါ်သွားတဲ့ကားက ရှန်ဟိုင်းဘက်က တရားရုံးကိုရောက် လက်ထပ်စာချုပ်မှာ လက်မှတ်ရေးထိုးပြီးမှ လိုက်မီလဲ ဘာမှလုပ်လို့ မရတော့ဘူးဗျို့”





“ဟေး မင်းဝေက ဒီအထိတွေးပြီး စဉ်းစားထားသလားဟဲ့ညီရ”

“တွေးထားရမယ်လေ အစ်ကိုကြီးရ၊ အခြေအနေအရ အစ်ကိုတို့ ညီမကို ခိုးရကိန်းများ ကြုံဦးမလားလို့”

အချီအချပြောကောင်းဆဲ မိခင်အော်ကျင်မြိုင်က ဝင်ပိတ်သည်။

“တော်ပါတော့၊ ခိုးပြေးရမယ့်အခြေအနေ မရှိတော့ပါဘူး၊ အားလုံးက သဘောတူပေးစားကြမှာပါတဲ့၊ ဟုတ်ပြီလား”

“အဲ ဒါဆို ဒါဆို၊ အခု ထမင်းစားပွဲမှာ လူစုံတုန်း ကျွန်တော်နဲ့ နန်းမြိုင်တို့ရဲ့ နားဖောက်ပွဲလို့ မရှိမသေ ခွင့်တောင်းရင် ရိုင်းတယ်လို့ မထင်ပါဘူးနော်၊ ပေ့ပေ့ကြီးနဲ့ အီအီးတို့ခင်ဗျား”

ဒေါက်တာမင်းဝေက မတ်တတ်ရပ် ဦးညွှတ်၍ပြောလိုက်သည်။

“ထားပါတော့ ထားပါတော့၊ တစ်ခုတော့ ကြုံပြီး ပြောထားရဦးမယ် အင်ဂျင်နီယာမှူးရေ့ ...၊ ခုဆို မင်းတို့တွေဟာ ခေတ်ပညာတတ်တွေ ဖြစ်လာကြပြီပဲ၊ ဟို ဂမ္ဘီရတွေ ဘာတွေ ဆက်လုပ်မနေကြပါနဲ့တော့”

သူဌေးကြီးမော်၏စကားကြောင့် တစ်ဝိုင်းလုံး တိတ်ဆိတ် ငြိမ်သက်သွားသည်။ ငြိမ်သက်မှု တာရှည်သည်ကို စကားဖာ၍ သူဌေးကတော်ကြီးက စပြီး စကားဟလေသည်။

“အို ပါပါးကြီးကလဲ ကိုယ့်စိတ်ထဲကအစွဲကြောင့် မကြိုက်တာရှိတိုင်း ကလေးတွေကို သွားမဲမနေနဲ့လေ”



www.burmeseclassic.com

www.burmeseclassic.com



သူဌေးကတော်ကြီး ဘာကိုဆိုလိုမှန်း ဒေါက်တာမင်းဝေ နားမလည်နိုင်။ ထို့အတူ သူတို့မိသားစုနှင့် တရင်းတနှီးရှိလှသော ဝမ်ရှောင်ကန်းနှင့် ဗူကျင်ကွေ့တို့ပင် သိပ်မရှင်း။ ညီမလေး နန်းမြိုင်ကို သူကြီးကြီး (ဖခင်အစ်မကြီး)လို ဖြစ်ပြန်ပြီလားဟု သူ့ဖခင်က မကျေမနပ် ပြောဖူးသည်တော့ တစ်ကြိမ်နှစ်ကြိမ် ကြားဖူးသည်။

"ကိုင်း ကြည့်စမ်း ကြည့်စမ်း၊ ငါ့တူမလေးကို စေ့စပ်ကြောင်းလမ်းဖို့စကားပြောနေကြတယ်ပေါ့ ဟုတ်လား။ စေ့စပ်ပွဲလုပ်တော့မယ်ဆိုရင် အရေးကြီးတာ ဘာလဲ သိလား။ လက်စွပ်လေ လက်စွပ်၊ သတို့သားလောင်းဘက်ကရော သတို့သမီးကိုပေးဖို့ လက်စွပ်အဆင်သင့်ရှိလို့လား"

အပေါ်ထပ်မှ ရုတ်တရက်ပြေးဆင်းလာသည့် နန်းမြိုင်၏ ကြီးကြီး ဖခင်၏ အစ်မကြီးက ဖူးဖူးဝါးဝါး အော်ကြီးဟစ်ကျယ်နှင့် ပြောရင်း ထမင်းဝိုင်းသို့ကပ်လာသည်။ ထိုအတွားကြီးနောက်မှ လိုက်ဆွဲရန် ကြိုးစားနေသည့် သူနာပြုဆရာမ နှစ်ဦးလည်း လိုက်မမီခဲ့၍ မျက်နှာပျက်ပျက်နှင့် နောက်နားတွင် အရှိန်တုံ့ရပ်နေကြရသည်။

"ဟော ကျယ်ကျယ်၊ ဘာတွေကြား ဘာတွေသိပြီး လာပြောတာလဲ၊ ထမင်းရော စားပြီးပြီလား"

"ဟဲ့ ထမင်းစားချင်လို့ ဆင်းလာတာ မဟုတ်ဘူး၊ မာမားက အိပ်မက်ပေးလို့လာရတာ၊ ငါက အိပ်နေတုန်း မာမား ရောက်လာတယ်၊ အောက်ကို မြန်မြန်ဆင်းသွားတဲ့၊ နင့်တူမလေးရဲ့ စေ့စပ်





ကြောင်းလမ်းဖို့ကိစ္စ စကားပြောနေတယ်တဲ့၊ လက်စွပ်ကိစ္စလေး သတိသွားပေးလိုက်တဲ့၊ ဒါကြောင့် ငါလာပြောတာ"

"ဒီအတွက်ဆို မပူပါနဲ့ ကျယ့်ကျယ်ရယ်၊ မနက်ဖြန် မင်းဝေကို သမီးခေါ်သွားပြီး စိတ်ကြိုက် လက်စွပ်တွေဝယ်ဖို့ လိုက်ပြနိုင်းပါ့မယ်၊ မဟုတ်ဘူးလား ...မင်းဝေ"

"လက်စွပ်အတွက်လား၊ ဒီအတွက်ဆို ဘာမှမပူနဲ့ အီအီး၊ ဟောဒီမှာကြည့်၊ ကျွန်တော်တို့လဲဖို့ လက်စွပ်ကောင်းကောင်းရှိပြီးသားပါ"

ဒေါက်တာမင်းဝေက သူ့လက်သန်းရှည်ရှည်ကို ထောင်ပြလိုက်ရာ လက်သန်းတွင် စွပ်ထားသည့် ကျောက်စိမ်း ၉ လုံးပတ်လက်စွပ်ကလေးက ကရင်ဆိုဒါရောင် စိမ်းလဲ့လက်ဖြာနေသည်။ သူနှင့် အနီးဆုံး လက်ဝဲဘက်တွင် ကပ်ထိုင်နေသော သူဌေးကြီးမော် မျက်လုံးပြူးကြီးနှင့် မင်းဝေလက်နှင့် လက်စွပ်တို့ကို စိုက်ကြည့်နေသည်။

ထို့နောက် ဖျတ်ခနဲ မင်းဝေ လက်သန်းကို ဆွဲကြည့်သည်။

"ဒီလက်စွပ်၊ အဲဒီ လက်စွပ် ဟုတ်ပါတယ်၊ ဒီလက်သန်းက အဲဒီ လက်သန်းက ..."

"ဘာဖြစ်လို့လဲ ပါပါးရဲ့၊ အဲဒီ လက်စွပ်က သမီး သူ့ကို ပေးထားတာပဲဟာ"

"ဟုတ်ပြီ ဟုတ်ပါပြီ အဲဒါ သမီးတို့ ဘွားဘွားကြီးရဲ့ လက်စွပ်



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ ဒီ ဒီ မင်းဝေရဲ့ လက်သန်းက လက်ဆစ်လေးဆစ် အရာတွေနဲ့ ပါလား၊ ပြစမ်း ဟုတ်တယ်၊ ကျုပ် ပါပါးရဲ့ လက်သန်းနဲ့ တူလိုက်လေကွာ၊ နေပါဦး ဒီလက်စွပ်ကို သမီးလေးက ဘယ်တုန်းက ပေးခဲ့တာလဲ"

"ကြာပါပြီ၊ ဟိုလွန်ခဲ့တဲ့ ဆယ့်ရှစ်နှစ်၊ သမီး အစ်ကိုတော်နဲ့ လိုက်ပြေးတဲ့ညတုန်းက ပေးခဲ့တာပေါ့"

"အဲဒီတုန်းက ပေးခဲ့တယ် ဟုတ်လား၊ အင်း ဒါကြောင့် မင်းဝေ ရေထဲကို ဒဏ်ရာနဲ့ ပြုတ်ကျတာတောင် အသက်မသေဘဲ လွတ်သွားခဲ့တာကိုး၊ ဒါကြောင့် အခုလို မဖြစ်ဖြစ်တဲ့နည်းနဲ့ကို သမီးလေးနဲ့ ပြန်ဆုံတာကိုး"

သူဌေးကြီးမော်၏ ရုတ်တရက်ထွက်လာသည့် စကားများကို လူငယ်များ နားမလည်ဘဲ ဖြစ်နေသည်။

"နေပါဦး ပါပါးကြီးရယ်၊ ဘာကြောင့် ဘာတွေပြောနေတယ် ဆိုတာ လိပ်ပတ်လည်အောင် ရှင်းပြပါလားလို့"

နန်းမြိုင်က မင်းဝေ သိချင်ပုံပေါ်နေ၍ ကိုယ်စားမေးပေးသည်။

"ဟာ ဟာ၊ သမီးတို့ ပါပါးကခုမှ သဘောပေါက်သွားတာဟေ့၊ သူက စောစောကတည်းက သမီးနဲ့ အဲဒီသူငယ်တွေ့ဆုံကြပြီး အစ်ကိုတော်တွေ နှမတော်တွေခေါ်ပြီး ဘာညာနဲ့ ဖြစ်နေတာကို ကျွဲမြီးတိုခဲ့တာကွယ်၊ ကြီးကြီးကိုလဲ ကြောင်တောင်တောင်နဲ့ စိတ်ဝေဒနာ ဖြစ်နေတယ်ဆိုပြီး ဆရာဝန်ဆီပြ ဆေးကုခိုင်းနေတာလေ"





"ဩော်... လက်စသတ်တော့ ကျွန်တော်နဲ့ နန်းမြိုင်ကို မကြိုက်ခဲ့တာ ပါပါးကြီးရဲ့အစ်မ အခုလိုဖြစ်တာကို ဘဝင်မကျရာက ဖြစ်တာကိုး၊ ကောင်းပါပြီ၊ ကျွန်တော်တို့ ဆင်ခြင်ပါ့မယ်"

"မလိုဘူးဟေ့ မလိုဘူး၊ အခု ငါ့မောင်လေး သိရပြီ၊ တို့ရဲ့ လူကြီးသူမတွေက ပြောခဲ့တယ်၊ တို့မာမားဟာ သူဌေးသမီး၊ ဘာမဟုတ်တဲ့ ငါးဖမ်းလှေက ရေလုပ်သားနဲ့မှ သွားပြီး ရည်းစားဖြစ်ရ ကောင်းလားဆိုပြီး မာမားဘက်က ရအောင်ခွဲခဲ့သတဲ့၊ မရဘူးတဲ့၊ သူတို့ဟာ ဟိုတိဗက်ကုန်းမြေမြင့်မှာရှိတဲ့ ကန်ကြည်ယာကြူပါကလာတဲ့ မောင်နှံတွေဆိုပြီး ခွဲမရဘူး၊ တစ်နေ့ကျ လူ့အလစ်မှာ မာမားက ပါပါးနောက်ခိုးရာလိုက်ပြေးပါလေရော၊ ငါးဖမ်းလှေကလေးနဲ့ ပြေးတာမို့ စက်လှေကြီးနဲ့ လိုက်တာ မီတာပေါ့၊ မာမားလုပ်ငန်းက လက်အောက်ခံလူယုံတွေက ပါပါးကို လှေပေါ်က ရိုက်ချပြီး မာမားကို ပြန်ခေါ်ခဲ့တာတဲ့"

"အို– ဘိုးဘိုးက လှေပေါ်က ပြုတ်ကျပြီး သေရောလား"

"မသေရေးချ မသေ၊ သမီးလေး ဘွားဘွားက အဲဒီလက်စွပ် အခု အဲဒီသူငယ်စွပ်ထားတဲ့ ကျောက်စိမ်းလက်စွပ်တစ်ကွင်း ဖုံ့ပြီး လက်သန်းမှာ စွပ်ပေးလိုက်သတဲ့လေ၊ အဲဒီလက်စွပ်အစွမ်းကြောင့် ပါပါးဟာ နှစ်အတော်ကြာတော့ ရေလုပ်ငန်းရှင် ငါးဖမ်းသင်္ဘော တွေအများကြီးပိုင်တဲ့ သူဌေးကြီးရဲ့ မွေးစားသားအဖြစ်နဲ့ မာမားကိုလာတောင်းတာပါပဲ၊ အဲဒီလက်စွပ်ချင်းပြန်လဲပြီး ညားကြလေ



www.burmeseclassic.com

www.burmeseclassic.com



သတည်းဆိုတဲ့ ဇာတ်လမ်းရှိခဲ့တယ်ပေါ့”

“တော်ပါတော့ ကျယ်ကျယ်ရယ်၊ အခု မင်းဝေလက်သန်းကို သေချာကြည့်၊ ပါပါးလက်သန်းလိုပဲ အဆစ်ရာလေးဆစ်နဲ့တူလို့ ဟို သမီးကိုတော့ မာမားဝင်စားတဲ့လူဝင်စားလို့ ဆွေမျိုးအများ သိပြီး သား”

ထိုအခါ ငြိမ်ပြီး နားထောင်နေသည့် အော်ကျင်မြိုင် သူဌေး ကတော်က ဝင်ပြောလာသည်။

“အဲဒီ သမီးလေးမွေးပြီး စီးပွားတက်လာခဲ့တယ်၊ ဘွားဘွား လက်စွပ်ကို ကျယ်ကျယ်က သမီးလေးလက်ထဲစွပ်ပေးခဲ့ပြီး မကြာ ခင်မှာဘဲ အရမ်းစီးပွားဖြစ်လာခဲ့တယ်၊ ဒီလက်စွပ်ကြောင့် သမီး ဘိုးဘိုး မသေဘဲ သမီးလေးဘွားဘွားနဲ့ ပေါင်းခဲ့ရတယ်လို့ လူကြီး သူမတွေက ဆိုခဲ့ကြတယ်၊ အခုမှ မင်းဝေလက်သန်းမှာ ဒီလက်စွပ် က ဟိုအရင်ကတည်းက ရောက်နေခဲ့တာကို သိရတယ်၊ ကိုင်း ပါပါး ကြီးရေ ဒီကလေးနှစ်ယောက် ဘယ်လိုပုံစံနဲ့ပဲနေနေ နေကြပါစေ တော့နော်”

“အေးပါကွာ အေးပါ၊ စေ့စပ်ပွဲကြီးကျင်းပတဲ့အခါ ဒီလက်စွပ် တွေကိုပဲ လဲကြတာပေါ့၊ ကောင်းပါတယ်ကွာ”

မော်ဂျာ့ဌေးကြီး ကြည်ဖြူစွာ ငြင်းချက်မရှိ လက်ခံလိုက်လေ တော့သည်။

“ဒါဆို ကျွန်တော် မြန်မာပြည် မြန်မြန်ပြန်ပြီး အဖေနဲ့ အမေ





တို့ကို သွားခေါ်ခဲ့မယ်၊ စေ့စပ်ပွဲတက်ဖို့လေ”

“ကောင်းပါတယ် မင်းဝေ၊ ဒေါ်ဒေါ်လဲ မြန်မာပြည်ကို ငယ် ငယ်တုန်းက တစ်ခေါက်ရောက်ဖူးရုံကလွဲပြီး မရောက်တာ အနှစ် ခြောက်ဆယ်ရှိပြီ၊ မင်းအပြန် အလည်လိုက်ခဲ့မယ်လေ”

နန်းမြိုင်၏မိခင်က ပြောသည်။

‘နေပါဦးကွာ၊ သူတို့လက်ထပ်ပြီးမှ သွားကြမယ်၊ ငါလဲ လိုက် မယ်လေ”

“ဒါဆို မြန်မြန်လက်ထပ်ဖို့ စီစဉ်လေ”

“ဟ အခုမှ ကြောင်းလမ်းဖို့ သူ့မိဘတွေသွားခေါ်ရဦးမှာ”

“သိပါတယ်၊ သူ့မိဘတွေလာရင် ဆွေမျိုးတွေပါခေါ်ခဲ့၊ ဒီမှာ ပိကင်းတို့ မဟာတံတိုင်းကြီးတို့ နေရာအနှံ့ အချိန်ယူလျှောက်လည် စေပြီး လက်ထပ်ဖို့ ရက်ရွေးထား၊ လက်ထပ်ပြီးမှ ပြန်ကြ၊ အဲဒီကျ ကျွန်မတို့ လိုက်သွားတာပေါ့”

“ကောင်းတယ်၊ သားတို့လဲလိုက်မယ်”

မော်ခေတ်စိန်တို့ ညီအစ်ကိုပါ တစ်စခန်းထလာကြ၏။

“ဟုတ်ကဲ့၊ အားလုံးမြန်မာပြည်ကိုလိုက်လည်ကြပါ၊ ဟိုရောက် ရင် အလွမ်းအံ့သြသွားကြရအောင် တစ်နေရာကို ခေါ်ပြပါ့မယ်”

“ဘာလဲ ရွှေတိဂုံစေတီတော်ကြီးကိုလား၊ ဒေါ်ဒေါ် ငယ်ငယ် က ဖူးဘူးပါတယ်နော်”

“အခု ထပ်ဖူးရတာပေါ့၊ နောက်တစ်ခု ပြချင်တာက ဒီက ရှမ်



www.burmeseclassic.com

www.burmeseclassic.com



ဟိုင်းချွန်မင်း ယန်စီမြစ်ဝကျူးတံတားကြီးနဲ့ အလွန်တူတဲ့ သံလွင်မြစ်ဝကိုဖြတ်ပြီး တည်ဆောက်နေတဲ့တံတားကြီးကို ခေါ်ပြီးပြချင်လို့ပါ"

"ဟော... အဲဒီတံတားကြီးလဲ ဆောက်ပြီးပြီလား"

"မပြီးသေးပါဘူး၊ ၂၀၀၀ ပြည့်နှစ်၊ မတ်လ ၁၈ ရက်နေ့က စ ဆောက်ခဲ့တာ အခု ၂၀၀၂ ခုနှစ် ဒီဇင်ဘာလဆိုတော့ ၂ နှစ်နဲ့ ၉ လ ရှိသေးတယ်"

"ပြီးလုရောပေါ့၊ ဒီယန်စီမြစ်ကူးတံတားကြီးက သုံးနှစ်နဲ့ အပြီး ဆောက်ခဲ့တာလေ"

"ဟိုတံတားကြီးက ဒီလောက်မြန်မြန်ဆောက်လို့ မပြီးနိုင်ပါဘူး၊ သံလွင်မြစ်ဝက ဒီယန်စီမြစ်ဝထက် နည်းနည်းပိုကျယ်တယ်၊ ပြီးတော့ ဒီမြစ်ဝထက် ရေစီးရေသန်တယ်၊ ဘာလို့လဲဆိုတော့ ယန်စီမြစ်ဝဟာ အရှေ့တရုတ်ပင်လယ်ထဲ စီးဝင်တဲ့နေရာဟာ ပင်လယ်ကမ်းခြေက ဖောင်းနေတယ်၊ သံလွင်မြစ်စီးဝင်တဲ့ ပင်လယ်ကမ်းခြေကတော့ ခွက်နေတဲ့အတွက် စီးဆင်းလာတဲ့ရေဟာ အရှိန်ပိုမြန်မြန်နဲ့ စီးဝင်ပါတယ်၊ ဟောဒီ ယန်စီမြစ်ဝမှာ ချွန်မင်းကျွန်းကြီးခံနေလို့ ယန်စီမြစ်ဟ. နှစ်မြွာခွဲပြီး ကျွန်းရဲ့ဘေးနှစ်ဖက်ကနေ ကျွန်းကိုခွပြီး ပင်လယ်ထဲ စီးဝင်လို့ ရေစီးနှုန်းကို နည်းနည်းတဲ့စေပါတယ်၊ ပြီးတော့ တံတားဆောက် တဲ့မြစ်ဝနေရာဟာ မြစ်နှစ်ခွခွဲထွက်ပြီးမှ တစ်ဖက်က မြစ်ဝမှာ ဆောက်ခဲ့တာပါ၊ သံလွင်မြစ်မှာတော့ ရှေ့မှာ ဘီလူးကျွန်းကြီး ခံနေလို့ မြစ်က နှစ်ခွဖြစ်သွားတယ်ဆိုပေမယ့် မြစ်ဝကူး





တံတားကြီးကို မြစ်နှစ်ခွခွဲမသွားခင် မြစ်ဝမှာကို တည်ဆောက်ရလို့ ရေစီးပိုသန်ပါတယ်"

"ဒါဆို သံလွင်တံတားကြီး ဘယ်တော့ပြီးမှာလဲဟင်"

"၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလမှာပြီးဖို့ စီမံကိန်းလျာထားချက် ရှိပါတယ်"

"အဲဒီ တံတားဆောက်ပြီးရင် ကမ္ဘာပေါ်မှာ အရှည်ဆုံးတံတား ဖြစ်သွားမယ်၊ ပင်မတံတားချည်း ၇၆၉၈.၈၆ ပေရှည်မယ်၊ ဟောဒီ ယန်စီမြစ်ဝတံတားထက် ၆၇၈ ပေ ပိုရှည်မယ်၊ ချဉ်းကပ်တံတား အနေနဲ့ မုတ္တမဘက်ကမ်းမှာ ၂၂၅၂.၀၄ ပေ၊ မော်လမြိုင်ဘက်ကမ်းမှာ ၁၆၂၃.၈ ပေရှိတဲ့အတွက် တံတားကြီးအရှည်စုစု ပေါင်း ၁၁၅၇၅ ပေ ရှည်ပါ့မယ်"

"အလွန် ရှည်တာပဲနော်၊ နမတော်... အဲလေ မြိုင်လဲ သွားကြည့်ချင်လိုက်တာ"

"နမတော်က ... အဲလေ မြိုင်က အဲဒီတံတားဖွင့်ပွဲ ကျင်းပမယ့် ၂၀၀၅ ခုနှစ်မှာ အစ်ကိုတော် ... အဲ အဲ အစ်ကိုနဲ့အတူ မော်လမြိုင်မြို့မှာ ရှိနေမှာပဲပေါ့"

"မော်လမြိုင်မြို့တဲ့လား၊ အဲဒီမြို့နာမည်က"

သူဌေးကြီးမော်က ကောက်မေးသည်။

"ဟုတ်တယ် ခင်ဗျ၊ မော်ဆိုတဲ့ ရှေ့အလုံးက ပါပါးရဲ့ ဖမ်လီ နိမ်းအမျိုးနာမည်နဲ့ တူတူလို ဖြစ်သလို မြိုင်ဆိုတဲ့ နောက်ဆုံးစာလုံး က ညီမ မြိုင်ရဲ့နာမည်နဲ့ အတူတူပဲ ဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တိုက်ဆိုင်လိုက်ပုံများ၊ ဒါကြောင့် မင်းတို့နှစ်ယောက် ဘယ်လိုခွဲခွဲ မကွဲဘဲ ပေါင်းနိုင်ကြမယ့်သဘော ဖြစ်တာကိုး"

"အဲဒါကို ဂမ္ဘီရသဘောလို့ ခေါ်ပါတယ်၊ နာမည်တွေတောင် လာတူနေမှတော့ အထုံပါရမီ ပဋ္ဌာန်းဆက် ဘယ်လောက်ရှိတယ်ဆိုတာ ရှင်းပါတယ်ခင်ဗျာ"

"အေးဗျာ၊ မင်းတို့ရဲ့ ဂမ္ဘီရဆိုတဲ့ သဘောတရားကြီးကို ငါ သဘောတူလက်ခံလိုက်ပါပြီတဲ့ကွာ"

ဖခင်ကြီးက အစစအရာရာ ခြွင်းချက်မရှိ လက်ခံပြီးမှတော့ ဒီတစ်ခါ ကွေကွင်းစရာအကြောင်းမရှိတော့ပါပေတကား။

ဤတွင် ကဗ္ဗိယကြီး ဦးဘကောင်း ပြောပြသော ဇာတ်လမ်းရှည်ကြီး ပြီးဆုံးပါလေသတည်း။

*စိတ္တံ ယသသ နာကမ္ဘတိ*

**ဒေါင်းနွယ်စကြာ**

*ရေးပြီးချိန်။ ။ ၇.၁.၂၀၀၈၊ ည ၁၂း၀၀ နာရီ။*



BURMESE CLASSIC

www.burmeseclassic.com